http://www.dhammadownload.com

ဓမ္မဒူတအရှင်ပညာဇောတ ဗုဒ္ဓဓမ္မပြဿနာများ (၁၁)

# ဗုဒ္ဓဓမ္မပြဿနာများ
# (၁၁)



ဓမ္မဒူတ အရှင်ပညာဇောတ

http://www.dhammadownload.com

http://www.dhammadownload.com

# ဗုဒ္ဓဓမ္မပြဿနာများ–၁၁

ဓမ္မဒူတ အရှင်ပညာဇောတ

(ဝိသိဋ္ဌ ဒီဃဘာဏကနှင့် သိရိပဝရ ဓမ္မာစရိယ)

http://www.dhammadownload.com

# ၁၁ - [illegible]

[illegible]

([illegible])

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ...... (က) |
| * | ဓမ္မဒူတ အရှင်ပညာဇောတ၏ ထေရုပ္ပတ္တိအကျဉ်းချုပ် | ...... င |
| ၁။ | တရားတော်သည် ဘာသာရွေးပါသလား | ...... ၁ |
| ၂။ | အပို့ျသီလ | ...... ၁၀ |
| ၃။ | ဝါပန်အကြောင်းသိဖို့ကောင်း | ...... ၁၉ |
| ၄။ | လဆန်းကိုးရက် ဝါပန်ထွက် | ...... ၂၅ |
| ၅။ | မုဆိုးဖိုနဲ့ ညားတတ်တယ် | ...... ၃၁ |
| ၆။ | ဗုဒ္ဓတရားတော်က ဘယ်လိုကယ်သလဲ | ...... ၃၆ |
| ၇။ | ဝတ်ကြောင်နှင့်ဆယ်ပါးသီလ | ...... ၄၅ |
| ၈။ | ဗုဒ္ဓသာသနာနှင့် ကြုံခဲခြင်း | ...... ၅၃ |
| ၉။ | သားဦးရက နတ်ကိုးကွယ်ရ | ...... ၆၀ |
| ၁၀။ | သီလအခွဲနှင့် အတွဲ | ...... ၆၇ |
| ၁၁။ | အစွဲကြောင့် ဒုက္ခဖြစ် | ...... ၇၃ |
| ၁၂။ | ဝသုန္ဓရီနတ်သမီး ဆံရေညှစ်၍ မာရ်စစ်သည်တွေ ရေမျော | ...... ၈၀ |

http://www.dhammadownload.com


၁၃။ သစ္စာနှင့်မေတ္တာ ...... ၈၇
၁၄။ စေတီနှင့်ပုထိုး ...... ၉၅
၁၅။ ဥပုသ်သည်နှင့် ကြေးစည်၊ ခေါင်းလောင်း ...... ၁၀၀
၁၆။ ဝေယျာဝစ္စက မဂ်–ဖိုလ်တားပါသလား ...... ၁၀၅
၁၇။ လူသေလျှင် မျှော်ဖြစ်နိုင်ပါသလား ...... ၁၁၂
၁၈။ သေမှ ဗုဒ္ဓဘာသာဖြစ် ...... ၁၂၀
၁၉။ မြေးကို စွဲချစ် ပြိတ္တာဖြစ် ...... ၁၂၇
၂၀။ ဘုရားက ကယ်တာလား ...... ၁၃၄
၂၁။ ဖူးစာရေးနတ်ဆိုတာ ရှိပါသလားဘုရား ...... ၁၄၁
၂၂။ ပရိတ်ဂါထာကြောင့် အနာမရောက် ...... ၁၄၇
၂၃။ လူမပါဘဲ ထဘီသာအချုပ်ခံရ ...... ၁၅၄
၂၄။ နော်ဆေးဖော ...... ၁၆၃
၂၅။ ဥပုသ်သည်နှင့် မြက်သစ်ပင် ...... ၁၆၇
၂၆။ မိတ်ကောင်းနှင့် နှလုံးသွင်းကောင်း ...... ၁၇၃
၂၇။ သိက္ခာထပ်သင့် မထပ်သင့် ...... ၁၈၁
၂၈။ အတုမြင် အတတ်သင် ...... ၁၈၈
၂၉။ ဝိပဿနာနှင့် ချမ်းသာ–ဆင်းရဲ ...... ၁၉၅
၃၀။ နိဗ္ဗာန်ပရမတ်ကို ရောက်နိုင်ပါ့မလား ...... ၂၀၄
နိဂုံး ...... ၂၀၉

http://www.dhammadownload.com



# နိဒါန်း

ဗုဒ္ဓဓမ္မပြဿနာများကို မျှော်လင့်စောင့်စား ဖတ်ရှုနေကြသူ စာဖတ်ပရိသတ်များက တစ်အုပ် ဖတ်ရှုပြီးလျှင် နောက်တစ်အုပ်ကို မျှော်ကြသည်။ မေးကြသည်။ "မထွက်သေးဘူးလား..." "ဘယ်တော့လောက်ထွက်မည်လဲ" "ကြာလှချည်လား"စသည်ဖြင့် မေးကြသည်။

မိမိနှင့် အကျွမ်းဝင် ရင်းနှီးသူအချို့ကမူ...

"ဆရာတော်ဘုရား...ဗုဒ္ဓဓမ္မပြဿနာများ စာအုပ်ကလည်း တစ်အုပ်နှင့်တစ်အုပ် သံကြိုးရိုက်ရမလောက် ဖြစ်နေပါလား"ဟု မေးကြ ပြောကြခြင်းဖြစ်ပါသည်။ ယင်းကား စာဖတ်မြန်သူအချို့၏ အမေးအပြောပင် ဖြစ်ပါသည်။

စာဖတ်ဝါသနာပါသော်လည်း အလုပ်ကလည်းများ၊ စာဖတ်ကလည်းနှေး မျက်လုံးကလည်းမွဲသူအချို့ကမူ–

"ဆရာတော်ဘုရားကလည်း ဒီမှာ စာအုပ်တစ်အုပ်တောင် ဖတ်လို့မပြီးသေးဘူး နောက်တစ်အုပ် ထွက်လာပြန်ပြီ၊ ဒီလောက် အလုပ်များတဲ့ကြားထဲက ဘယ်လိုလုပ်ပြီး ရေးသလဲမသိဘူး"တဲ့။

http://www.dhammadownload.com

# (၁)

ထိုအခါ...မိမိက 'အတုလဥပါသကာ'ကို သတိရမိပါသည်။ အတုလဥပါသကာက တရားမဟောသူကိုလည်း တရားမဟောရကောင်းလားဟု အပြစ်တင်သည်။ အဟောများသူကိုလည်း အဟောများရကောင်းလားဟု အပြစ်တင်သည်။

သို့သော် ယင်းသို့ပြောသူကား တစ်ယောက်တည်းပင် ဖြစ်ပါသည်။ သဘောချင်းတူသော်လည်း ပြောသူချင်းမှာ မတူပါ။ မိမိကိုပြောသူများကား မိမိနှင့် ရင်းနှီးသူများ၏ သူတို့အလိုဆန္ဒကို ထုတ်ဖော်ကြခြင်းမျှသာ ဖြစ်ပါသည်။ အပြစ်ပြောခြင်းကား မဟုတ်ပါ။

မိမိမှာ ကြာလေ တာဝန်ဝတ္တရားတွေ ပိုလာလေ ဖြစ်ရကား အားလုံးတို့၏ အလိုဆန္ဒကို ဖြည့်စွမ်းချင်သော်လည်း မဖြည့်စွမ်းနိုင်ခဲ့ပါ။

'ဗုဒ္ဓဓမ္မပြဿနာများ(၁၁)'သည် စာရှုသူတို့ လက်ဝယ်သို့ အရောက်ထည့်ပေးနိုင်ခဲ့သော်လည်း ယခု ဗုဒ္ဓဓမ္မ ပြဿနာများ (၁)မှ (၁၀အထိ) ပုံစံမျိုးနှင့် ထည့်ပေးနိုင်ခဲ့ခြင်း မဟုတ်ပါ။

ယခင်က ဗုဒ္ဓဓမ္မပြဿနာများကို သီးခြားရေးပြီး သီးခြားဘဲ လုံးချင်းထုတ်လိုက်သည်။ မိမိကြိုက်သလိုရေးနိုင်သည်။

ဗုဒ္ဓဓမ္မပြဿနာများ(၁၀)ပြီးသည့် နောက်ပိုင်းတွင် မိမိမှာ တာဝန်နှင့် ဝတ္တရားများက ပိုမို၍ ကြီးလေးလာသည်။ တာဝန်နှင့် ဝတ္တရားတွေ များလာ ပိလာသည်။ ဗုဒ္ဓဓမ္မပြဿနာများ (၁၁)ကို ယခင်က (၁)မှ (၁၀)အထိ ပုံစံမျိုးနှင့် ရေးချိန်မရနိုင်ပါ။

ဗုဒ္ဓဓမ္မပြဿနာများကို စာစောင်များမှဖြေရှင်းပြီးတစ်အုပ်စာ

http://www.dhammadownload.com



ရကာ တစ်အုပ်ထုတ်စနစ်နှင့်ဆိုလျှင် တာဝန်ပေါ့သွားမည်။ စာစောင်ဖတ်ပရိသတ်ရော စာအုပ်ဖတ် ပရိသတ်ပါ အကျိုးများမည်ဟု စိတ်ကူးပြီး စာစောင်များမှတစ်ဆင့် ပြဿနာများကို ဖြေရှင်းပါသည်။

စာစောင်များကနေတစ်ဆင့် ပြဿနာများကို တစ်ဆင့်ဖြေရှင်းရာ၌မူ သီးခြားရေးဟန်နှင့် မတူတတ်ပါ။ စာစောင်ဖတ် ပရိသတ်ကို ငဲ့ရခြင်း၊ စာမျက်နှာကို ငဲ့ရခြင်းတို့ကြောင့် ပြဿနာများ အတို–အရှည်၊ အတိမ်–အနက် စသည် ကွာပါလိမ့်မည်။

မိမိအတွက်မူ တစ်ထိုင်တည်း၊ တစ်ဆက်တည်း မရေးနိုင်တဲ့အတွက် အချိန်ရသွားခြင်း၊ စာစောင်ဖတ်ပရိသတ် စာအုပ်ဖတ် ပရိသတ်တို့အတွက် အကျိုးများသွားခြင်းမှုကား ဖြစ်သွားပါသည်။

ယင်းသို့ဖြင့် စာရှုသူတို့လက်ဝယ်သို့ 'ဗုဒ္ဓဓမ္မပြဿနာများ (၁၁)'ကို ပုံစံတစ်မျိုးဖြင့် ပို့လိုက်ပါပြီ၊ ယင်းကို စာရှုသူတို့ အဘယ်ကဲ့သို့ ဝေဖန်မည်နည်း။

စာရှုသူတို့ ကြိုက်သလိုဝေဖန်နိုင်ပါသည်။ မေးနိုင်ပါသည်။ ဝေဖန်စာများ၊ ပြဿနာများကိုလည်း နောက်ထပ်ရေးနိုင်ပါသည်။ မေးနိုင်ပါသည်။ ပြန်စာနှင့်အဖြေကိုမူ အချိန်ကာလ စောင့်ရပါမည်။

အကြောင်းမှာ...မိမိမှာ စာချရသည့်တာဝန်၊ တရားပြရသည့်တာဝန်၊ တရားဟောရသည့်တာဝန်တွေကြားတည်းက စာရေးရသည်ဖြစ်၍ အားခွင့် နားခွင့်နည်းပါးသောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com

# (ဃ)

ယခု 'ဗုဒ္ဓဓမ္မပြဿနာများ(၁၁)' စာရှုသူတို့ လက်ထဲသို့ ယခုလို စောစီးစွာ ရောက်လာခြင်းမှာ မိမိတစ်ယောက်တည်း စွမ်းအားကြောင့် မဟုတ်ပါ။

စာစောင်များမှ ပါလာသော ဆောင်းပါးများကို စောင့်ဖတ်ပြီး ကူးယူပေးကြ တောင်စွန်းမဏိဇေယျုံမှမဇယေသီ၊မခေမက်ရော၊ ကွင်းကောက်မှ မဝင်းဝင်းနွယ်၊ ပေါင်အထကမှ ဒေါ်ရွှေယဉ်နှင့် စာမူ(၄)မူ ကူးပေးသော သထုံမှ ဒကာကြီးနှင့် စာရေးစက္ကူများ လှူဒါန်းကြသော ရေနီစက္ကူစက်မှ အလှူရှင်များ။ မုတ္တမမှ ဦးငွေစိုး ဒေါ်တင်ငွေ၊ ဦးလှဖေ၊ ဒေါ်တင်သန်း၊ ဦးစန္ဒနနှင့် ကျုံပျော်မှ ဒေါ်ကျင်စိန်၊ ဒေါ်စုစု၊ ဒေါ်ယဉ်ရွှေ၊ သံဖြူဇရပ်မှ ဦးစံထွန်း၊ ဒေါ်ယဉ်တင်တို့ကြောင့် ဖြစ်ပါသည်။

သို့ဖြစ်၍ စာရှုသူတို့ ဤစာအုပ်ကို ဖတ်ရှုရ၍ အကျိုးကျေးဇူးများ ခံစားရ၍ ကျေးဇူးတင်ပါလျှင် ထိုပုဂ္ဂိုလ်တို့ကို ကျေးဇူးတင်ပါ။

မိမိအနေနှင့်မူ စာရှုသူတို့ အသိ–အလိမ္မာ–ဉာဏ်ပညာများ တိုးပွားပြီး လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုးများ ရခြင်းပင်လျှင် အကျိုးအမြတ်ဟု မျှော်ကိုးပါသည်။

အားလုံးသဏ္ဍာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

မဟူရတအရှင်ပညာဇောတ

၂၁–၆–၉၁

http://www.dhammadownload.com

(c)

မွန်ပြည်နယ်

ဘီလင်းမြို့နယ်၊ တောင်စွန်း ဓမ္မဒူတတောရ၏

ပဓာန နာယက

# ဓမ္မဒူတ အရှင်ပညာဇောတ၏

# ထေရုပ္ပတ္တိ အကျဉ်း

၁။ (က) ဘွဲ့တော်=ဓမ္မဒူတ အရှင်ပညာဇောတ။
(ခ) အသက်သိက္ခာ=(၅၉)နှစ်၊ (၃၉)ဝါ။
(ဂ) သီတင်းသုံးရာဌာန=မွန်ပြည်နယ်၊ ဘီလင်းမြို့နယ်၊ တောင်စွန်း ဓမ္မဒူတတောရ။

၂။ ဖွားမြင်တော်မူခြင်း

(က) ဖွားမြင်ရာဌာန=ပဲခူးစုကျေးရွာ၊ လက်ပံလှကျေးရွာအုပ်စု၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်း။

http://www.dhammadownload.com



(ခ) ခမည်းတော်=ဦးတွတ်။
မယ်တော်=ဒေါ်ငွေတင်။

(ဂ) ဖွားသက္ကရာဇ်=၁၂၉၆ ခုနှစ်၊ နတ်တော်လပြည့် ကျော် (၁၄)ရက်၊ ကြာသပတေးနေ့ နံနက် ၁၀း၁၅ နာရီ။

(ဃ) မွေးချင်းအရည်အတွက်
၁။ ဒေါ်သိန်း၊
၂။ အရှင်သုမိတ္တာဘိဝံသ၊
၃။ ဦးသန်းမောင်၊
၄။ ဦးသောင်း၊
၅။ ဦးလှထွန်း၊
၆။ ဓမ္မဒူတအရှင်ပညာဇောတ၊
၇။ ဒေါ်မြင့်၊
၈။ ဦးအုန်းမောင် အားဖြင့် (၈)ယောက်ဖြစ်ပါသည်။

၃။ **ရှင်ရဟန်းအဖြစ်သို့ရောက်ခြင်း**

(က) ရှင်ဖြစ်ရာဌာန=ဟသ်ာတမြို့နယ်၊ ရေလဲကျေးရွာ စာသင်တိုက်။
ခုနှစ်၊ လ၊ ရက်နေ့=၁၃၀၈ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်နေ့။

(ခ) ဥပဇ္ဈာယ်ဆရာ=အရှင်ဥတ္တမ၊ ရေလဲကျေးရွာ စာသင်တိုက်။
ဒါယကာမိဘာနှစ်ပါး။

http://www.dhammadownload.com



(ဂ) ရဟန်းဖြစ်ရာဌာန=ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ် ရှမ်းလမ်း၊ အောင်မင်္ဂလာသိဒ္ဓိကျောင်း ဗုဒ္ဓသိမ်။ ခုနှစ်၊ လ၊ ရက်နေ့=၁၃၁၆ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်နေ့၊ နံနက်(၉း၁၅)နာရီ။

(ဃ) ရဟန်း ဥပဇ္ဈာယ်ဆရာ=ဖေယျဝတီကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဥက္ကံသမဟာထေရ်။

ရဟန်းဒါယကာ=ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်း သင်္ဂဟပွဲရုံ ဦးစံ၊ ဒေါ်တင်။

(င) ရှင်ဘွဲ့တော်=ရှင်ပညာဇောတ၊ ရဟန်းဘွဲ့တော်=အရှင်ပညာဇောတ၊

## ၄။ စာပေပရိယတ္တိသင်ကြားတော်မူခြင်း

(၁၂)နှစ်အရွယ်မှစ၍ နောင်တော်အရှင်သုမိတ္တာဘိဝံသ စာသင်ရာ ဟင်္သာတမြို့နယ် ရေလဲကျေးရွာ စာသင်တိုက်ဆရာတော် အရှင်ဥတ္တမ အထံ၌ သဒ္ဒါ၊ သင်္ဂြိုဟ် စသော အခြေခံကျမ်းစာများနှင့် ငါးရာ့ငါးဆယ်၊ ဓမ္မပဒဝတ္ထု စသော ကျမ်းစာများကို သင်ယူခဲ့ပါသည်။

အထက်တန်းပညာများကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ရှမ်းလမ်း အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက် ဆရာတော် အရှင်ဥတ္တမ၊ နောင်တော် အရှင်သုမိတ္တာဘိဝံသ (စ,အ,ဓမ္မာစရိယ)၊ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်

http://www.dhammadownload.com



ဇနကာဘိဝံသ၊ မန္တလေးမြို့ မစိုးရိမ်တိုက် နာယကဆရာတော် အရှင်ကောဝိဒါဘိဝံသ (သ,စ,အ ဓမ္မာစရိယ) မန္တလေးမြို့ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်နာရဒါဘိဝံသ စစ်ကိုင်းတောင်ရိုး ပဌာန်းသိပ္ပံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ကုန္တက၊ စစ်ကိုင်းတောင်ရိုး နန်းဦးတိုက်သစ်ဆရာတော် အရှင်နန္ဒိယ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်များထံတွင် သင်ကြားခဲ့ပါသည်။

အင်္ဂလိပ်စာ စသော ခေတ်ပညာများနှင့် သာသနာပြုနည်းများကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ သံဃတက္ကသိုလ်မှ နာယကဆရာတော် ကမ္ဘာ့သာသနာပြု အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သေဋ္ဌိလ၊ ဆရာကြီးဦးလှမောင်၊ ဦးဖေအောင်၊ ဦးစပ်ထွန်းမှတ်ဝင်း စသော ဆရာများထံ၌ သင်ကြားခဲ့ပါသည်။

ပဋိပတ်ကျင့်နည်းကို ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရွှေဥမင်တောရ ဆရာတော် အရှင်ကောသလ္လထံ၌ နည်းယူ(ခံ) ကျင့်သုံးခဲ့ပါသည်။

တရားဟောအတတ်ကို အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဝိစိတ္တသာရာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ပဌာန်းဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးတို့၏ အဆုံးအမ ဩဝါဒများကို နာခံရာမှ တတ်ခဲ့ပါသည်။

စာပေကျမ်းဂန် ရေးသားပြုစုခြင်းအတတ်ကို အဂ္ဂမဟာ

http://www.dhammadownload.com



ပဏ္ဍိတ ကျမ်းပြုအကျော် အရှင်ဇနကာဘိဝံသနှင့် နိုင်ငံကျော် စာရေးဆရာကြီး ဦးသော်ဇင်တို့၏ နည်းညွှန်မှုဖြင့် တတ်ခဲ့ပါသည်။

## ၅။ အောင်မြင်ခဲ့သောစာမေးပွဲများ

အစိုးရစာချတန်း၌ မြန်မာဂုဏ်ထူးကျမ်းနှင့်တကွ အောင်မြင်ခဲ့၍ 'သာသနဓဇ သိရီပဝရ ဓမ္မာစရိယ'ဘွဲ့တံဆိပ်ကို ရရှိခဲ့ပါသည်။

တိပိဋက ရွေးချယ်ပွဲ၌ သုတ်သုံးကျမ်းကို အထောက်အမ လွတ်ကင်းသန့်ရှင်းစွာ ပြန်ဆိုနိုင်သဖြင့် 'ဗုဒ္ဓသာသန ဝိသိဋ္ဌ ဒီဃဘာဏက' ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့ပါသည်။

စေတီယင်္ဂဏ စာမေးပွဲ၌ သုတ်သုံးကျမ်းကို အထောက်အမ လွတ်ကင်းသန့်ရှင်းစွာ ပြန်ဆိုနိုင်သဖြင့် 'အဘိဓဇ သိရီပဝရ သာသနာလင်္ကာရ ဒီဃနိကာယဓရ' ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့ပါသည်။

၁၉၉၃ ခုနှစ် လွတ်လပ်ရေးနေ့၌ နိုင်ငံတော်မှ- 'အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ'ဟူသော သာသနာပြုဘွဲ့ ဆက်ကပ်ခံရပါသည်။

## ၆။ စာပေကျမ်းဂန်များ ရေးသားပြုစုခြင်း

| | |
|---|---|
| ၁။ ဒါနဝတ္ထု | (၃)ကြိမ်ရိုက်ဆဲ |
| ၂။ သီလဝတ္ထု | (၃)ကြိမ်ရိုက်ဆဲ |
| ၃။ ဗုဒ္ဓဓမ္မပြသနာများ(၁) | (၃)ကြိမ်ရိုက်ဆဲ |

http://www.dhammadownload.com




| | |
|---|---|
| ၄။ ဘာဝနာဝတ္ထု | (၃)ကြိမ်ရိုက်ဆဲ |
| ၅။ ဒေါသဖြေဖျောက်နည်း | (၂)ကြိမ်ရိုက်ဆဲ |
| ၆။ ဗုဒ္ဓဓမ္မပြဿနာများ(၂) | (၂)ကြိမ်ရိုက်ဆဲ |
| ၇။ ဗုဒ္ဓ၏ သက်သတ်လွတ် | (၂)ကြိမ်ရိုက်ဆဲ |
| ၈။ ဗုဒ္ဓဓမ္မပြဿနာများ(၃) | (၂)ကြိမ်ရိုက်ဆဲ |
| ၉။ ရှင်လောင်းသင်ရှင်ကျင့်ဝတ် | (၂)ကြိမ်ရိုက်ဆဲ |
| ၁၀။ ဗုဒ္ဓဓမ္မပြဿနာများ(၄) | (၂)ကြိမ်ရိုက်ဆဲ |
| ၁၁။ အဃူဝါဒရှင်းတမ်း | (၂)ကြိမ်ရိုက်ဆဲ |
| ၁၂။ ဗုဒ္ဓဓမ္မပြဿနာများ(၅) | (၂)ကြိမ်ရိုက်ဆဲ |
| ၁၃။ ဗုဒ္ဓဓမ္မပြဿနာများ(၆) | (၂)ကြိမ်ရိုက်ဆဲ |
| ၁၄။ ငြင်းခုံပွဲမှအမြတ် | (၂)ကြိမ်ရိုက်ဆဲ |
| ၁၅။ မွေးမေ့မေတ္တာ | (၂)ကြိမ်ရိုက်ပြီး |
| ၁၆။ ဗုဒ္ဓဓမ္မပြဿနာများ(၇) | (၂)ကြိမ်ရိုက်ဆဲ |
| ၁၇။ အလှူခံတကျိုပ်လေး | (၂)ကြိမ်ရိုက်ပြီး |
| ၁၈။ ဗုဒ္ဓဓမ္မပြဿနာများ(၈) | (၂)ကြိမ်ရိုက်ဆဲ |
| ၁၉။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ရှုပွားနည်းအချုပ် | (၄)ကြိမ်ရိုက်ပြီး |
| ၂၀။ ဝေဒနာရှုပွားနည်း | (၃)ကြိမ်ရိုက်ပြီး |
| ၂၁။ မီးကျီးတွင်းမှပွင့်သောကြာ | (၂)ကြိမ်ရိုက်ပြီး |
| ၂၂။ ဓမ္မန္တရာယ်ကာကွယ်ရေး | (၂)ကြိမ်ရိုက်ဆဲ |
| ၂၃။ ဗုဒ္ဓဓမ္မပြဿနာများ(၉) | (၂)ကြိမ်ရိုက်ဆဲ |
| ၂၄။ သာသနာ့လမ်းစဉ် | (၂)ကြိမ်ရိုက်ပြီး |

http://www.dhammadownload.com



၂၅။ မဂ္ဂင်ရှစ်ဖော်ယာဉ်ပျံတော် (၂)ကြိမ်ရိုက်ပြီး
၂၆။ အလှူသင်တန်း (၂)ကြိမ်ရိုက်ဆဲ
၂၇။ အမှောင်နှင့်အလင်း (၂)ကြိမ်ရိုက်ပြီး
၂၈။ မှူတမှ တရားရ (၂)ကြိမ်ရိုက်ပြီး
၂၉။ အနေကဓာတင်နည်း(၇)နည်း (၁)ကြိမ်ရိုက်ပြီး
၃၀။ လိုရာပြည့်ဝဓာရဏပရိတ်တော်နှင့်
ဘုရားရှိခိုးများ (၁)ကြိမ်ရိုက်ပြီး
၃၁။ သက်ရှင်ဆွမ်းကြွေးတရားတော် (၂)ကြိမ်ရိုက်ပြီး
၃၂။ ဗုဒ္ဓဓမ္မပြဿနာများ(၁၀) (၁)ကြိမ်ရိုက်ပြီး
၃၃။ လိုရာပြည့်ဝဓာရဏပရိတ်တော်နှင့်
ပါဠိဖတ်နည်းပုံသေနည်း (၁)ကြိမ်ရိုက်ပြီး
၃၄။ ဝိဇ္ဇာနှင့်စရဏ (၁)ကြိမ်ရိုက်ပြီး
၃၅။ မွဲသေပြုံးသေ (၁)ကြိမ်ရိုက်ပြီး
၃၆။ သက်သတ်လွတ်ဆောင်းပါးများ (၁)ကြိမ်ရိုက်ဆဲ
၃၇။ ဗုဒ္ဓဓမ္မပြဿနာများ(၁၁) (၁)ကြိမ်ရိုက်ဆဲ
၃၈။ အာဠာဝကချွတ်ခန်း (၁)ကြိမ်ရိုက်ဆဲ
၃၉။ ဒဿ(၁၀)ပါး (၁)ကြိမ်ရိုက်ဆဲ
၄၀။ သောကငြိမ်းသတ်တရားမြတ် (၁)ကြိမ်ရိုက်ဆဲ

ရေးပြီး ဆက်လက်ပြုစုရေးသားဆဲ ဖြစ်ပါသည်။

၇။ **တည်ထောင်ခဲ့သောစာသင်တိုက်များ**

မွန်ပြည်နယ်၊ ဘီလင်းမြို့နယ်၊ တောင်စွန်း၌

http://www.dhammadownload.com



ဓမ္မဒူတတောရ စာသင်တိုက်ကို တည်ထောင်၍ ရှင်ရဟန်း (၁၀၀)ကျော်တို့အား မူလ ငယ် လတ် ကြီး စာချတန်း စာဝါများကို သင်ကြားပို့ချလျက်ရှိပါသည်။

မွန်ပြည်နယ်၊ဘီလင်းမြို့နယ်တောင်စွန်း၌ မဏိဇေယျ သီလရှင်စာသင်တိုက်ကို တည်ထောင်ကာ မူလ ငယ် လတ် ကြီး စာချတန်းတို့ကို သင်ကြား ပို့ချလျက်ရှိပါသည်။

မဏိဇေယျ သီလရှင်စာသင်တိုက်၌ သီလရှင် ၅၀ ကျော်ရှိကာ ၁၃၅၀ ပြည့်နှစ်၌ တစ်နိုင်ငံလုံး၌ သီလရှင် အငယ်တန်း(ပထမ)၊ ၁၃၅၁ ခုနှစ်၌ တစ်နိုင်ငံလုံး၌ သီလ ရှင်မူလတန်း (ပထမ)၊ ၁၃၅၂ ခုနှစ်၌ တစ်နိုင်ငံလုံး သီလရှင် အငယ်တန်း (ပထမ)နှင့် အလတ်တန်း(ပထမ)၊ ၁၃၅၃ခုနှစ် ၌ တစ်နိုင်ငံလုံး၌ သီလရှင် အလတ်တန်း(ပထမ)နှင့် အကြီး တန်း (ပထမ)ကို ရရှိခဲ့ပါသည်။

ရောဝတီတိုင်း ကျုံပျော်မြို့နယ်၌ အင်းရဲဓမ္မဒီပ ရိပ်သာကို တည်ထောင်ကာ ရှင်ရဟန်း၊ သီလရှင်များကို ပရိယတ်-ပဋိပတ် သင်ပြလျက် ရှိပါသည်။ ရှင်ရဟန်း ၁၀ ကျော်နှင့် သီလရှင် ၂၀ ကျော် ရှိပါသည်။ မူလ ငယ် လတ်များ အောင်ကြပါသည်။

မုဒုံမြို့ အမှတ်(၄) ကန်သာယာရပ်ကွက်၌ ဓမ္မဒူတ ကျောင်းတိုက်ကို တည်ထောင်ကာ ရှင်ရဟန်း ၂၀ ကျော် တို့ကို ပရိယတ်သင်ပြလျက် ရိပ်သာဖွင့်ကာ တရားပြလျက် ရှိပါသည်။

http://www.dhammadownload.com



သထုံမြို့ လိပ်အင်းရပ်ကွက် ခရမ်းကျောင်းကို လက်ခံကာ သံဃာ ၅ ပါးထားလျက် ပဋိပတ္တိအဓိက ပရိယတ်များကို သင်ပြလျက်ရှိပါသည်။

## ၈။ ကြည်ညိုဖွယ်ရာထူးခြားသောဂုဏ်ရည်များ

ဆရာတော်၏ ဟောပြောပြသမှုကြောင့် ဘာသာခြားများစွာပင် ဗုဒ္ဓဘာသာဝင်ဖြစ်လာပြီး ခေတ်ပညာတတ်ဘွဲ့ရ ကျောင်းသူကျောင်းသား၊ ဆရာ ဆရာမများ ရှင်ရဟန်း သီလရှင်အဖြစ်သို့ ကူးပြောင်းလာကြသည်။

ဆရာတော်၏ ဓမ္မဒူတ၊ မဏိဇောယျ၊ ဓမ္မဒီပ၊ ကန်သာယာ၊ ခရမ်းကျောင်းတိုက် (၅)တိုက်၌ ခေတ်ပညာတတ်ဘွဲ့ရ ရဟန်း သီလရှင်တို့က ဆရာတော်၏ လက်ထောက်အဖြစ် တာဝန်ခွဲဝေယူကာ သာသနာပြုလျက် ရှိပါသည်။

ဆရာတော်သည် သာသနာအတွက် အဓိကကျသော ဘုရားပွဲကြီးများ စာပြန်စာမေးပွဲကြီးများ အလှူပွဲကြီးများ၌ တရားဓမ္မဟောပြလျက်ရှိရာ ယနေ့အထိပင် ဖြစ်ပါသည်။

ဆရာတော်သည် ဓမ္မနုပဿနာသတိပဋ္ဌာန်နည်းဖြင့် ဆယ်ရက်စခန်းများ ပြသလျက်ရှိရာ တစ်နှစ်ရှိသောရက်ထက်ပင် များနေ၍ လက်ထောက်သုံးလေးပါးနှင့် တွဲဘက်ခါရက်အား မရှိသလောက်ပင် တရားပြလျက် ရှိရာ ယနေ့အထိပင် ဖြစ်ပါသည်။

http://www.dhammadownload.com



## ၉။ ထူးခြားသောမိန့်မှာချက်များ

'သာသနာတော်၌နေသော သာသနာ့ဝန်ထမ်း ဆိုတာ အမြဲဝန်ထမ်းနေရမယ်၊ ဝန်ပေါ့နေလို့ မဖြစ်ဘူး။ သာသနာ့တာဝန်ဆိုတာ သင်တာ ကျင့်တာဘဲ၊ သင်ယူရင်း ကျင့်ရမယ်။ ကျင့်ရင်းလည်း သင်ယူရမယ်။ မသင် မကျင့်လျှင် သာသနာ့ဝန်ထမ်း မဟုတ်ဘူး။ သာသနာတော်နှင့် မထိုက်တန်ဘူး'

မိမိတို့အတွက် သင် ကျင့်ပြီးလျှင် အများအတွက် သာသနာပြုရမယ်။ တစ်ကိုယ်ကောင်း ကြောင့်ကြမဲ့ မနေရဘူး၊ ဗုဒ္ဓဘုရားသည် ပရိနိဗ္ဗာန်ဝင်စံသည့်တိုင်အောင် သတ္တဝါများအတွက် အကျိုးဆောင်သွားသလို မိမိတို့လည်း သေသည့်တိုင်အောင် သာသနာ့အကျိုးကို သည်ပိုးရွက်ဆောင်ကြပါ'ဟု မိန့်ကြားလေ့ရှိပါသည်။

http://www.dhammadownload.com



# တရားတော်သည် အာသာဓရွှးပါသလား

## (၁)

ယခုလက်ရှိမျက်မှောက် သတ္တလောကဌ်ရှိသော သတ္တဝါတွေကိုကြည့်ပါလျှင် အထူးသဖြင့် လူသား သတ္တဝါတွေကို ကြည့်ပါလျှင် အမှတ်မဲ့နေသူနှင့် လေ့လာသူဟူ၍ နှစ်မျိုးနှစ်စားကို မြင်တွေ့နိုင်ပါသည်။ ယင်းနှစ်မျိုးနှစ်စားတို့တွင် အမှတ်မဲ့နေသူတို့သည် အများစု ဖြစ်ကြပါသည်။ လေ့လာသူတို့မှာ အနည်းစုတို့သာ ဖြစ်ကြပါသည်။

အမှတ်မဲ့နေသူတို့သည် နေရာတကာတွင် အမှတ်မဲ့သာ နေကြ၍ ယင်းတို့၌ ထူးခြားချက်ဟူ၍ ဘာယ်အခါမျှမရှိပါ။ လေ့လာသူတို့သည် နေရာတကာတွင် လေ့လာကြ၍ ထူးခြားချက် အမြဲ ရှိသည်။

http://www.dhammadownload.com



မိမိသည် ဓမ္မဒေသနာခရီးသည်ဖြစ်၍ ယင်းနှစ်မျိုးကို နေရာတကာတွင် တွေ့ရသည်။ လေ့လာသူမှာ အနည်းစုသာဖြစ်၍ တစ်ခါတစ်ခါ (လေ)မှာသာ တွေ့ရပါသည်။ တွေ့ရလျှင်လည်း မှတ်မှတ်သားသားရှိသည်။

ရှိပုံကား တစ်ခုသော ၁၀ ရက်စခန်းတွင် ကြုံခဲ့ရ၏။ ယင်းစခန်းကျင်းပရာဌာနကား ဘာသာခြားများနှင့် ရောနှောနေရာဌာနတစ်ခု ဖြစ်ပါသည်။

ဘာသာခြားများလည်း လေ့လာသူ (ရေး) အနေနှင့် လာကြ၏။ တစ်နေ့ အမျိုးသမီးနှစ်ဦးတို့ လာကြ၏။ တစ်ဦးမှာ ဘာသာခြား ဖြစ်၏။ ရှိခိုးဦးချမှုမပြု။ တစ်ဦးကား ဗုဒ္ဓသာသနာကို ကြည်ညိုမှီခိုသူဖြစ်၏။ တရိုတသေ ရှိခိုးဦးချကာ လျှောက်ထား၏။

"ဆရာတော်ဘုရား၊ **ဗုဒ္ဓတရားတော်တွေဟာ ဘာသာရွေးပါသလား**"

"အင်း...အဲဒါ အဖြေရခက်ပါတယ်"

"ဘာဖြစ်လို့ အဖြေရခက်ပါသလဲဘုရား"

"**ဗုဒ္ဓတရားတော်တွေဟာ ဘာသာရွေးပါသလား**ဆိုတော့ ဘယ်လိုဘာသာရွေးတာတုန်း"

"မှန်ပါတယ်ဘုရား၊ တပည့်တော် မမေးတတ်လို့ပါ၊ ဗုဒ္ဓတရားတော်တွေဟာ ဗုဒ္ဓသာသနာကို ကြည်ညို ယုံကြည်သူ ဗုဒ္ဓသာသနာဝင်ကိုမှ ရွေးပြီး အကျိုးပေးပါသလား၊ အခြားဘာသာဝင်တွေကိုလည်း အကျိုးပေးပါသလား။ ဟိုဘာသာ၊ ဒီဘာသာ စသည်ဖြင့် ရွေးပြီးမှ အကျိုးပေးပါသလားဘုရား"

http://www.dhammadownload.com



"အင်း... အင်း... အဲဒါဆိုရင် ဖြေတတ်ပါပြီ"

"မှန်ပါ၊ ဖြေပါဘုရား၊ ဒါက တပည့်တော် သူငယ်ချင်းပါ ဘုရား၊ သူက ဘာသာခြားပါဘုရား၊ သူက ဗုဒ္ဓဘာသာသနာကို လေ့လာနေသူပါဘုရား"

"အင်း...ကောင်းတယ်၊ ကောင်းတယ်၊ လေ့လာတာဟာ ကိုယ့်အတွက်ဘဲ၊ ယခု ဗုဒ္ဓတရားတော်နှင့် ပတ်သက်လို့ ပြောရ လျှင် ရှင်းသွားလိမ့်မယ်"

"မှန်ပါ၊ သူရှင်းအောင် ပြောပေးပါဘုရား"

"တရားလို့ သာမန်ပြောလျှင်ကုသိုလ်တရားလည်းတရားဘဲ၊ အကုသိုလ်တရားလည်း တရားဘဲ၊ ကုသိုလ်တရားက ဘာသာ မရွေး၊ မျက်နှာမရွေး ကောင်းကျိုးပေးသလို အကုသိုလ်တရားက မကောင်းကျိုးပေးရာ၌လည်း ဘာသာမရွေး မျက်နှာမရွေးပေးပါ တယ်"

"ရှင်းပါဦးဘုရား...ကျဉ်းနေပါသေးတယ်"

"ဘုန်းကြီးတို့ ဗုဒ္ဓက အကုသိုလ်မှန်သမျှ ကြီးကြီးသေးသေး ဘာမှမလုပ်နဲ့လို့ ဟောခဲ့ပါတယ်၊ အဲဒီလိုဟောတာဟာ ဗုဒ္ဓဘာသာ ဝင်တွေအတွက်သာ ဟောခဲ့တာမဟုတ်ပါဘူး၊ ကမ္ဘာသူကမ္ဘာသား အားလုံးအတွက် ဟောခဲ့တာပါ။ ဘာဖြစ်လို့ ဒီလိုဟောခဲ့တာလဲ ဆိုလျှင် အကုသိုလ်ကို ဘယ်ဘာသာဝင်ဘဲလုပ်လုပ် ဆင်းရဲဒုက္ခ ရောက်မှာကို ဗုဒ္ဓက သနားတော်မူပါတယ်။ အဲဒါကြောင့် ဟော ခဲ့ပါတယ်"

"ကုသိုလ်ကို စုံအောင်လုပ်လို့ ဗုဒ္ဓက ဟောခဲ့ပါတယ်။ ဘယ်

http://www.dhammadownload.com



ဘာသာဝင်ပဲဖြစ်ဖြစ် ကုသိုလ်လုပ်မှ ကောင်းကျိုးချမ်းသာရမှာ၊ ကောင်းကျိုးချမ်းသာစုံမှာ ဖြစ်ခြင်းကြောင့် ကုသိုလ်ကို စုံအောင် လုပ်နိုင်းပါတယ်။ အကုသိုလ်နှင့် ပတ်သက်လို့ သာဓကပြရလျှင် ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် လူသတ်တဲ့အကုသိုလ် လုပ်မိပြီဆိုလျှင် ယခု မျက်မှောက်မှာပဲ ချက်ချင်းအဖမ်းအဆီး အချုပ်အနှောင် မခံရဘူးလား"

"ခံရပါတယ်ဘုရား"

"ကဲ... တစ်ယောက်ပြုတဲ့ အကုသိုလ်ကို အဘယ်တစ်ယောက်က ကိုယ်စားခံပေးလို့ရလဲ"

"မရပါဘုရား"

"ကိုယ်စားခံပေးခွင့်လည်း ရှိလား"

"မရှိပါဘုရား"

"အေး... အဲဒါကြောင့် ဗုဒ္ဓက အကုသိုလ်မှန်သမျှ ဘာမှ မလုပ်နဲ့ဆိုတာ ဗုဒ္ဓဘာသာဝင် တစ်ဘာသာအတွက်သာ ဟောခဲ့တာလား။ ကမ္ဘာသူ ကမ္ဘာသား ဘာသာအားလုံးအတွက်လား"

"အားလုံးအတွက်ပါဘုရား"

"အဲဒီအကြောင်းနှင့် ပတ်သက်လို့ ပိုပြီးရှင်းသွားအောင် မျက်မှောက် ဝတ္ထုကြောင်းတစ်ခုနဲ့ ရှင်းပြမယ်။ တကယ့်အဖြစ် အပျက်ပါ"

"ဘုန်းကြီးတို့ ရောဝတီတိုင်း အင်ပူမြို့နယ်ထဲမှာ ပေကုန်း ဆိုတဲ့ ရွာကလေးတစ်ရွာရှိပါတယ်။ အဲဒီရွာမှာ ကိုဖျိုင်းနှင့် ကိုသန်း ရွှေဆိုတာ ရှိပါတယ်။ သူတို့က သူငယ်ချင်းနှစ်ယောက်ပေါ့။

http://www.dhammadownload.com



အဲဒီ ပေကုန်းရွာမှာက ဘာသာခြားနှင့် ဗုဒ္ဓဘာသာတို့ ရောနှော နေကြပါတယ်။ ကိုဖျိုင်းက ဘာသာခြား၊ ကိုသန်းရွှေက ဗုဒ္ဓ ဘာသာပါ။

အဲဒီ ကိုဖျိုင်းနှင့် ကိုသန်းရွှေတို့ သူငယ်ချင်းနှစ်ယောက် ဟာ လွှဆွဲပြီး စားကြပါတယ်။ ကိုဖျိုင်းက အပေါ်ဆွဲသမား။ ကိုသန်းရွှေက အောက်ဆွဲသမားပေါ့။ သူတို့နှစ်ယောက် အတူ လွှဆွဲလို့ မောတဲ့အခါ နားပြီဆိုလျှင် ကိုသန်းရွှေကို ကိုဖျိုင်းက တရားဟောပါတယ်။ ဘယ်လိုဟောသလဲဆိုတော့–

"ဟေ့ကောင် သန်းရွှေ၊ မင်း... တို့ဘာသာထဲဝင်ကွ၊ တို့ဘာသာက သိပ်ကောင်းတယ်၊ တို့ ၆ ရက် လုပ်ချင်တာလုပ်။ တစ်ရက်ဘုရားရှိခိုးလိုက်ရင် အပြစ်တွေ အကုန်ပျောက်တယ်။ တို့ဘုရားက တို့အပြစ်တွေကို အကုန်ခံပေးတယ်။ တို့ဘာသာက ဘယ်လောက်ကောင်းလဲ။ ဒါကြောင့် မင်း... တို့ဘာသာထဲဝင်။ မင်းတို့ ဘာသာက ဘာကောင်းလို့လဲကွ။ ကိုယ်ပြု ကိုယ်ခံ၊ ကိုယ်ပြု ကိုယ်စံတဲ့။ တို့ဘာသာက ဒီလိုမဟုတ်ဘူး တို့ပြုသမျှ ဘုရားက ခံပေးတယ်"

စသည်ဖြင့် ကိုဖျိုင်းက ကိုသန်းရွှေကို ဟောတယ်။ ကိုသန်း ရွှေက မပြောတတ်တော့ ဘာမှပြန်မပြောဘဲ ငြိမ်ငြိမ်နဲ့ နားထောင် နေတယ်။

ဒီလိုနေရာက တရားဟောဆရာ ကိုဖျိုင်း ဖျားနာပါရော၊ ဖျားတဲ့အခါ လူနီနီကြီးနှစ်ယောက်က သူ့လက်မောင်းနှစ်ဘက် ကို တစ်ယောက်တစ်ဘက်စီ ကိုင်ဆွဲခေါ်သွားပြီး ငရဲအိုးထဲ ပစ်ချ

http://www.dhammadownload.com



တယ်လို့ မနောအာရုံမှာ နိမိတ်ထင်ပါသတဲ့။

"အဲဒါ ဘယ်သူက ပြောပါသလဲဘုရား"

"ကိုဖျိုးကိုယ်တိုင်က ပြောပြတာကို ပြန်ပြောနေတာပါ"

"ဒါဖြင့် ဆက်ပြီး အမိန့်ရှိပါဦးဘုရား"

• ကိုဖျိုးကို ရေအိုးထဲ ပစ်မချခင်တော့ ရေအိုးက ဟင်းလင်းပွင့်လို့။ ရေသားတွေလည်း သူမြင်နေရပါသတဲ့။ အဲ... သူ့လည်း ရေအိုးထဲ ပစ်ချလိုက်ရော ရေအိုးအပေါက်ဝကို ဒီအိမ်မိုးတဲ့ သက်ငယ် (၆)ပျစ်ကလာပြီး ပိတ်လိုက်သတဲ့။ သူက သက်ငယ် (၆)ပျစ်ပေါ် တင်နေတာပေါ့။

အဲ... သူ့လည်း ပြန်ဆွဲတင်ရော ရေအိုးလည်း ပွင့်သွားရော၊ သူ့ကိုပြန်ပစ်ချလိုက်ရင် သက်ငယ် (၆)ပျစ်က ပိတ်ပြန်ရော။ သူ့ဆွဲတင်လိုက်ရင် ရေအိုးက ပွင့်သွား၊ သူ့ပစ်ချလိုက်ရင် ပိတ်သွားနှင့် ဘယ်လိုမှ ပစ်ချမရတော့။ သူ့ကိုခေါ်သွားသူတွေက သူ့ကို လက်ဆွဲခေါ်လာပြီး လူဖြူဖြူကြီးထံ သွားပို့ပါသတဲ့။

"လူဖြူဖြူကြီးက ဘယ်သူပါလဲဘုရား"

"လူဖြူဖြူကြီးက ယမမင်း ဖြစ်ဟန်တူပါတယ်"

"ဆက်အမိန့်ရှိပါဘုရား"

လူဖြူဖြူကြီးထံရောက်တော့–

ဆရာကြီး ကျွန်တော်တို့ သူ့ကို ရေအိုးထဲ ပစ်ချလို့ မရပါဘူး။ သူ့ကိုပစ်ချလိုက်ရင် ရေအိုးဘဝကို သက်ငယ် (၆)ပျစ်လာပြီး ပိတ်ထားပါတယ်။ သူက သက်ငယ် (၆)ပျစ်ပေါ် တင်နေပါတယ်။ သူ့ဆွဲတင်ရင် ပွင့်သွားပါတယ်။ ပစ်ချရင် ပိတ်ထားပါ

http://www.dhammadownload.com



တယ်။ ဒါကြောင့် ကျွန်တော်တို့ သူ့ကို ငရဲအိုးထဲ ပစ်ချလို့ မရပါဘူး"

လို့ ပြောပါသတဲ့။ အဲဒီလို ပြောတဲ့အခါ လူဖြူဖြူကြီးက...

"မင်း...စဉ်းစားစမ်း၊ သက်ငယ် (၆)ပျစ်နဲ့ ဘာကုသိုလ် လုပ်ခဲ့သလဲ"

လို့ ပြောတဲ့အခါ အတော်ကြာကြာ စဉ်းစားပြီးမှ ပေါ်လာ ပါသတဲ့။ ပေါ်လာတော့ ကိုဗျိုင်းက–

"ဆရာကြီး ကျွန်တော်သိပြီ၊ ကျွန်တော်တို့ရွာက ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း မိုးတဲ့အခါ သက်ငယ် (၆)ပျစ်လိုနေလို့ လိုက်ရှာရာမှာ ဘယ်မှာမှ မရပါဘူး။ ကျွန်တော့်အိမ်ရောက်လာ ပြီး ကျွန်တော့်အိမ်မိုးလို့ ပိုနေတဲ့ သက်ငယ် (၆)ပျစ်ကို တောင်း ဝယ်ပါတယ်"

"ကျွန်တော်က ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းမိုးဖို့ ဆိုရင် မရောင်းဘူး၊ ပေးမယ်ဆိုပြီး ပေးလိုက်ပါတယ်"

လို့ ပြောပြပါတယ်။ အဲဒီလို ပြောတဲ့အခါ လူဖြူဖြူကြီးက–

"ကဲ... မောင်ဗျိုင်း၊ မင်းပြန်တော့၊ မင်းကို သက်ငယ် (၆)ပျစ်က ကယ်လိုက်တယ်"

လို့ ပြောပြီး ငရဲက ပြန်လွှတ်လိုက်ပါသတဲ့။

အဲ... ကိုဗျိုင်းဟာ ငရဲကပြန်လာတော့ သူတို့တရားဟော ဆရာကို သွားပြီးမေးပါသတဲ့။

"ဆရာ၊ ကျွန်တော်တို့ဘုရားက တကယ် ကယ်သလား"

လို့ မေးပါသတဲ့။ အဲဒီလိုမေးတဲ့အခါ တရားဟောဆရာက–

http://www.dhammadownload.com



"တကယ် ကယ်တာပေါ့ကွ"

လို့ ပြောပါသတဲ့။ အဲဒီလိုပြောတဲ့အခါ ကိုဖျိုင်းက–

"ဆရာ၊ ကျွန်တော့်ကို ငရဲခေါ်သွားပြီး ပစ်ချတဲ့အခါ ကျွန်တော်လှူခဲ့တဲ့ သင်္ကန်း (၆)ပျစ်က ကယ်တာပဲ တွေ့ခဲ့ရပါတယ်။ သင်္ကန်း (၆)ပျစ်ကုသိုလ်ကြောင့် ကျွန်တော် ငရဲက လွတ်လာခဲ့ပါတယ်။

စသည်ဖြင့် သူတွေ့သမျှ အလုံးစုံကို အကုန်ပြောပြပါသတဲ့။

အဲဒီလိုပြောတဲ့အခါ တရားဟောဆရာက–

"ဒီအတိုင်းသာဆိုလျှင်တော့ ငါဗုဒ္ဓဘာသာထဲဝင်ပြီး ရဟန်းခံတော့မယ်"

ဆိုပြီး ရဟန်းခံသွားပါတယ်။ ကိုဖျိုင်းလည်း အဲဒီ ပေကုန်းရွာမှာမနေတော့ဘဲ လှူပျိုတော်ကွင်းရွာသို့ ပြောင်းလာပြီး ဗုဒ္ဓဘာသာထဲ ဝင်လိုက်ပါတယ်။

"ဆရာတော်ဘုရား၊ အဲဒီ ပေကုန်းတို့ လှူပျိုတော်ကွင်းတို့ကို ရောက်ဖူးပါသလားဘုရား"

"ဘာလဲ မယုံလို့မေးတာလား"

"မဟုတ်ပါဘူး"

"ပေကုန်းရွာကို မရောက်ဖူးပါဘူး။ ရွာနားက ဖြတ်သွားဖူးပါတယ်၊ လှူပျိုတော်ကွင်းရွာကိုတော့ အကြိမ်ကြိမ် ရောက်ခဲ့ဖူးပါတယ်"

"ကဲ... ထားပါတော့၊ ဒါနတရားဟာ ဘာသာရွေးပါသလား"

http://www.dhammadownload.com



"မရွေးပါဘူးဘုရား"

"ကိုဗျိုင်းဟာ ဘာသာခြားနော်"

"မှန်ပါဘုရား"

"ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းမိုးဖို့ရာ သက်ငယ် (၆)ပျစ် လှူလိုက်တဲ့အတွက် ငရဲက တက်လာခဲ့ရတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး-အဲဒါကြောင့် ဗုဒ္ဓတရားတော်တွေဟာ ဘာသာ မရွေး အကျိုးပေးပါတယ်။ ဘယ်ဘာသာဝင်ပဲ ကုသိုလ်လုပ်လုပ် ကောင်းကျိုးရတယ်လို့ ဗုဒ္ဓက ဟောပါတယ်။ ရတာလည်း ကိုဗျိုင်းဝတ္ထုက လက်တွေ့မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် မကောင်းမှုအကုသိုလ်လုပ်ရင် မကောင်းကျိုး ဆင်းရဲဒုက္ခပေးမယ်လို့ ဗုဒ္ဓက ဟောပါတယ်။ အဲဒါလည်း လက်တွေ့မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါကြောင့် ဗုဒ္ဓတရားတော်ဟာ ဘာသာမရွေး အကျိုးပေးတယ်လို့ မှတ်ပါနော်"

"မှန်ပါဘုရား"

*၁၉၉၂ ခုနှစ်၊ ဇူလိုင်လ၊ အတွဲ(၈) အမှတ်(၁)*
*မြတ်မင်္ဂလာစာစောင်*

http://www.dhammadownload.com



# အမျိုးသီလ

## (၂)

ဗုဒ္ဓသာသနာတော်ကို လေ့လာပါလျှင် ဦးစွာပထမ သာသနာတော်သုံးရပ်ကို လေ့လာရပါမည်။ သို့မှသာ ပြည့်စုံပါမည်။ အချုပ်ကို လေ့လာရသော်–

(၁) ပိဋကသုံးပုံဖြင့် ရေတွက်အပ်သော အလုံးစုံသော ဘုရားစကားတို့သည် 'ပရိယတ် သာသနာတော်' မည်ပါ၏။

(၂) ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ၊ ဓုတင်အကျင့်၊ ဝတ်အကျင့်နှင့် သမထဝိပဿနာ အကျင့်တို့သည် 'ပဋိပတ်သာသနာ' မည်ပါ၏။

http://www.dhammadownload.com



(၃) မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်သည် 'ပဋိဝေဓ သာသနာ' မည်ပါ၏။

ယင်းသာသနာတော် သုံးရပ်တွင် ပရိယတ် သာသနာတော် သည် 'သင်' သာသနာဖြစ်၏။ မိမိ၌ သင်ယူထားသော ဘုရား ဟောကြား ပရိယတ်တရား တစ်ပုဒ်တစ်သုတ်မျှ မရထား၊ မဆောင်ထားနိုင်ပါလျှင် ပရိယတ်သာသနာ ပုဂ္ဂိုလ်ဖြစ်နေသည် ကို အထူးသတိရှိပါ။

'ပဋိပတ်သာသနာ'၌ ငါးပါးသီလသည် အောက်ထစ်ဆုံး ပဋိပတ်ဖြစ်၏။ မိမိ၌ ငါးပါးသီလလေးမျိုးမှ တစ်မျိုးမျိုးမျှ မရှိလျှင် ပဋိပတ်သာသနာပဖြစ်နေသည်ကို အထူးသတိရှိပါ။

ယင်းသို့ ပရိယတ်၊ ပဋိပတ် နှစ်ရပ်သာသနာ စပ်ခါကျင့်ပါမှ ပဋိဝေဓ သာသနာဆိုသည့် မဂ်, ဖိုလ်, နိဗ္ဗာန်တွေ ပေါ်လာမည် စသည်ဖြင့် မိမိသည် တရားတစ်ပွဲ၌ သီလအကြောင်းကို ဦးစား ပေးပြီး ဟောပြောပြသလိုက်၏။ တရားပွဲပြီးသော် အမျိုးသမီး တစ်စုရောက်လာပြီး ရှိခိုးဦးချကာ တစ်ယောက်က လျှောက် ထား၏။

"ဆရာတော်ဘုရား၊ ခုနက ဟောကြားတဲ့ တရားတော်ထဲမှာ ဘုရားတပည့်တော်တို့ မကြားဘူး မနာဘူးတာတွေ အများကြီး ပါပါတယ်ဘုရား"

"ဘာတွေများပါလဲ"

"ဆရာတော်ဘုရားက ငါးပါးသီလ လေးမျိုးရှိတယ်တဲ့၊ အဲဒီ လေးမျိုးက ဘာတွေပါလဲ ဘုရား"

http://www.dhammadownload.com



"အမယ်လေး၊ မကြားဘူးလို့သာ မကြားဘူးရတယ်။ အဲဒီ လေးမျိုးကို ဘုန်းကြီး ခဏခဏ ဟောပြလေ့ရှိပါတယ်"

"ဘုရားတပည့်တော်တို့ ဒီတစ်ခါ ပထမဆုံး ကြားနာရ ခြင်းပါ ဘုရား"

"ကဲ–ဒါဖြင့် မှတ်ထား၊ ရှင်းပြမယ် လူအိုသီလ၊ အပျို သီလ၊ လူပျိုသီလ၊ အနာဂါမ်သီလရယ်လို့ ငါးပါးသီလ လေးမျိုး ရှိတယ်"

"အပြည့်အစုံရှင်းပြပါဦးဘုရား"

ယခု အများစု အမြဲတမ်းဆောက်တည်နေကြတဲ့ ငါးပါးသီလ ကို 'လူအိုသီလ'လို့ ခေါ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူအို တွေမှာ ဇနီးခင်ပွန်းရှိကြတယ်။ အဲဒီ ဇနီးခင်ပွန်းအချင်းချင်း ပေါင်းသင်းဆက်ဆံခွင့်ရှိတယ်။ မေထုန်ပြုကျင့်နိုင်တယ်။ မိမိပိုင် ဆိုင်တဲ့ ဇနီးခင်ပွန်းမှတစ်ပါး အခြားကာမတို့နှင့် ပေါင်းသင်း ဆက်ဆံခွင့် မရှိဘူး။ ဒါကြောင့် လူအိုတွေဟာ ပဉ္စသီလဆောက် တည်ပြီး အိမ်ထောင်နဲ့ နေကြတာ၊ ဒါကြောင့် ဆောက်တည်နေကျ ပဉ္စသီလကို 'လူအိုသီလ'လို့ ခေါ်ပါတယ်။

'အပျိုသီလ' 'လူပျိုသီလ'ဟာ အခုခေတ်မှာ ဆောက်တည် သူမရှိတဲ့အတွက် ကွယ်နေတယ်လို့ ပြောရမှာပဲ'

အပျို–လူပျိုတွေမှာ အိမ်ထောင်မရှိတာ။ ဇနီးခင်ပွန်းမှ မရှိတာ။ 'အဗြဟ္မစရိယာသိက္ခာပုဒ်'ကို လုံခြုံအောင် စောင့်ထိန်း နိုင်တယ်။ အဲဒီသိက္ခာပုဒ်က 'ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်'ထက် အဆင့်အတန်းမြင့်တယ်။

http://www.dhammadownload.com



ဟုတ်တယ်လေ 'ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်'ကို စောင့်ထိန်းထားသူ လူအိုတစ်ယောက်ဟာ မိမိတို့ ဇနီးမောင်နှံ အချင်းချင်း ပေါင်းသင်းဆက်ဆံခွင့် ရပါတယ်။ ပေါင်းသင်းဆက်ဆံခြင်းကြောင့် အပြစ်မရှိပါဘူး။ အဲ–သူများကာမကို ပေါင်းသင်းဆက်ဆံလျှင်တော့ အပြစ်ဖြစ်၏။

'အပျိုသီလ'ကို 'ကောမာရီဗြဟ္မစရိယသီလ'လို့ ခေါ်ပါ တယ်။ 'လူပျိုသီလ'ကို 'ကောမာရဗြဟ္မစရိယသီလ'လို့ ခေါ်ပါတယ်။ အပျို–လူပျိုတွေမှာ ဇနီးမောင်နှံ မရှိတော့ 'ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်'နှင့် မသက်ဆိုင်ပါဘူး။ 'အဗြဟ္မစရိယသိက္ခာပုဒ်'ကို အပျို–လူပျိုတွေဟာ သဘာဝအားဖြင့် စောင့်ထိန်းထားပြီးသား ဖြစ်နေပါတယ်။

ဒါကြောင့် အပျို လူပျိုတွေ စောင့်ရမယ့် သီလဟာ 'ကောမာရီဗြဟ္မစရိယသီလ'နှင့် 'ကောမာရဗြဟ္မစရိယသီလ'တို့ ဖြစ်ပါတယ်။

"ဆရာတော်ဘုရား၊ ဆောက်တည်ပုံကို ရှင်းပြပေးပါဦး ဘုရား"

အပျိုတွေက…

'အဟံဘန္တေ တိသရဏေန သဟ ကောမာရီဗြဟ္မစရိယသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ'လို့ သီလတောင်းပါ။ ဒုတိယမ္ပိ၊ တတိယမ္ပိ စသည် ဆက်ဆိုပါ။

အပျိုသီလနှင့် လူပျိုသီလမှာ 'ရ'မှာ လုံးကြီးတင်ပါတာနှင့် မပါတာပဲထူးပါတယ်။

http://www.dhammadownload.com



"ဆရာတော်ဘုရား၊ 'ကောမာရိ–ကောမာရဗြဟ္မစရိယ' အဓိပ္ပာယ်က ဘယ်လိုပါလဲဘုရား"

"ဩော်...ကောမာရိဗြဟ္မစရိယသီလ(ဟာ) ငယ်မူဖြူစင်သူတို့၏ မြတ်သောအကျင့်သီလဟူသော မေ္မသိက္ခာပုဒ်အကျင့်(လို့) အနက် အဓိပ္ပာယ်ဖော်ရပါတယ်"

'ကောမာရိ'နှင့် 'ကောမာရ'မှာ 'ရ'မှာ လုံးကြီးတင်ပါတာ မပါတာထူးပေမယ့် အနက်အဓိပ္ပာယ်ကတော့ အတူတူပါပဲ။

"ဆရာတော်ဘုရား ပို့မယ့်ပို့လျှင် ကူးတို့ရောက်အောင် ပို့ပါဆိုတာလို အဲဒီ အပျိုသီလ လူပျိုသီလကို အစအဆုံးပဲ ယူပုံယူနည်း ပြန်ပြောပေးပါဘုရား"

"အဟံဘန္တေ တိသရဏေန သဟ ကောမာရိဗြဟ္မစရိယသီလံ မေ့ယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ"

"အရှင်ဘုရား၊ ဘုရားတပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ ငယ်သွေးငယ်မူ ဖြူစင်သူတို့၏ မြတ်သောအကျင့်သီလဟူသော သိက္ခာပုဒ်အကျင့်ကို တောင်းပန်ပါ၏။ အရှင်ဘုရား... ဘုရားတပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ သီလကို ပေးတော်မူပါကုန်ဘုရား"

"ဒုတိယမ္ပိ နှစ်ကြိမ်မြောက်လည်း"

"တတိယမ္ပိ သုံးကြိမ်မြောက်လည်း" ဆိုပါ အတူတူပါပဲ။

"နမော တဿနှင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"စသည်တို့ဟာ အတူတူပါပဲ။

(၁) ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ–

http://www.dhammadownload.com



သူတစ်ပါးအသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော (ဝါ) ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်ထဲ၌ မြဲစွာဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ–ပိုင်ရှင်မှ မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော (ဝါ) ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်ထဲ၌ မြဲစွာ ဆောက်တည်ပါ၏။

(၃) အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ–မမြတ်သောမေထုန်အကျင့်မှ ရှောင်ကြဉ်ကြောင်း ဖြစ်သော (ဝါ) ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်ထဲ၌ မြဲစွာဆောက်တည်ပါ၏။

(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ–မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော (ဝါ) ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သောသိက္ခာပုဒ်ကို စိတ်ထဲ၌ မြဲစွာ ဆောက်တည်ပါ၏။

(၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ–မေ့လျော့ပေါ့ဆခြင်း၏ အကြောင်းစင်စစ် မူးယစ်စေတတ်သော သေရည်အရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော (ဝါ) ရှောင်ကြဉ်ရ

http://www.dhammadownload.com



ကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်ထဲ၌
မြဲစွာဆောက်တည်ပါ၏။

ကဲ–ဒီလောက်ဆိုလျှင် သဘောပေါက်လောက်ပါပြီ။ ရိုးရိုး ပဉ္စသီလ လူ့အိုသီလထဲမှာ 'ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်'ကို ဖြုတ်ပြီး 'အဗြဟ္မစရိယသိက္ခာပုဒ်' ထည့်လိုက်ရင် ပြီးတာပါပဲ။

"ဆရာတော်ဘုရား၊ အဲဒီ အပျိုသီလကို ရှေးက ဘယ်အပျိုတွေ ဆောက်တည်ကြပါသလဲဘုရား"

"ရှေးက ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက ကိကီမင်းကြီးရဲ့သမီးတော် ခုနစ်ဖော်တို့က ရဟန်းမိန်းမပြုဖို့ရာ ခွင့်တောင်းတာမရလို့ အဲဒီသီလကို အပျိုစင်ဘဝနဲ့ အနှစ်နှစ်သောင်းတိုင်တိုင် နေထိုင်သွားကြတယ်"

အဲဒီ ကိကီမင်းကြီးရဲ့ သမီးတော် ခုနစ်ဖော်တို့ဟာ ဘုန်းကြီးတို့ဘုရားရှင် လက်ထက်တော်အခါမှာ ခေမာထေရီ၊ ဥပ္ပလဝဏ္ဏာထေရီ၊ ပဋာစာရီထေရီ၊ ကုဏ္ဍလကေသာထေရီ၊ ကိသာဂေါတမီ၊ ဓမ္မဒိန္နာထေရီနှင့် ဝိသာခါကျောင်းအစ်မကြီးတို့ရယ်လို့ အကျော်အမော်တွေ ဖြစ်လာပါတယ်။

"ရှင်းပါပြီ ဆရာတော်ဘုရား၊ ငါးပါးသီလ နောက်တစ်မျိုးဖြစ်တဲ့ အနာဂါမ်သီလကို ရှင်းပြပါဦးဘုရား"

"ဩော်–အဲဒါက 'ဗြဟ္မစရိယ ပဉ္စမကသီလ'ကို 'အနာဂါမ်သီလ'လို့ပဲ အလွယ်ခေါ်တာပါ။ သီလတောင်းလျှင်–

'အဟံဘန္တေ တိသရဏေနသဟ ဗြဟ္မစရိယ ပဉ္စသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ'

http://www.dhammadownload.com



ဒုတိယမ္ပိ၊ တတိယမ္ပိ စသည်ဆိုပါ။ အဓိပ္ပာယ်ကတော့ 'အရှင်ဘုရား၊ ဘုရားတပည့်တော်သည် သရဏဂုံသုံးပါး နှင့်တကွ ကောင်းမြတ်သောအကျင့်လျှင် ငါးခုမြောက်သော သီလ ဟူသော သိက္ခာပုဒ်အကျင့်ကို တောင်းပန်ပါ၏။ အရှင်ဘုရား၊ ဘုရားတပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ သီလကို ပေးတော် မူပါကုန်ဘုရား' ဒီလောက်ဆိုလျှင် သဘောပေါက်ပါပြီနော်"

"မှန်ပါဘုရား၊ အဲဒီ သီလကို ရှေးက ဘယ်ပုဂ္ဂိုလ်တွေ ဆောက်တည်ခဲ့ပါသလဲဘုရား၊ အခုအခါမှာ ဘယ်သူတွေ ဆောက် တည်သင့်ပါသလဲဘုရား"

အဲဒီဗြဟ္မစရိယ ပဥ္စမသီလ အနာဂါမ်သီလကို ရှေးက ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်နဲ့ ဝဇ္ဇီတိုင်းသား ဥဂ္ဂသူကြွယ် တို့ဟာ အိမ်ရှိမယားတို့ကိုစွန့်ပြီး တစ်သက်လုံး ဆောက်တည် ကြပါတယ်။ သူတို့က အနာဂါမ်တွေမို့ ဒီသီလကို အနာဂါမ်သီလ ခေါ်တာပါ။

အနာဂါမ်မဟုတ်သော်လည်း အိမ်ထောင်ရှင်များ၊ အိမ်ထောင် ပျက်နေကြတဲ့ အိမ်ထောင်ဘက်မရှိတဲ့ လူအိုများဟာ ဒီဗြဟ္မစရိယ ပဥ္စသီလကို ဆောက်တည်သင့်ပါတယ်။

ဟုတ်တယ်လေ၊ သူတို့မှာ ပင်ကိုယ်အားဖြင့် အဗြဟ္မစရိယာ သိက္ခာပုဒ်ဟာ လုံခြုံနေပြီပဲ။

အပျို လူပျိုများကတော့ ကောမာရိဗြဟ္မစရိယသီလနှင့် ကောမာရဗြဟ္မစရိယသီလ ဆောက်တည်ရပါမယ်။ သူတို့ကလည်း ပင်ကိုယ်အားဖြင့် အဗြဟ္မစရိယသိက္ခာပုဒ် လုံခြုံနေပြီပဲ။

http://www.dhammadownload.com



အဲဒီလို ပင်ကိုယ်အားဖြင့် အပြဟွစရိယာသိက္ခာပုဒ် လုံခြုံနေသူ လူအိုများ၊ အပျို လူပျိုများဟာ ရိုးရိုးပဥ္စသီလ၊ လူတို့ ငါးပါး သီလကိုသာ စောင့်ထိန်းနေလျှင် မရှုံးဘူးလား"

"ရှုံးပါတယ်ဘုရား"

"အေးရှုံးတယ်၊ အဲဒီသီလတွေဟာ ဆောက်တည်သူမရှိလို့ ကွယ်နေတယ်။ ယခု မေးလို့ သိသွားပြီဖြစ်တော့ မကွယ်အောင် ဆောက်တည်ကြပါနော်။ ဘုန်းကြီးတပည့် တော်တော်များများဟာ အဲဒီသီလတွေကို ဆောက်တည်ကြပါတယ်"

"တပည့်တော်တို့ကိုလည်း တပည့်ရင်း မှတ်ပါဘုရား။ တပည့်တော်တို့လည်းယနေ့ကစပြီးဆောက်တည်ကြပါမယ်ဘုရား"

"အေး–ကောင်းတယ်၊ ကောင်းတယ်"

❀ အားလုံးသန္တာ ၁ န်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ အမှတ်(၃၈)
ဓမ္မရုံသိမဂ္ဂဇင်း။

http://www.dhammadownload.com



# ဝါပန်အကြောင်းသိဖို့ကောင်း

## (၃)

ဗုဒ္ဓသာသနာတော်သည် 'သင်သာသနာ' 'ကျင့်သာသနာ' 'ထိုးထွင်းသိသာသနာ'ဟူ၍ သာသနာသုံးရပ်ရှိပါသည်။ ယင်းကို ကြည့်ရှုလျှင် ဗုဒ္ဓသာသနာသည် အကိုးကွယ်ခံ သာသနာ သက်သက် မဟုတ်ပါ။ ဗုဒ္ဓသာသနာဝင်တို့သည် သင်ရမည်၊ ကျင့်ရမည်။ သို့မှသာ ထိုးထွင်းသိမြင်နိုင်ပါမည်။

ယင်းသို့ သင်ရာ ကျင့်ရာ၌ အခြားကာလများထက် ဝါတွင်း ကာလသည် ဗုဒ္ဓသာသနာဝင်တွေအတွက် အထူးအရေးကြီးပါ သည်။ ရဟန်းတော်များအတွက် ဆိုလျှင် ဝါဆိုရာကျောင်းမှ အကြောင်းမရှိဘဲ အရပ်တစ်ပါးသို့ ခရီးမသွားရပါ။ သွားရန် အကြောင်းပေါ်ပါက ဝါပန်၍သွား ရပါသည်။

ဝါပန်ခြင်းနှင့်ပတ်သက်၍ လူ,ရှင်,ရဟန်း အားလုံး သိသင့်

http://www.dhammadownload.com



ပါသည်။ သို့မှသာ ဆရာ ဒကာ အပြစ်ကင်း၍ ကောင်းကျိုး ရမည်ဖြစ်ပါသည်။ သိသင့်၍ သိချင်သူ ရဟန်းငယ်တစ်ပါးက မေးလျှောက်၏–

"ဆရာတော်ဘုရား၊ ဝါပန်ကောင်းတဲ့ အကြောင်းအရာများ သိချင်ပါတယ်ဘုရား"

"မောင်ပဥ္စင်းက ဘာစိတ်ကူးပေါက်လို့ ဝါပန်ကောင်းတဲ့ အကြောင်းတွေ သိချင်နေတာလဲ"

"အခြားတော့ မဟုတ်ပါဘုရား။ ဝါတွင်းလည်းဖြစ်နေလို့ အကြောင်းဆုံလို့ သိချင်တာနဲ့ မေးလျှောက်တာပါဘုရား"

"ဝါပန်ဖို့အကြောင်း စတင်ဖြစ်ပေါ်လာပုံက ဒီလို... မောင်ပဥ္စင်းရဲ့၊ ဘုရားရှင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးတဲ့အခိုက်ပေါ့၊ ကောသလတိုင်း ဇနပုဒ်တစ်ခု၌နေတဲ့ 'ဥဒေန'အမည်ရှိတဲ့ ဒကာက သံဃာတော်များ သီတင်းသုံးဖို့ရန် ကျောင်းဆောက်လုပ်ပြီးတဲ့အခါ...

"အရှင်မြတ်တို့ဘုရား...တပည့်တော်၏ကျောင်းကို ရေစက်ချ၍ လှူဒါန်းလိုပါသည်။ တရားတော်ကိုလည်း နာကြားလိုပါသည်။ အရှင်ဘုရားတို့အားလည်း ဖူးမြင်လိုပါသည်"ဟု လူလွှတ်ပြီး ပင့်လျှောက်ခိုင်းပါတယ်။ အဲဒီလို ပင့်တဲ့အခါ ရဟန်းတော်တွေက–

"ဝါတွင်းသုံးလအတွင်း၌ ဒေသစာရီ မလှည့်လည်ရဟု ပညတ်ထားတော်မူသောကြောင့် မကြွလာနိုင်ပါ။ ဝါကျွတ်အောင် ဆိုင်းပါဦး။ ဝါကျွတ်သောအခါမှ ကြွလာကြပါမည်။ အကယ်၍

http://www.dhammadownload.com



အဆောတလျှင် လှူလိုပါက ဒကာတို့ အရပ်ဒေသ၌ သီတင်းသုံး နေထိုင်ကြသော ရဟန်းတော်များအား လှူဒါန်းလိုက်ပါ”

လို့ အကြောင်းပြန်ကြားလိုက်ပါတယ်။

အဲဒီအကြောင်း ပြန်ကြားတဲ့စကားကို ဥဒေန ဒကာကြား ရတဲ့အခါ…

“ဘယ်လိုလဲ၊ ငါသည် သံဃာတော်များကို လုပ်ကျွေးနေသူ လှူဒါန်းနေသူ ဖြစ်ပါလျက် အဘယ့်ကြောင့် ငါပင့်တာကို သံဃာ တော်များ မကြွနိုင်ကြပါလိမ့်မလဲ”

လို့ ကဲ့ရဲ့ပြစ်တင် ရှုတ်ချသောစကားကို ဘုရားရှင် ကြား တော်မူပါတယ်။

အဲဒီလိုကြားတဲ့အခါ ဘုရားရှင်က ရဟန်းတော်များကို ခေါ်တော်မူ၍…

“ရဟန်းတော်များ…အို…ချစ်သားတို့…ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ သိက္ခာမာန်၊ သာမဏေယောကျ်ား၊ သာမဏေမိန်းမ၊ လှူဒကာ၊ လှူဒကာမ(၇)ဦးတို့ကခုနစ်ရက်ပြည့်ဖွယ်ကိစ္စဖြင့်ပင့်လျှောက် သော် ဝါပန်၍သွားအပ်၏။ မပင့်လျှောက်သော် မသွားအပ်”

လို့ ပညတ်တော်မူပါတယ်။

“ပင့်တော့ ဘယ်လိုပင့်ရပါ့မလဲဘုရား”

“အေး… ပင့်တာတော့ ပင့်တတ်ဖို့ အရေးကြီးပါတယ်၊ ပင့်တဲ့အခါ ‘လှူလိုပါတယ်၊ တရားတော်ကို နာလိုပါတယ်၊ ဖူးမြင် လိုပါတယ်’လို့ အကြောင်းပြချက် သုံးချက်နှင့် အဲဒီ(၇)ဦးမှာ တစ်ဦးဦးက ပင့်လျှင် ဝါပန်၍ သွားကောင်းပါတယ်”

http://www.dhammadownload.com



အေး... အဲဒီလိုပညတ်ပြီးနောက် များမကြာမီ ရဟန်းတော် တစ်ပါး မကျန်းမမာလို့ တမန်လွှတ်ပြီး ရဟန်းတော်တို့ကို အပင့် ခိုင်းကြောင်း ဘုရားရှင်သိတဲ့အခါ...

"ရဟန်းတော်များ၊ အို...ချစ်သားတို့၊ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ သိက္ခာမာန်၊ သာမဏေယောကျ်ား၊ သာမဏေ မိန်းမအားဖြင့် သီတင်းသုံးဖော် ငါးဦးတို့အထံသို့ မပင့်သော်လည်း ခုနစ်ရက်ပြုဖွယ်ကိစ္စဖြင့် သွားထိုက်၏။ ပင့်သော်ကား ဆိုဖွယ်ရာ မရှိ သွားထိုက်၏။

လို့ ပညတ်ပါတယ်။

အေး... သီတင်းသုံးဖော် ငါးဦးသို့အထံ မပင့်သော်လည်း ဝါပန်သွားကောင်းတယ်ဆိုပေမယ့် အကြောင်းမဲ့မှုကား မသွား ရပါ။ သွားသင့်တဲ့အကြောင်းကို ပြောပြပါ့မယ်။

"နာဖျားနေသော သီတင်းသုံးဖော် ငါးဦးတို့၏ အလို့ငှာ ဂိလာနဆွမ်းရှာမှီးရန်၊ ဂိလာနဆေးရှာမှီးရန်၊ ဂိလာနပြုစုသူအတွက် ဆွမ်းရှာမှီးရန်၊ ရောဂါမေးမြန်းရန်၊ လူနာကို ပြုစုစောင့်ရှောက် ရန်"ဆိုတဲ့ အကြောင်းတို့ဖြင့် သွားအပ်ပါတယ်။

ယခုအခါမှာ ရဟန်းမိန်းမ၊ သိက္ခာမာန်၊ သာမဏေမိန်းမ များမရှိတော့၍ သူတို့ကိုချန်ပြီး အကျယ်ချဲ့၍ ပြောရလျှင် ရဟန်း ယောကျ်ားများအထံသို့ မပင့်ဖိတ်ဘဲ သွားအပ်တဲ့အကြောင်းများ မှာ ဆယ်ပါးတောင်ရှိပါတယ်။

အဲဒီဆယ်ပါးက...

"ဖျားနာနေသောရဟန်း၊ သာသနာတော်၌ မမွေ့လျော်ဘဲ

http://www.dhammadownload.com



ဖြစ်နေသောရဟန်း၊ သိက္ခာပုဒ်၌ သို့လော သို့လောတွေးတောနေသော ရဟန်း၊ မှားသောအယူသို့သက်ဝင်နေသော ရဟန်း၊ သံဃာဒိသေသ် အာပတ်သင့်နေသောရဟန်း၊ ပါရိဝါသ်ထိုက်နေသောရဟန်း၊ မူလအရင်းသို့ငင်ခြင်းငှာထိုက်နေသောရဟန်း၊ မာနတ်ထိုက်သောရဟန်း၊ အဗ္ဘာန်ထိုက်နေသောရဟန်း၊ သံဃာသည်တဇ္ဇနီယကံပြုလိုသောရဟန်းသို့မဟုတ်ပြုပြီးသောရဟန်း"တို့ဖြစ်ပါသည်။

သာမဏေယောက်ျား၏အထံသို့ မပင့်ဖိတ်ဘဲ သွားအပ်တဲ့ အကြောင်းများမှာ...

ဖျားနာနေသော သာမဏေ၊ သာသနာတော်၌ မမွေ့လျော်ဘဲ ဖြစ်နေသော သာမဏေ၊ သိက္ခာပုဒ်တို့၌ သို့လော သို့လော တွေးတောနေသော သာမဏေ၊ မှားသောအယူသို့ သက်ဝင်နေသော သာမဏေ၊ ယင်းသာမဏေ၏ အသက်(၂၀)ပြည့် မပြည့် မေးလိုခြင်း၊ ရဟန်းခံလိုသောသာမဏေ"ရယ်လို့ (၆)ပါးသော အကြောင်းတို့ဖြင့် သွားအပ်ပါတယ်။

အေး...အဲဒီနောက် အကြောင်းတစ်ခုပေါ်လာပြန်ပါတယ်။ ရဟန်းတော်တစ်ပါးရဲ့ မယ်တော်မကျန်းမမာ ဖျားနာနေရာက–

"ငါဖျားနေပါတယ်၊ ငါ့သားလာလျှင် ကောင်းမှာပဲ"

လို့ သားရဟန်းထံသို့ သတင်းပို့ လျှောက်ကြားတဲ့အခါ သားရဟန်းက...

"ငါဘယ်ကဲ့သို့ သွားရပါအံ့နည်း။ မြတ်စွာဘုရားကလည်း သိက္ခာပုဒ်ပညတ်ထားတယ်။ ငါ၏ မယ်တော်သည်လည်း မကျန်းမမာ ဖြစ်နေသည်။ ထိုမယ်တော်သည်လည်း ရတနာသုံးပါးသို့

http://www.dhammadownload.com



သက်ဝင်ဆည်းကပ်သော သီတင်းသည် ဒါယိကာမ မဟုတ်သေးပါ။ ငါဘယ်ကဲ့သို့ ပြုကျင့်ရပါမည်နည်း”

ဟု အကြံရခက်နေသဖြင့် ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က–

“ရဟန်းတော်များ၊ အိုချစ်သားတို့... ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ သိက္ခာမာန်၊ သာမဏေယောကျ်ား၊ သာမဏေမိန်းမ၊ အမိအဖတို့ ခုနစ်ဦးထံသို့ မပင့်သော်လည်း သွားကောင်း၏။ ပင့်သော်ကား ဆိုဖွယ်ရာမရှိ သွားကောင်း၏”

လို့ ပညတ်တော်မူပါတယ်။

အဲဒါကြောင့် မိဘနှစ်ပါး နေမကောင်းတဲ့အခါ သူတို့ကိစ္စပြုလုပ်ပေးရန် မပင့်ဖိတ်သော်လည်း သွားအပ်ပါတယ်။ အဲဒီခုနစ်ဦးမှ ကြွင်းလျှင်–

“လှူခြင်းငှာ၊ တရားနာခြင်းငှာ၊ ဖူးမြင်ခြင်းငှာ”

ဆိုတဲ့အချက်(၃)ချက် ပါဝင်ကာ ပင့်ဖိတ်မှသာလျှင် ဝါပန်၍ သွားကောင်းပါတယ်။

အဲဒီမှတစ်ပါး ရဟန်းတော်၏ အစ်ကို, အစ်မ, ညီ, ညီမ, ဆွေမျိုးတော်သူ, ရဟန်းတော်နှင့် တစ်ကျောင်းတည်းအတူနေသော ကပ္ပိယဒကာများ ဖျားနာရာသို့မူ သံဃာ၏ ပြုဖွယ်ကိစ္စဖြင့် ပင့်ဖိတ်ပါမှ သွားအပ်ပါတယ်။

“မှန်ပါ၊ ဒီလောက်ဆိုလျှင် လုံလောက်ပါပြီဘုရား”

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

http://www.dhammadownload.com



# လဆန်းကိုးရက် ဝါပန်ထွက်

## (၄)

'လဆန်းကိုးရက်၊ ဝါပန်ထွက်၊ ပြန်ရက်မရှိပြီ' ဆိုသော စကားကို လူ, ရှင်, ရဟန်းအားလုံးတို့ ကြားဖူးနေကြပါတယ်။ မိမိသည်လည်း ငယ်စဉ်ကာလ ကလေးဘဝကပင် ကြားဖူးနေ၍ ယခုတိုင် မမေ့မပျောက်ရနေပါသည်။

လူတိုင်းလိုလို ကြားဖူးနေ၍ရနေကြသော ယင်းစကားနှင့် ပတ်သက်၍ သံသယရှိ၍ လည်းကောင်း၊ သိလို၍ လည်းကောင်း မေးမြန်းသူ ရှားရှားပါးပါးထဲမှ တစ်ပါးက မေးလျှောက်လာ၏။

"ဆရာတော်ဘုရား 'လဆန်းကိုးရက်၊ ဝါပန်ထွက်၊ ပြန်ရက် မရှိပြီ'ဆိုတဲ့ အဓိပ္ပာယ်ကို တည့်တော် သိချင်ပါတယ်၊ ရှင်းပြ ပေးပါဘုရား"

မိမိစာကြည့်နေစဉ် ပဥ္စင်းငယ်တစ်ပါးက လာရောက်ရှိခိုး ဦးချကာ လျှောက်ထားခြင်းဖြစ်၏။

http://www.dhammadownload.com



"အဲဒီအဓိပ္ပာယ်ကို ဘယ်လိုသိချင်တာလဲ"

"'လဆန်းကိုးရက်၊ ဝါပန်ထွက်လျှင်ပြန်မလာက ဝါကျိုးတယ်၊ ဝါကျွတ်သွားလို့ ပြန်ရက်မရှိတာ' စသည်ဖြင့် သိချင်လို့ပါဘုရား"

"အေး...အေး။ သိချင်တာကောင်းပါတယ်၊ သိလည်းသိထိုက်ပါတယ်၊ ဝါပန်တယ်ဆိုရာမှာ ခုနစ်ရက်ပြုဖွယ်ကိစ္စရှိလို့ သွားရာ၌ ဝါဆိုသောကျောင်းတိုက် ဥပစာရသိမ်အတွင်း၌ တည့်သဖြင့်သာလျှင် 'ခုနစ်ရက်အတွင်း ပြန်လာပါအံ့'လို့ နှလုံးသွင်းပြီး သွားရမှာပါ"

"အကယ်၍ 'ပြန်လာပါအံ့'လို့ နှလုံးမသွင်းဘဲ သတိမေ့၍ သွားခဲ့သော် ဝါဆိုသောကျောင်းတိုက် ဥပစာရသိမ်ကို လွန်သွားသည်နှင့် တစ်ပြိုင်နက် ဝါကျိုးပါတယ်"

"ဟင်...ဒီလိုဆိုရင် လဆန်းကိုးရက် ဝါပန်ထွက်ကတည်းက ပြန်မလာတော့ဘူး။ ဟိုမှာပဲ ဝါကျွတ်တော့မယ်ဆိုလျှင် ကျောင်းကထွက်သွားကတည်းက ဝါကျိုးပြီပေါ့ဘုရား"

"အေး...အဲဒါ စဉ်းစားကြည့်ပေါ့"

ပြီးတော့ 'ဝါကျွတ်'တာနှင့်ပတ်သက်၍လည်း စဉ်းစားကြည့်ဦး။ ဝါဆိုတုန်းက ဝါဆိုလပြည့်ကျော်တစ်ရက်နေ့မှစ၍ ဝါဆို၍ သီတင်းကျွတ် လပြည့်နေ့၌ မဟာပဝါရဏာပြုပြီးအထွက် တစ်ရက်နေ့လို့ခေါ်တဲ့ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့ အရုဏ်တက်မှ 'ဝါကျွတ်'ပါတယ်။

သီတင်းကျွတ်လပြည့်နေ့ မဟာပဝါရဏာနေ့၌ ပဝါရဏာပြုပြီးသည်ဖြစ်စေ၊ မပြုရသေးသည်ဖြစ်စေ ခုနစ်ရက်ပြုဖွယ်

http://www.dhammadownload.com



အကြောင်းရှိမှသာလျှင် အရပ်တစ်ပါးသို့ ဝါပန်၍ပဲ သွားကောင်းပါတယ်။ အကြောင်းမရှိဘဲ ဝါပန်သွားလျှင် ဝါလည်းကျိုးပါတယ်။ အာပတ်လည်း သင့်ပါတယ်။

"ဘာကြောင့်ပါလဲဘုရား"

"အကြောင်းကတော့ ပဝါရဏာနေ့ဖြစ်တဲ့ သီတင်းကျွတ်လပြည့်နေ့သည်လည်း ဝါတွင်းသုံးလ၌ အကျုံးဝင်သောကြောင့်လို့ ဆိုပါတယ်"

"ဟင်... ဒီလိုဆိုရင်... 'ဝါကျွတ်သောရဟန်းတို့အား ပဝါရဏာကို ခွင့်ပြုတယ်'ဆိုတဲ့ စကားအရ ပဝါရဏာပြုပြီးလျှင် ဝါကျွတ်တယ်ဆိုပြီး သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုပြီးလျှင် ခရီးထွက်ကြတဲ့အခါ ဝါကျိုးပြီပေါ့ဘုရား"

အေး...အဲဒီ ဝါကျွတ်တာနှင့် ပတ်သက်၍ ပဝါရဏာနေ့ဖြစ်တဲ့ သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာကံကို အစွဲပြု၍ ဥပစာရအားဖြင့် ဝါကျွတ်ပါတယ်။ မုချအားဖြင့် သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှ ဝါကျွတ်တယ်လို့ မှတ်ပါ။

ကထိန်နှင့် စပ်ပြီးပြောရလျှင်–

"အကြင် အပိုင်းအခြားအားဖြင့် ပဝါရဏာနေ့ဖြစ်တဲ့ သီတင်းကျွတ်လပြည့်နေ့၌ ကထိန်မခင်းအပ်။ ထိုအပိုင်းအခြားအားဖြင့် ရဟန်းတို့လည်း ဝါကျွတ်သည်မမည်ကုန်"

အကြောင်းကား–

"ပဝါရဏာနေ့ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့ကို ကထိန်ခင်းအပ်သောနေ့အဖြစ် ဘုရားရှင် မဟောကြားအပ်သောကြောင့်"

http://www.dhammadownload.com



တဲ့။

မုချအားဖြင့် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့ အရုဏ်တက်မှ ဝါကျွတ်ပါတယ်။ ကထိန်ခင်းအပ်ပါတယ်။ ခုနစ်ရက်ပြုဖွယ်ကိစ္စ မရှိဘဲ သွားအပ်ပါတယ်။

"ဟင်...ဒီလိုဆိုလျှင် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ဝါကျွတ်၍ ဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ကြွလာတာ ဝါကျွတ်လို့ ဆိုပြီး ကျွတ်ကုန်ကြတာ ဘယ့်နှယ်လုပ်ပါ့မလဲဘုရား"

"အေး... ပဝါရဏာနေ့ဖြစ်တဲ့ သီတင်းကျွတ်လပြည့်နေ့၌ အဲဒီပဝါရဏာကံကို အစွဲပြုပြီး ဥပစာရနည်းအားဖြင့် ဝါကျွတ်တယ်လို့ မှတ်ပါ၊ တစ်စိပ်တစ်ဒေသ ဧကဒေသနည်းအားဖြင့် ဝါကျွတ်တယ်လို့မှတ်ပြီးလျှင် သုတ္တန်ဒေသနာတော်သည် ပရိယာယဒေသနာဖြစ်၍ ဥပစာနည်းဖြင့် ဝါကျွတ်တယ်လို့ ဆိုတယ်မှတ်ပါ။

အေး...သိက္ခာပုဒ်ကို ပညတ်ရာ၌လည်း သာဝကတို့ကို ရည်ရွယ်ပြီး ပညတ်တော်မူတာပါ။ ဘုရားရှင်ကိုရည်ရွယ်ပြီး ပညတ်တာ မဟုတ်ပါ။

ပြီးတော့ သီတင်းကျွတ်လပြည့်နေ့ တာဝတိံသာမှ လူ့ပြည်သို့ ဘုရားရှင်ဆင်းရာမှာ ၅ခုနစ်ဝါသာ ရှိသေးသဖြင့် ဝါဆိုရသော သိက္ခာပုဒ်ကို မပညတ်ရသေးပါဘူး။

"ဒီလိုဆိုလျှင် ရှင်းပါပြီဘုရား။ မရှင်းတာက ခုနစ်ရက်ကိစ္စ ကျန်ပါသေးတယ်ဘုရား၊ လဆန်းကိုးရက် ဝါပန်ထွက်တဲ့အခါ ဘယ်ရက်မှာ ခုနစ်ရက်ပြည့်ပါသလဲဘုရား"

http://www.dhammadownload.com



"အေး...အဲဒါမေးစရာပဲ၊ လဆန်းကိုးရက်နေ့ အာရုံမတက်မီ သွားလျှင် အပြင်မှာ ငါးအာရုံတက်ပြီးပြန်လာရပါမယ်။ လဆန်း ကိုးရက်နေ့ အာရုံတက်ပြီးမှသွားလျှင် အပြင်မှာ ခြောက်အာရုံ တက်ပြီး ပြန်လာရမယ်"

"အဲဒီစကားအရဆိုလျှင် လဆန်းကိုးရက်နေ့ အာရုံမတက်မီ ဝါပန်ထွက်လျှင် လဆန်း(၁၄)ရက်နေ့ ပြန်လာရပါမယ်။ လဆန်းကိုးရက် အာရုံတက်ပြီးမှ ဝါပန်ထွက်လျှင် လပြည့်နေ့ ပြန်လာရပါမယ်"

"ပြန်မလာက လပြည့်ကျော် တစ်ရက်နေ့ရောက်လျှင် တစ်ရက်ထဲနှင့်ကပ်ပြီး ပါလည်းကျွတ်၊ ဝါလည်းကျိုးပါတယ်။ ဒါကြောင့် ပြန်ရက်မရှိတာပါ"

"မှန်ပါ...ရှင်းပါပြီဘုရား။ ဝါပန်တာနှင့် ပတ်သက်ပြီးတော့ မရှင်းတာက ပထမဝါဆိုတဲ့ ရဟန်းဟာခုနစ်ရက်ကိစ္စရှိပါမူ ပထမ ဝါဆိုနေ့ဖြစ်တဲ့ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့၌ ဝါဆိုပြီးလျှင် ပြီးခြင်း အဲဒီနေ့မှာပဲ ဝါပန်၍ သွားကောင်းပါသလားဘုရား"

"အင်း...သွားကောင်းတယ်လို့ ဆိုပါတယ်၊ ခုနစ်ရက်ကိစ္စ ဖြင့် ဝါပန်၍ထွက်သွားရာ ကျောင်းအာရာမ် ဥပစာကိုလွန်ကာမှ ထိုး၊ ဖိနပ်မေ့ကျန်လို့ ပြန်ယူပြီးမှ ပြန်သွားရာ၌ သွားလိုသော ကိစ္စ၌ လုံ့လရှိနေ၍ ဝါမပျက်ဘူးလို့ဆိုပါတယ်"

"မှန်ပါ၊ ဒီလောက်ဆိုလျှင် သဘောပေါက်ပါပြီ၊ အန္တရာယ် ကြောင့် ဝါပျက်လျှင် အာပတ်မသင့်ဘူးလို့ ဆိုပါတယ်၊ အန္တရာယ် က ဘယ်လိုအန္တရာယ်တွေပါလဲ ဘုရား"

http://www.dhammadownload.com



"အန္တရာယ်က ဝါဆိုကုန်သော ရဟန်းတို့ကို သားရဲ မြွေ၊ သူခိုး၊ မြေဘုတ်ဘီလူးတို့ နှိပ်စက်ကုန်အံ့၊ ဝါဆိုကျောင်းနှင့် ဆွမ်းခံရွာရေမျော၊ မီးလောင်ဖြစ်အံ့၊ နှသော, ကြမ်းသောဆွမ်းကို အလိုပြည့်ရုံမျှ မရအံ့၊ လျောက်ပတ်သောဆွမ်းဆေးကိုမရအံ့၊ လျောက်ပတ်သော အလုပ်အကျွေးကို မရအံ့ စတဲ့ အန္တရာယ် တွေပါပဲ"

"မှန်ပါ၊ ရှင်းပါပြီဘုရား"

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

http://www.dhammadownload.com



# မှုဆိုးဖို့နဲ့ ညှားတတ်တယ်

## (၅)

ဤသည့် ကမ္ဘာလောကကြီးသည် ကျယ်ဝန်းသည်။ လူအမျိုးမျိုး နတ်အထွေထွေဖြင့် သတ္တဝါတွေ များပြားသလောက် အယူဝါဒတွေလည်း များပြားလှပါသည်။

ယင်းသို့ပင် အယူဝါဒတွေ များပြားလှပါသော်လည်း အကျဉ်းချုံးလိုက်ပါမူ မှန်ကန်သောအယူဝါဒနှင့် မမှန်ကန်သော အယူဝါဒဟူသော အယူဝါဒနှစ်မျိုးအတွင်းသို့သာလျှင် သက်ဝင်သွားပါသည်။

ယင်းတွင် မမှန်ကန်သောအယူဝါဒသည် အမျိုးမျိုးရှိပါသည်။ ရေတွက်မရ များပြားလှပါသည်။ ယင်းအများထဲမှ တစ်ခုသည်မူ မိမိထံသို့ရောက်လာသည်။ ယင်းအယူဝါဒနှင့် ပတ်သက်၍ မိမိ အံ့ဩသွားသလို စာရှုသူတို့လည်း အံ့ဩကောင်း အံ့ဩသွားပါသည်။

မှန်ပါသည်။ အယူဝါဒလည်း အံ့ဩစရာပင် ဖြစ်ပါသည်။ ယင်းအယူကား အဘယ်နည်း။

http://www.dhammadownload.com



(၂၂-၂-၉၁)ရက်နေ့က ဖြစ်၏။ ဓမ္မဒေသနာခရီးသည် အဖြစ် ခရီးသွားခိုက် မိမိတပည့်မ နန်းနွယ်နှင့် အဖော်တစ်စုနှင့် တစ်နေရာတွင် ဆုံမိ၏။ ထိုအခါ နန်းနွယ်က...

"ဘုန်းဘုန်းဘုရား။ ဒါတပည့်တော် သူငယ်ချင်းတွေပါဘုရား။ ဆုံတုန်းကြုံတုန်း ဟောဒီသူငယ်ချင်းမက သူ မရှင်းတာကလေး မေးလိုပါသတဲ့ဘုရား"

"ဘာများမေးချင်တာလဲ မေးပါ၊ မေးလို့ရပါတယ်"

"တခြားတော့ မဟုတ်ပါဘူးဘုရား၊ ဘုရားပန်း လဲတဲ့ အကြောင်းကို မေးချင်တာပါဘုရား"

"ဘုရားပန်းလဲတဲ့အကြောင်းကို ဘယ်လိုမေးချင်တာလဲ မေးပါ"

"ဘုရားပန်းလဲတာ ဘယ်အချိန်လဲသင့်ပါသလဲဘုရား"

"ဩော်...အမေးက ခက်ခက်လားလို့ ဒါပဲလား"

"ဆရာတော်ဘုရားမှာ မခက်ပေမယ်လို့ တပည့်တော်မှာ အတော်ခက်နေလို့ပါဘုရား၊ ဖြေပေးပါဘုရား"

"ဘုရားပန်းလဲတာ အချိန်ကန့်သတ် မရှိပါဘူး၊ လဲချင်တဲ့ အချိန်လဲ။ အဆင်ပြေတဲ့အချိန်လဲ။ ပန်းညှိုးတဲ့အချိန်ပဲပေါ့"

"အဲဒီလို လဲချင်တဲ့အချိန်လဲရင် အပြစ်မရှိဘူးလား"

"ဘုရားပန်းလဲတယ်ဆိုတာ ကုသိုလ်အလုပ်ပဲ၊ ဘာအပြစ်ရှိမှာလဲ၊ ကောင်းကျိုးရတာပေါ့။ ပန်းလှူရင် အဆင်းလှမယ်။ ပန်းကဲ့သို့ မွှေးမယ်၊ လူနတ်ချမ်းသာ ရမယ်ပေါ့"

"တပည့်တော် ကြားဖူးတာကတော့ အဲဒီလို မဟုတ်ပါ

http://www.dhammadownload.com



ဘုရား၊ ကြောက်စရာကြီးပါပဲ"

"ဘယ်လိုကြောက်စရာကြီးများ ကြားဖူးထားပါသလဲ၊ ပြောစမ်းပါဦး"

"ညနေဘက် ဘုရားပန်းမလဲကောင်းဘူးတဲ့ဘုရား"

"လဲရင်ဘာဖြစ်တတ်သလဲ၊ ကဲ–ကြားဖူးတာ ပြောစမ်းပါဦး"

"ညနေဘက် ဘုရားပန်းလဲရင် မုဆိုးဖိုနဲ့ညားတတ်တယ်လို့ ကြားဖူးပါတယ်ဘုရား"

"ဖြစ်မှဖြစ်ရပလေ၊ ဘုန်းကြီးတော့ ဒီတစ်ခါပဲကြားဖူးပါတယ်။ အင်း...သူတို့အုပ်စုကလည်း အပျိုမတွေဆိုတော့ တော်တော်ကြောက် နေကြလားမသိပါ"

"ကြောက်ဆို ဘုန်းဘုန်းဘုရား၊ သူ့သူငယ်ချင်းမတစ်ယောက်ဟာ တကယ်လက်တွေ့ပဲ မုဆိုးဖိုနဲ့ ညားသွားပါတယ်တဲ့ဘုရား"

နန်းနွယ်ကဝင်ပြီး လျှောက်ထားလိုက်ခြင်း ဖြစ်ပါသည်။

"ကဲ–ဘယ်လိုလက်တွေ့လဲ ပြောစမ်းပါဦး"

"တပည့်တော် သူငယ်ချင်းမက ကျောင်းဆရာမ အပျိုကြီးပါဘုရား၊ သူက ညနေဘက်မှာမှ ဘုရားပန်းလဲလေ့ရှိပါတယ်ဘုရား၊ တပည့်တော်တို့က နင်ညနေဘက် ပန်းမလဲနဲ့၊ မုဆိုးဖိုနဲ့ ညားတတ်တယ်ပြောတော့ တကယ်ပဲညားလည်းယူမှာပေါ့လို့ ပြောပါတယ်ဘုရား။ နောက်ကျတော့ တကယ်ပဲမုဆိုးဖိုနဲ့ညားသွားပါတယ်ဘုရား"

"ဩော်...အဲဒါကတော့ ညနေဘက် ဘုရားပန်းလဲလို့ မုဆိုး

http://www.dhammadownload.com



ဖိုနဲ့ညားတာ မဟုတ်ပါဘူး။ သူက ညားချင်တာနဲ့ ညနေဘက် ဘုရားပန်းလဲပြီး ဆုတောင်းယူလို့ ညားတာပေါ့”

“ဟင်...ဘုန်းဘုန်းကလည်း မဖြစ်နိုင်တာ”

“ဘုရားမှာ ကောင်းမှုပြုပြီး ဆုတောင်းရင် ပြည့်နိုင်တယ်။ ယခု သူက သူလိုချင်တဲ့ မုဆိုးဖိုကို အာရုံပြုပြီး ဘုရားပန်းလဲ ဆုတောင်းယူလို့ ရတာပေါ့”

“အပျိုက မုဆိုးဖိုတော့ ဘယ်လိုချင်ပါ့မလဲဘုရား”

“ခုနက သူ့စကားထဲမှာရရင် ယူမှာပေါ့ဆိုတာ ပါနေသားပဲ”

“ဒီလိုဆို မုဆိုးဖိုနဲ့ညားတာ ညနေဘက် ဘုရားပန်းလဲတာနဲ့ မဆိုင်ဘူးပေါ့ဘုရား”

“ဘယ်ဆိုင်မလဲ၊ ဘုရားပန်းလဲတယ်ဆိုတာ ကုသိုလ်လုပ်ငန်းပဲ၊ ကုသိုလ်ဆိုတာ ကိုယ်လိုချင်တဲ့ကောင်းကျိုးပေးမှာပေါ့။ ဘယ်နှယ့်မကောင်းကျိုးပေးရမှာလဲ”

“ပန်းလဲတယ်ဆိုတာကလည်း နံနက် ပန်းရရင် နံနက်လဲပေါ့၊ ညနေပန်းရရင် ညနေလဲပေါ့၊ သို့မဟုတ် နေ့နေ့ညည ပန်းညှိုးတဲ့အချိန် ပန်းရတဲ့အချိန်လဲပေါ့။ လဲရပါတယ်”

“ကဲ...အပျိုမတွေ ညနေဘက် ဘုရားပန်းလဲတော့ မုဆိုးဖိုနဲ့ ညားတယ်ဆိုရင် အအိုမတွေ ညနေဘက် ပန်းလဲတော့ ဘယ်သူနဲ့ ညားမလဲ”

“ဘုန်းကြီးတို့ကျောင်းမှာ ကိုရင်တွေ ညနေဘက် ပန်းလဲတော့ ဘယ်သူနဲ့ညားမလဲ။ အဲဒီ အယူဝါဒတွေဟာ အမှားပါ။ ဘယ်.မသိတဲ့လူက ပြောလိုက်တာကို ဘယ်မလိမ်မာတဲ့သူတွေ

http://www.dhammadownload.com



က လိုက်ယူနေသလဲမသိပါ”

“ဒါဖြင့် ဘုန်းဘုန်းဘုရား၊ ဒီအယူဝါဒဟာ မမှန်ဘူးပေါ့ ဘုရား”

တပည့်မ နန်းနွယ်က ဝင်လျှောက်ခြင်း ဖြစ်ပါသည်။

အေး… မမှန်ဘူးလို့ ယတိပြတ် ဆုံးဖြတ်လိုက်ပါ။ ဘုရားရှင်က ကုသိုလ်ကို မြန်မြန်လုပ်ရမယ်လို့ ဟောခဲ့ပါတယ်။ မြန်မြန် မလုပ်ဘဲ နံနက်၊ နေ့ညဥ့်ရွှေ့နေတုန်း သေသွားရင် ဘယ့်နှယ်လဲ မရှုံးဘူးလား”

“ရှုံးပါတယ်ဘုရား”

“မှဆိုးဖိုနဲ့ညားတယ် ဆိုတာ ညနေဘက် ပန်းလဲတာနဲ့ မဆိုင်ပါ။ ရှေးဘဝက အတူတကွနေထိုင်ခဲ့ဘူးတဲ့အကြောင်းနှင့် ယခု မျက်မှောက်စီးပွားရေး၊ လူမှုရေးနီးစပ်မှုတို့ကြောင့် ဖြစ်တာပါ”

“မှန်ပါ၊ ဒီလိုဆိုရင် ရှင်းပါပြီ ဘုရား”

❁ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

http://www.dhammadownload.com



# မူဒူတာရေးဇော်က ဘယ်လိုကယ်သလဲ

( ၆ )

မေဒူတဖြစ်သောမိမိသည် မေဒူတ၌ရှိနေလျှင် ပရိယတ် စာပေများကို ပို့ချသည်။ တရားဟောသည်။ တရားပြသည်။ ကျောင်း၌မူ စာရေးချိန်မရပါ။ အပြင်သို့ မေဒေသနာခရီးသည် အဖြစ်နှင့် လှည့်လည်ခိုက်၌မူ တရားဟောသည်။ တရားပြသည်။ စာရေးသည်။

မိမိအလုပ်သည် တရားဟော, တရားပြ, စာရေး, စာချ ဖြစ်၍ မိမိ၏ ကလောင်အမည်ကို 'မေဒူတအရှင်ပညာဇောတ' ဟူ၍ ပြောင်းလိုက်ပြီး မိမိ၏ ကျောင်းတိုက်ကိုလည်း မေဒူတ တောရ' မှည့်ထားပါသည်။

အချို့က မိမိကို မေးကြသည်–

မေဒူတဆိုတာ ဘယ်လိုအဓိပ္ပာယ်ထွက်ပါသလဲတဲ့။

http://www.dhammadownload.com



ဟုတ်ပါသည်။ မေးသင့်ပါသည်။ မသိလျှင် မေးရပါမည်။ 'မသိလျှင်မေး၊ မစင်လျှင်ဆေး'ဆိုသည့် စကားပုံလည်း ရှိခဲ့သည် မဟုတ်ပါလော။

အချို့က မေးရမှာ ရှက်ကြ၊ ကြောက်ကြသည်။ အမှန်မှာ မရှက်မကြောက် သင့်သည်ကို ရှက်ကြောက်ခြင်းဖြစ်၍ အရှက် အကြောက်ဟု မခေါ်ပါ။ မာယာဟုသာ ခေါ်ပါသည်။

မိမိသည် ကျောင်းကို လက်မခံမဖြစ်၍ လက်ခံရသည့်အခါ စဉ်းစားသည်။

"ငါဒီတောရကျောင်းမှာနေပြီး ဘာလုပ်မှာလဲ"ဟူ၍–

ယင်းသို့ စဉ်းစားပြီး ပေါ်လာသည့်အဖြေ သို့မဟုတ် ဆုံးဖြတ်ချက်က–

'ငါစာချမယ်'ဟူ၍ ဖြစ်သည်။

စာချခြင်းဆိုသည်မှာ တရားနှင့် စာသင်သားနှင့် ဆက်သွယ်ပေးခြင်းဖြစ်၍ 'ဓမ္မဒူတ'ပဲ။

'ငါစာရေးမယ်'ဟူရာ၌စာရေးခြင်းဆိုသည်မှာလည်း တရားနှင့် စာဖတ်ပရိသတ်နှင့် ဆက်သွယ်ပေးခြင်းပေပဲ၊ 'ဓမ္မဒူတ'ပေပဲ။

'ငါတရားဟောမယ်'ဟူရာ၌ တရားတော်တွေ ဟောပြောပြသခြင်းဆိုသည်မှာလည်း တရားနှင့် တရားနာပရိသတ်တို့ ဆက်သွယ်ပေးခြင်းပဲ။ 'ဓမ္မဒူတ'ပဲ။

'ဓမ္မ'ဆိုတာ 'တရား'၊ 'ဒူတ'ဆိုတာ 'ဆက်သွယ်ရေးတမန်' ပေါ့။ ဒါကြောင့် 'ဓမ္မဒူတ'ဆိုတာ တိုက်ရိုက် ဘာသာပြန်လျှင်–

'တရားတမန်' 'တရားဆက်သွယ်ရေး'လို့ ပြန်လို့ရပါတယ်

http://www.dhammadownload.com



စသည်ဖြင့် မိမိ၏ ဓမ္မဒူတအဖြစ်ကို ခဏခဏ ရှင်းပြ၊ ပြောပြ ရပါသည်။

မိမိသည် ဓမ္မဒူတလုပ်ငန်းကို အအားမနေ၊ အနားမနေ အလုပ်လုပ်နေသည်။ နွေ, မိုး, ဆောင်း မိမိတွင် အမြဲအလုပ် ရှိနေသည်။ ရှိသည့်အလုပ်များကိုလည်း အမြဲလုပ်နေသည်။ မိမိ သည် ဓမ္မလုပ်သားပေါ့…

မိမိသည် တောင်စွန်းရှိ 'ဓမ္မဒူတတောရ'ကို လက်ခံတည် ထောင်ကာ မူလ ငယ် လတ် ကြီး စာချတန်း ရှင်ရဟန်းကိုးဆယ် ကျော်ကိုလည်းကောင်း မဟာဖေယျုံ သီလရှင် စာသင်တိုက်ကို လက်ခံတည်ထောင်ကာ မူလ ငယ် လတ် ကြီး စာချတန်း သီလရှင် ငါးဆယ်ကျော်ကို လည်းကောင်း၊ ကျုံပျော်မြို့နယ် အင်းရဲ၌ ဓမ္မဒီပရိပ်သာကို လက်ခံတည်ထောင်ကာ မူလ ငယ် လတ် ကြီး ရှင်ရဟန်း သီလရှင် သုံးဆယ်ကျော်တို့ကိုလည်း ကောင်း ပရိယတ်၊ ပဋိပတ် ဓမ္မတရားများကို ပို့ချ၊ ရေးပြ၊ ဟောပြ ပြသလျက်ရှိပါသည်။

မိမိသည် 'ဓမ္မလုပ်သား'ဖြစ်သည့် အလျောက် အလုပ်နှင့် မိမိမပြတ်ပါ။ မိမိတပည့်များလည်း အလုပ်နှင့်မပြတ်လပ်စေချင် ပါ။ ကျမ်းစာပေါင်း (၃၄)အုပ် ရှိခဲ့ပြီ။

မိမိသည် အလုပ်မလုပ်သူ၊ အပျင်းထူသူကို အလွန်မုန်းပါ သည်။ မကြည့်ချင်ပါ။ ဆူပူပါသည်။ မိမိကျောင်း၌လည်း မထား ချင်ပါ။ မထားလည်း မထားပါ။ မိမိလုပ်သလို မိမိတပည့်များ လည်း အလုပ်လုပ်နေမှ ကျေနပ်ပါသည်။

http://www.dhammadownload.com



တစ်ခုသော ဆောင်းလယ်က ကြုံခဲ့ပါသည်။ မိမိသည် တရားစခန်းတစ်ခု၌ တရားပြနေစဉ် မိမိတပည့်များ လာပြီး ကန်တော့ကြသည်။

တပည့်အများစုမှာ တရားများ အားထုတ်ပြီးကြသော်လည်း တပည့်မ သီတာတစ်ယောက်မှာ အသွားအလာများပြီး ယခုတိုင် တရားအားမထုတ်ရသေးပါ။ သို့နှင့် မိမိက မကျေနပ်၍ ဆိုသည်။

'သီတာ ဒီလောက် အသွားအလာများနေတာ သံဝေဂလေး ဘာလေးဖြစ်ပြီး တရား အားမထုတ်သေးဘူးလား"

"ဘုန်းဘုန်းဘုရား၊ သံဝေဂတော့ ဖြစ်ပါတယ်၊ တရားတော့ ယခုတိုင် အားမထုတ်နိုင်သေးပါဘုရား"

မိမိသည် သီတာပြောပြချက် ထူးခြား၍ ဘာသံဝေဂများ ဖြစ်သလဲဟု သိချင်၍ ပြန်မေးလိုက်သည်…

"သီတာ ဘာသံဝေဂများ ရခဲ့လဲ၊ ကဲ–ပြောစမ်းပါဦး၊ ရခဲ့တဲ့ သံဝေဂကို"

"ဘုန်းဘုန်းဘုရား၊ တပည့်တော်အလုပ်ကို ဘုန်းဘုန်းသိပြီး မို့ ပြောစရာ မလိုတော့ပါဘူး၊ တပည့်တော်ရခဲ့တဲ့ သံဝေဂကိုပဲ ပြောပြပါ့မယ်ဘုရား"

"အေး…အေး၊ ပြော…ပြော"

"တပည့်တော်တို့ အဖွဲ့နှင့် ခရီးထွက်ရာက 'ဂယက်'ဆိုတဲ့ ရွာတစ်ရွာကို ရောက်သွားပါတယ်ဘုရား၊ အဲဒီရွာရောက်တော့ ကုလားအဘိုးကြီးတစ်ယောက်က နို့ဗွာန်ဆော်လုပ်နေတာ တွေ့ ရပါတယ်ဘုရား၊ သူနို့ဗွာန်ဆော် လုပ်နေတာကလည်း အဆန်းပဲ

http://www.dhammadownload.com



ဘုန်းဘုန်းဘုရား"

"အမယ်လေး–နိဗ္ဗာန်ဆော်လုပ်တာများ ဘယ်လိုဆန်းနေသလဲ ပြောစမ်းပါဦး"

"ဒါနပြုကြပါ၊ သီလဆောက်တည်ကြပါ၊ တရားနာကြပါ၊ တရားအားထုတ်ကြပါ။ ဗုဒ္ဓဘာသာတရားက တကယ် ကယ်တယ်။ ငရဲဆိုတာ ဂယက်ရှာနဲ့ မဝေးဘူးတဲ့ဘုရား"

မိမိမှာ သိတာအကြောင်းသိနေ၍–

"အင်း...အဲဒီလို ကုလားအဘိုးကြီးက နိဗ္ဗာန်ဆော် လုပ်နေသံကြားတော့ လျှာရှည်တဲ့ သိတာက ဘယ်လိုမေးလိုက်လဲ"

"ဘုန်းဘုန်းက ပြောရောမယ်"

"ပြောမှာပေါ့ သိတာက လျှာရှည်တာနဲ့ပဲ အချိန်ကုန်ပြီး တရားမှ အားမထုတ်တာကို။ ကဲ...ဆက်ပြောစမ်းပါဦး"

"တပည့်တော်က ဆန်းတာနဲ့ ကုလားအဘိုးကြီးနားကို သွားပြီး... "

"အဘ၊ ဗုဒ္ဓဘာသာဘုရားက ဘယ်လိုကယ်လဲ၊ ဗုဒ္ဓဘာသာတရားက ဘယ်လိုကယ်လဲ၊ ငရဲက ဂယက်ရှာနှင့် ဘယ်လိုမဝေးတာလဲ"

လို့ မေးပါတယ်ဘုရား။ အဲဒီလိုမေးတော့ ကုလားအဘိုးကြီးက–

"ငါတို့ မိသားတစ်စုလုံး ကုလားဘာသာထဲကနေ ဗုဒ္ဓဘာသာထဲ ပြောင်းလာပြီး ငါက ရဟန်းခံတယ်၊ အရွယ်ရောက်တဲ့သားတွေ ရှင်ပြုပါတယ်။ တရားအားထုတ်ပါတယ်"

http://www.dhammadownload.com



"နောက် လူထွက်ပြီး တရားတော်နဲ့အညီနေတယ်"

"တစ်နေ့ နေမကောင်းလို့ အိပ်နေတုန်း လူနီနီနှစ်ယောက် လာပြီး ငါ့ကို သူတို့ထမ်းလာတဲ့ ပုခက်ထဲ ကောက်ထည့်ပြီး ခေါ်သွားတယ်။ အိပ်ပျော်နေတုန်းလား၊ နိုးနေတုန်းလားလို့ အတိအကျ မပြောနိုင်ပါဘူး"

"ခေါ်သွားလို့ တို့ရွာအပြင်လည်းရောက်ရော ငရဲကိုတွေ့တာပဲ။ မြေကြီးက သံမြေပြင်ကြီး။ မီးကျီခဲလို ရဲနေတာပဲ။ သူတို့ နှစ်ယောက်က ငါ့ကို အဲဒီသံမြေပြင်ပေါ် ဖြတ်ကျော်ပြီး ထမ်းခေါ်သွားတယ်"

"ငါ့မှာတော့ ပူလိုက်တာ။ သူတို့ကတော့ လသာထဲသွားနေရသလိုပဲ အေးအေးဆေးဆေးပဲ ထမ်းခေါ်သွားတယ်။ အဲဒီသံမြေပြင်ကွင်းလယ်ရောက်တော့ မိုလ်တဲလို တဲတစ်လုံးပေါ်ကို ထမ်းခေါ်သွားပြီး တဲအလယ်ခေါင်ရှိ စားပွဲနှင့် ကုလားထိုင်ဘေးနားမှာ ငါ့ကိုထမ်းပြီး ရပ်နေကြတယ်"

"တော်တော်ကြာတော့ အခန်းထဲက ဒေါင်းကုတ်အဖြူဝတ်ထားတဲ့ လူကြီးတစ်ယောက် ထွက်လာပြီး စားပွဲနားက ကုလားထိုင်ပေါ်ထိုင်ပြီး စားပွဲပေါ်မှာရှိတဲ့ စာအုပ်တစ်အုပ်ကို တစ်ရွက်ချင်းလှန်ပြီး တစ်နေရာကျတော့ ရပ်ပြီး၊ ငါ့ကိုထမ်းလာတဲ့ လူနီနီကြီးနှစ်ယောက်ကို ကြည့်ပြီးတော့–

"ဟေ့...မင်းတို့ လူမှားလာပြီ။ သူမဟုတ်ဘူး၊ သူ့အိမ်ခေါင်းရင်းကလူကွ"လို့ ပြောလိုက်တယ်။

"နောက်ထပ်လည်း ဘာမှမပြောတော့ဘူး။ ငါ့ကိုထမ်းလာတဲ့

http://www.dhammadownload.com



လူနီနီကြီးနှစ်ယောက်ကလည်း ဘာမှပြန်မပြောဘဲ ငါ့ကို လာလမ်းအတိုင်း ပြန်ထမ်းပြီး အိမ်အရောက်ပို့ပေးတယ်"

"ငါလည်းအိမ်ရောက်ရော သတိရပြီ၊ နိုးလာတဲ့အခါ ငါတို့အိမ်ခေါင်းရင်းကလူဟာ သေတာပဲ"

"ဟင်...ဒီလိုဆိုရင် အဘတို့ အိမ်ခေါင်းရင်းက လူကိုခေါ်ရမှာ အဘကို မှားခေါ်သွားတာပေါ့"

"အေးပေါ့ ယခုတော့ ဒီလိုပဲပြောရမှာပဲ၊ ငါလည်း အဲဒီနေ့ကစပြီး ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ရှေးကထက်ပိုပြီး ယုံကြည်အားကိုးမိတော့တာပဲ၊ သူများတွေလည်း ငါ့လိုဖြစ်စေချင်လို့ နိဗ္ဗာန်ဆော်လုပ်နေတာပဲ"

"ဘုန်းဘုန်းဘုရား...အဲဒီ ကုလားအဘိုးကြီးက အဲဒီလိုပြောတော့ တပည့်တော် သံဝေဂ ဖြစ်သွားပါတယ်ဘုရား"

"ဘုန်းဘုန်းဘုရား...အဲဒီကုလားအဘိုးကြီးကို ဘုရားကကယ်တာလား၊ တရားတော်က ကယ်တာလား၊ ဂယက်ရွာနားပဲ ငရဲရှိပါသလား။ တခြား မြို့ရွာတွေနားမှာတော့ ငရဲမရှိဘူးလားဘုရား၊ တပည့်တော်ကို ရှင်းပြပေးပါဦးဘုရား"

"အင်း...သီတာ လျှာရှည်ပြန်ပြီ၊ တောက်တဲ့ အော်နေတဲ့အသံ ကြားရက်သားနဲ့ ဘာကောင်လဲ မေးသလို ဖြစ်နေပြီ။ ကုလားအဘိုးကြီးရဲ့ အဖြေထဲမှာ သီတာ သိချင်တာပါနေပြီ။

"အေး... မပါတာ တစ်ခုတော့ရှိတယ်။ အဲဒါကဘာလဲဆိုတော့ ငရဲဆိုတာ ဂယက်ရွာနားမှာသာရှိတာ မဟုတ်ဘူး၊ တခြားသော မြို့ရွာတွေနားမှာလည်း ရှိပါတယ်။ မိမိတို့ ပကတိ

http://www.dhammadownload.com



မျက်စိနှင့် မမြင်ရလို့သာပါ။ မြင်ရရင် သီတာလည်း အကြီးအကျယ် ထိတ်လန့်မှု ဝံဝေဝ ဖြစ်မိမှာပဲ။ ကုလားအဘိုးကြီးလို မိမိကိုယ်တိုင်လည်း ကုသိုလ်လုပ်၊ သူများတွေကိုလည်း ကုသိုလ်လုပ်ဖို့ တိုက်တွန်းတဲ့ နိဗ္ဗာန်ဆော်လုပ်နေမှာပါ"

"ဘုန်းဘုန်းဘုရား၊ မေးပါရစေဦး၊ လျှာရှည်တယ်လို့တော့ မပြောပါနဲ့ဘုရား။ စားပွဲပေါ်က စာအုပ်ကြီးက ဘာစာအုပ်ကြီးလဲ ဘုရား"

"သြော်...အဲဒါက တို့ကျမ်းဂန်မှာပါတယ်။ 'တစ်လေရှစ်သီတင်း နတ်များဆင်း၊ စာရင်းယူကြရာ' တဲ့။ နတ်တွေယူသွားတဲ့စာရင်းကို ခွဲဝေပြီး ရေးထားတာပေါ့"

"ကုသိုလ်ပြုတဲ့သူတွေရဲ့ စာရင်းက လူ့ပြည်၊ နတ်ပြည်မှာရှိတယ်။ အကုသိုလ်ပြုတဲ့ လူတွေရဲ့စာရင်းက အပါယ်လေးဘုံမှာ ရှိတယ်ပေါ့။ ဒါကြောင့် စာရင်းကြည့်ပြီး ပြောတာပေါ့။ သီတာ သတိထားနော်။ လူ့ပြည်မှာလို စာရင်းဖျောက်လို့ စာရင်းလိမ်လို့ မရဘူး"

"ဘုန်းဘုန်းဘုရား၊ တပည့်တော်ကြောက်လိုက်တာ"

"အေး...ကြောက်လျှင် ဆင်ခြေဆင်လက်တွေ ပေးမနေနဲ့။ တရားကို အားထုတ်ဖြစ်အောင် အမြန်အားထုတ်ပါ၊ ကုလားအဘိုးကြီးကို အမှန်တကယ် ကယ်တာဟာ သူကြိုးစားပြုလုပ်ခဲ့တဲ့ ဒါန, သီလ, သမထ, ဝိပဿနာ ဘာဝနာတရားတော်တွေက ကယ်တာပါ"

"သီတာ...လူတွေဟာ အများအားဖြင့် ရေဆာမှ ရေတွင်း

http://www.dhammadownload.com



ကို အရေးတကြီး တူးကြသလို သေခါမှ ကုသိုလ်တွေ အရေးကြီး နေကြပါတယ်။ အဲဒီကုသိုလ်က သေသူအတွက် အကျိုးမပြီး၊ အချည်းအနှီးပါ။ ဘာဖြစ်လို့လဲဆိုတော့ သူပြုတဲ့ကုသိုလ် မဟုတ်လို့ သူ့အတွက် မသေချာပါဘူး။ မသေမီအရေးကြီးပါမှ ကိုယ်နှင့် အတူပါမှာပါ"

"အဲဒါကြောင့် သီတာဟာ ကုလားအဘိုးကြီးကို သာဓက ယူပြီး ကိုယ်နှင့်အတူပါအောင် ဒါန, သီလ, သမထ, ဝိပဿနာ တရားတွေကို ကြိုးစားပါ"

"ဘုန်းဘုန်းလည်း ဩောင်းရော့မယ်၊ ဦးတင်ပါတယ်ဘုရား"

"အေး...အေး"

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

http://www.dhammadownload.com



# ဝတ်ကြောင်းနှင့် ဆယ်ပါးသီလ

## (၇)

'လူတို့စောင့်ရ ဆယ်သီလ'နှင့် စပ်၍ စောင့်ကောင်း မစောင့်ကောင်း ဝါဒကွဲပြား၏။ အချို့က လူတို့သည် ၁၀ ပါးသီလ စောင့်လိုက သစ်ခေါက်ဆိုးဝတ်၍ အမြဲစောင့်နိုင်က စောင့်ကောင်းသည်ဟု ဆိုကြ၏။

အချို့ကလည်း မိမိ၌ရှိသော ရွှေ၊ ငွေ၊ ဥစ္စာ များကို စွန့်ပစ်နိုင်မှ စောင့်ကောင်းသည်ဟု ဆိုကြ၏။

အချို့က ရွှေငွေများကို လုံးဝမစွန့်ပစ်ဘဲ ကပ္ပိယထံ အပ်နှံထားရုံမျှဖြင့် တစ်နေ့တစ်ရက်ဖြစ်စေ ၁၀–ပါးသီလ စောင့်ကောင်းကြောင်းကို ဆုံးဖြတ်ကြပါသည်။

မှန်ပါသည်။ အဘိဓမ္မာသဘောအားဖြင့် စဉ်းစားလျှင်လည်း ကုသိုလ်စိတ်ပို၍ ဖြစ်ဖွယ်ရာရှိသဖြင့် ၁၀–ပါးသီလကို လူတို့ မစောင့်ကောင်းစရာ မမြင်ပါ။

http://www.dhammadownload.com



သို့သော် လက်မှာ ရွှေလက်စွပ်စသည်ကို ဝတ်ဆင်ခြင်း၊ နားမှာလည်း ပန်ခြင်းသည် 'မာလာဓာရဏ ပန်းဆောင်ခြင်း'တွင် ပါဝင်သောကြောင့် ၁၀–ပါးသီလကို မဆိုထားဘိ ရှစ်ပါးသီလနှင့်ပင် မသင့်လျော်ပါချေ။

ယင်း ၁၀–ပါးသီလနှင့် ပတ်သက်၍ ရှေးကလည်း အမျိုးမျိုး ပြောကြသလို ယခုအခါ၌လည်း အမျိုးမျိုးပြောကြ၏။ မေ့ဒေသနာ ခရီးသည်ဖြစ်သော မိမိသည် ၁၀ ရက်စခန်းတစ်ခု၌ ကြုံခဲ့၏။

"ဆရာတော်ဘုရား၊ ဒီနှစ်ဝါတွင်း တပည့်တော် ဆယ်ပါးသီလစောင့်မယ် ဆုံးဖြတ်ပြီး သီလတောင်းရာ မစောင့်ကောင်းဘူးဆိုတာနှင့် မစောင့်ရလို့ တစ်ဝါတွင်းလုံး စိတ်မချမ်းသာပါဘူးဘုရား"

"ဆရာတော်ဘုရား၊ ဆယ်ရက်စခန်းတစ်ခုမှာ ၁၀–ပါးသီလနဲ့ ပတ်သက်လို့ တစ်ခါနာဖူးတယ် အောက်မေ့တယ်။ စောင့်ကောင်းတယ်လို့ တပည့်တော် မှတ်သားထားပါတယ်ဘုရား"

"ဆရာတော်ဘုရား၊ တပည့်တော်လည်း ရှင်းလင်း၊ အားလုံးလည်း ရှင်းလင်းအောင် တပည့်တော်တို့ လူဝတ်ကြောင်တွေ ဆယ်ပါး သီလစောင့်ကောင်း၊ မစောင့်ကောင်း ရှင်းပြပေးပါဘုရား"

မိမိ၏ ယောဂီဟောင်း၊ အမျိုးသမီး တစ်ယောက်က မေးမြန်းခြင်း ဖြစ်၏။

"စောင့်ကောင်းတယ်လို့ ဘုန်းကြီးဟောခဲ့ပါတယ်"

"မှန်ပါ၊ တပည့်တော်လည်း ဒီလိုပဲ မှတ်သားမိပါတယ်။ ဒါကြောင့် စောင့်ချင်လို့လျှောက်တော့ မစောင့်ကောင်းဘူးဆိုလို့

http://www.dhammadownload.com



စိတ်ပျက်သွားပါတယ်ဘုရား"

"ဆရာတော်ဘုရား၊ စောင့်ကောင်းလျှင် စောင့်ပုံနှင့်တကွ ဝတ္ထုသာဓကပြ၍ ရှင်းပြပေးပါဘုရား"

"အင်း...အင်း ရှင်းပြမယ်၊ လူတို့စောင့်ရတဲ့ ၁၀–ပါးသီလ နဲ့ ရှင်သာမဏေတို့စောင့်ရတဲ့ ၁၀–ပါးသီလမှာ သီလတောင်းခြင်း ကွဲပါတယ်"

"ဟုတ်တယ်ဘုရား၊ တပည့်တော်က ၁၀–ပါးသီလ စောင့် ချင်ပါတယ်ဆိုတော့ ၁၀–ပါးသီလဆိုတာ လူတွေမစောင့်ရဘူး၊ ကိုရင်တွေသာစောင့်ရတယ်လို့လည်းပြောပါသေးတယ်ဘုရား။ဆရာ တော်ဘုရား၊ လူတွေစောင့်ရ ၁၀–ပါးသီလကို ရှင်းပြပေးပါဘုရား"

"အဟံဘန္တေ တိသရဏေနသဟ ဒသင်္ဂသမန္နာဂတံ ဂဟဋ္ဌသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ"

"အရှင်ဘုရား၊ ဘုရားတပည့်တော်တို့သည် သရဏဂုဏ် သုံးပါးနှင့်တကွ လူတို့၏ ၁၀–ပါးသီလဖြစ်သော သိက္ခာပုဒ် တရား တော်ကို တောင်းပါ၏။ အရှင်ဘုရား၊ ဘုရားတပည့်တော်အား ချီးမြှောက်ခြင်းကို ပြု၍ သီလကို ပေးပါကုန်ဘုရား"

လို့ သီလတောင်းပါ၊ ဒုတိယမ္ပိ၊ တတိယမ္ပိ စသည် ဆက် ဆိုပါ။ ဒီသီလက စောင့်သူနည်းတော့ ကိုယ်ဟာကိုယ် ဆိုတတ် အောင်ဆိုပြီး တောင်းပါ။ ဆောက်တည်ပါ"

"မှန်ပါဘုရား"

"အဲဒီလို သီလတောင်းပြီး နမော တဿ စသည် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်တွေဟာ တူပါတယ်"

http://www.dhammadownload.com



သိက္ခာပုဒ်တွေကလည်း–

၁။ ပါဏာတိပါတာ

၂။ အာဒိန္နာဒါနာ

၃။ အဗြဟ္မစရိယာ

၄။ မုသာဝါဒါ

၅။ သုရာမေရယ

၆။ ဝိကာလဘောဇနာတိုင်အောင် ရှစ်ပါးသီလအတိုင်း ဆိုရပါတယ်။

မတူတာကတော့–

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိ ယာမိ။

"အကုသိုလ်များကြောင်း မကောင်းမှုဖြစ်သော ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ဘုရား အဆုံးအမတော်၏ ဆန့်ကျင်ဘက် စို့တံကျင်ပမာ ဖီလာဖြစ်သော ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်၌မြဲစွာ ဆောက်တည်ပါ၏"

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

"ပန်းပန်ခြင်း၊ နံ့သာပြစ်ကို နိမ့်ရာအရပ်သို့ ဖို့သိပ်ခြင်း၊ နံ့သာရည် နံ့သာမှုန့်တို့ကို လိမ်းကျံခြယ်လှယ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော (ဝါ) ရှောင်ကြဉ်

http://www.dhammadownload.com



ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်၌ မြဲစွာ ဆောက်တည်ပါ၏"

၉။ ဥစ္စာသယန မဟာသယန ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

"မြင့်သောနေရာ၊ မြတ်သောနေရာတွင် အိပ်ခြင်း၊ နေထိုင်ခြင်းမှ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်၌မြဲစွာ ဆောက်တည်ပါ၏"

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

"ရွှေငွေကို ကိုင်ခြင်း၊ ခံယူခြင်း၊ စီမံခြင်းမှ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်၌ မြဲစွာ ဆောက်တည်ပါ၏"

အဲဒါတွေဟာ ရှစ်ပါးသီလနှင့် မတူတာတွေပဲ။ ရှစ်ပါးသီလမှာ နစ္စ, ဂီတနှင့် မာလာဂန္ဓကို ပေါင်းထားတယ်။ ဒီဆယ်ပါးသီလမှာ ခွဲထားတယ်။

ဆယ်ပါးသီလမှာ အထူးပိုလာတာက 'ဇာတရူပ' သိက္ခာပုဒ်ပဲ။ အဲဒီသိက္ခာပုဒ်နှင့် ပတ်သက်၍ လယ်တီဆရာတော်ကြီး၏ အဆုံးအဖြတ်ကို ဖော်ပြပါ့မယ်-

၁။ အရှင်မရှိသော ရွှေငွေရတနာကို တွေ့မြင်၍ ကိုယ်တိုင်ကိုင်ယူခြင်းသည်လည်းကောင်း၊ လက်ရောက်လှူသည်ကို ကိုယ်တိုင်ခံယူခြင်းသည်လည်းကောင်း ဥဂ္ဂဟ=ကိုယ်တိုင် ခံယူခြင်းမည်၏။ မအပ်ပါ။

http://www.dhammadownload.com



၂။ အရှင်မရှိသော ရွှေငွေရတနာကို တွေ့မြင်၍ သို့မဟုတ် မိမိအဖို့ရာ သူတစ်ပါးကို အယူခိုင်းခြင်းသည် လည်းကောင်း၊ မိမိဖို့ရာ သူတစ်ပါးကို အလှူခိုင်းခြင်းသည် လည်းကောင်း ဥဂ္ဂဟာပဏာ=ခံယူစေခြင်း”မည်၏။ မအပ်ပါ။

၃။ ဒါယကာက ရွှေငွေရတနာကို ယူဆောင်ခဲ့၍ ရဟန်း၏ ရှေ့၌ ချထားပြီးလျှင် ‘ဤ ရွှေငွေကို အလိုရှိရာ သုံးဆောင်တော်မူပါ”ဟု လည်းကောင်း၊ ‘သင်္ကန်းဖိုးပါ၊ ဖိနပ်ဖိုးပါ၊ ရထားခပါ၊ သင်္ဘောခပါ’ဟု လည်းကောင်း လျှောက်၍ လှူသည်ကို ကိုယ်,နှုတ်ဖြင့် မပယ်ဘဲ စိတ်ဖြင့်သာ ခံယူခြင်းသည်လည်းကောင်း၊ ဒါယကာက မိမိအိမ်တွင်သော်လည်းကောင်း၊ တစ်ပါးသောဌာန၌ သော်လည်းကောင်း ရှိနေသော ရွှေငွေကို ‘အရှင်ဘုရား အလိုရှိသောအခါ ယူပါ သုံးပါ’ဟူ၍ လှူသည်ကို ကိုယ်နှုတ်ဖြင့် မပယ်ဘဲ စိတ်ဖြင့် သာယာခံယူခြင်းသည်လည်းကောင်း ‘ဥပတိက္ခိတ္တသာဒိယန’မည်၏။ မအပ်ပါ။

၄။ ကပ္ပိယနည်းလမ်းဖြင့်ရှိနေသော (ကပ္ပိယထံ ဝိနည်းတော်နှင့်အညီ အပ်နှံထားသော)ရွှေငွေကို ဤ‘ရွှေငွေဖြင့် ဘယ်ဟာကို ဝယ်ချေလော့၊ ဘယ်လောက် ပေးလိုက်လော့ သေတ္တာထဲမှာ ထားလိုက်လော့၊ ထုတ်လိုက်လော့’အစရှိသည်ဖြင့် စီမံခြင်းသည် ‘ဒုဗ္ဗိစာရဏာ=

http://www.dhammadownload.com



မကောင်းသောဝိနည်းတော်နှင့် မလျော်သောစီမံခြင်း' မည်၏။ မအပ်ပါ။

၅။ သူတစ်ပါးဥစ္စာဖြစ်သော ရွှေငွေကိုပင် သာယာသော စိတ်ဖြင့် သုံးသပ်ကိုင်ခြင်းသည် 'အာမသန=သုံးသပ် ထိပါးခြင်းမည်၏။ မအပ်ပါ။

ရဟန်း၊ သာမဏေတို့မှာ ဤ(၅)ပါးစလုံးကို လွတ်ကင်း စေရမည်။ ရှေးလူဖြစ်စဉ်ကရှိနေသော ရွှေငွေရတနာ၊ ကပ္ပိယ နည်းသိမ်းဖြင့် ရဟန်းဖြစ်မှရသော ရွှေငွေရတနာတို့ကို ထို(၅)ချက် တို့မှ လွတ်ကင်းစေ၍ ကပ္ပိယနည်းလမ်းဖြင့် နေရာတကျ ပြုပြင် ပြီးလျှင် အသက်ထက်ဆုံး စိတ်ဖြင့်သာယာ၍ ထိုရွှေငွေမှဖြစ်သော ကပ္ပိယဘဏ္ဍာ=အပ်သောပစ္စည်းများကို သုံးဆောင်၍ နေငြား သော်လည်း ဝိနည်းတော်နှင့် အပြစ်ဆိုခွင့်မရှိပါပြီ။

ဆယ်ပါးသီလ စောင့်ထိန်းကြတဲ့ လူဝတ်ကြောင်တို့မှာလည်း အဲဒီ (၅)ပါးသော အမှုကို လွတ်ကင်းစေပြီးလျှင် ဆယ်ပါးသီလ စောင့်နိုင်ပါတယ်။ ထိုအမှုများ လွတ်ကင်းစေလျှင် ပြီးပါတယ်။

နဂိုက ရရှိထားသော ရွှေငွေရတနာတို့ကို စိတ်သက်သက်ဖြင့် အာရုံပြုကာ 'ငါ့ရွှေ, ငါ့ငွေ' ဟု သာယာသော်လည်း အပြစ်မဖြစ် ပါ။ အဲဒါ လယ်တီဆရာတော်ဘုရားကြီး၏ အဆုံး အဖြတ်ပါ။

အဲဒီအချက်ကိုထောက်လျှင် ဆယ်ပါးသီလ စောင့်သူ လူဝတ် ကြောင်တို့ဟာ မိမိ၌ရှိသော ရွှေငွေကို ယုံကြည်လောက်သော သူထံအပ်၍ ထားရပါမယ်။ ဆယ်ပါးသီလ စောင့်ထိန်းသည့် အတောအတွင်းမှာ ထိုရွှေငွေကို မကိုင်ရပါ။ ဘယ်မှာထားလိုက်

http://www.dhammadownload.com



ပါ၊ သိမ်းထားလိုက်ပါဟုလည်း မပြောရပါ။ ရွှေငွေဖြင့် ဘာဝယ်လိုက်ပါ စသည်ဖြင့်လည်း မပြောရပါ။ မိမိအသုံးလိုနေသော ပစ္စည်းကိုသာ ဘာလိုချင်သည်၊ ဘာစားချင်သည် စသည်ဖြင့် ပြောရမယ်နော်–

"မှန်ပါဘုရား။ ဆယ်ပါးသီလနှင့်ပတ်သက်၍ သိစရာအချက်တွေ အများကြီးပါပဲလားဘုရား"

"များတယ်၊ တကယ်စောင့်ချင်လျှင် မှတ်ထားရပါမယ်"

"မှန်ပါ၊ မှတ်ထားပါ့မယ်ဘုရား"

"ကဲ–ဒီလောက်ဆိုလျှင် ဝတ်ကြောင်နှင့် ဆယ်ပါးသီလအကြောင်း ရှင်းပြီလား"

"ရှင်းပါပြီဘုရား"

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

*မြတ်ဆုမွန် ဘာသာရေးမဂ္ဂဇင်း၊*
*အတွဲ(၅)၊ အမှတ်(၇) ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ။*

http://www.dhammadownload.com



# ဗုဒ္ဓသာသနာနှင့်ကြုံခဲ့ခြင်း

## (၈)

'ဗုဒ္ဓသာသနာ'ဟူသောစကားသည် ပါဠိဘာသာ၊ ပါဠိစကား ဖြစ်၏။ သို့သော် ယင်းစကားကို မြန်မာတို့က မြန်မာစကားသဖွယ် ပြောဆိုအသုံးပြုနေကြ၏။ ယင်းသို့ ပြောဆိုနေကြသော်လည်း အဓိပ္ပာယ်အတိအကျကိုမူ သိကြသူ ဦးရေနည်းပါးလှပါသည်။

သစ္စာလေးပါး မြတ်တရားကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင်သိသူကို 'ဗုဒ္ဓ'ဟူ၍ခေါ်ပြီး၊ ယင်း'ဗုဒ္ဓ'တို့၏ အဆုံးအမကို 'သာသနာ'ဟူ၍ ခေါ်ပါသည်။

'ဗုဒ္ဓသာသနာ'မှ 'ဗုဒ္ဓ'ကိုဖြုတ်၍ 'သာသနာ'ဟူသော စကားလုံးကိုယူကာ အခြားဘာသာများကလည်း လိုက်ပြီး သုံးစွဲနေကြသည်။ စင်စစ် 'သာသနာ'ဟူသော စကားသည် ဗုဒ္ဓသာသနာ၏ ကိုယ်ပိုင်စကားသာ ဖြစ်သည်။

http://www.dhammadownload.com



ဗုဒ္ဓသာသနာ၌ ဗုဒ္ဓသည် တစ်ဆူသာ မဟုတ်ပါ၊ အဆူဆူ ပွင့်ခဲ့ပြီးပါပြီ။ ယင်းအဆူဆူသော ဗုဒ္ဓတို့၏ အဆုံးအမကို 'ဗုဒ္ဓ သာသနာ'ဟူ၍ ခေါ်ပါသည်။

အဆူဆူသော ဗုဒ္ဓတို့၏ အဆုံးအမများကား တူညီပါ၏။ အဘယ်တို့ တူညီပါသနည်း။ အဆူဆူသော ဗုဒ္ဓတိုင်းတို့သည်–

၁။ အကုသိုလ်မှန်သမျှ ဘာမှမပြုပါနှင့်၊

၂။ ကုသိုလ်မှန်သမျှ စုံအောင်လုပ်၊

၃။ မိမိစိတ်ကို ဖြူစင်အောင်ထား။

ဟူ၍ ဆုံးမကြသဖြင့် တူညီသောအဆုံးအမ ရကြ၏။ ယင်း အဆုံးအမသုံးမျိုးကို အကျယ်ချဲ့သော် ပိဋကတ်သုံးပုံနှင့် နိကာယ် ငါးရပ်၊ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ဖြစ်လာ၏။

ယင်းအဆုံးအမ ဗုဒ္ဓသာသနာနှင့် ကြုံကြိုက်ဖို့ရာမှာ အလွန် တရာခဲယဉ်းလှပါသည်။ မည်မျှလောက် ခဲယဉ်းလှသည်ကို အတိုင်း အတာ ပမာဏကိုသိသူ အလွန်တရာပင် နည်းပါးလှပါသည်။ သိချင်သူတစ်ယောက်က မေးလာ၏။

"အရှင်ဘုရား၊ ဗုဒ္ဓသာသနာတော်နှင့် ကြုံခဲတယ်၊ ကြုံခဲတယ် နှင့် ပြောဟောနေကြပါတယ်။ အဘယ်မျှလောက် ကြုံခဲတယ် ဆိုတာကို ပမာဏလေး ဘာလေး မပြနိုင်ဘူးလားဘုရား"

"မေးမှမေးတတ်ပလေ၊ ဒကာကြီးနှယ် အဖြေတောင် အတော်ခက်တယ်။ ဘယ်ကဘယ်လို ဖြေရမှန်းတောင် မသိဘူး"

"နားလည်လျှင် ပြီးတာပဲဘုရား၊ အရှင်ဘုရား သဘော

http://www.dhammadownload.com



ပေါက်သလိုသာ ဖြေပါဘုရား"

"ကဲ–ကဲ ဒီလိုဆိုလျှင် နားထောင်ပါ။ ဘုန်းကြီးတို့ ဂေါတမ မြတ်စွာဘုရားအလောင်းတော်သည် 'ဒီပင်္ကရာ' မြတ်စွာဘုရားမှ စ၍ 'ကဿပ' မြတ်စွာဘုရားတိုင်အောင် (၂၄)ဆူသော မြတ်စွာ ဘုရားတို့အထံ၌ ဗျာဒိတ်ခံယူတော်မူသည်ဖြစ်ရာ အဲဒီ ဗျာဒိတ် ခံယူတော်မူခဲ့သည့် ဘဝအထူးတို့နှင့် ဖြေလျှင် သဘောပေါက် ပါလိမ့်မယ်"

ဘုန်းကြီးတို့ ဂေါတမဘုရားအလောင်းသည်–

၁။ ဒီပင်္ကရာမြတ်စွာဘုရား အထံတော်မှာ သုမေဓာရှင် ရသေ့အဖြစ်ဖြင့် ရှေးဦးစွာ နိယတဗျာဒိတ် ခံယူတော် မူပါတယ်။

၂။ နရဒ မြတ်စွာဘုရားအထံတော်မှာ ဇဋိလရှင်ရသေ့ အဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၃။ အတ္ထဒဿီ မြတ်စွာဘုရားအထံတော်မှာ သုသိမ ရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၄။ သိဒ္ဓတ္ထ မြတ်စွာဘုရား အထံတော်မှာ မင်္ဂလာ ရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၅။ တိဿ မြတ်စွာဘုရားအထံတော်မှာ သုဇာတရှင်ရသေ့ အဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

ဤသို့အားဖြင့် 'ရှင်ရသေ့'အဖြစ်ဖြင့် ဗျာဒိတ်ခံယူရသော ဘဝပေါင်းမှာ ငါးဘဝဖြစ်ပါတယ်။

၆။ ကောဏ္ဍည မြတ်စွာဘုရားအထံတော်မှာ ဝိဇိတာဝီ

http://www.dhammadownload.com



စကြာမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူခဲ့ပါတယ်။

၇။ မင်္ဂလ မြတ်စွာဘုရားအထံတော်မှာ သုရုစိပုဏ္ဏားဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူခဲ့ပါတယ်။

၈။ သုမေဓ မြတ်စွာဘုရားအထံတော်မှာ ဥတ္တရပုဏ္ဏားဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော် မူခဲ့ပါတယ်။

၉။ သုဇာတ မြတ်စွာဘုရားအထံတော်မှာ စကြာမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၁၀။ ဖုဿ မြတ်စွာဘုရားအထံတော်မှာ ဝိဇိတာဝီစကြာမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော် မူခဲ့ပါတယ်။

၁၁။ ဝေဿဘူ မြတ်စွာဘုရားအထံတော်မှာ သုဒဿနစကြာမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၁၂။ ကကုသန် မြတ်စွာဘုရားအထံတော်မှာ ခေမမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၁၃။ ကောဏာဂုံ မြတ်စွာဘုရားအထံတော်မှာ ပဗ္ဗတမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၁၄။ ကဿပ မြတ်စွာဘုရားအထံတော်မှာ ဇောတိပါလပုဏ္ဏားဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

ဤသို့အားဖြင့် 'ရဟန်း'အဖြစ်ဖြင့် ဗျာဒိတ်ခံယူရသော ဘဝပေါင်းမှာ ကိုးဘဝတို့သာ ဖြစ်လေသည်။

http://www.dhammadownload.com



"ကဲ-ဒကာကြီး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းအတွင်းမှာ အလောင်းတော်သူမြတ်ကြီးမှာ ရှင်ရဟန်းအဖြစ် ကိုးဘဝပဲ ရခဲ့ပါတယ်ဆိုတော့ ရှင်ရဟန်းအဖြစ်ကို ရခဲလှ၏ဆိုတာ မမှန်ဘူးလား"

"မှန်ပါတယ်ဘုရား"

"ကဲ-ကဲ၊ ဆက်နားထောင်ဦး"

၁၅။ ရေဝတ မြတ်စွာဘုရားထံတော်မှာ အတိဒေဝပုဏ္ဏား ဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၁၆။ သောဘိတ မြတ်စွာဘုရားအထံတော်မှာ အဇိတပုဏ္ဏား ဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၁၇။ ပဒုမုတ္တရ မြတ်စွာဘုရားအထံတော်မှာ ဇဋိလသူဌေး ဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၁၈။ ဝိပဿီ မြတ်စွာဘုရားအထံတော်မှာ ကဿပပုဏ္ဏား ဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၁၉။ သိခီ မြတ်စွာဘုရားအထံတော်မှာ အရိန္ဒမမင်းဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

ဤသို့အားဖြင့် 'လူအဖြစ်'ဖြင့် ဗျာဒိတ်ခံယူသော ဘဝမှာ ငါးဘဝသာ ဖြစ်ပါတယ်။

၂၀။ သုမန မြတ်စွာဘုရားအထံတော်မှာ အတုလနဂါးမင်း ဖြစ်၍ နဂါးအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၂၁။ ဝိပဿီ မြတ်စွာဘုရားအထံတော်မှာ အတုလနဂါးမင်း ဖြစ်၍ နဂါးအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

http://www.dhammadownload.com



ဤသို့အားဖြင့် 'နဂါး'အဖြစ်ဖြင့် ဗျာဒိတ်ခံယူသော ဘဝပေါင်းမှာ နှစ်ဘဝသာ ဖြစ်ပါတယ်။

၂၂။ မေဓာဒဿီ မြတ်စွာဘုရားအထံတော်မှာ သိကြားမင်းဖြစ်၍ ဗျာဒိတ်ခံယူတော်မူပါတယ်။

၂၃။ အနောမဒဿီ မြတ်စွာဘုရားအထံတော်မှာ ဘီလူးစစ်ဘုရင်ဖြစ်၍ဗျာဒိတ်ခံယူတော်မူပါတယ်။

၂၄။ ပဒုမ မြတ်စွာဘုရားအထံတော်မှာ ခြင်္သေ့မင်းဖြစ်၍ ဗျာဒိတ်ခံယူတော်မူပါတယ်။

ဤသို့အားဖြင့် အဖြစ်တော်တစ်မျိုးစီဖြင့် ဗျာဒိတ် ခံယူသော ဘဝပေါင်းမှာ သုံးဘဝတို့ ဖြစ်ပါတယ်။

"ကဲ... ဒကာကြီး ဘုန်းကြီးတို့ ဘုရားအလောင်းတော်ကြီးဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းအတွင်း၌ ဒီပင်္ကရာ မြတ်စွာဘုရားမှစ၍ ကဿပမြတ်စွာဘုရားတိုင်အောင် (၂၄)ဘဝသာ ဗုဒ္ဓသာသနာတော်နှင့် တွေ့ဆုံရပါတယ်။ အဲဒါကို ထောက်ဆလျှင် ဗုဒ္ဓသာသနာတော်နှင့် ကြုံခဲတယ်ဆိုသည်ကို သဘောကျပြီလား။"

"မှန်ပါ၊ ကျပါပြီဘုရား"

"မကျလည်း မတတ်နိုင်တော့ဘူး ဒကာကြီး၊ ဘုရားအလောင်းတော်ကြီးပင် (၂၄)ဘဝသာ သာသနာတော်နှင့် ကြုံရတယ်ဆိုတော့ သာမန် သူလိုကိုယ်လိုလူတွေအတွက်ဆိုလျှင် ဆိုဖွယ်ရာမရှိတော့ပါဘူး။ အဲဒါကြောင့် ကြုံခဲလှတဲ့ သာသနာတော်နှင့် ကြုံတုန်း သာသနာတွင်း တရားဖြစ်တဲ့ ဝိပဿနာ

http://www.dhammadownload.com



တရား ဘာဝနာကို အားထုတ်ဖြစ်အောင် အားထုတ်ပါလို့ ဘုန်းကြီး က တိုက်တွန်းပါတယ်"

"သာသနာတွင်း တရားဖြစ်တဲ့ ဝိပဿနာဘာဝနာတရားမှ အားမထုတ်ရသေးလျှင် သာသနာတော်နှင့် ကြုံခဲ့ရကျိုး မနပ်သေး ပါဘူး လူဖြစ်ရကျိုးကော နပ်ပြီလားဆိုလျှင် မနပ်သေးပါဘူး"

"သာသနာတော်နှင့် ကြုံခဲ့ကျိုး၊ လူဖြစ်ကျိုး နပ်လေအောင် သာသနာတွင်း တရားဖြစ်တဲ့ ဝိပဿနာ ဘာဝနာတရားကို ပွားများ နိုင်ပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်ကြပါစို့နော်"

"မှန်ပါဘုရား"

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

*မေ့ရှုံသိ မေ့မဂ္ဂဇင်း*

*(၁၄၅၃–၅၄ တပေါင်း တန်ခူး အမှတ်စဉ်(၂၈)၊ ၁၉၉၂ ဧပြီလ)*

http://www.dhammadownload.com



# သားဦးရက နတ်ကိုးကွယ်ရ

## (၉)

'နတ်'ဆိုတာ ရှိပါသည်။ မရှိမဟုတ်ပါ၊ ယင်း...နတ်တို့ဟူသည် ယခု မျက်မြင်လောက၌ လူမျိုးအသီးသီးရှိသလို အမျိုးအစားတစ်မျိုးသာ ဖြစ်သည်။

သို့ဖြစ်၍ နတ်တို့ဟူသည် သူတို့လောက၌ သူတို့အသိုင်းအဝိုင်းနှင့် သူတို့အလုပ်ကို သူတို့လုပ်နေသော အမျိုးအစားအုပ်စုတစ်မျိုးသာ ဖြစ်ပါသည်။

ယင်းနတ်တို့ကို 'မ'လိမ့်မည်ဟု အထင်ကြီးပြီး အားကိုးမျှော်လင့်နေရန် မဟုတ်ပါ။ မိမိတို့ လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းကိစ္စများကို မိမိတို့ဘာသာ ကြိုးစားလုပ်ကိုင်ကြရမည် ဖြစ်သည်။

ယင်းနတ်တို့ကို ဖမ်းစားလိမ့်မည်ဟူ၍ ကြောက်ရွံ့နေဖို့ မလိုပါ၊ ကြောက်လေ ခြောက်လေ ဖြစ်တတ်၏ဟူ၍ စကားရှိပါသည်။

http://www.dhammadownload.com



မှန်ပါသည်။ ကြောက်တတ်သူကိုမှ ခြောက်ချင်ကြပါသည်။ မကြောက်တတ်သူကို မခြောက်ချင်ကြပါ။

"လောက၌ ကြောက်စရာအကောင်းဆုံးသော အရာသည် ကြောက်ရွံ့ခြင်းပင် ဖြစ်သည်"

ဟူ၍ ဆိုသင့်ပါသည်။ မှန်ပါသည်။ ကြောက်အားကြီးလျှင် အသိ, အလိမ္မာ, ဉာဏ်ပညာ ကင်းလွတ်သွားတတ်ပါသည်။ စိတ်အား ကိုယ်အားကို ဆုတ်ယုတ်သွားစေတတ်ပါသည်။

ကြောက်ရွံ့ခြင်းသည် အသိ, အလိမ္မာ, ဉာဏ်ပညာကို ကင်းလွတ်စေလျှင် အသိ, အလိမ္မာ, ဉာဏ်ပညာ သတိကို တိုးတက်စေသော အရာကား အဘယ်နည်း...ဆိုသော် 'ရဲရင့်ခြင်း'ပင်ဖြစ်ပါသည်။ မှန်ပါသည်။ ရဲရင့်ခြင်းသည် အသိ, အလိမ္မာ, ဉာဏ်ပညာကို တိုးတက်စေပါသည်။ ယင်းအသိ,အလိမ္မာ,ဉာဏ်ပညာဖြင့် အကြောက်ကို ကာကွယ်ရမည်ဖြစ်ပါသည်။ ယင်းကို မသိသူတစ်ယောက်က မိမိထံသို့ စာဖြင့်လျှောက်ထားသည်။

"ဆရာတော်ဘုရား..."

တပည့်တော်မှာ အိမ်ထောင်ကျပြီးကတည်းက စိတ်ထင့်ရတဲ့ အကြောင်းလေးရှိပါတယ်ဘုရား။ တခြားတော့မဟုတ်ပါဘုရား... တပည့်တော်တို့ရဲ့ အောက်ကြို့ရွာ ဓလေ့က အိမ်ထောင်ပြုပြီး သားဦးရလျှင် အိမ်တွင်းနတ်ကို ကိုးကွယ်ရပါတယ်။

ယခု တပည့်တော်မှာ အညာဒေသမှာ အိမ်ထောင်ကျတာ ရယ်၊ တပည့်တော်ခင်ပွန်းကလည်း ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမှလွဲ၍ ဘာကိုမှ ကိုးကွယ်တာမဟုတ်တော့ အိမ်တွင်း

http://www.dhammadownload.com



နတ်မရှိပါဘုရား…။

ဆရာတော်ဘုရား–

အိမ်တွင်းနတ်သည် ဖနီးမောင်နှံကွဲအောင်များ ပြုနိုင်ပါသလား ဘုရား။ ငယ်ငယ်က ကြားဖူးတာကတော့ ချင်းဖဝေး ဖာတ်လမ်း မှာ နတ်ကိုမေ့လို့ ကွဲခဲ့ရကြောင်း၊ နတ်ကို ပြန်သတိရမှ ပြန် ပေါင်းရကြောင်း ကြားဖူးပါတယ်ဘုရား။

ပြီးတော့…တပည့်တော်တို့ အဘွားတွေကတော့ ကိုးကွယ် ကြပါတယ်။ တပည့်တော်က ယခုအိမ်ထောင်ကျတာ ၁၁ နှစ် ရှိပါပြီ။ လုံးလုံးမကိုးကွယ်ဘဲထားတော့ နောက်ကို တစ်ခုခုများ ဖြစ်လေမလားလို့ သံသယဖြစ်နေ၊ ကြောက်နေပါတယ်ဘုရား။

တစ်ခါ တစ်ခါ လင်မယားချင်း စကားများစရာမရှိဘဲ များရင် နတ်တွေကများ တိုက်သလားနဲ့ တွေးမိပြီး စိတ်ထင့်ခဲ့ရပါတယ် ဘုရား။

အဲဒီလိုဖြစ်တဲ့အခါ ဘုရားရှိခိုးပြီးတိုင်း အမျှပေးဝေပါတယ် ဘုရား။ ဆရာတော်ဘုရားက နတ်တွေက အမျှပေးဝေတာ ကြိုက် တယ်လို့ ဟောထားလို့ အမျှဝေပါတယ်ဘုရား…။

ဆရာတော်ဘုရား…

"တပည့်တော်ရဲ့အကြောက်ကို ဖျောက်ဖျက်ပေးတော်မူပါ ဘုရား"

တပည့်တော်မ

(………..)

၉–၉–၉၂

http://www.dhammadownload.com



သို့

(......) ၂၅–၁–၉၃

ပြန်စာနှင့် ပေးစာကတော့ ရက်မှုမက လပင်ခြားခဲ့၍ ကြာလှ ချည်လားလို့ မထင်ပါနဲ့၊ အချို့စာများ နှစ်တွေတောင်ခြားတာ မပြန်အား၍ ချန်ထားခဲ့ရပါသည်။ ယခု ဒီစာကို တရားပွဲတစ်ခုမှ အားချိန်တွင် ကောက်ရေးလိုက်တာပါ။

နတ်ကိုကြောက်နေတာနှင့် ပတ်သက်၍ ဘုန်းကြီးရဲ့ ယောဂီ တစ်ယောက်ရဲ့ အပြုအမူဟာ အတုယူစရာကောင်း၍ ဖော်ပြလိုက် ပါမယ်။

ယောဂီတစ်ယောက်ဟာ တရားအားထုတ်၊ တရားနာပြီး နတ်ကို မကိုးကွယ်ချင်တော့ဘူး။ အိမ်က မိန်းမကို နတ်မကိုးကွယ် ဖို့ စည်းရုံးလို့လည်းမရတော့ လက်လျှော့ထားရတယ်။

နောက် အကြောင်းမသင့်တော့ သူတို့နေတဲ့ ရပ်ကွက် မီးလောင်တော့ သူတို့အိမ်လည်း မီးထဲပါသွားပါတယ်။ အိမ် မီးလောင်လို့ တစ်ဖက်က ဝမ်းနည်းသော်လည်း တစ်ဖက်က အိမ်ပြန်ဆောက်ပြီးရင် နတ်မကိုးကွယ်ရတော့ဘူးလို့ တွေးပြီး ဝမ်းသာနေပါတယ်။

အိမ်ပြန်ဆောက်ပြီးတော့ မသိလိုက် မသိဘာသာ နေနေရာမှ ဇနီးလုပ်သူက ငှက်ပျောသီး၊ အုန်းသီးများ ဝယ်လာတဲ့အခါ မသိချင်ယောင်ဆောင်ပြီး–

'ဘာလုပ်ဖို့လဲ' မေးတဲ့အခါ...

'ရှီးရာပွဲတင်ဖို့လေ' လို့ ပြောတယ်။ အကွက်ချောင်းနေတဲ့

http://www.dhammadownload.com



နတ်မကိုးကွယ်ချင်သူ ယောဂီက ပြောလိုက်တယ်...

"တော်...တော်...နင့်နတ် ငါမကိုးကွယ်ဘူး။ ယခု နင်နဲ့ ငါနဲ့ အိမ်ထောင်ကျပြီး အိမ်ခွဲကာ ကိုးကွယ်လာခဲ့တာ (၂၅)နှစ် ရှိပြီ။ ငါတို့ဝတ္တရားအားလုံးကျေတယ်။

အဲဒီလောက် ဝတ္တရားကျေတာ ယခု အိမ်မီးလောင်မယ် ဆိုတာ သူကြိုပြောပေးဖို့ကောင်းတယ်။ ဒါလေးတောင်ပြောဖော် မရတဲ့နတ် ဘာကောင်းလဲ။ ဘာကျေးဇူးသိတတ်လဲ...

ကဲ...အိမ်မီးလောင်မှာ ကြိုမပြောရင်ထားပါဦး။ အိမ်မီးလောင် တဲ့အခါ သူ့တင်ထားတဲ့ ဒီငှက်ပျောသီး၊ အုန်းသီးကလေးလောက် တော့ ဆွဲပြေးဖို့ကောင်းတယ်။ ဒါလေးတောင် ဆွဲပြေးဖော်မရတဲ့ နတ် ဘာအသုံးကျလဲ။

"တော်ပြီ–တော်ပြီ၊ နင့်နတ် ငါမကိုးကွယ်တော့ဘူး။ နင် ကိုးကွယ်ရင် နင်နဲ့ငါနဲ့ အပြတ်ပဲ"

လို့ ပြောလိုက်တော့ ဇနီးမယားဟာ ငှက်ပျောသီး၊ အုန်းသီး တွေကို တော်ရာချထားလိုက်တယ်။ အဲဒီနေ့ကစပြီး သူတို့ ဇနီး မောင်နှံ နတ်မကိုးကွယ်တာ ယခုဆို (၁၀)နှစ်ကျော်သွားပြီ။

(......)အဖို့ အင်မတန်ကံကောင်းတယ် ခေါ်ရမှာ။ ရတနာ သုံးပါးကို နှစ်နှစ်ကာကာ ယုံကြည်တဲ့ ယောကျ်ားရထားတာ အင်မတန်ကံကောင်းပါတယ်။

အမှန်တကယ် ကိုးကွယ်ရမှာက ရတနာသုံးပါးပါ။ ရတနာ သုံးပါးမှတစ်ပါး အခြားအရာတွေဟာ ကိုးကွယ်ရာတွေ မဟုတ်ပါ။ ကျွေးစရာ ပေးစရာတွေသာ ဖြစ်ပါတယ်။

http://www.dhammadownload.com



ကျွေးစရာ ပေးစရာဆိုတာက သူတို့မှာ စားစရာမရှိလို့ တောင်းလို့ရှိရင် ကျွေးပါ။ နေစရာမရှိလို့ တောင်းလျှင်ဆောက် ပေးပါ။ ဒါနကုသိုလ်ဖြစ်ပါတယ်။ ကျွေးပေးပြီးကိုးကွယ်မထားရပါ။

သူတောင်းစားများလာတဲ့အခါ ပေးလိုက်တယ် မဟုတ်လား။ အိမ်ပေါ်တင် ကိုးကွယ်ထားသေးလား။ အဲဒီသဘောပါပဲ။နတ်လည်း ကျွေးနိုင် ပေးနိုင်ပါတယ်။ အိမ်ပေါ်တင်မကိုးကွယ်သင့်ပါ။

(……)မှာ ရတနာသုံးပါးမှလွဲ၍ ဘာကိုမှ မကိုးကွယ်တဲ့ ယောက်ျားရထားတာ ဘာမှကြောက်စရာ မလိုပါ။ ကိုးကွယ်ပြီး သားလူက မကိုးကွယ်ချင်တော့လို့ မယုံကြည်လို့ မယုံကြည်တော့၍ ဖျက်ပစ်တာတောင်မှ ဘာမှမဖြစ်တာ။ မကိုးကွယ်တဲ့လူက မကိုးကွယ်တာ ဘာကြောက်စရာရှိရမှာလဲ။

ကြောက်ရင်–

'ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ–ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'

'ဓမ္မော မေ သရဏံ အညံနတ္ထိ–ဓမ္မံ သရဏံ ဂစ္ဆာမိ'

'သံဃော မေ သရဏံ အညံနတ္ထိ–သံဃံ သရဏံ ဂစ္ဆာမိ'

ကို အထပ်ထပ်ဆိုပါ။ သက်စေ့ဆိုနိုင်ဆိုပါ။ သက်စေ့ထက် ပိုဆိုနိုင်လည်း ဆိုပါ။

'ဘူမဋ္ဌဒေဝတာ၊ ရုက္ခဋ္ဌဒေဝတာ၊ အာကာသဋ္ဌဒေဝတာ၊ အာရက္ခဒေဝတာ၊ သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု'လို့ အကျဉ်းချုပ် အတိုချုပ် မေတ္တာလည်း အထပ်ထပ်ပို့ပါ။ သက်စေ့ပို့နိုင် ပို့ပါ။ သက်စေ့ထက် ပိုပို့နိုင်လည်း ပို့ပါ။

http://www.dhammadownload.com



မေတ္တာအကျိုး ၁၁–ပါးမှာ–

'စောင့်ရှောက်နတ်များ၊ နတ်များလည်းခင်' ဆိုတဲ့ အကျိုး နှစ်ပါး ပါပါတယ်။ နတ်ကို မကြောက်ပါနဲ့။ နတ်ဆိုတာ သတ္တဝါ အုပ်စုတစ်မျိုးပါ။ သူတို့ ဖမ်းချင်တိုင်း ဖမ်းလို့မရပါ။

ငယ်ငယ်က ကြားဖူးတဲ့ ချင်းဖဝေးဇာတ်လမ်းဟာ နတ်သမား၊ ဇာတ်သမားတို့ရဲ့ စကားမျှသာ ဖြစ်ပါတယ်။ မမှန်ပါဘူး။ ဒါကြောင့် ကြောက်စရာမလိုပါ။

အဘွားတို့ ကိုးကွယ်သော်လည်း (......)တို့မှာ အိမ်ထောင် ကျစကတည်းက မကိုးကွယ်တော့ မကိုးကွယ်ပါနဲ့။ နောက်က ကိုးကွယ်နေတာတောင် ဖျက်သေးတာ။ မကိုးကွယ်ဘဲနေတဲ့ ပုဂ္ဂိုလ်အတွက် မကိုးကွယ်ဘဲ ဆက်လက်နေခြင်းဟာ ကောင်း သောနေခြင်းပါ။

'လင်နှင့်မယား၊ လျှာနှင့်သွား' ဆိုတဲ့ စကားပုံကို (......) ကြားဖူးသားပဲ။ နတ်တွေက တိုက်တယ်လို့ သံသယမရှိပါနဲ့။ သံသယဆိုတာ အကုသိုလ်ပါ။ အကုသိုလ်ကိုလည်း ထိုကုသိုလ် က နိုင်ပါတယ်။ ဒါကြောင့် ပြောတဲ့အတိုင်းသာလုပ်ပါ။ ဘာမှ မဖြစ်စေရဘူးလို့ အာမခံပါတယ်"

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

*ရတနာမွန်မဂ္ဂဇင်း*

*အတွဲ–၂၀၊ အမှတ်–၆၊ ၁၉၉၃ခုနှစ်၊ ဇွန်လ။*

http://www.dhammadownload.com



# သီလအခွဲနှင့်အတွဲ

## ( ၁၀ )

ဗုဒ္ဓသာသနာတော်၏ အချုပ် ပဓာနလုပ်ငန်းကြီးတို့သည် 'ဒါန, သီလ, ဘာဝနာ'ဟူ၍ (၃)ခုသာ ဖြစ်ကုန်၏။ ယင်းသုံးခု တို့တွင် ဒါနထက် သီလကမြတ်၏။ သီလထက် ဘာဝနာက မြတ်၏။

တစ်နည်းဆိုသော် ဒါနထက် သီလက အကျိုးကြီး၏။ သီလ ထက် ဘာဝနာက အကျိုးကြီး၏။

တစ်နည်းဆိုသော် ဒါန, သီလ, ဘာဝနာ (၃)မျိုးတို့သည် တစ်မျိုးနှင့်တစ်မျိုး အကျိုးအာနိသင်ချင်း မတူကြပါပေ။

မှန်ပါသည်။ 'ဒါန'၏ အဓိကအကျိုးမှာ စားဝတ်နေရေး ပြည့်စုံစေခြင်းကို ပေး၏။ 'သီလ'၏ အဓိကအကျိုးမှာ အသက် ရှည်ခြင်း၊ ကျန်းမာခြင်း၊ အဆင်းလှခြင်းကို ပေး၏။ 'ဘာဝနာ'၏ အဓိကအကျိုးမှာ အသိ,အလိမ္မာ 'ဉာဏ်ပညာ'ကြီးခြင်းကို ပေး၏။

http://www.dhammadownload.com



ဘဝတစ်ခု၌ သတ္တဝါရယ်လို့ ဖြစ်လာကြရသော သူ၊ ငါ များစွာ သတ္တဝါဟူသမျှတို့သည် အဘက်ဘက်မှ လိုလေသေးမရှိ အကျိုးပေး ပြည့်စုံစေချင်ကြသည်။ ပြည့်စုံအောင်လည်း ကြိုးစားကြသည်။ သို့သော် ဒါန, သီလ, ဘာဝနာတည်းဟူသော အကြောင်း(၃)ခုမစုံက အဘက်ဘက်မှ လိုလေသေးမရှိ အကျိုးပေး ပြည့်စုံခြင်းကား မဖြစ်နိုင်ပါပေ။

ယင်း ဒါန, သီလ, ဘာဝနာ (၃)ခုတို့ကို လှူဒါန်း ဆောက်တည် ပွားများရာ၌ ဦးရေအများ, အနည်း, အနည်းဆုံးဟူ၍ အစဉ်အတိုင်း တွေ့ရပါ၏။

မှန်ပါသည်။ ဒါနပြုသူဦးရေမှာ အများဖြစ်သော်လည်း သီလဆောက်တည်သူဦးရေမှာ အနည်းစုသာ ဖြစ်ပါ၏။ ဘာဝနာပွားသူဦးရေမှာကား အနည်းဆုံးဖြစ်ပါ၏။

ယင်းသို့ တစ်ဆင့်ထက်တစ်ဆင့် နည်းနည်းသွားခြင်းမှာ အကျိုးကျေးဇူးကိုမသိခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ကိုယ်တိုင်ကိုယ်ကျပါဝင်၍ အချိန်ကြာရှည်စွာပြုလုပ်ရခြင်းလည်းဖြစ်နိုင်သည်။

ယင်းသည် အချိန်ကြာရှည်စွာ ပြုလုပ်ရခြင်းကို ခေတ္တထား၍ အကျိုးကျေးဇူးကို မသိခြင်းကြောင့် ဦးရေနည်းမှုနှင့်ပတ်သက်၍ သီလအကျိုးကျေးဇူးကို အမြွက်မျှဆိုချင်ပါသည်။

သီလ ဟူသည် ဂင်္ဂါ ယမုန္နာရေစသည့် ရေစင်, ရေကောင်းတို့ဖြင့် ဆေးကြော၍ မရနိုင်သည့်ကိလေသာအပြစ် အညစ်အကြေးများတို့ကို ဆေးကြောသုတ်သင်နိုင်သည့် 'ဓမ္မရေစင်ရေကောင်း' ဖြစ်ပေ၏။

http://www.dhammadownload.com



သီလဟူသည် စန္ဒကူးရွှေ စသည်တို့ဖြင့် ပယ်ဖျောက်၍ မရနိုင်သော ရာဂအစရှိသည့် ပူလောင်ခြင်းကို ပယ်ဖျောက်နိုင်ကြောင်း ဆေးကောင်းကြီးဖြစ်၏။

သီလဟူသည် ပုလဲသွယ်, မကိုဋ် နားတောင်း အစရှိသည့် ပကတိလူများ၏ အဆင်တန်ဆာများနှင့် လားလားမျှ မဆက်ဆံသည့် ပညာရှိတို့၏ အဆင်တန်ဆာလည်း ဖြစ်ပေ၏။

သီလဟူသည် အရပ်ခပ်သိမ်း ကြိုင်လှိုင်သောကြောင့် ပင်ကိုယ်ကပင် သန့်စင်ပြုပြင်ရခြင်းမရှိသည့် အခါခပ်သိမ်း လိမ်းသပ်ဖို့ရန် လျှော်ကန်သင့်မြတ်သော နံ့သာမျိုးလည်း ဖြစ်ပေ၏။

သီလဟူသည် မင်း,ပုဏ္ဏား,သူကြွယ် ဟူသော အမျိုးမြတ်သူလူတို့နှင့်တကွ နတ်ဗြဟ္မာတို့ကပါ သဒ္ဒါကော်ရော် အပူဇော်ခံရခြင်း စသည့်အကျိုးကို ဆောင်ရွက်တတ်သောကြောင့် မြတ်သော 'ဝသီကရဏ မန္တာန်'ကြီးလည်း ဖြစ်ပေ၏။

သီလဟူသည် နတ်ပြည်, ဗြဟ္မာ့ပြည်သို့ တက်ရောက်ကြောင်း စောင်းတန်း လှေကားကြီးလည်း ဖြစ်ပါပေ၏။ ဈာန်, အဘိညာဉ်တို့ကို ရကြောင်းလည်း ဖြစ်ပါပေ၏။ ဗောဓိဉာဏ်သုံးပါး၏ တည်ရာမူလ အခြေခံတရားကြီးလည်း ဖြစ်ပါပေ၏။

သီလဟူသည် အလိုရှိအပ် တောင့်တအပ်သမျှ ပြည့်စုံနိုင်ကြောင်း ဖြစ်သောကြောင့် စိန္တာမဏိ ကျောက်မျက်ရတနာ ပဒေသာပင်တို့ကိုလည်း သာလွန်တင့်တယ်ပေ၏။

စသည်ဖြင့် သီလ၏ အကျိုးကျေးဇူးတို့ကို များစွာ ဖော်ပြထားပါသည်။ ယင်းသို့ အကျိုးကျေးဇူး များပြားရကား သီလကို

http://www.dhammadownload.com



စောင့်ထိန်းသင့်ကြ၏။ စောင့်ထိန်းသင့်၍ စောင့်ထိန်းသူအများမှ သီလနှင့်ပတ်သက်၍ မရှင်းသူတစ်ယောက်က မိမိကို မေးလျှောက်၏။

"အရှင်ဘုရား၊ ရှစ်ပါးသီလအရာတွင် 'နိစ္စ, ဂီတ, သိက္ခာပုဒ်"

"မာလာဂန္ဓသိက္ခာပုဒ်'ကို တွဲထား၍ တစ်ပါးတည်း ဆောက်တည်ပြီး ဆယ်ပါးသီလအရာတွင် အဘယ့်ကြောင့် ခွဲထားပါသလဲဘုရား"

"အင်း...အင်း ဒကာကြီးက စိတ်ကူးအကောင်းသားပဲ။ ဘုန်းကြီး အမြဲမြဲ့အနယ်နယ် လှည့်နေတာကြာပြီ။ ဒီလိုအမေးမျိုး ဒီတစ်ခါပဲ ကြုံဖူးသေးတယ်"

"ဆရာတော်က တပည့်တော်ကို မြှောက်ပြောနေပါသလားဘုရား"

"မမြှောက်ပါဘူး၊ အမှန်အတိုင်းပြောတာပါ"

"ဒါဖြင့် အမိန့်ရှိပါဘုရား"

"အမိန့်ရှိပါဆိုလျှင် ဦးစွာပထမ အတိုချုပ် ဖြေရမှာက အကြောင်းထူး အနက်ထူးရှိ၍ ရှစ်ပါးသီလအရာ၌ တွဲခြင်းဖြစ်၍ ဆယ်ပါးသီလအရာ၌ ခွဲခြင်းဖြစ်ပါတယ်"

အကြောင်းထူး အနက်ထူးရှိ၍ တွဲရခွဲရတယ် ဆိုရာ၌ ဘယ်အကြောင်းထူး အနက်ထူးရှိပါသလဲဆိုက 'နစ္စ ဂီတ သိက္ခာပုဒ်နှင့် မာလာဂန္ဓသိက္ခာပုဒ်' နှစ်ပုဒ်တို့သည် ကာမဂုဏ်၌ လျှပ်ပေါ်လော်လီသဖြင့် ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းအကြောင်းထူး

http://www.dhammadownload.com



ရှိ၍ ရှစ်ပါးသီလအရာတွင် ပူးတွဲ၍ ထားရပါတယ်။ သဘော ကျလား...

"မကျသေးပါဘုရား၊ ရှင်းပါဦးဘုရား"

"ရှင်းပါဦးဆိုလျှင် အမျိုးသား အမျိုးသမီးတွေဟာ ကပွဲ သီဆိုပွဲစသည်တို့သို့ သွားတဲ့အခါ ဖြီးလိမ်းပြင်ဆင်ပြီးတော့ သွားကြ တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

ရှစ်ပါးသီလဆောက်တည်သူ အမျိုးသား အမျိုးသမီးတို့သည် နစ္စဂီတသိက္ခာပုဒ်နှင့် မာလာဂန္ဓသိက္ခာပုဒ် (၂)ပုဒ်ပေါင်းကို တစ်ပြိုင်တည်း(နက်)ကျူးလွန်ကြပါတယ်။

ဆယ်ပါးသီလ ဆောက်တည်သူ ရှင်သာမဏေတို့မှာ နစ္စ ဂီတသိက္ခာပုဒ်ကို ကျူးလွန်ခိုက် မာလာဂန္ဓ ပါခဲ့ပါတယ်။ အဲဒီလို အကြောင်းထူး၍ တွဲခြင်း၊ ခွဲခြင်း ဖြစ်ပါတယ်၊ သဘောကျလား"

"ကျပါတယ်ဘုရား"

ထပ်ပြီး ရှင်းဦးမယ်။

အဲဒီလို အကြောင်းထူးရှိ၍ ပူးတွဲပြီးထားသော်လည်း နစ္စ ဂီတ သိက္ခာပုဒ်သည်ကား မိမိကိုယ်တိုင်ကခြင်း၊ သူတစ်ပါးကို ကခိုင်းခြင်း ဆိုတဲ့ 'သဟတ္ထိက အာဏတ္တိက' ပယောဂနှစ်ပါး တို့ကြောင့် ပျက်စီးပါသည်။

မာလာဂန္ဓသိက္ခာပုဒ်သည်ကား သူတစ်ပါးကို စေခိုင်းခြင်း အာဏတ္တိက' ပယောဂကြောင့် မပျက်စီးနိုင်ပါဘူး၊ မိမိကိုယ်တိုင်

http://www.dhammadownload.com



ကျူးလွန်ခြင်း၊ 'သာဟတ္ထိက' ပယောဂကြောင့်သာ ပျက်စီးပါသည်။

အဲဒီကဲ့သို့ ပယောဂ ကွဲပြားခြားနားခြင်းကို သိစေခြင်းငှာ ဆယ်ပါးသီလအရာတွင် ခွဲစေသည်လို့ အကြောင်းထူး အနက်ထူးကို မှတ်ပါ။

"ကဲ...ကျေနပ်ပြီးလား"

"မှန်ပါ၊ ကျေနပ်ပါပြီဘုရား"

❁ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

*မြတ်ဆုမွန် ဘာသာရေးမဂ္ဂဇင်း*
*အတွဲ(၅)၊ အမှတ်(၅)၊ ၁၉၉၂ခုနှစ် ဇွန်လမဂ္ဂဇင်း။*

http://www.dhammadownload.com



# အစွဲကြောင့်ဒုက္ခဖြစ်

## ( ၁၁ )

ထိုထိုဘုံဘဝ၌ ကြုံတွေ့ရသော ဆင်းရဲဒုက္ခ မျိုးစုံတို့၏ အကြောင်းရင်းကား 'နှစ်သက်, ခင်မင်, လိုချင်, တောင့်တမှု= တဏှာ, လောဘသည် အကြောင်းမှန်ပင် ဖြစ်ပါသည်။

မှန်ပါသည်။ ဆင်းရဲဒုက္ခဟူသမျှသည် ဤလိုချင်တောင့်တမှု (တဏှာ လောဘ)ကို အကြောင်းပြု၍ ဖြစ်ရပါ၏။ ယင်းလိုချင် တောင့်တမှု တဏှာလောဘကြောင့် တစ်ခါတစ်ရံ မတရားပြုမိ၍ ဤမျက်မှောက်လောက၌ပင် မင်းပြစ်မင်းဒဏ်ခံကြရ၏။ နောင် သံသရာ၌မူ အပါယ်လေးပါးသို့ ကျရောက်လျက် အတိုင်းမသိ များပြားလှသော ဆင်းရဲဒုက္ခတွေကို ခံစားရသည်။

သံသရာဝဋ်ဆင်းရဲမှ မလွတ်ကင်းနိုင်ဘဲ တဝဲလည်လည် ကျင်လည်ရချက်သည် ထိုထိုဘဝ ခန္ဓာ သတ္တဝါ သင်္ခါရတွေကို တောင့်တလိုချင်သော တဏှာလောဘ၏ စနက်သာ ဖြစ်ပါသည်။

http://www.dhammadownload.com



ပစ္စည်းဥစ္စာ သမီးသားနှင့် ဇနီးမယား လင်ယောက်ျားများ အပေါ်၌ ချစ်ခင်ကြင်နာ စွဲလန်းမှုများလည်း ယင်းတဏှာလောဘ ပင် ဖြစ်၏။ တဏှာလောဘ ကြီးမားသလောက် ဆင်းရဲဒုက္ခ ကြီးကြီးပင် ရောက်ကြရပါသည်။ ဆင်းရဲဒုက္ခ ရောက်သူ တစ်ယောက်နှင့် ကြုံခဲ့ရ၏။

ဓမ္မဒေသနာခရီးသည်ဖြစ်သော မိမိသည် တစ်မြို့မှတစ်မြို့၊ တစ်ရွာမှတစ်ရွာ တစ်တိုင်းမှတစ်တိုင်းသို့ အဆက်မပြတ် လှည့်ပတ် သွားလာ ဟောပြောပြသနေရ၏။

ရာသီကား ဆောင်းနှောင်းရာသီဖြစ်၍ နံနက်ပိုင်းအေး၍ နေ့လယ်ပိုင်းတွင် ပူနွေးသောအချိန်ဖြစ်၏။ မိမိသည် မြို့တစ်မြို့မှ မြို့တစ်မြို့သို့ ကူးခဲ့၏။ တည်းခိုရာဌာနမှာ တည်းခိုနေကျကျောင်း ဖြစ်၏။ ကျောင်းထိုင်ဆရာတော်မှာ မိမိနှင့်ညီရင်းအစ်ကိုသဖွယ် ဖြစ်၏။ ကျောင်းရောက်လျှင် ဘုရားရှိခိုး၊ ဆရာတော်ကို ရှိခိုး ဦးချပြီး ဆရာတော်နံဘေး၌ပင် အပန်းဖြေနားနေသောအားဖြင့် လျောင်းနေလေသည်။

မိမိလျောင်း၍ မကြာမီပင် အသက်သုံးဆယ်ကျော်အရွယ် လောက်ရှိ အမျိုးသားတစ်ယောက် တက်လာပြီး ဘုရားရှိခိုး၊ ဆရာတော်ကို ဦးချပြီး ပင့်လျှောက်သည်။

"ဆရာတော်ဘုရား၊ မနက်ဖြန်နံနက် အရုဏ်ဆွမ်း ဘုဉ်းပေး၊ တပည့်တော်ကိုအိမ်သို့ ဆရာတော်နှင့် တကွ သံဃာငါးပါး ကြွရောက်ချီးမြှင့်တော်မူပါဘုရား"

"ဘာလဲမော်ြသန်း၊ မင်းရဲ့အဖေ ဆွမ်းသွတ် ဆွမ်းကျွေး

http://www.dhammadownload.com



လား"

ဆရာတော်က ပင့်လျှောက်လာသူ အမျိုးသားကို မေးခြင်းဖြစ်ပါသည်။

"မှန်ပါဘုရား၊ တပည့်တော်အဖေ ဆွမ်းသွတ်ပါ"

"နေပါဦး မောင်သန်း၊ မင်းအဖေအဖြစ်က အဆန်းပါလား၊ ဘယ်လိုဖြစ်တာလည်းဆိုတာ အကြောင်းစုံ ပြောပြစမ်းပါဦး"

"ဆရာတော်ဘုရား၊ တပည့်တော်အဖေ ဖြစ်ပုံကတော့ ပြောမယုံ ကြုံဖူးမှသိ ဆိုတာမျိုးလိုပါပဲဘုရား"

"အေး...ဘုန်းကြီးတို့လည်း သူပြော၊ လူပြော တစ်ဆင့်ပြောတော့ ကြားနေရတယ်၊ ယုံရခက်, မယုံရခက်ပဲ၊ ဒါကြောင့် မောင်သန်း မင်းကိုမေးကြည့်တာပဲ"

"မှန်ပါဘုရား၊ တပည့်တော်တို့အဖေဟာ နံနက်မှာသေပါတယ်၊ နေ့လယ်ကျ တပည့်တော်ရဲ့ ညီမလေးကိုပူးပြီး အိမ်သူအိမ်သားတွေကို သူ့အလောင်းနားကို ခေါ်ပါတယ်။ အားလုံးအလောင်းနားရောက်တော့ သူ့အလောင်းကိုသူ လက်ညှိုးထိုးပြီး ငိုပါတယ်"

"အဲဒါ ဘယ်သူလဲ သိလား နင်တို့အဖေပဲ"ဆိုပြီး ငိုပြန်ပါတယ်၊ တပည့်တော်က မယုံဘူးဘုရား၊ မယုံတော့- ကဲ... အဖေဆိုလျှင် လက်မှတ်ထိုးပြစမ်းဆိုပြီး စာရေးကိရိယာတွေ ထုတ်ပေးလိုက်တယ်"

"တပည့်တော်တို့အဖေက မူလတန်းကျောင်းအုပ်ဆိုတော့ သူကျောင်းအုပ်ဘဝက ထိုးတဲ့ လက်မှတ်အတိုင်း ထိုးပြပါတယ်

http://www.dhammadownload.com



ဘုရား။ အဲဒီတော့ တပည့်တော်တို့ ယုံရပါတယ်၊ သူ့အလောင်း ကြည့်လိုက်၊ ငိုလိုက်၊ မှာလိုက်နဲ့ တပည့်တော်တို့ပါ ငိုရပါတယ် ဘုရား"

"ဘာတွေမှာသလဲ ပြောစမ်းပါဦး"

"နင်တို့အမေကို ဂရုစိုက်၊ နင်တို့အမေမှာ သွေးတိုးရောဂါ ရှိတယ်။ အိမ်ကို မိုးမကျခင် စောစောမိုး၊ ဆယ်တန်းအောင်ပြီး တဲ့သမီးကို အလုပ်ရအောင် ရှာပေးလိုက်၊ ဆယ်တန်းမအောင် သေးတဲ့သားကို ဆယ်တန်းအောင်အောင် လုပ်ပေးလိုက်လို့ မှာပါ တယ်ဘုရား"

ဆွေမျိုးတွေ ရောက်လာပြန်တော့လည်း အဲဒီလိုပဲ မှာလိုက် ပြောလိုက်, ငိုလိုက်ပါပဲဘုရား"

"အေး...ဘုန်းကြီးတို့ကြားတာလည်း ဒီအတိုင်းပါပဲ"

"မှန်ပါဘုရား။ ခဏခဏ ပူးလိုက် ခွာလိုက်နဲ့ပါပဲဘုရား၊ သုံးရက်ထားပြီး အလောင်းချလိုက်တော့လည်း ပူးတုန်းခွာတုန်းပါပဲ ဘုရား။ တပည့်တော်ညီမလေး ဒီနှစ်ကိုးတန်းဖြေရမှာ ဒီအတိုင်း ဆိုလျှင် ဖြေနိုင်ပါ့မလား မသိဘူး"

"ဘာဖြစ်လို့လဲ"

"ပူးပြီးထွက်ခွာသွားလျှင် အားနည်းလို့ အားဆေးသွင်းယူ ရပါတယ်ဘုရား"

"မနက်ဖြန်ရက်လည်ဆိုတော့ အိမ်မှာမထားရဲဘဲ ဘကြီး အိမ်မှာ ညီမလေးကို ထားရပါတယ်ဘုရား။ ဆရာတော်ဘုရား တို့ မနက်ဖြန်ကြွလာလျှင် လိပ်ပြာလည်း ခွဲပေးပါဘုရား။ ကမ္မဝါစာ

http://www.dhammadownload.com



နှင့်လည်း နှင်ထုတ်ပေးပါဘုရား"

မိမိမှာ ကြားရသောစကားအတွက် စိတ်မချမ်းသာလှပါ။

"ဩော်... သူတို့အဖေ သူတို့အတွက် မှာနေတယ်၊ သူ့ဇနီး အတွက်မှာနေတယ်၊ သူ့အိမ်အတွက် မှာနေတယ်။ အခုတော့ ကောင်းကြသေးရဲ့လား၊ နှင်ထုတ်တော့မယ်တဲ့"

ဩော်...အစွဲ, အစွဲ၊ တယ်ကြောက်စရာကောင်းပါလား။ သားသမီးနှင့် ဇနီး အိုးအိမ်စွဲကြောင့် ဒုက္ခဖြစ်ရတယ်။ အခု နှင်ထုတ်ခိုင်းနေပြီ၊ ဒုက္ခထပ်ပြီး ရောက်ရဦးတော့မယ်။

"အေး...အေး...မနက်ဖြန် ဘယ်နှစ်နာရီအချိန် ကြွရမှာလဲ"

"မနက်ဖြန် နံနက်အာရုံဆွမ်းဆိုတော့ ငါးနာရီခွဲလောက် ကြွပါဘုရား၊ ကမ္ပဝါစာလည်း ယူလာခဲ့ပါဘုရား"

"အေး... အေး"

မောင်သန်းမင်းမှာ ပင့်လျှောက်ပြီး ရှိခိုးဦးချကာ ပြန်သွားပြီ။ မိမိလည်း–

"အင်း...မနက်ဖြန် ဒီပင်စင်စားကျောင်းအုပ်ဆရာတော့ ဒုက္ခ ထပ်ဖြစ်ဦးတော့မှာပဲ"

ဟု စဉ်းစားကျန်ရစ်ခဲ့သည်။ မိမိစဉ်းစားခန်းကို ဖျက်ဆီး လိုက်သောအသံကား–

"ပညာဇောတ...မနက်ဖြန် အဲဒီအိမ် ဆွမ်းစားလိုက်ခဲ့၊ ဟိုကျ ရင် လိပ်ပြာခွဲပေးလိုက်"

"ဘုန်းကြီးဥစ္စာကလည်း လိပ်ပြာမှမရှိဘဲနှင့် ဘယ့်နှယ်လုပ် နှင်ထုတ်မလဲ၊ ထွက်ပြေးအောင်ကတော့ ကမ္ပဝါစာနှင့် နှင်တာပဲ၊

http://www.dhammadownload.com



နှင်နိုင်ပါတယ်"

"လိပ်ပြာရှိတယ်၊ မရှိတယ်ကတော့ ဓမ္မကထိကရဲ့ စွမ်းအင်ပဲဟာ၊ ကြည့်ဟောပြီး နှင်ထုတ်လိုက်ပေ့ါ"

မိမိမှာ ဘာမျှမငြင်းသာတော့၊ တိတ်တိတ်နေသောအားဖြင့် 'လိုက်ပါမည်၊ နှင်ပေးမည်'ဟု ဝန်ခံလိုက်ရပါတော့၏။

မနက်ဖြန်နံနက်ရောက်သော် ဆရာတော် မိမိနှင့် အားလုံးသံဃာငါးပါး ကြွသွားကြ၏။ မိမိတို့ရောက်မှ အပူးခံရသူလေးကို အိမ်သို့ ခေါ်လာ၏။ မျက်စိမဖွင့် မိုတ်လျက်သားနေ၏။ ယင်းကို ကြည့်ပြီး မိမိက 'အစိမ်းသရဲသင်းကွဲပြိတ္တာ'ဟုကောက်ချက်ချမိ၏။

ဆွမ်းစားပြီးသော် ဦးစွာပထမ တရားဟောပြီး ရေစက်ချအမျှဝေလိုက်၏။ ပရိတ်မရွတ် ကမ္မဝါစာ မဖတ်သေးပါ။ ယင်းသို့ပြုရသည်မှာ သေသူ အမျှဝေရမည့်သူမှ ပြိတ္တာဖြစ်နေ၍ တစ်နည်းဆိုသော် မကျွတ်မှန်းသိနေ၍ ဖြစ်၏။

ရေစက်ချ အမျှဝေပြီးမှ မိမိက ကမ္မဝါစာကိုကိုင်ပြီး ထိုင်ကာ–

"ဤအိမ်မှာ လူကို မူးအောင်၊ ဝေအောင်၊ နုံလုံးတုန်အောင်၊ ရင်ခုန်အောင်၊ အိပ်မပျော်စားမဝင်အောင် လုပ်တတ်တဲ့ တစ္ဆေသရဲ သင်းကွဲပြိတ္တာ၊ နတ်ဘီလူး နတ်မိစ္ဆာများ ရှိတာကို အိမ်သူအိမ်သားများနှင့် တရားနာပရိသတ်များက နှစ်သက်ပါသလား"

ဟု ၃ ကြိမ် ၃ ခါ မေးလိုက်၏။ ပရိသတ်များက–

"မရှိတာ နှစ်သက်ပါသည်"ဟု ဖြေ၏။

အမိန့်ပြန်ပြီးသောအခါ ကမ္မဝါစာ ရွတ်ဖတ်လိုက်သည်။ ဆုံးသော် အပူးခံရသူလေးမှာ ကောင်းသွားသည်။

http://www.dhammadownload.com



သြော်… သမုဒယတဏှာ လောဘစွဲဟာ တယ်ပြီးကြောက်စရာပါလား။ အစွဲကြောင့် ပိုဋ္ဌာဖြစ်၊ ဒုက္ခဖြစ်၊ ထပ်ပြီး နှင်ထုတ်ခံရ၍ ဒုက္ခဖြစ်၊ သို့သော် သံဝေဂမဖြစ်သူကား ဖြစ်ကို မဖြစ်ပါသတည်း။

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

*မြတ်ဆုမွန်ဘာသာရေးမဂ္ဂဇင်း။*
*အတွဲ-၅၊ အမှတ်-၆၊ ၁၉၉၂ ခုနှစ် ဇူလိုင်လ။*

http://www.dhammadownload.com



# ဝဿန္တရိုနတ်သမီး ဆံရေညှာစ်၍ မာရ်စစ်သည်တွေ ရေမျော

(၁၂)

အမှားစကားနှင့် အမှန်စကား နှစ်မျိုးတို့တွင် အမှန်စကားသည် လူအများနားဝသို့ ရောက်ခဲသည်။ ရောက်ပြန်ပါကလည်း ကြာရှည်တည်ခဲပါသည်။ စွဲမြဲခဲပါသည်။

အမှားစကားမှာ လူအများနားဝသို့ ရောက်လွယ်ပါသည်။ ရောက်ပြန်ပါကလည်း ကြာရှည်တည်မြဲ စွဲနေတတ်ပါသည်။

အယူမှားနှင့် အယူမှန်လည်း ထို့အတူပင် ဖြစ်ပါသည်။ လူတစ်ယောက်သည် အယူမှန်သူဖြစ်ဖို့ ခဲယဉ်းသည်။ ခဲယဉ်းလှပါသည်။ ဖြစ်နေသော အယူမှန် ပျက်သွားဖို့မှာ လွယ်ကူပါသည်။ လျင်မြန်ပါသည်။

လူတစ်ယောက် အယူမှားဖြစ်ဖို့ မခဲယဉ်းပါ၊ လျင်မြန်လှပါ

http://www.dhammadownload.com



သည်။ ဖြစ်နေသော အယူမှား ပျက်သွားဖို့ရာ ခဲယဉ်းလှပါသည်။

အယူမှားသည် အစွဲပြင်းလှပါသည်။ အမှတ်သညာ ကြီးလှပါသည်။ ယင်းအယူမှား အမှတ်မှား ပြေပျောက်ဖို့ရန် ဘုရား တစ်သိန်းလောက် ဟောကြားချေချွတ်သော်လည်း ပြေမကျွတ်နိုင်ဘဲ သေသည်အထိ စွဲယူတတ်ပါသည်။

မည်သို့ဆိုစေ သူ့စကားနှင့်သူ့အယူ ကိုယ်နှင့်ဘာဆိုင်သလဲ ဟု အချို့က အလွယ်ပြောတတ်ကြပါသည်။ မဆိုင်တာ ရှိသလို ဆိုင်တာလည်း ရှိပါသည်။

ဗုဒ္ဓအတွက် သို့မဟုတ် ဗုဒ္ဓသာသနာတော်အတွက် ဂုဏ်ယုတ်စေသောစကား အမှားကြီးတစ်ခုရှိလေသည်။ ယင်းကို မသိမြင်သူ အတော်များ၍ သိမြင်သူ အတော်နည်းပါးလှပါသည်။

သိမြင်သူအနည်းအပါးမှ ကိုယ်နှင့်မဆိုင်ဟု လျစ်လျူမရှုနိုင်ဘဲ ကိုယ်နှင့်ဆိုင်သည်ဟု အယူရှိကာ မိမိထံမှောက် ရောက်လာပါသည်။ သူ့ကို မိမိရှေးက မသိ မမြင်ခဲ့ဖူးပါ။ သူသည် ရောက်လာဦးချပြီး ရှိသေစွာထိုင်ကာ လျှောက်ထားသည်။

"အရှင်ဘုရားရေးတဲ့ ဗုဒ္ဓဓမ္မပြဿနာများ စာအုပ်တွေကို ဖတ်ရလို့ တပည့်တော်တို့မှာ မသိတာတွေ အသိရှင်းသွားပါတယ် ဘုရား။ ယခုလည်း သိချင်တာတစ်ခု မေးလျှောက်ချင်ပါတယ် ဘုရား မေးခွင့်ပေးပါဘုရား"

"ဘုရားတွေမှာဝသုန္ဓရီနတ်သမီး ဆံရေစုတ်တဲ့ ပုံတွေ ထုလုပ်ထားတာ တွေ့ရပါတယ်ဘုရား။ ဝသုန္ဓရီနတ်သမီးဆံရေစုတ်၍ မာရ်နတ်စစ်သည်တွေ မျောတယ်ဆိုတာ ဖြစ်နိုင်ပါသလားဘုရား"

http://www.dhammadownload.com



"မဖြစ်နိုင်ပါ ဒကာကြီး"

"တပည့်တော်လည်း မဖြစ်နိုင်မှန်းတော့ သိပါတယ်ဘုရား၊ အများလည်းသိပြီး နောက်ထပ် ဒီအရုပ်မျိုးတွေ မတိုးပွားရအောင် ရှင်းပြပေးပါဘုရား"

အေး...ဘုန်းကြီးတို့ ဘုရားအလောင်းတော်ဟာ သက္ကရာဇ် (၁၀၃)ခု၊ ကဆုန်လပြည့်နေ့မှာ အရာတော မိုးကြိုးစက်ဖို့ စုပေါင်း ကျရောက်ခြင်းဖြင့်လည်း မပျက်စီးနိုင်သော 'အပ္ပရာဇိတပလ္လင်' ဝယ် ဖွဲ့ခွေထိုင်နေတော်မူပါတယ်။

အဲဒီအခါမှာ နတ်တွေ၊ သိကြားတွေ၊ ဗြဟ္မာတွေ၊ နဂါးတွေ ရာပေါင်းများစွာသော ထောမနာဂါထာတွေ ရွတ်ဆိုလျက် ပူဇော် ရပ်တည်လာပါတယ်။

စကြဝဠာတိုက်တစ်သောင်းရှိ နတ်ဗြဟ္မာ အပေါင်းတို့ကလည်း အလွန်မွှေးကြိုင်တဲ့ ပန်းနံ့သာ အထုံအခိုးအမွှေးတိုင် စသည်တို့ဖြင့် ပူဇော်ရပ်တည်လာကြပါတယ်။

အဲဒီအချိန်မှာ မာရ်နတ်က မိမိ၏ မာရ်စစ်သည်တွေကို စုဝေးစေပြီးလျှင် ဗောဓိမဏ္ဍိုင်သို့ ရှေ့ရှုချီတက်လာတဲ့အခါ စောစောက အလောင်းတော်အား ပူဇော်နေကြတဲ့ သိကြားမင်း အစရှိတဲ့ နတ်ဗြဟ္မာ အစရှိသည်တို့ဟာ ခြေဦးတည်ရာ မျက်နှာ မူရာ ထွက်ပြေးကြပါတယ်။ တစ်ယောက်မှ မကျန်ပါဘူး၊ ကဲ– ဒီလောက်နဲ့ပဲ ဝသုန္ဒရီနတ်သမီး မရှိကြောင်း မထင်ရှားဘူးလား။

"ထင်ရှားပါတယ်ဘုရား၊ ဒါပေမယ့်လို့ မာရ်နတ်မပြေးသေး တော့ ပြဿနာ မပြေလည်သေးပါဘုရား"

http://www.dhammadownload.com



အေး…မာရ်နတ်သား စစ်တပ်နှင့်ရောက်လာပြီး လက်နက်ကြီး ၉ မျိုးဖြင့် အသီးသီးပစ်လွှင့်ပါသော်လည်း အရာမရောက် မအောင်မြင်လို့ ဥက္ကာကျအောင် ပြုပါတယ်။ စစ်လက်နက်ကို လွှတ်ပြန်ပါတယ်။ စစ်လက်နက်ဟာ ခြေသုတ်ကြိုးဝန်ပမာ ခွေလျက်သားကျရောက်ပြီး ဘုရားရှင်ခြေရင်းမှာ တည်နေပါတယ်။

မာရ်နတ်ဟာ မည်သည့်အရာကို စွဲကိုင်ရမည်ဟု မသိမမြင်ဘဲ အလွန်လျှင် အမျက်ဒေါသထွက်ကာ စစ်တပ်ကို…

"အဘယ့်ကြောင့် ရပ်တည်နေကြသနည်း ဖမ်းကြလော့၊ သတ်ကြလော့၊ ဖြတ်ကြလော့၊ ခွဲကြတော့ မလွှတ်ကြစေကုန်လင့်"

စသည်ဖြင့် အမိန့်ပေးပါတယ်။ မာရ်နတ်ကိုယ်တိုင်လည်း မြားကို ကိုင်ဝင့်လျက်–

"အို…သိဒ္ဓတ္ထမင်းသား ယခုပင်လျှင် ရတနာပလ္လင်မှ အလျင်အမြန် ထသွားလော့"

လို့ အမိန့်ပေးပါတယ်။ မာရ်နတ်စစ်သည်တွေကလည်း ကြောက်မက်ဖွယ်တို့ကို ပြုကြပါတယ်။

အလောင်းတော်ဟာ မာရ်နတ်နှင့်မာရ်နတ်စစ်သည်တွေ ပြုလုပ်သမျှသော ဖောက်ပြန်ပြစ်မှားမှု အလုံးစုံကို "မေတ္တာအားအစွမ်း"ဖြင့် ပယ်ရှားဟန့်တားတော်မူပါတယ်"

ဥပမာပြောရရင် သနားကရုဏာ ပြင်းပြစွာသော မွေးသဖခင် ကျေးဇူးရှင်သည် မိမိခြေရင်း၌ ကစား၍ နေတဲ့ သားငယ်ကို လက်ခြေတို့ဖြင့် ပုတ်ခတ်စေကာမူ အမျက်မထွက်သကဲ့သို့ပါ။

http://www.dhammadownload.com



အေး…သားဟူသော ချစ်ခြင်းဖြင့် နှစ်သက်ကြည်ဖြူစွာ သားကို လည်ဖက်၍ မိမိရင်ခွင်ထက်၌ အိပ်စက်စေလျက် တစ်စုံ တစ်ခု ရန်ငြိုးဖွဲ့ခြင်း အလျဉ်းမရှိသကဲ့သို့ပါ။

အလောင်းတော်ဟာ မာရ်နတ် ပြုသမျှ ပြစ်မှားသမျှအလုံးစုံ ကို သည်းခံတော်မူလျက် အနည်းငယ်မျှ နှလုံးမသာမယာမှုပြုတော် မမူဘဲ မေတ္တာ,ကရုဏာ မိုးရွေဖြိုးလျက် မာရ်နတ်သားကို ဒီလို မိန့်ကြားပါတယ်။

"အို…မာရ်နတ် သင်သည် မိမိကိုယ်တိုင်က 'ငါ'ရဲ့ ကျွန် ဖြစ်နေသည်ကို အလျဉ်းပင် မသိချေပါလား။ မိမိသေလျှင် အပါယ် ကျမည့်ဘေးကိုကား မတွေးမိ မသိရှာချေ။ ယင်းသို့ မသိသော ကြောင့်ပင် ဤသို့ပြစ်မှားမှုကို ပြုဝံ့ပေ၏"

"အို…မာရ်နတ်၊ ငါကား သတ္တဝါအပေါင်းအား အိုနာ သေရေး သံသရာ့ဒုက္ခဘေးကို ထင်ရှားဟောပြဖို့ရန် ဒီလူ့ပြည် လောက လူ့မိန်းမရဲ့ ဝမ်းတိုက်၌ လာရောက်ဖြစ်ပွားရလေတယ်"

"အို…မာရ်နတ်၊ ငါကား လူ့ပြည်လောက၌ လာရောက် ဖြစ်ပွားသော်လည်း တစ်စုံတစ်ခုသော သတ္တဝါသခ်ါရနှင့်မျှ လိမ်းကျံ ကပ်ငြိခြင်း အလျဉ်းမရှိဘဲသာ ဖြစ်ခဲ့လေပြီ"

"အို… မာရ်နတ်၊ သင်သည် ငါ့ကို ဒီ'အပရာဇိတပလ္လင်' တော်ပေါ်မှ ဘယ်နည်းနှင့်မျှ ထစေနိုင်၊ ရွေ့စေနိုင်မည် မဟုတ် ချေ။ မရွေ့စေနိုင်အောင်ပင် ငါပြုလုပ်မည်"

"အို…မာရ်နတ်၊ ငါသည် ဒီ'အပရာဇိတပလ္လင်'ကို လိုလား တောင့်တသဖြင့် ဘဝများစွာ ကမ္ဘာဘာတို့၌ မလှူခဲ့ဘူးသော

http://www.dhammadownload.com



ဒါနဟူ၍မရှိ၊ မစောင့်ထိန်းဘူးသော သီလဟူ၍မရှိ"

"အို...မာရ်နတ်၊ ဘဝများစွာ ကမ္ဘာဘာက လှူဒါန်းခဲ့သည့် ဒါနပါရမီ စသည်ကို ထားလိုက်ပါဦး။ ဝေဿန္တရာဘဝ တစ်ခု မှာပင် မဒ္ဒီမိဖုရားကို အထွတ်အထိပ်ရောက်ပြု၍ ခုနစ်ကြိမ်တိုင် အလှူကြီးများကို ပေးလှူအပ်ခဲ့စဉ်က မဟာပထဝီ ဤမြေကြီးသည် ခုနစ်ကြိမ်တိုင်တိုင် တုန်လှုပ်ခဲ့လေပြီ"

"အို...မာရ်နတ်၊ ဤမဟာပထဝီမြေကြီးသည် သင့်အား လည်းကောင်း၊ ငါ့အားလည်းကောင်း သမာသမတ် ညီမျှသော မြေကြီးဖြစ်ချေသည်။ စေတနာလည်းမရှိ၊ ထိုသို့ သင်နှင့်ငါတို့ အဖို့ သမာသမတ်ညီမျှ၍ လုံးဝစေတနာမရှိသော မဟာပထဝီ ဤမြေကြီးသည် အဘယ်ကြောင့် မတုန်မလှုပ် ဆိတ်ဆိတ်နေဘိ သနည်း။ ယခုပင်လျှင် ငါ၏သက်သေ ဖြစ်ပေလတ္တံ့."

အဲဒီလို မိန့်တော်မူကာ ဘုရားအလောင်းတော်သည် မိုးသား တိမ်ဝမှ လျှပ်နွယ်အတူ ကျက်သရေရှိလှသော လက်ျာလက်တော် ကို သင်္ကန်းအတွင်းမှထုတ်ကာ မဟာပထဝီမြေကြီးသို့ ရှေးရှုညွှန်ပြ တော်မူပါတယ်။

အဲဒီခဏမှာပင် မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်ကာ သည်းထန်စွာ မြည်ဟည်းပါတယ်။

မာရ်နတ်သားသည် အားထား ကိုးကွယ်ရာမရှိ အလွန် အမင်းကြောက်ရွံ့ရကား လက်နက်နှင့်တကွ ဆင်ကြီး၊ စစ်တပ် ပါ စွန့်လွှတ်၍ ဦးတည်ရာသို့ ရှေးရှုပြေးပါတယ်။ မာရ်နတ်ပြေး တော့ မာရ်နတ်စစ်တပ်လည်း ဖရိုဖရဲ ပြိုကွဲပြေးပါတယ်။

http://www.dhammadownload.com



"ကဲ…အဲဒီမှာ ဝသုန္ဒရီနတ်သမီး ဆံရေညှစ်၍ ဆံကရေ လျှောကာ မြစ်ကြီးမြစ်ငယ်ဖြစ်ကာ စီးသွားရာတွင် မာရ်နတ် စစ်သည်တွေ မျောပါပျက်စီးကြောင်းပါလား"

"မပါပါဘုရား"

"အေး…မာရ်နတ်နှင့် သူ့စစ်တပ်ကြီး လာကတည်းက နတ်၊ ဗြဟ္မာ၊ နဂါးတွေအားလုံး ဘုရားအလောင်းတော်ကိုထားခဲ့ပြီး ထွက်ပြေးလို့ ဘုရားအလောင်းတော် တစ်ပါးတည်းကျန်ခဲ့လို့ မြေကြီးကို သက်သေထူရတာပါ။ ဘယ်က ဝသုန္ဒရီနတ်သမီးက ရောက်လာလဲ၊ ယုတ္တိမရှိတာလို့မှတ်ပါ"

"မှန်ပါဘုရား"

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

http://www.dhammadownload.com



# သစ္စာနှင့်မေတ္တာ

( ၁၃ )

၉–၇–၉၂

နောင်တော်

နောင်တော်အရှင်သူမြတ်ဘုရား…ညီမောင် မှန်ကန်သော သစ္စာစကား၏ အစွမ်းထက်မြက်ပုံဟု ဆိုရမည်လား…မေတ္တာစေတနာ ရောင်ပြန်ဟပ်သည်ဟု ဆိုရမည်လား…မဆုံးဖြတ်နိုင်၍ နောင်တော်ထံ ညီမောင်ရဲ့ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို ရှိသေစွာ တင်ပြလျှောက်ထားခြင်း ဖြစ်ပါသည်။ အဖြေကို အမြန်သိချင်ပါသည် နောင်တော်…

ညီမောင် လျှောက်ထားမည့် ဖြစ်ရပ်ကလေး၏ နောက်ခံကားချပ်ကတော့ လွန်ခဲ့သည့် (၇)နှစ်လောက်ဆီက စခဲ့ပါတယ်။ ညီမောင်…နောင်တော်ကြီး ပေါက်စေတီကျောင်း ဆရာတော်ထံမှာ ဝတ်ကြီးဝတ်ငယ် ပြုနေစဉ်က ဖြစ်ပါတယ်။

http://www.dhammadownload.com



တစ်နေ့မှာ သူငယ်ချင်း ဦးတင်ထွန်းနှင့်အတူလှိုင်မြို့၊ ၁၃ရပ်ကွက်၊ သီရိမြိုင်(၁)လမ်းမှဦးရဲမြင့်–ဒေါ်ခင်အုန်းမြင့်တို့ဇနီးမောင်နှံနှစ်ယောက်တို့ပါလာပြီးပေါက်စေတီဆရာတော်ကိုလာဖူးတွေ့ကြပါတယ်။

ဦးတင်ထွန်းရဲ့ မိတ်ဆက်ပေးချက်အရ သူတို့ဇနီးမောင်နှံနှင့် အဲဒီကစပြီး သိကျွမ်းရင်းနှီးခဲ့ပါတယ်။ သူတို့ဇနီးမောင်နှစ်ယောက်လုံးဟာ စိတ်နှလုံးနူးညံ့ပျော့ပျောင်းပြီး ရတနာသုံးပါးအထူးကိုင်းရှိုင်းသူများ ဖြစ်ပါတယ်။

သူတို့ဇနီးမောင်နှံသည် စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့တိုင်း ပေါက်စေတီဆရာတော် သုံးဆောင်နေကျဖြစ်တဲ့ မြင်းခွာရွက်ဆေးအတွက် မြင်းခွာရွက် မပြတ်မလပ်အောင် လာကပ်နေကြသူများ ဖြစ်ပါတယ်။

ကျောင်းရောက်တိုင်းလည်း ကျောင်းဝေယျာဝစ္စများကိုစိတ်ရောကိုယ်ပါ ထက်သန်စွာ ပြုလုပ်သွားကြသည့် ဇနီးမောင်နှံဖြစ်လို့ ညီမောင်နှင့် ငယ်သူငယ်ချင်းများလိုတစ်မျိုး၊ ညီအစ်ကိုမောင်နှမလိုတစ်သွယ် ဖြစ်နေကြပါတယ်။

သူတို့ဇနီးမောင်နှံ နှစ်ယောက်မှာ အိမ်ထောင်သက် (၁၄)နှစ်ရှိပြီဖြစ်သော်လည်း သားသမီးမရကြလို့ သားသမီး သိပ်လိုချင်နေတဲ့ ဇနီးမောင်နှံဖြစ်ပါတယ်။

ယခုတော့ သူတို့ဇနီးမောင်နှံမှာ ရတနာသုံးပါးနှင့် မိဘဆရာသမား မိတ်ဆွေကောင်းများရဲ့ ကျေးဇူးကြောင့် (၂၁–၆–၉၂)ရက်နေ့ တနင်္ဂနွေနေ့မှာ သမီးဦးရတနာ 'အေးမြတ်နိုင်'ကလေးကို ရရှိခဲ့ပါတယ်။

http://www.dhammadownload.com



ဘေးမသီ ရန်မခဘဲ ဆေးရုံမှာပဲ မွေးဖွားပါတယ်၊ ညီမောင်ထံ သတင်းပို့သဖြင့် ဆေးရုံသို့ သွားတွေ့ခဲ့ပါတယ်။ မွေးဖွားစသမီးကလေးရဲ့ ဉပဓိရုပ်ဟာ အလွန်ကြည်လင်သန့်ရှင်းတဲ့အတွက် ကလေးမိခင်ကို မင်္ဂလာစကား ပြောကြားခဲ့ပါတယ်။

"ခင်ဗျားတို့ဇနီးမောင်နှံ ဘာမှမပူပါနဲ့။ ဒီသမီးကလေးဟာ ကြီးပွားမည့်သမီးကလေး။ မိဘနှစ်ပါးကိုအကျိုးပြုမည့်သမီးကလေးဖြစ်ပါတယ်။ ကျွန်တော်လည်း ခင်ဗျားတို့နှင့်သမီးကလေးအတွက် မင်္ဂလာဆုတောင်းပေးမယ်ဆိုပြီး–

ခပ်သိမ်းသော ဘေးဥပါဒ်အန္တရာယ် ရောဂါဟူသမျှ တို့သည် ဤသမီးကလေး မွေးဖွားသော(သည့်) မင်္ဂလာနေ့ရက် အချိန်အခါမှစ၍ ပျောက်ပျက် ချုပ်ငြိမ်းကြပါစေသတည်း။

အလုံးစုံသော စည်းစိမ်ဉစ္စာ ရတနာအဖြာဖြာတို့သည် ဤသမီးကလေး မွေးဖွားသည့် မင်္ဂလာနေ့ရက်အချိန်အခါမှစ၍ တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးပွားပါစေသတည်း။

အလုံးစုံသော ကျက်သရေမင်္ဂလာအဖြာဖြာတို့သည် ဤသမီးကလေးမွေးဖွားသည့် မင်္ဂလာနေ့ရက် အချိန်အခါမှစ၍ ရောက်ရှိပါစေသတည်း"

လို့ဆိုပြီး သမီးကလေးကို လက်ဖြင့်သုံးကြိမ်သပ်ခါ ဆုတောင်းပေးခဲ့ပါတယ်။ အဲဒီက ပြန်လာပြီးကတည်းက–

"ငါ–ဒီသမီးကလေးကို ဘယ်လိုအကျိုးပြုလျှင် ကောင်းမလဲ ကလေးနှင့်မိဘနှစ်ပါးကို ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် စီးပွားလာဘ်လာဘတွေ တိုးတက်စေချင်တယ်၊ ဒါကြောင့် ဘယ်လို

http://www.dhammadownload.com



ကူညီရရင် ကောင်းမလဲ”

လို့ စဉ်းစားရင်းနဲ့ ထီထိုးပေးရန် အကြံဖြစ်ပေါ်လာပါတယ်၊ ဖြစ်ပြီး ၂၈–၆–၉၂ ရက် တနင်္ဂနွေနေ့ဟာ သမီးကလေးရဲ့ မွေးနေ့ဖြစ်တယ်။ အဲဒီနေ့ ၁၂ နာရီအတွင်းမှာ အနန္တောအနန္တ ငါးပါး ဦးထိပ်ထားပြီး သမီးကလေးအတွက် သီးသန့် ထီငါးစောင် ထိုးပေးမယ်။

နံပါတ်ကို အနန္တောအနန္တ ငါးပါး ဦးထိပ်ထားပြီး (၅)အစ ရတနာသုံးပါး အလယ်ထားပြီး (၃)အလယ် ဂုဏ်တော်ကိုးပါး ရည်စူးပြီး (၉)အဆုံး ထီတစ်စောင်နှင့်ဆက်လျက် လေးစောင် အားဖြင့် ငါးစောင်ထိုးပေးမယ်လို့ ဆုံးဖြတ်ပါတယ်။

ဆုံးဖြတ်ပြီး ထိုးနေကျ ‘ကန်ကော်လေး’ထီဆိုင် သွားတဲ့ အခါ လိုချင်တဲ့နံပါတ်မရပါ။ သို့အတွက် မင်္ဂလာစုံတွဲရတဲ့ နံပါတ် ပေးပါဆိုပြီး ညီမောင့်အတွက် မင်္ဂလာစုံတွဲ ကိုယ်ပိုင်ထိုးပြီး ‘ကန်တော်ကြီးထီဆိုင်’မှာ ထပ်ပြီးရှာပြန်ပါတယ်၊ မရပါ။

လိုချင်တဲ့နံပါတ်က မင်္ဂလာစုံတွဲမှာပဲ ရှိပါတယ်။ နာရီကလည်း ၁၂ နာရီ ထိုးခါနီးပြီ။ နောက်တစ်ဆိုင်ကူးဖို့ကလည်း အချိန်မရပါ၊ အဲဒါနှင့် မင်္ဂလာစုံတွဲပဲ ပေးပါဆိုပြီး ထီ(၁၀)စောင်ပါတဲ့ မင်္ဂလာ စုံတွဲတစ်တွဲ ထိုးခဲ့ပါတယ်။

အဲဒီမှာ ညီမောင့်အတွက် ပြဿနာပေါ်သွားပါပြီ။ သမီး ကလေးအတွက် ရည်စူးတာကငါးစောင်၊ ရလာတာက မင်္ဂလာ စုံတွဲ (၁၀)စောင်၊ မင်္ဂလာစုံတွဲ ထီကိုလည်း ခွဲမထုတ်ချင်၊ ဘာ လုပ်ရရင် ကောင်းမလဲ၊ သမီးကလေးနဲ့ ငါနဲ့ နှစ်ဦးစပ်ရင် ကောင်း

http://www.dhammadownload.com



မလား၊ နှစ်ဦးစပ်ရင်လည်း လက်ဆောင်ပေးတာ စေတနာ မပြတ်ဘူးဆိုပြီး အထင်လွဲခံရတော့မယ်ဆိုပြီး စိတ်ထဲမှာ မသိုးမသန့်ဖြစ်ပါတယ်။

နောက်တော့မှ ငါမှန်တာလုပ်တာပဲ၊ ဘာမှ စိတ်မသိုးမသန့်ဖြစ်စရာမလိုဘူး။ ငါမှန်တာကို သစ္စာဆိုမယ်ဆိုပြီးတော့ အနန္တောအနန္တငါးပါး ဦးထိပ်ထားပြီး အောက်ပါအတိုင်း သစ္စာဆိုပါတယ်။

"ဘုရားတပည့်တော်သည် အနန္တောအနန္တငါးပါးဦးထိပ်ထားပြီး (၅)အစ ရတနာသုံးပါး (၃)အလယ် ဂုဏ်တော်ကိုးပါး (၉)အဆုံးပါတဲ့ ထီတစ်စောင်နဲ့တွဲလျက် လေးစောင်ပေါင်းပြီး ငါးစောင်ကို သမီးကလေး အေးမြတ်ခိုင်ကို ထီထိုးပေးဖို့ ရှာဖွေခဲ့ပါသည်။ မရပါ။

ငါးအစ၊ သုံးအလယ်၊ ကိုးအဆုံးပါတဲ့ (၁၀)စောင်တွဲ မင်္ဂလာစုံတွဲကိုသာ ရရှိခဲ့ပါသည်။ ဒါကြောင့် ကလေးနှင့် ဘုရားတပည့်တော် နှစ်ဦးစပ် ဖြစ်သွားပါသည်။ ဤမှန်ကန်သော သစ္စာကိုဆိုရခြင်းကြောင့် ဘုရားတပည့်တော် ယခုထိုးခဲ့သောထီသည် ပေါက်ပါစေသား"

အဲဒီလိုသစ္စာဆိုပြီး ကလေးရဲ့ မိဘနှစ်ပါးထံကိုလည်း အကျိုးအကြောင်းရှင်းပြတဲ့ စာတစ်စောင်ရေးကာ ထီလက်မှတ်များကိုပေးလိုက်ပါတယ်။ သူငယ်ချင်း ဦးတင်ထွန်းကိုလည်း အကျိုးအကြောင်း ရှင်းပြလိုက်ပါတယ်။ သူကလည်း 'ကောင်းပါတယ်၊ ခင်ဗျား စိတ်သန့်သွားတာပေါ့'တဲ့။

အဲဒီနေ့ကစပြီး ညီမောင်လည်း ဘုရားရှိခိုး ပုတီးစိပ်တိုင်း

http://www.dhammadownload.com



လည်း အဲဒီသစ္စာစကားကို ထပ်ခါ ထပ်ခါ ဆိုခဲ့ပါတယ်။ ၆–၇–၉၂ ရက်နေ့ နံနက် ၁၀ နာရီကျော်မှာ ကန်ကော်လေး ထီဆိုင်မှ ဦးအုံးမောင် ၃ ၄၉၀၈၅၆ ဖြင့် ၃၀၀၀ဆု ပေါက်ပါတယ်လို့ ဖုန်းဖြင့် မင်္ဂလာသတင်းကြားပါတယ်။ ညီမောင်လည်း–

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်'လို့ပဲ ခပ်ပေါ့ပေါ့ ပြန်ပြောလိုက်ပါတယ်။ ထီပေါက်လို့ ဝမ်းတော့သာပါတယ်၊ ဒါပေမယ့် ဆုငွေကနည်းတော့ ခပ်ပေါ့ပေါ့နေလိုက်ပါတယ်။

ဒီလိုနဲ့ ရုံးလုပ်ငန်းကို ဆက်လုပ်နေရင်း ၆–၇–၉၂ ရက်နေ့ပဲ ညနေပိုင်းမှာ ဖုန်းတစ်ခါလာပြန်တယ်။ ကန်တော်ကြီးထီဆိုင်မှ ၃ ၅၃၃၃၆၉ ဖြင့် ၁၅၀၀ဆု ပေါက်ပါတယ်လို့ ဒုတိယအကြိမ် မင်္ဂလာသတင်း ကြားရပြန်တယ်။

အဲဒီနံပါတ်က သမီးကလေး အေးမြခိုင်နှင့် ညီမောင်နှင့် နှစ်ဦးစပ်ထိုးထားတဲ့ သစ္စာအဓိဋ္ဌာန်ပြုထားတဲ့ နံပါတ်ပါ။ နံနက်ပိုင်းမှာ ကိုယ်ပိုင်ထိုးလို့ ပေါက်တဲ့ ၃၀၀၀ သတင်းကြားရတုန်းက သာမန်ပဲ ဝမ်းသာပါတယ်။ ညနေပိုင်းမှာ သမီးကလေးနှင့် စပ်တူပေါက်တဲ့ ၁၅၀၀ ဆု သတင်းကြားရတဲ့အခါမှာတော့အလွန်အမင်း ကျက်သီးမွေးညှင်းထပြီးတော့ ဝမ်းသာမိပါတယ်။

ဝမ်းသာရတဲ့အကြောင်းကတော့ သမီးကလေး အေးမြခိုင်ရဲ့ ကုသိုလ်ကံကောင်းကြောင်းကို သိရတာက တစ်ကြောင်းနှင့် ညီမောင်ရဲ့ သစ္စာစကားရဲ့ အောင်မြင်မှုရလာဒ်ကို သိရှိရလို့ ဖြစ်ပါတယ်။

အဲဒီမှာ ထူးခြားချက်ကတော့ တစ်နေ့ထဲမှာပဲ နံနက်ပိုင်း

http://www.dhammadownload.com



ကန်ကော်လေးထိဆိုင်မှ ညနေပိုင်း ကန်တော်ကြီးထိဆိုင်မှ ဆက်တိုက်ထွက်လာပြီး ထိနှစ်တောင် (၄၁)ကြိမ်မြောက်မှာချည်း ဖြစ်တာရယ်၊ ထိဆိုင်ချင်း ဆင်တူတာရယ် ထူးခြားပါတယ် ဘုရား။

အဲဒီဖြစ်ရပ်အားလုံးဟာ သမီးကလေးအပေါ်မှာ ညီမောင်ထားတဲ့ စေတနာမေတ္တာ မှန်ကန်လို့ ရောင်ပြန်ဟပ်တာလား၊ သစ္စာစကားမှန်ကန်လို့ ထီပေါက်တာလားဆိုတာ ရှင်းပြပေးတော်မူပါဘုရား။

ညီမောင်အုံးမောင်

၂၇–၇–၉၂

မေးလို့သာမေးပါတယ်၊ အဖြေဟာ အမေးထဲမှာပဲ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပြီမို့ ဖြေစရာပင် မလိုတော့ပါ။ တစ်နည်းဆိုသော် 'ငါးကြင်းဆီနှင့် ငါးကြင်းကြော်' ဆိုသကဲ့သို့ အမေးနှင့်ပင် အဖြေကို ပြန်ဖြေလိုက်ပါမယ်။

'သစ္စာနှင့်မေတ္တာ' တရားနှစ်ပါးလုံးတို့ဟာ အစွမ်းထက်သော တရားတို့ချည်းဖြစ်ပါတယ်။ အဲဒီနှစ်ပါးတို့တွင် ယခုဆိုသော သစ္စာကို 'ဝစီသစ္စာ'လို့ ခေါ်ပါတယ်။ ဝစီသစ္စာဆိုတာ အဖြစ်အပျက်မှန်ကို အမှန်အတိုင်းဖြေဆို၍ သဘာဝတစ်မျိုးဖြစ်ပါတယ်။

အဲဒီသစ္စာရဲ့ သဘာဝမှာကား အဆိပ်ကို ပပျောက်နိုင်ခြင်း၊ မီးကိုငြိမ်းစေနိုင်ခြင်း၊ မိုးကိုရွာစေနိုင်ခြင်း၊ ကောင်းကင်၌ တည်စေနိုင်ခြင်း၊ ရေပြင်ကို မြေပြင်ပမာ ဖြတ်သွားနိုင်ခြင်း၊ ကိုယ်ဝန်သားကို လွယ်ကူစွာ မွေးဖွားနိုင်ခြင်းစတဲ့ အံ့ဖွယ်အကျိုးအမျိုးမျိုးကို ပေးနိုင်စွမ်းရှိပါတယ်။ အဲဒါကြောင့် ယခုအကျိုးလည်း ပြီးပါတယ်။

http://www.dhammadownload.com



မေတ္တာနှင့်ပတ်သက်၍ ပြောရလျှင် မေတ္တာဘာဝနာ ပွားသူ၌ ဂုဏ်ကျက်သရေ တက်လျက်ရှိပါတယ်။ ကျက်သရေရှိသူမှာ မကောင်းသော ဘေးအန္တရာယ်များ မကပ်လာနိုင်ဘဲ ကောင်းသော လာဘ်သပ္ပကာ ချမ်းသာစည်းစိမ်များသာ ဝင်လာလိမ့်မည်ဟု ယုံကြည်ပါလျှင် အဲဒီယုံကြည်ချက်ဟာ အမှန်တကယ် ဖြစ်နိုင်သော ယုံကြည်ချက်သာ ဖြစ်ပါတယ်။

အဲဒါကြောင့် ညီမောင်တွေ့ရတဲ့ ကိုယ်တွေ့ သာဓကဟာ မှန်ကန်သောသစ္စာစကားနှင့် မေတ္တာစေတနာ ရောင်ပြန်ဟပ်ခြင်းလို့ပဲ သေသေချာချာ ဆုံးဖြတ်ချက်ချ မှတ်သားထားပါ။ နောက်နောင်အခါလည်း အဲဒီသစ္စာမေတ္တာမျိုး ထားနိုင်ပါစေသတည်း။

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျှင်မြန်ရစေသော်။

*သီလဝဘာသာရေးမဂ္ဂဇင်း*

*အတွဲ(၃)၊ အမှတ်(၁၂)၊ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ*

http://www.dhammadownload.com



# စေတီနှင့်မှုထိုး

## ( ၁၄ )

'သတိမမူဂူမမြင်၊ သတိမူတော့ မြူကိုမြင်' ဆိုသော စကားသည် အလွန်တရာ မှန်ကန်လှသည်။ လူတို့သည် အများအားဖြင့် သတိမူသင့်သည်ကို သတိမမူကြပါ။ သို့ဖြစ်၍ လွယ်လွယ်နှင့် သိသင့်ပါလျက် မသိကြပါ။ သို့မသိသော် မိမိတို့အတွက် အကျိုးဆုတ်ယုတ်လှပါ၏။

သို့ဖြစ်၍ သိသင့်သိထိုက်သည်တို့ကို သိအောင် လေ့လာထိုက်ပါသည်။ လေ့လာသူကား အလွန်တရာမှ နည်းပါးလှပါသည်။ နည်းပါးသည့်အထဲမှ တစ်ယောက်နှင့် ခရီးသွားလာရင်း ဆုံစည်းမိ၏။ ဆုံလျှင်ဆုံခြင်းပင် သိချင်သူက စကားစလာသည်–

"ဩော်…အရှင်ဘုရား၊ စာတွေဖတ်ပြီး အရှင်ဘုရားနှင့် တွေ့ချင်နေတာကြာပြီ။ ဘယ်လိုဆက်သွယ်ပြီး တွေ့ရမှန်း မသိလို့ပါ အခုလည်း တွေ့ဆုံတုန်း သိချင်တာလေးခုလောက် မေးပါရစေဘုရား"

http://www.dhammadownload.com



"အင်း…မေးတာက အရေးမကြီးပါဘူး။ သွားရင်းလာရင်း ဖြေဖို့က ခက်တယ်"

"ဘာဖြစ်လို့ ခက်ပါသလဲဘုရား"

"ဪ…မေးတယ်ဆိုတာ လွယ်သယောင်၊ ဖြေတဲ့အခါ မသိလျှင် ခရီးသွားလာရင်းဆိုတော့ ဘယ်မှာရှာဖြေမလဲ"

"တပည့်တော် မေးမှာက အရှင်ဘုရား သိနိုင်လောက်ပါ တယ်ဘုရား။မသိတော့လည်းနောက်မှဖြေပါ၊ ဖြစ်ပါတယ်ဘုရား…"

"ကဲ…ဒါဖြင့် မေးစမ်းပါဦး ဘာများလဲ"

စေတီတော် စေတီတော်နဲ့ ခေါ်ခေါ်နေကြပါတယ်ဘုရား။ အဲဒီစေတီတော်ဆိုတာ ဘာကြောင့် စေတီတော်လို့ ခေါ်ပါသလဲ ဘုရား"

"အင်း…အင်း။ ကောင်းတယ်ကောင်းတယ်၊ စေတီတော် ဆိုတဲ့စကားဟာ ပါဠိစကားပါ၊ မြန်မာလိုဆိုတော့ 'လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အပ် ပူဇော်ရာဖြစ်သောကြောင့် စေတီတော်လို့ ခေါ်ပါတယ်"

"ဟင်…ဒီလိုဆို အချွန်အတက်နှင့် မဆိုင်ဘူးပေါ့ဘုရား၊ လူနတ် ဗြဟ္မာ သတ္တဝါတို့ ပူဇော်အပ် ပူဇော်ရာ မှန်သမျှဟာ စေတီတော်ကြီးပဲပေါ့ဘုရား"

"အင်းပေါ့"

"ဒါဖြင့် အဲဒီစေတီတော် ဘယ်နှစ်မျိုး ရှိပါသလဲ ဘုရား"

"အင်း…ဒကာကြီးအမေးက မီးခိုးမဆုံး မိုးမဆုံးလား မသိဘူး"

http://www.dhammadownload.com



"မဟုတ်ပါဘူးဘုရား။ နည်းနည်းပါပဲ၊ သည်းခံပြီး ဖြေပေးပါဘုရား"

"ကဲ…ကဲ…ဒါဖြင့် သေသေချာချာ မှတ်သားနားထောင်ပါ၊ ရှင်းပြမယ်…

၁။ ဘုရားရှင်တို့၏ အသုံးအဆောင်ဖြစ်သော ရေစစ်၊ ခါးပန်းကြိုး၊ သပိတ်၊ သင်္ကန်းစသည်တို့ကို ထည့်သွင်းဌာပနာပြီး တည်ထားကိုးကွယ်အပ်တဲ့ စေတီတော်ကို 'ပရိဘောဂစေတီ' လို့ ခေါ်ပါတယ်။

၂။ မြတ်စွာဘုရားရှင်၏ ကိုယ်တော်မှဖြစ်သော သရီရဓာတ်တော်များကို ထည့်သွင်းဌာပနာပြီး တည်ထားကိုးကွယ်အပ်တဲ့ စေတီတော်ကို 'ဓာတုစေတီတော်' လို့ ခေါ်ပါတယ်။

၃။ ဘုရားရှင်ဟောကြားတော်မူခဲ့သော ပဋိစ္စသမုပ္ပါဒ် စတဲ့ တရားတော်များ ရေးသားသည့် ပေစာ၊ ငွေစာ၊ ရွှေစာ စသည်တို့ကို ထည့်သွင်းဌာပနာပြီး တည်ထားကိုးကွယ်အပ်တဲ့ စေတီတော်ကို 'ဓမ္မစေတီတော်' လို့ ခေါ်ပါတယ်။

၄။ သက်တော်ထင်ရှား ဘုရားရှင်၏ ကိုယ်တော်စား ဘုရားရှင်ကိုရည်မှန်း၍ ထုလုပ်ထားတဲ့ ရုပ်ပွားတော်၊ ဆင်းတုတော်တို့ကို 'ဥဒ္ဒိဿကစေတီတော်' လို့ ခေါ်ပါတယ်။

အဲဒီလေးမျိုးရှိပါတယ်။ ကဲ…ရှင်းပြီးလား"

"ဟင်…ဒီလိုဆိုရင် ရုပ်ပွားတော်၊ ဆင်းတုတော်ဟာ

http://www.dhammadownload.com



ဥဒ္ဒိဿကစေတီတော်ဆိုတော့ ဘာသားပဲထုထု လူ့,နတ်,ဗြဟ္မာ သတ္တဝါတွေ ပူဇော်ရာဖြစ်ပြီပေါ့ဘုရား"

"အင်းပေါ့"

"အခုတော့ ဘုရား။ ပန်းပေါင်းဘုရား၊ ဂမုန်းပေါင်းဘုရား၊ ပဉ္စလောဟာဘုရား စသည်နဲ့ ရှုပ်နေတာပဲဘုရား"

"အဲဒါတွေက လောကီလမ်းပဲ၊ အဲဒီလမ်းလိုက်လျှင် လွဲမယ်၊ သံသရာရှည်မယ်။ ဘုရားကိုးကွယ်တယ်ဆိုတာ ကုသိုလ်ရဖို့ပဲ။ ကုသိုလ်ရလျှင် အန္တရာယ်ကင်းပြီ။ ကုသိုလ်မရလျှင် အန္တရာယ် လည်း ကင်းချင်မှကင်းမယ်"

"မှန်ပါဘုရား။ ပြီးတော့ရှိပါသေးတယ် စေတီတော်၊ ပုထိုးတော်လို့ ခေါ်ကြပါသေးတယ်။ အဲဒါ ဘယ်လိုထူးခြားပါသလဲ ဘုရား"

"သြော်...ဒကာ့နှယ် ကပ်သီးကပ်သပ် ရှာရှာကြံကြံ မေးတတ်ပလေ"

"ကပ်သီးကပ်သပ် ရှာရှာကြံကြံမေးတာ မဟုတ်ပါဘုရား။ ကြားဖူးလို့ မေးတာပါဘုရား။ ရှင်းပြပေးပါဘုရား"

"ကဲ...ကဲ...မှတ်ထား၊ လင်္ကာနှင့်ဖြေပေးမယ်"

"မှန်လိုဏ်မထုတ်၊ သမုတ်ဂူဗွီ၊ ပွတ်နွယ်ညီသား၊ စေတီဖြိုးဖြိုင်၊ အဆိုင်ဆိုင်နှင့်၊ မှန်လိုဏ်ရှိမှဲ့၊ ထူးဘွဲ့သညာ၊ ဝေါဟာ ခေါ်ရိုး၊ ပုထိုးထူပ၊ များလှမည်းထူ၊ အဆူဆူဝယ်၊ ကြည်ဖြူ ကော်ရော်၊ ရှိပူဇော်ခဲ့"

လို့ ဆိုစပ်ထားတဲ့ မဃဒေဝလင်္ကာအရပြောလျှင်–

http://www.dhammadownload.com



မှန်လိုက် ရှိ,မရှိ ထူးပါတယ်။

တစ်နည်းပြောရလျှင် စေတီတော်လည်း ပုထိုးတော်၊ ပုထိုးတော်လည်း စေတီတော် အတူတူပါပဲ။

"အဲဒီစေတီတော်၊ ပုထိုးတော်နှင့် ပတ်သက်ပြီး အလှူရှင် ဘယ်သူ၊ လှူဖွယ်ဝတ္ထုကဘယ်ဟာ၊ အလှူခံပုဂ္ဂိုလ်က ဘယ်သင်း ဆိုတာ ရှင်းပြပါဦးဘုရား"

"ဪ...ဒါလား။လွယ်ပါတယ်၊ကဲ...ရှင်းပြမယ်၊မှတ်ထား...

၁။ စေတီတော်၊ ပုထိုးတော် တည်ထားသူသည် အလှူဒကာပဲ။

၂။ အဲဒီစေတီတော်၊ ပုထိုးတော်များကား လှူဖွယ်ဝတ္ထုများပါပဲ။

၃။ ရှိခိုးပူဇော် ဖူးမြော်သူ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေက အလှူခံပါပဲ။

၄။ ဒါဖြင့် တပည့်တော်တို့ အလှူရှင်တွေက အလှူရှင်လည်း ဖြစ်၊ အလှူခံလည်း ဖြစ်တယ်ပေါ့ဘုရား"

"အင်းပေါ့"

"ကျေနပ်ပါပြီဘုရား"

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

*ဓမ္မရံသီမဂ္ဂဇင်း*

*၁၃၅၃ ခုနှစ်၊ နတ်တော်၊ ပြာသို၊ အမှတ်စဉ်(၂၅)*

*၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ။*

http://www.dhammadownload.com



# ဥပုသ်သည်နှင့် ကြေးစည်ခေါင်းလောင်း

( ၁၅ )

လောကကြီးထဲမှာ သိစရာတွေကား များလှချေ၏။ လောကကြီးထဲ၌နေပြီး အသက်ရှိသမျှ လေ့လာနေသော်လည်း အသက်သာသေသွားမည်။ သိစရာတွေကား လေ့လာ၍ ကုန်မည်မဟုတ်ပေ။ သို့ကလောက် သိစရာများလှတာ ဘယ်လိုလုပ်ပြီး လေ့လာလို့ ကုန်နိုင်မှာလဲဆိုပြီး မလေ့လာဘဲနေလျှင်လည်း ဘာမျှသိမှာမဟုတ်ပါပေ။

လေ့လာစရာတွေကို အကုန်အစင်လိုက်ပြီး လေ့လာရမည်ဟု မဆိုလိုပါ။ ကိုယ်နှင့်စပ်သမျှလောက်တော့ လေ့လာသင့်သည်။ လေ့လာရမည်ဖြစ်သည်။

ကိုယ်နှင့်စပ်သမျှလောက်တော့ မလေ့လာထား၍ ကုသိုလ်ဖြစ်သင့်ပါလျက်ကနဲ့ ကုသိုလ်မဖြစ်၊ ကုသိုလ်ရသင့်ပါလျက်ကနဲ့

http://www.dhammadownload.com



ကုသိုလ်မရ၊ ကုသိုလ်တိုးပွားသင့်ပါလျက်ကနဲ့ ကုသိုလ်မတိုးပွား ဖြစ်တတ်ပါသည်။

ဖြစ်တတ်သော ပြဿနာတစ်ခု မိမိထံသို့ရောက်လာသည်၊ ပြဿနာမှာ ဗုဒ္ဓဘာသာဝင်အားလုံးနှင့်ဆိုင်သည်။ ဗုဒ္ဓသာသနာဝင်အားလုံးနှင့် သက်ဆိုင်သော ပြဿနာဖြစ်၏။ ပြဿနာသည် ရိုးလျက် ဆန်းနေသည် ဆိုရမလား၊ ဆန်းလျက် ရိုးနေသည်ဟု ဆိုရမလား မသိပေ။ ပြဿနာကား အသို့နည်း...

အရှင်ဘုရား၊ မေးပါရစေဘုရား၊ ဘုရားတပည့်တော်တို့ ဥပုသ်ဆောက်တည်ပြီး ညနေ အိမ်ပြန်ကာနီးမှာ ဘုရားတပည့်တော်တို့ ရရှိထားသည့် ကုသိုလ်အဖို့ဘာဂတို့ကို သတ္တဝါအများတို့အား အမျှဝေသောအားဖြင့် ကြေးစည်ခေါင်းလောင်း ထိုးကောင်းပါသလားဘုရား"

ဥပုသ်စောင့်သော ဥပုသ်သည်အများစုမှ တစ်ယောက်က မေးခြင်းဖြစ်၏။

""ဘယ်လိုထင်လို့ မေးတာလဲ"

"အချို့က ဥပုသ်သည် ကြေးစည်ခေါင်းလောင်း မထိုးကောင်းဘူး၊ နစ္စ ဂီတ သိက္ခာပုဒ်ပျက်တယ်လို့ ပြောကြပါတယ်ဘုရား။ အချို့က ထိုးကောင်းတယ်၊ နစ္စ ဂီတ သိက္ခာပုဒ် မပျက်ဘူးလို့ ပြောကြပါတယ်ဘုရား၊ အဲဒါ တပည့် မရှင်းလို့ မေးတာပါဘုရား"

"ကဲ...တိုတို အလျင်ဖြေမယ်၊ ဥပုသ်သည် ကြေးစည်ခေါင်းလောင်း ထိုးကောင်းတယ်လို့ မှတ်ပါ"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီ နစ္စ, ဂီတ သိက္ခာပုဒ်၌ ပါရှိသော 'ဝါဒိတ'ပုဒ်ကို ဟိုဘိက္ခုနီဝိဘင်းမှာ ဘယ်လိုဖွင့်ထားလဲဆိုတော့–

'ဝါဒိတ'ဟူသော ညှို့ဖြင့်ဖွဲ့အပ်သော စောင်း၊ တယော မိကျောင်း' အစရှိကုန်သော တီးမှုတ်အပ်သော ဘဏ္ဍာတို့ကို တီးမှုတ်သည်မူလည်း ဖြစ်စေ၊ စည်ကောက်ကိုတီးသည်မူလည်း ဖြစ်စေ ယုတ်သောအပိုင်းအခြားအားဖြင့် ရေဖောင်ခွဲခြင်း၊ ရေစည် တီးခြင်းဖြစ်စေ ဤအလုံးစုံသည် 'ဝါဒိတ' မည်၏လို့ ဆိုပါတယ်။

လို့ ဖွင့်ထားပါတယ်။

"အဲဒီ နစ္စ, ဂီတ သိက္ခာပုဒ်ဟာ အကုသိုလ်စိတ်ဖြင့်သာ လျှင် သင့်ရောက်ခြင်းကြောင့် 'လောကဝဇ္ဇ'သာလျှင် ဖြစ်ပါတယ်။ ကိုယ်ဖြင့် ပြုလုပ်အပ်သောကြောင့် 'ကာယကံ'သာ ဖြစ်ပါတယ်။ အကုသိုလ်စိတ် ရှိပါတယ်လို့ ဆိုထားပါတယ်"

အဲဒါကြောင့် နစ္စ, ဂီတ သိက္ခာပုဒ်ဟာ အပျော်အပါး အပျင်းပြေသဘောမျိုး၊ ဖြေဖျော်တဲ့သဘောမျိုးနှင့် တီးမှုတ်မှ အကုသိုလ်ဖြစ်ပါတယ်။ အဲဒီလို အပျော်အပါး၊ အပျင်းပြေ၊ ဖြေဖျော်တဲ့သဘောမျိုးနဲ့ တီးမှုတ်လျှင် အပြစ်ရှိပါတယ်"

"ဥပုသ်သည်တို့ဟာ မိမိတို့ရရှိထားသည့် ကုသိုလ်တို့ကို တစ်ပါးသောသူတို့အား အမျှဝေသောအားဖြင့် ကြေးစည် ခေါင်း လောင်း ထိုးတာ ထိုးကောင်းပါတယ်လို့ မှတ်ပါနော်"

"မှန်ပါဘုရား"

"ဟို...စူဠဝဂ္ဂအဋ္ဌကထာ၌လာတဲ့ အပ်စပ်ပုံ တစ်မျိုးကို ဟောပြပါဦးမယ်"

http://www.dhammadownload.com



"တံတွေးထွေးလိုသည်ဖြစ်၍လည်းကောင်း၊ မစင်ဘင်ဘုတ် စက်ဆုပ်ဖွယ်ရှိသော အရပ်၌ တည်လျက်လည်းကောင်း လက်ဖျောက်တီးခြင်း၊ လက်ခုပ်တီးခြင်းမျိုးဟာ အာပတ် မသင့်ဘူး၊ အဲဒါကြောင့်လည်း ဥပုသ်သည်တွေ အမျှဝေသောအားဖြင့် ကြေးစည်ခေါင်းလောင်း ထိုးကောင်းတယ်လို့ မှတ်ပါနော်"

"မှန်ပါဘုရား"

"ပြီးတော့ ဟို...ခုဒ္ဒကပါဠ အဋ္ဌကထာ၌ ပြထားတာကို ပြောပြပါဦးမယ်၊ အဲဒီမှာ ဘယ်လိုဆိုထားလဲဆိုတော့–

'ကိလေသာဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့် ကုသိုလ်အဖို့ကို ဖျက်ဆီးသောအားဖြင့် သာသနာတော်၏ ဉြောင့်တံကျင်သဖွယ်ဖြစ်၍ ဖြစ်ကုန်သော ကခြင်း, တီးခြင်း(သီခြင်း)၊ တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်းသည်သာလျှင် 'ဝိသူကဒဿန' မည်ကြောင်း ဖွင့်ဆိုထားပါတယ်"

"အဲဒီလိုဆိုတာကို ထောက်ထားသဖြင့် ယခု ဥပုသ်သည်တွေ ကြေးစည်ခေါင်းလောင်းထိုးခြင်းသည် ကိလေသာဖြစ်ခြင်း၏ အကြောင်းလည်း မဟုတ်လား"

"ကဲ...ဒါဖြင့် ကုသိုလ်၏အဖို့ဘာဂကို ဖျက်ဆီးခြင်းလည်း မဟုတ်လား"

"မဟုတ်ပါဘုရား"

"စင်စစ်အားဖြင့် ကြေးစည်ခေါင်းလောင်းထိုးခြင်းဟာ ကိလေသာ ကင်းဝေးခြင်း၏ အကြောင်းသာဖြစ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"အေး…ဥပုသ်သည်များ အမျှဝေသောအားဖြင့် 'ပတ္တိဒါန' ကြားရသူတွေ သာဓုခေါ်သောအားဖြင့် 'ပတ္တာနုမောဒါန'ဟု ဆိုအပ်သော ကုသိုလ်ကံ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့် သာသနာတော်အား လျော်သည်ဖြစ်ရကား နစ္စ, ဂီတသိက္ခာပုဒ်လည်းမပျက်၊ အကုသိုလ်အပြစ်လည်း မရှိလို့ ဥပုသ်သည်များ ကြေးစည် ခေါင်းလောင်းထိုးကောင်းတယ်လို့ သေသေချာချာ မှတ်ထားပါနော်"

"မှန်ပါဘုရား"

❀ အားလုံးသန္တာခန်၊ အမြင်မှန်၊ လျှင်မြန်ရစေသော်။

http://www.dhammadownload.com



# ဝေယျာဝစ္စက မင်္ဂလာ–ဖိုလ်တားပါသလား

(၁၆)

ယခုခေတ်သည် လွန်ခဲ့သောနှစ်များနှင့် နှိုင်းယှဉ်ပါလျှင် တရားဓမ္မ ကျင့်ကြံကြိုးကုတ် အားထုတ်သူများသောခေတ်ဟု ဆိုနိုင်ပါသည်။

ယင်းသို့ အားထုတ်ရာ၌ ဗုဒ္ဓနည်းကျ အားထုတ်သူများ ရှိသလို မိမိတို့၏ တစ်ဦးခေါင်း တစ်ပညာ သဘောမျိုးနှင့် အားထုတ်သူများကိုလည်း တွေ့ရပါသည်။

အားထုတ်ပုံ အားထုတ်နည်း မှုတည်ကိုက ဗုဒ္ဓနည်းကျ မဟုတ်ဘဲ တစ်ဦးခေါင်း တစ်ပညာသဘောမျိုးနှင့် အားထုတ်ကြ သူတွေ တွေ့ရသည့်အလျောက် အပြောအဆို လွဲမှားမှု၊ အယူအဆလွဲမှားမှုများလည်း တွေ့ရ ကြားရပါသည်။

အပြောအဆို အယူအဆလွဲမှားမှုသည် အားထုတ်မှု လွဲမှား မှုမှ လာခြင်းဖြစ်ပါသည်။ ဓမ္မဒေသနာ ခရီးသည်ဖြစ်သော မိမိ သည် အမြို့မြို့အနယ်နယ်တို့၌ ယင်းတို့နှင့် ကြုံခဲ့ရပါသည်။

http://www.dhammadownload.com



မြို့ကြီးတစ်မြို့၌ (၁၀)ရက်စခန်း တရားပြခိုက် ဖြစ်ပါသည်။ ယောဂီအမျိုးသမီးတစ်စု မိမိထံသို့ ရောက်လာပြီး အရိုအသေ ရှိခိုးဦးချကာ ထိုင်ကြသည်။ ပြီးသော် တစ်ယောက်သော အမျိုးသမီးက လျှောက်ထားသည်–

"ဆရာတော်ဘုရား ဒီမှာရှိတယ်ဆိုတာ ဆိုင်းဘုတ်ကြည့်ပြီး သိလို့ ဝင်လာတာပါဘုရား။ တပည့်တော်တို့ မရှင်းလင်းတာ တစ်ခုလောက် မေးလျှောက်ချင်လို့ပါဘုရား"

"လျှောက်ထားချင်တာက အခြား မဟုတ်ပါဘုရား။ တရားအားထုတ်သူများဟာ သူများပြုစုတာ ခံယူပြီး အားထုတ်မှ တရားအားထုတ်မှ ရနိုင်ပါသလား။ မိမိတို့လုပ်နေကျ ဝေယျာဝစ္စတွေကို ပြုလုပ်ရင်းနှင့်ကော အားထုတ်လို့ ရနိုင်ပါသလားဘုရား"

"ရနိုင်ပါတယ်"

"အချို့က ပြောကြပါတယ်ဘုရား၊ ဝေယျာဝစ္စက မဂ်ဖိုလ်တားတယ်တဲ့။ ဝေယျာဝစ္စက မဂ်ဖိုလ်တားပါသလားဘုရား"

"ကြံကြံဖန်ဖန် ဘယ်ကလာ ဝေယျာဝစ္စက မဂ်ဖိုလ်တား ရမှာလဲ။ ဝေယျာဝစ္စကသာ မဂ်ဖိုလ်တားလျှင် အနာထပိဏ် ကျောင်းဒကာကြီးရဲ့ သမီးတွေ ဘယ်ကလာပြီးတရားရတော့မှာလဲ"

"အမိန့်ရှိပါဦးဘုရား၊ အဲဒီအနာထပိဏ် ကျောင်းဒကာကြီး သမီးတွေ ဘယ်လိုတရားရကြပါသလဲဘုရား"

"ကျောင်းဒကာကြီး အနာထပိဏ်ကို အားလုံးသိကြပါတယ်။ သူ့အိမ်မှာ တစ်နေ့ သံဃာတော်နှစ်ထောင် ဆွမ်းဘုဉ်းပေးကြပါတယ်"

http://www.dhammadownload.com



"နေ့တိုင်းလား ဘုရား"

"နေ့တိုင်းပေါ့"

"နေ့တိုင်းဆိုတော့ တော်တော်... တာဝန်ကြီးလေးပြီး ဝေယျာဝစ္စ များမှာပဲဘုရား"

အေး...သံဃာတော် (၂၀၀၀)အတွက် ဆွမ်းစီမံရတယ် ဆိုတော့ ဝေယျာဝစ္စများပါတယ်။ များတဲ့အထဲမှာ တစ်မျိုးတည်း မဟုတ်ဘဲ အာဂန္တုဆွမ်းက ငါးရာစာ၊ ခရီးသွားဆွမ်းက ငါးရာ စာ။ ယာဂုဆွမ်းက ငါးရာစာ စသည်ဖြင့် အဲဒီလို ခွဲရပါသေး တယ်။

အဲဒီလောက်များတဲ့ ဝေယျာဝစ္စတွေကို ပထမတော့ အနာ ထပိဏ် ကျောင်းဒကာကြီးကိုယ်တိုင် ဦးစီးပြီး ဆောင်ရွက်ပါ တယ်။ နောက်ပိုင်းမှာ အနာထပိဏ် ကျောင်းဒကာကြီးကို သာဝတ္ထိ ပြည်ထဲမှ အလှူများ အပင့်အဖိတ်များလာတော့ အိမ်က ဝေယျာ ဝစ္စတွေကို မလုပ်နိုင်တော့ပါဘူး။

ကျောင်းဒကာကြီးကိုယ်တိုင် မလုပ်နိုင်တော့ သမီးကြီး မဟာ သုဘဒ္ဒါကို သူ့နေရာမှာထားပြီး ဝေယျာဝစ္စ အကြီးအမှူး လုပ်စေ ပါတယ်၊ သမီးကြီး မဟာသုဘဒ္ဒါဟာ အဖေတူသမီးဖြစ်သည့် အလျောက် အဖေ့လက်ရာတွေ တစ်သွေမတိမ်း မိအောင် ကြိုးစား လုပ်ကိုင်ပါတယ်။

ဝေယျာဝစ္စလုပ်ရင်း သင့်တဲ့အချိန်မှာ နာကြားပါတယ်။ နာကြားပြီး ဝေယျာဝစ္စလုပ်ရင်း တရားရှုပွားအားထုတ်ပါတယ်။

"ဘယ်လိုရှုပွားအားထုတ်ပါသလဲဘုရား"

http://www.dhammadownload.com



"ဩော်...အလွယ်လေးပါ၊ ဝေယျာဝစ္စလုပ်ချင်တာကို ရှုရင် 'နာမ်'လို့ ရှုရပါမယ်။ ဝေယျာဝစ္စလုပ်တာကို ရှုရင် 'ရုပ်'လို့ ရှုရပါမယ်"

"ဒီလိုရှုရင်းလုပ်နေရင် ဝေယျာဝစ္စအလုပ်တွေ တွင်ကျယ်ပါဦးမလားဘုရား"

"ဩော်...တရားရှုပွားတယ်ဆိုတာ မူလအခြေအနေမှ တစ်မျိုးတစ်ဖုံပြောင်းပြီး ပြုလုပ်ရတာမှ မဟုတ်တာ။ ရှုရင်းပွားရင်း အလုပ်လုပ်၊ အလုပ်လုပ်ရင်း ရှုပွားပေါ့၊ လွယ်ပါတယ်။

မဟာသုဘဒ္ဒါဟာ အဲဒီလောက်များတဲ့ ဝေယျာဝစ္စတွေ ပြုလုပ်ရင်း နာကြား ရှုပွားအားထုတ်ရာ သောတာပန်ဖြစ်သွားပါ တယ်။ ကဲ...ဝေယျာဝစ္စက မင်္ဂဖိုလ်တားတာဆိုရင် မဟာသုဘဒ္ဒါ တရားရပါ့မလား...

"မရပါဘုရား"

"ဝေယျာဝစ္စက မဂ်ဖိုလ်မတားပါ၊ မဟာသုဘဒ္ဒါဟာ အရွယ် ရောက်တော့ အိမ်ထောင်ကျသွားပါတယ်"

"ဟင်...သောတာပန်က အိမ်ထောင်ပြုပါသေး သလား ဘုရား"

"သောတာပန် အိမ်ထောင်ပြုလို့ အိမ်ထောင်ကျသွားတာ ပေါ့၊ သောတာပန်ဟာ 'တဏှာ'မှ မပယ်သေးဘဲဟာ။ ပြီးတော့ ဝင့်နှင့်ပျော်တဲ့ သောတာပန်ပဲ။ အိမ်ထောင်ပြုသေးတာပေါ့၊ ဝဋ္ဋာဘိရတသောတာပန်တဲ့။ ဝဋ်နှင့်မပျော်တဲ့ သောတာပန်ဆိုရင် ဘယ်အိမ်ထောင်ပြုတော့မလဲ"

http://www.dhammadownload.com



အဲဒီ သောတာပန်ဖြစ်တဲ့ မဟာသုဘဒ္ဒါ အိမ်ထောင်ကျသွားတဲ့အခါ သူ့ရဲ့ညီမ စူဠသုဘဒ္ဒါကို ဝေယျာဝစ္စ အကြီးအမှူးအရာမှာ ထားပြန်ပါတယ်။

အဲ...စူဠသုဘဒ္ဒါလည်း အစ်မကြီးမဟာသုဘဒ္ဒါနည်းတူပဲ၊ ဝေယျာဝစ္စလုပ်ရင်း တရားနာရင်း၊ အားထုတ်ရင်းနဲ့ပဲ မကြာမီ သောတာပန်ဖြစ်သွားပါတယ်။

"ကဲ... ဝေယျာဝစ္စက မင်္ဂဖိုလ်တားသေးလား"

"မတားပါဘုရား"

စူဠသုဘဒ္ဒါလည်း အရွယ်ရောက်တော့ အိမ်ထောင်ကျသွားပြန်ပါတယ်။

"ဟင်...သူတို့ညီအစ်မတွေကလည်း သောတာပန် ဖြစ်ပြီးမှချည်း အိမ်ထောင်ကျကြတာလားဘုရား"

"အင်းပေါ့"

"ဒါဖြင့် စူဠသုဘဒ္ဒါမရှိတဲ့နောက် ဘယ်သူ ဝေယျာဝစ္စ အကြီးအမှူးလုပ်ပါသလဲဘုရား"

စူဠသုဘဒ္ဒါအောက်ငယ်တဲ့ သုမနာဒေဝီက ဝေယျာဝစ္စ အကြီးအမှူးလုပ်ပါတယ်။ သူမလည်းပဲ အစ်မကြီးတွေ နည်းတူ ဝေယျာဝစ္စလုပ်ရင်း၊ တရားနာရင်း၊ အားထုတ်ရင်းနဲ့ပဲ သောတာပန်ဖြစ်ပါတယ်၊ သူမကတော့ အိမ်ထောင်မပြုဘဲ ဝေယျာဝစ္စနဲ့ပဲ ပျော်နေပါတယ်။

အဲဒီလို အိမ်ထောင်မပြုဘဲ ဝေယျာဝစ္စနဲ့ပျော်၊ အိမ်ထောင်

http://www.dhammadownload.com



သားမွေးနဲ့ မပျော်ဘဲနဲ့ နေခဲ့ရာ နောက်ပိုင်းရောက်ခဲ့ရာ သကဒါဂါမ်အထိ ဖြစ်သွားပါတယ်။

"ကဲ...ဝေယျာဝစ္စက မဂ်ဖိုလ်တားသေးလား"

"မတားပါဘုရား"

"အဲဒီအကြောင်းထက် ထင်ရှားတာကိုပြရလျှင် ပို့ပြီးသဘောပေါက်သွားပါလိမ့်မယ်"

"ပြပါဦးဘုရား၊ တပည့်တော်တို့မှာ အဲဒီအတွက် အခက်တွေ့နေလို့ပါ"

ဘာမှ အခက်တွေ့မနေပါနဲ့ ဘုရားရှင်လက်ထက်က သာဝတ္ထိပြည်မှာရှိတဲ့လူတွေကို (၇)ပုံ ပုံပါ။ (၅)ပုံက အရိယာတွေပါတဲ့၊ အဲဒီ အရိယာတွေထဲမှာ သောတာပန်ပါတယ်၊ သကဒါဂါမ်ပါတယ်၊ အနာဂါမ်အထိပါတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ ဘယ်ရိပ်သာ၊ ဘယ်ဆယ်ရက်စခန်း၊ ခုနစ်ရက်စခန်းမှ မရောက်ဖူးကြပါဘူး။ ဟိုတုန်းက အခုလိုရိပ်သာတွေ၊ ဆယ်ရက်၊ ခုနစ်ရက်စခန်းတွေလည်း မရှိပါဘူး။

အားတဲ့အချိန် ကျောင်းသွားတရားနာပြီး အိမ်မှာ မိမိတို့လုပ်နေကျအလုပ်တွေကို ဆောင်ရွက် လုပ်ကိုင်ရင်းနဲ့ အားထုတ်ကြတာပါ။ သူတို့ကို ဘယ်သူတွေ ချက်ပြုတ်ကျွေးလဲ။

"သူတို့ဘာသာ သူတို့ ချက်စားကြပါတယ်ဘုရား"

အေး...ချက်ရင်းနဲ့ အားထုတ်လို့ရပါတယ်။ ထေရိကာထေရီဆိုတာဟာ ထမင်းချက်ရင်းနဲ့ အနာဂါမ်ဖြစ်သွားပါတယ်၊ အနာဂါမ်ဖြစ်မှရဟာန်းပြု (ရဟာန်းမ)ပြုပြီး နောက်ပိုင်းရဟန္တာဖြစ်သွားပါတယ်။

http://www.dhammadownload.com



အေး…ပြောဦးမယ်၊ အဲဒီ သာဝတ္ထိ ပြည်သူပြည်သား (၇)ပုံမှာ (၅)ပုံ အရိယာဖြစ်သွားတော့ (၂)ပုံကျန်ပါတယ်။ အဲဒီကျန်တဲ့ (၂)ပုံကို (၃)ပုံ ပုံပါဦး။ သုံးပုံနှစ်ပုံဟာ ကလျာဏပုထုဇဉ်တွေပါတဲ့။ အန္ဓပုထုဇဉ်ဟာ တစ်ပုံပဲကျန်ပါတယ်။

"ကဲ…ဝေယျာဝစ္စက မက်ဖိုလ်တားသေးလား"

"မတားပါဘုရား"

အေး…ဘုရားရှင်ရဲ့ တရားတော်တွေဟာ ဣရိယာပုတ်မရွေး အားထုတ်လို့ ရပါတယ်။ အလုပ်မရွေး အားထုတ်လို့ရပါတယ်။ နေရာမရွေး အားထုတ်လို့ ရပါတယ်။ အချိန်မရွေး အားထုတ်လို့ရပါတယ်။ မရွေးဘယ်နှစ်ပါးလဲ မှတ်မိလား။

"မှတ်မိပါတယ်ဘုရား"

အလုပ်မရွေး အားထုတ်လို့ ရပါတယ်လို့ မရွေးလေးပါးထဲမှာ ပါနေတယ် မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား"

"ဒါကြောင့် ဝေယျာဝစ္စက မက်ဖိုလ်မတားဘူး မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ၊ သုမနာဒေဝီနှင့် သာဝတ္ထိပြည်သူပြည်သားတွေဟာ ဝေယျာဝစ္စလုပ်ရင်း တရားရသွားကြတယ်လို့ မှတ်ပါ"

"မှန်ပါဘုရား"

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

*ရတနာမွန်မဂ္ဂဇင်း*

*အတွဲ(၂၀)၊ အမှတ်(၁)၊ ၁၉၉၃ခုနှစ်၊ ဇန်နဝါရီလ။*

http://www.dhammadownload.com



# လူသေလျှင်မျှော့ဖြစ်နိုင်ပါသလား

(၁၇)

သတ္တဝါတို့မှာ အထူးထူးသော ဖြစ်ချင်ခြင်း၊ အထူးထူးသော အလိုအာသယ၊ အထူးထူးသော စွဲလန်းမှုရှိကြသည်။ ယင်းသို့ ဖြစ်ရကား သတ္တဝါတစ်ယောက်ဖြစ်ရာ ဘုံဘဝမှ ကျွတ်တမ်းဝေါက်၍ နိဗ္ဗာန်ရောက်ဖို့ရာမှာ မလွယ်ကူလှပါ။

နိဗ္ဗာန်ရောက်ဖို့ မလွယ်ကူသည်မှာ နိဗ္ဗာန်ရောက်ကြောင်း အလုပ်က ခက်ခဲ၍ မဟုတ်ပါ။ မှန်ပါသည်။ နိဗ္ဗာန်သို့ ခုနစ်နှစ်သားသမီးများမှ အစပြုပြီး အသက်ရှစ်ဆယ်ကျော် ကိုးဆယ်ကျော်သူများအထိ နိဗ္ဗာန်ရောက်ကြောင်း အလုပ်ကို လုပ်နိုင်၍ နိဗ္ဗာန်ရောက်သွားကြသူများကို စာပေကျမ်းဂန်၌ အထင်အရှားတွေ့ရပါသည်။

http://www.dhammadownload.com



သို့ဖြစ်ပါလျက် သူ၊ငါများစွာ သတ္တဝါတို့သည် ဖြစ်ရာဘဝမှ ကျွတ်လွတ်၍ နိဗ္ဗာန်သို့ အဘယ်ကြောင့် မရောက်ကြပါသနည်းဟု မေးသော် စွဲလန်းမှုကြီးဟု ဖြေရပါမည်။

စွဲလန်းမှုသည် အလွန်တရာကြောက်စရာကောင်းလှပါသည်။ သို့သော် သတ္တဝါတို့သည် မကြောက်ကြပါ။ ယင်းစွဲလန်းမှုသည် သားစွဲ သမီးစွဲ ပစ္စည်းစွဲ စသည်ဖြင့် များစွာရှိပါသည်။

ယင်းစွဲလန်းစရာများတို့တွင် တစ်ခုခု စွဲလန်းသေသော် ကောင်းရာဘဝ မရောက်နိုင်ပါ။ ယင်းကိစ္စနှင့်ပတ်သက်၍ တစ်ယောက်ကမေး၍ ဖြေခဲ့ရပါသည်။

"အရှင်ဘုရား၊ **လူသေရင် မျှော့ဖြစ်နိုင်ပါသလား**"

"ဖြစ်နိုင်ပါတယ်"

"အရှင်ဘုရား မြင်ဖူး တွေ့ဖူးပါသလားဘုရား"

"ဘုန်းကြီးကိုယ်တိုင်တော့ မတွေ့ မမြင်ဖူးပါဘူး၊ ဒါပေမယ့် လို့ ယုံကြည်လောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ အပြောနဲ့ ပြောရပါတယ်"

"ဒါဖြင့် အဲဒီအကြောင်းကို တပည့်တော် သိချင်ပါတယ်ဘုရား၊ ရှင်းပြပေးတော်မူပါ"

"အင်း...အင်း... အဲဒီအကြောင်းကို ရှင်းမပြမီ အဲဒီအကြောင်းနှင့် ထပ်တူတဲ့အကြောင်းကို ဦးစွာရှင်းပြပါဦးမယ်။ အဲဒီလိုဆိုလျှင် အဲဒီအကြောင်းဟာ ခိုင်လုံသွားပါလိမ့်မယ်"

"မှန်ပါ၊ ရှင်းပြပါဘုရား"

"ဘုရားရှင်လက်ထက်တော်အခါကပေါ့ 'ရှင်တိဿ'ဆိုတဲ့

http://www.dhammadownload.com



ရဟန်းတော်တစ်ပါးရှိတယ်။ ဘုရားရှင်နှင့် ဇေတဝန်ကျောင်းတော်မှာပဲ အတူနေပါတယ်။

ရှင်တိဿဟာ သီလ သမာဓိ ပညာ ရှိပါတယ်၊ ပဋိပတ်လည်း ကျင့်ပါတယ်၊ ပရိယတ်စာပေတွေလည်း တတ်ပါတယ်။ အကျင့်သိက္ခာ ကောင်းပါတယ်။

အဲ...တစ်နေ့မှာ သူ့နှမတော်က သူ့အတွက် သင်္ကန်းလျာပိတ် လှူဒါန်းပါတယ်။ ဟိုတုန်းက ယခုခေတ်လိုချုပ်ပြီး ဆိုးပြီး သင်္ကန်းမရပါဘူး။ ပိတ်ပဲရပါတယ်။ အဲဒီသင်္ကန်းလျာပိတ်ကို တစ်နေ့ သူ့သူငယ်ချင်းရဟန်းများနှင့် အတူချုပ်ပါတယ်။ ဆိုးပါတယ်။ အဲဒီသင်္ကန်းချုပ်,ဆိုးပွဲမှာ သင်္ကန်းလှူတဲ့ သူ့နှမတော်ကပဲ သူတို့ဘုဉ်းပေးဖို့ ဆွမ်းဆက်ကပ်လှူဒါန်းပါတယ်။

အေး...ရှင်တိဿနှင့် အဖော်ရဟန်းတစ်စုဟာ ဆွမ်းခံမထွက်ဘဲ သူ့နှမတော် ဆက်ကပ်လှူဒါန်းတဲ့ ဆွမ်းကိုပဲဘုဉ်းပေးပြီး သင်္ကန်းချုပ်ဆိုးကြပါတယ်။

ညနေပိုင်း သင်္ကန်းချုပ်ဆိုးတဲ့ကိစ္စ ပြီးသွားပါတယ်။ သင်္ကန်းကို အချိုးကျစွာခေါက်ပြီးတော့ အိပ်ရာဘေးနားက ကြိုးတန်းမှာ...

'မနက်ဖြန်ခါ ဝတ်မယ်'လို့ နှလုံးသွင်းပြီး တင်ထားပါတယ်။

ရှင်တိဿဟာ သင်္ကန်းကို မဝတ်သွားရရှာပါ။ အဲဒီညမှာပဲ အစာမကျေတဲ့ရောဂါနဲ့ ပျံလွန်တော်မူပါတယ်။

ရှင်တိဿ ပျံလွန်တော်မူတာက ရုတ်တရက်ဆိုတော့ သူ့ပစ္စည်းတွေ ဘယ်သူ့မှ မပေးနိုင်ခဲ့တဲ့အတွက် 'သံဃိက'

http://www.dhammadownload.com



ဖြစ်သွားပါတယ်။ သံဃာပိုင် ဖြစ်သွားတယ်ပေါ့။ သံဃာပိုင် ဖြစ်တော့ သံဃာတွေက ဝေပုံချဖို့ရာ သင်္ကန်းကို သွားယူပါတယ်။

အဲဒီအခါ သင်္ကန်းခွဲစွဲပြီး 'သန်း'ဖြစ်နေတဲ့ ရှင်တိဿက–

'ငါ့သင်္ကန်းမယူနဲ့'ဆိုတဲ့ သဘောနဲ့ အော်ပါသတဲ့။

အဲဒီအော်တဲ့အသံကို ရဟန်းတော်တွေက မကြားပါဘူး။ မြတ်စွာဘုရားက ဒိဗ္ဗသောတ အသိဉာဉ်နားနဲ့ ကြားလို့ ရဟန်းတော်တွေကို–

"ရဟန်းတို့၊ တိဿသင်္ကန်းကို သင်တို့ ကောက်ယူပြီး ဝေပုံမချနဲ့ဦး၊ ခုနစ်ရက်လွန်မှ ကောက်ယူပြီး ဝေပုံချလို့ မိန့်တော်မူတယ်။

ရှင်တိဿဟာ မနက်ဖြန်ဝတ်မယ်ဆိုတဲ့ စွဲလန်းမှုနဲ့ ပျံလွန်တော်မူသွားတဲ့အတွက် 'သင်္ကန်းစွဲတယ်'လို့ ခေါ်ပါတယ်။ မိမိရဲ့ သီလ သမာဓိ ပညာတွေမစွဲဘဲ သင်္ကန်းစွဲသွားလို့ 'သန်း' ဖြစ်ရပါတယ်။ ကဲ...ရဟန်းကတောင်မှ သန်းဖြစ်နိုင်ပါသေးလျှင် လူသေလျှင် 'မျှော့' မဖြစ်နိုင်ဘူးလား"

"ဒီလိုဆိုတော့လည်း ဖြစ်နိုင်တယ်လို့ ပြောရမှာပေါ့ဘုရား၊ ဖြစ်နိုင်ပုံကို အရှင်ဘုရား...အမိန့်ရှိပါဦးဘုရား"

ဖြစ်နိုင်ပုံကို ပြောရလျှင် ဘုန်းကြီးက...ရဟန်းက 'သန်း' ဖြစ်တဲ့အကြောင်း သင်္ကန်းစွဲလို့ သင်္ကန်းမှာ သန်းပြိတ္တာဖြစ်တဲ့ အကြောင်း၊ မစွဲသင့်ကြောင်း၊ တရားဟောတဲ့အခါ တရားပွဲလည်း ပြီးသွားရော ဦးပဥ္စင်းကြီးတစ်ပါး ရောက်လာတယ်။ ရှိခိုးဦးချပြီး လျှောက်ထားတယ်။

http://www.dhammadownload.com



ဆရာတော်ဘုရား၊ ရဟန်းက သန်းဖြစ်တာနှင့်စာလျှင် ကျောင်းအစ်မ, ရဟန်းအစ်မကြီး မျှော့ဖြစ်တာက တော်သေးတာပေါ့ဘုရား"တဲ့။

"ဟ...ဘယ်ကကျောင်းအစ်မ၊ ရဟန်းအစ်မက မျှော့ဖြစ်သလဲ ပြောစမ်းပါဦး"

"အဲဒါလျှောက်ထားချင်လို့ လာတာပါဘုရား"

"ကဲ...လျှောက်...လျှောက်"

"တပည့်တော်တို့ ရောဝတီတိုင်း(......) မြို့နယ်က(......) ရွာကို ဆရာတော် ရောက်ဖူးပါသလား"

"အင်း...အင်း...ရောက်ဖူးပါတယ်။ တရားလည်းဟောခဲ့ဖူးပါတယ်"

"အဲဒီရွာက ဒကာမကြီး (......)ပေါ့ ဘုရား၊ အဲဒီရွာကျောင်းအစ်မကြီးပဲ၊ အဲဒီရွာကျောင်းဘုန်းကြီးလည်း သိမ်ထဲဝင်ထားတဲ့ ရဟန်းအစ်မကြီးပါပဲဘုရား၊ ဒါပေမယ့် သူလှူတာက နမြောလှူကြီးဘုရား"

"ဘယ်လို နမြောလှူကြီးလည်း ဦးပဥ္စင်း"

"သူ့မှာ ရှိရက်သားနဲ့ မရှိဟန်ဆောင်ပြီး နည်းနည်းပဲ လှူပါတယ်ဘုရား"

"ဩော်–ရှိတဲ့ ပစ္စည်း ကုန်သွားမှာ နမြောလို့ နည်းနည်းပဲ လှူတာကို နမြောလှူပြောတာလား"

"မှန်ပါဘုရား"

ဘုန်းကြီးကတော့ အဲဒါမျိုးကို...

http://www.dhammadownload.com



"သဒ္ဓါရှားပါး၊ ပစ္စည်းများ၊ များပြားမလှူနိုင်'လို့ ပြောပါတယ်။ သဒ္ဓါနည်းလို့ မိမိပစ္စည်း ဝန်တိုတဲ့ မစ္ဆရိယကြောင့် မလှူနိုင်တာပေါ့၊ ကဲ...ဦးပဥ္စင်းကြီးရဲ့ ဇာတ်ကြောင်းကို ဆက် စမ်းပါဦး"

"အဲဒီ နှမြောလှူ ဒကာမကြီးမှာ ယောကျ်ားက ဆုံးသွားတာ ကြာပါပြီဘုရား၊ သူကလည်း အသက်ခုနစ်ဆယ်ကျော်ပါပြီ၊ အဲဒီ အသက်ခုနစ်ကျော်မှာ သေပါတယ်"

"သေသွားတော့ သူ့သားအကြီးက ရှိသမျှသော့တွေ အကုန် သိမ်းထားပါတယ်"

"ဘာဖြစ်လို့ သိမ်းတာလဲ"

"ဩော်...ဆရာတော်ဘုရားကလည်း ရိုးလိုက်တာ၊ အဲဒီလို အမေ၊ အဖေသေရင် သားသမီးတွေမှာ အမွေ မွေတတ်ပါတယ် ဘုရား"

အချို့က အလောင်းတော်မှ မြေမကျသေးဘူး၊ ခိုးကြ၊ ဝှက် ကြပါတယ်ဘုရား၊ အဲဒါကို အတွေ့အကြုံရှိတဲ့ သားကြီးက ခိုးမှာ ဝှက်မှာစိုးလို့ ပစ္စည်းတွေပျောက်မှာစိုးလို့ တရားသဖြင့် ဝေနိုင် အောင် သော့တွေကို သိမ်းထားတာပါဘုရား"

"ဩော်...ဒီလိုလား"

"ဒီလိုပါဘုရား၊ နောက် အလောင်းချပြီး ရက်လည်ဆွမ်း ကျွေးပြီးတဲ့အခါမှာ သားကြီးက လှူကြီးစုံရာရှေ့မှာ သော့ဖွင့်ပါ တယ်ဘုရား၊ ဖွင့်တော့ အခြားပစ္စည်းတွေမှာတော့ မထူးခြားပါ ဘုရား၊ မီးခံသေတ္တာလည်းဖွင့်ရော ထူးပါတယ်ဘုရား"

http://www.dhammadownload.com



"ဘယ်လိုထူးလဲ"

"အဘွားကြီးက မရှိဘူး မရှိဘူးနဲ့ ပြောပြီး သူခွဲနေတာက မီးခံသေတ္တာထဲက ပစ္စည်းကိုဘုရား"

"မီးခံသေတ္တာထဲမှာ ဘာတွေတွေ့လဲ"

"ရွှေတွေကို မန်ကျည်းတောင့်လုပ်ပြီး အပေါ်က ကတ္တီပါအိတ်စွပ်ထားတယ်ဘုရား၊ အဲဒီ ကတ္တီပါအိတ်ပေါ်ကနေပြီး မြွေကြီးက ပတ်ထားတယ်ဘုရား"

"ဟင်…"

"မဟင်နဲ့ ဆရာတော်ဘုရား။ အဲဒါသားကြီးကလည်း ခပ်ရမ်းရမ်းဆိုတော့ အမေမှန်းမသိဘဲ ဒီမြွေကြီး ကြံကြံဖန်ဖန် ဒီမီးခံသေတ္တာထဲမှာဝင်ပြီး ဒီပစ္စည်းကို ပတ်ထားရသလားဆိုပြီး အတင်းဆွဲခွာပြီး မီးပုံထဲထည့်ပြီး မီးရှို့သတ်လိုက်ပါတယ်ဘုရား"

"ဟင်…"

"အဲဒီသတင်း ကျောင်းကဆရာတော်က နောက်မှကြားတယ်။ အဲဒါ အဘွားကြီး ပစ္စည်းစွဲသေလို့ မြွေပြိတ္တာဖြစ်တာတဲ့ဘုရား။ သူ့ခမျာ နှစ်ခါသေရတယ်ဘုရား၊ ဆရာတော်ဘုရား"

"အဘွားကြီး ယခုဆို ဘယ်ရောက်နေပါ့မလဲဘုရား"

"အင်း…သူက ကုသိုလ်မစွဲဘဲ ပစ္စည်းစွဲတော့ ပြိတ္တာဖြစ်၊ မီးရှို့ခံရတော့ အခံရခက် ဒေါသဖြစ်တော့ ငရဲကျမှာပေါ့"

"နှစ်နာလိုက်တာဘုရား"

"မနစ်နာနဲ့ အဲဒါအစွဲ၊ အစွဲ၊ အစွဲကြောင့် ဒုက္ခဖြစ်တာ"လို့ ပြောလိုက်တယ်။

http://www.dhammadownload.com



"ကဲ...လူသေလျှင် မွေးဖြစ်နိုင်ပါသလား ဆိုတာ ရှင်းပြီလား"

"ရှင်းပါပြီဘုရား"

❁ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

http://www.dhammadownload.com



# သေမှ ဗုဒ္ဓဘာသာဖြစ်

( ၁၈ )

ယခု လူတို့မြင်တွေ့နေရသော မျက်မြင်လောကဌ် ကြုံတွေ့နေရသော အဖြစ်အပျက်တို့တွင် အချို့အဖြစ်အပျက်တို့သည် ဆန်းကြယ်ကုန်၏။ အလွန့်အလွန်ပင် ဆန်းကြယ်ကုန်၏။

ယင်းသို့ ဆန်းကြယ်သမျှတို့ကို သိကြရ၊ မြင်ကြရသူတို့မှာ စာပေအဖြစ် မှတ်တမ်းတင်တတ်သူတို့က မှတ်တမ်း တင်ပြသည်ကို ဖတ်ရှုရသည်မှာ အသိဉာဏ်ပွား၍ ကျေးဇူးများလှပါ၏။

အဘယ့်ကြောင့် ကျေးဇူးများသည်ဟု ပြောရပါသနည်းဆိုသော်–

ရှင်တော်ဗုဒ္ဓက–

"ရဟန်းတော်များ၊ အို...ချစ်သားတို့၊ အကြား, အမြင်, ဗဟုသုတတည်းဟူသောလက်နက်ကို ကိုင်ဆောင်ထားသူသည်

http://www.dhammadownload.com



အကုသိုလ်ကို ပယ်ဖျောက်နိုင်၏။ ကုသိုလ်တရားတွေကို တိုးပွား စေနိုင်၏။ မိမိကိုယ်ကို စင်ကြယ်အောင် ရှက်ဆောင်နိုင်၏"

ဟု ဉာဏ်ဗဟုသုတကို 'လက်နက်'လို့ ဟောခဲ့ပြီး ယင်း လက်နက်၏ သတ္တိထက်မြက်ပုံကို ဟောထားသောကြောင့် ဖြစ်ပါ သည်။

မှန်ပါသည်။ ဗဟုသုတ အကြား၊ အမြင် အားနည်းသူ သည် အမှားအမှန်ကို မစိစစ်နိုင်။ အကောင်းအဆိုးအကြောင်း အကျိုးကို မဝေဖန် မပိုင်းခြားနိုင်။ အစွဲအလန်း အင်မတန် ကြီးတတ်ကြ၏။ ဘာသာစွဲ၊ လူမျိုးစွဲ စသည် ကြီးတတ်၏။

ဗဟုသုတ အကြားအမြင်ရှိသူတို့သည် အရာရာမှာ ဝေဖန် ထောက်ချင့်နိုင်စွမ်းရှိ၍ စွဲသင့်မှစွဲ၏။ ယူသင့်မှယူ၏။ မစွဲသင့် သည်ကို မစွဲဘဲ ပယ်နိုင်၏။ လိုက်နာသင့်သည်ကို လိုက်နာ နိုင်၏။

ယင်းကို ထောက်ရှုလျှင် ဗဟုသုတ လက်နက်ကိုင်ဆောင် ရေးသည် အဘယ်မျှ အရေးကြီးသည်မှာ သိသာထင်ရှားလာ ပါ၏။ သိသိသာသာကြီး ထင်ရှားပါ၏။

တစ်ဖန် ရှင်တော်ဗုဒ္ဓ ဟောကြားခဲ့သော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတွင်လည်း 'ဗာဟုသစ္စမင်္ဂလာ'ဆိုတာ တစ်ပါးပါဝင်နေ သည် မဟုတ်ပါလော။

မင်္ဂလာဟူသည်မှာ ကြီးပွားချမ်းသာကြောင်း ဖြစ်၍ ဗဟုသုတ ရှိလျှင် မင်္ဂလာဖြစ်ပါပြီ။ ကြီးပွားချမ်းသာကြောင်း ဖြစ်ပါပြီ။ ယင်း ဗဟုသုတ လက်နက်ကို အသုံးချဖို့သာ လိုအပ်ပါသည်။

http://www.dhammadownload.com



မှန်ပါသည်။ လူတစ်ယောက်တွင် အန္တရာယ် ကာကွယ်ရေးအတွက် လက်နက်ရှိပါလျက် အန္တရာယ်နှင့် ကြုံသောအခါ လက်နက်ကိုအသုံးမပြု၍ အရှုံးတွေ့ရလျှင် မည်သူ၏ တာဝန်နည်း။ မည်သူ၏ ဝန်တာနည်း။

ဗဟုသုတ၏ ဝန်တာကား မဟုတ်ပါ။ လူ၏ဝန်တာသာ ဖြစ်ပါသည်။ သို့ဖြစ်၍ ဗဟုသုတရှာရမည်။ ရှာပြီး အသုံးချရမည်။ ယင်းသို့ အသုံးချရေးအတွက် စာပေပညာရှင်တို့က စာပေအဖြစ် မှတ်တမ်းတင်ပြနေခြင်း ဖြစ်၏။

ယခုတင်ပြမည့် အကြောင်းအရာမှာ မျက်မြင် အဖြစ်အပျက်၊ မျက်မြင်အကြောင်းအရာ မဟုတ်ပါ။ ဉာဏ်မြင်အဖြစ်အပျက် ဉာဏ်မြင်အကြောင်းအရာ ဖြစ်ပါသည်။

ဉာဏ်မြင် အဖြစ်အပျက်မှာလည်း ဘယ်လိုမှ ငြင်းချက်မထုတ်နိုင်အောင် မျက်မှောက်အထောက်အထား အတိအကျရှိနေ၍ ဗဟုသုတလက်နက်အဖြစ် အသုံးချနိုင် တင်ပြခြင်း ဖြစ်ပါသည်။

မျက်မြင်လောက၌ အဖြစ်အပျက်တွေသည်ပင်လျှင် ဆန်းကျယ်၊ အလွန်ဆန်းကျယ်ပါလျှင် ဉာဏ်မြင်အဖြစ်အပျက်တို့မှာ အလွန့်အလွန် ဆန်းကျယ်သည်မှာ ပြောဆိုဖွယ်ရာမရှိပါ။ အဖြစ်အပျက်ကား အသို့ပါနည်း-

ယောဂီရဟန်းတော်၏ မျက်နှာတော်မှာ ကြည်လင်အေးချမ်းနေ၏။

ကိုယ်နေငြိမ်သက် မျက်နှာကြည်လင် အေးချမ်းသည်တို့

http://www.dhammadownload.com



ထောက်ရှုလျှင် ယောဂီ၏စိတ်သည် အလွန်တရာ အေးချမ်းမည်ဟု မှန်းဆနိုင်ပါ၏။

မှန်ပါသည်၊ သတ္တဝါတို့၏ မျက်နှာသည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ် အထင်ရှားဆုံးသော နေရာဖြစ်၏။ စိတ်ချမ်းသာလျှင် မျက်နှာကြည်သည်၊ စိတ်မချမ်းသာလျှင် မျက်နှာ မကြည်လင်။

ယောဂီသည် လောကကြီးနှင့် အဆက်ပြတ်နေသည့်သဖွယ် အေးချမ်းစွာ တစ်နာရီကျော်ကျော် အားထုတ်ပြီးသောအခါ တရားအားထုတ်ရာမှ ထလာ၏။ အမျှအတန်းဝေပြီး တရားအားထုတ်ရာမှ ထလာသောအခါမူ အားထုတ်စဉ်က မျက်နှာနှင့်မတူ တစ်မူထူးခြားနေ၏။

မျက်နှာမှာမူ ရောထွေးသော မျက်နှာဖြစ်နေ၏။ ရောထွေးသော မျက်နှာဟူသည် အေးချမ်းကြည်လင်မှု မရှိတော့ဘဲ သံသယရှိခြင်း၊ အံ့သြခြင်း၊ သိလိုခြင်း၊ မေးမြန်းလိုခြင်း စသည်တို့ဖြင့် ရောထွေးနေသော မျက်နှာကို ခေါ်ပါသည်။

ယောဂီသည် ရောထွေးသောမျက်နှာဖြင့် ဓမ္မရိပ်သာ အကြီးအကဲဆရာတော်ထံသို့ ကြွသွားပြီး ရှိခိုးဦးချကာ မေးလျှောက်၏။

"ဆရာတော်ဘုရား၊ **သေမှ ဗုဒ္ဓဘာသာ ဖြစ်နိုင်ပါသလား**"

"ဩော်...ဗုဒ္ဓဘာသာဖြစ်တယ်ဆိုတာ သေမှလည်းဖြစ်နိုင်တယ်၊ မသေခင်လည်း ဖြစ်နိုင်တယ်။ အချိန်မရွေး ဖြစ်နိုင်တယ်"

"နေပါဦး၊ ယောဂီက ဒီအမေးကို အဆန်းတကျယ် ဘာဖြစ်လို့မေးတာလဲ အကြောင်းကို ပြောစမ်းပါဦး"

http://www.dhammadownload.com



မေ့ရိပ်သာဆရာတော်က ယောဂီကို ပြန်လည် ပြောကြားရင်း အမေးထုတ်နေခြင်း ဖြစ်၏။

"အကြောင်းပြောပါဆိုလျှင် တပည့်တော်တို့ ဘုရားတန်ဆောင်းမှော်ရုံထဲမှာ ခုနက တရားရှုပွားအားထုတ်စဉ်က ထူးခြားမှုတစ်ခု တွေ့ခဲ့လို့ မေးလျှောက်တာပါဘုရား"

"ကဲ...ယောဂီရဲ့ ထူးခြားမှုက ဘယ်လိုလဲ၊ ပြောစမ်းပါဦး"

"တပည့်တော် တရားအားထုတ်လို့ အာရုံကောင်းနေစဉ် ဆယ်ကျော်သက်အရွယ် ကုလားကလေးတစ်ယောက်က လာပြီး ရှိခိုးဦးချတာကို မြင်ရပါတယ်ဘုရား။ တပည့်တော်က စိတ်ထဲက နေပြီး အင်း...ဒီကုလားကလေးက လူမျိုးခြား။ ဘာသာခြား ကလေးပဲ။ ဘာဖြစ်လို့ ငါ့ကိုလာပြီး ရှိခိုးဦးချရတာလဲ မသိဘူးလို့ စဉ်းစားပြီး သိချင်တာနဲ့ မေးလိုက်ပါတယ်"

"မင်းက ကုလားဆိုတော့ လူမျိုးခြား ဘာသာခြားပဲ၊ ငါ့ကို ဘာဖြစ်လို့လာပြီး ရှိခိုးဦးချတာလဲ"

အဲဒီလိုမေးတော့ ကုလားကလေးက သွပ်လက်စွာနဲ့–

"ကျွန်တော် လူ့ဘဝတုန်းက ကုလားလူမျိုးခြား ဘာသာခြားပဲ၊ အခုတော့ ဗုဒ္ဓဘာသာဖြစ်သွားပြီ"

"မင်းက လူ့ဘဝတုန်းက ကုလားလူမျိုးခြား၊ ဘာသာခြား အခု ဗုဒ္ဓဘာသာဖြစ်သွားပြီဆိုတော့ လူ့ဘဝကနေ ဒီမှာ ဘယ်လိုလာပြီး ဘာဖြစ်နေတာလဲ"

"လူ့ဘဝတုန်းက ကျွန်တော်တို့သူငယ်ချင်းတစ်စု ဟိုနားက ရေကန်ကြီးထဲမှာ လူကြီးတွေမသိအောင် ရေခိုးကူးရင်း ကျွန်တော်

http://www.dhammadownload.com



ရေနစ်သေကျန်ခဲ့ပြီး ဒီလိုဖြစ်နေတာလေ"

"ဒီလိုဖြစ်နေတာနဲ့ ဘယ်လို ဗုဒ္ဓဘာသာဖြစ်သွားလဲ"

"အခု ဒီဓမ္မရိပ်သာမှာက အလှူဒါနလှူကြ၊ ဥပုသ်သီတင်း စောင့်သုံးကြ၊ တရားဟောကြ၊ တရားနာကြ၊ ဘုရားရှိခိုးကြပြီး တဲ့အခါ အမျှဝေကြတဲ့အသံတွေ ထပ်ခါထပ်ခါ ကြားနေရတော့ နားလည်ပြီး သဒ္ဓါကြည်ညိုဖြစ်ကာ သာဓုခေါ်ရာမှ ဗုဒ္ဓဘာသာ ဖြစ်သွားပါတယ်"

"ဆရာတော်ဘုရား။ ကုလားကလေးက အဲဒီလို ဖြေပါတယ် ဘုရား။ ဒီဓမ္မာရုံနားက ရေကန်မှာ ရေနစ်သေတဲ့ ကုလားကလေး ရှိဖူးပါသလား"

"ရှိဖူးတာပေါ့၊ နောက်နှစ်နှစ် သုံးနှစ်လောက်က ရေကူး လာကြတဲ့ ကလေးတွေထဲမှာ ကုလားကလေးတစ်ယောက် ရေနစ် သေသွားတယ်"

"ဒါဖြင့် ယောဂီတွေ့တဲ့ ကုလားကလေးက ဒီမှာရေနစ် သေတဲ့ ကုလားကလေး ဟုတ်မှာပဲ။ ကလေးတွေ ရေကူးရင်း ရေနစ်ကြတဲ့အခါ သူတို့အချင်းချင်း ဆယ်ကြရာမှ နှစ်ယောက် ရှင်ပြီး အဲဒီကုလားကလေး ဆယ်မရဘဲ သေသွားတယ်"

"ဒီလိုဆိုရင် ဆရာတော်ဘုရား သတ္တဝါတွေဟာ ဒီမှာသေရင် ဒီမှာပဲ ဖြစ်တယ်ပေါ့ဘုရား"

"ဒီလိုတော့ ကိန်းသေဘယ်ဟုတ်မှာလဲ၊ အချို့က နတ်ဖြစ် တယ်၊ အချို့က လူဖြစ်တယ်၊ အချို့က ငရဲကျတယ်၊ အချို့က တိရစ္ဆာန်ဖြစ်တယ်၊ အချို့က ပြိတ္တာဖြစ်တယ်၊ ကုသိုလ်ကံ

http://www.dhammadownload.com



အားလျော်စွာ ဖြစ်တတ်တယ်။ စွဲရာမှာဖြစ်တတ်တယ်"

"စွဲရာမှာဖြစ်တယ်ဆိုတာ ဘယ်လိုပါလဲဘုရား"

"စွဲရာဆိုတာ များလှပါတယ်၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ သားသမီးစွဲ၊ ဇနီးမယားစွဲ၊ လင်ယောကျ်ားစွဲ၊ ခန္ဓာစွဲ၊ ပစ္စည်းစွဲ စသည်ဖြင့် စွဲရာတွေ များလှပါတယ်"

"ဒါဖြင့် ဒီကုလားလေးက သေရာဌာန စွဲသွားတာလားဆရာတော်ဘုရား၊ သူဖြစ်နေတာ ဘယ်လိုဘဝခေါ်ပါလဲဘုရား"

"ဒီကုလားလေးကတော့ သေရာဌာနစွဲလို့ပဲ ခေါ်ရမှာပဲ၊ သူဖြစ်နေတာက ပြိတ္တာဘုံပေါ့"

"အခု သူက ဗုဒ္ဓဘာသာဖြစ်သွားပြီဆိုတော့ ပြိတ္တာဘုံက မလွတ်သေးဘူးလားဘုရား"

"ဘယ်လွတ်ဦးမလဲ၊ သူ့မှာ လူ့ဘဝတုန်းက ကုသိုလ်ကောင်းမှုမှ မရှိဘဲ၊ အခုသေပြီး ပြိတ္တာဖြစ်ကာမှ သူပြောတဲ့အတိုင်း ဒီကတရားသံ စသည်တွေကြားရပြီး နားလည်ကာကြည်ညိုသဒ္ဓါဖြစ်ပြီး သာဓုခေါ်မှ ဗုဒ္ဓဘာသာပြိတ္တာဖြစ်တာ။ ဆက်လက်ပြီး သာဓုများစွာခေါ်နိုင်မှ ကျွတ်မှာ"

"တပည့်တော် သိချင်တာ သိရ၍ သံသယရှင်းသွားပါပြီဘုရား"

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

*ဓမ္မဂီရိမဂ္ဂဇင်း*

*အတွဲ(၁)၊ အမှတ်(၆)၊ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ။*

http://www.dhammadownload.com



# မြေးကိုခွဲချစ်ပြီတာဖြစ်

( ၁၉ )

"ဟ…မင်းကျော်၊ ဘယ်လို ဘယ်လို ရဟန်းဖြစ်သွားတာလဲ၊ မနှစ်ကလည်း မတွေ့ပါလား"

မိမိသည် ဓမ္မဒေသနာ ခရီးသည်ဖြစ်သည့်အလျောက် ဆယ်ရက်စခန်း တရားတစ်ပွဲမှ တစ်ပွဲသို့အကူး ကြိုဆိုနေကြသူ လူ့ရှင့်ရဟန်းအများမှ ရဟန်းသစ်တစ်ပါးကို မေးလိုက်ခြင်းဖြစ်ပါသည်။

မေးရခြင်းမှာ ယင်းဦးပဥ္စင်းသစ်သည် မိမိ၏ယော်တပည့် ဟောင်း ဖြစ်ပြီး မနှစ်က မတွေ့ရဘဲ ယခုနှစ်မှ တွေ့ရပြန်တော့ ပဥ္စင်းဝတ်နှင့် ဖြစ်နေ၍ ဘွဲ့မသိရသေးကား အမည်ကိုပဲ ခေါ်၍ မေးလိုက်ခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



"တပည့်တော်၊ မနှစ်က ဒီမှာမရှိပါဘုရား။ ရန်ကုန်ရောက်နေလို့ ဆရာတော်နှင့် မတွေ့ရတာပါဘုရား။ ယခု ဒီစခန်း မတိုင်မီကလေးကမှ ရဟန်းဖြစ်တာပါဘုရား"

"ဘယ်လိုစိတ်ကူးနဲ့ ဝတ်တာလဲ၊ ရဟန်းဝတ်ကြောင်းကို ပြောပြစမ်းပါဦး"

မင်းကျော်မှာ မိဘများ၏ တစ်ဦးတည်းသောသားဖြစ်သည်။ သာမန်အကြောင်းနှင့် ရဟန်းမဖြစ်နိုင်၊ သို့ဖြစ်၍ အကြောင်းထူးကို သိချင်သဖြင့် မေးမြန်းခြင်းဖြစ်ပါသည်။

"မှန်ပါ ဆရာတော်ဘုရား။ တပည့်တော် ရဟန်းဝတ်ခြင်း အကြောင်းရင်းကို ပြောရရင် အရှည်ကြီးပါဘုရား၊ နောက်မှ တပည့်တော် အေးအေးဆေးဆေး လာရောက်လျှောက်ထားပါ့မယ်ဘုရား"

"အေး...အေး၊ ကောင်းပါတယ်"

တစ်နေ့ အားချိန်၊ နားချိန် ဦးပဋ္ဌင်းမင်းကျော်ရောက်လာသည်။ ရောက်ရောက်ချင်း မိမိကမေးလိုက်ပါသည်။

"ဘာလဲ ရဟန်းဝတ်ကြောင်း ပြောမလို့လား"

"မှန်ပါဘုရား"

"ကဲ...ပြောစမ်းပါဦး"

"တပည့်တော်ရဲ့အဘိုး ဆုံးသွားတာ (၁၇)နှစ်ရှိပါပြီဘုရား။ တပည့်တော်တို့က နှစ်တွေကြာပြီမို့ ကျွတ်လောက်ပြီထင်ပါတယ်ဘုရား။ မကျွတ်မှန်း ဒီနှစ်သီတင်းကျွတ်မှ သိရပါတယ်ဘုရား"

"ဘယ်လိုလုပ် သိရတာလဲ"

http://www.dhammadownload.com



"ဟို...စောစောကလည်း အမြင်အကြားရသူ နှစ်ယောက် သုံးယောက်က ဒီအိမ်မှာ အိမ်အကြီးအကဲတစ်ယောက် မကျွတ်ဘဲ ရှိနေတယ်လို့ ပြောပါတယ်ဘုရား။ တပည့်တော်တို့က မယုံပါ ဘုရား"

"ယခုတော့ ဘယ်လိုယုံသွားသလဲ၊ ပြောစမ်းပါဦး"

"ယခုတော့ အမေ့ကို ဝင်ပူးပြောတော့ ယုံရပါတယ် ဘုရား"

"ဘယ်လို ဝင်ပူးပြောသလဲ၊ ပြောစမ်းပါဦး"

အမေဟာ တစ်နေ့ညနေ တုန်တုန်ရီရီနှင့် ဖြစ်လာပြီး–

"ငါမကျွတ်သေးဘူး။ ငါ့အတွက် ငါ့မြေးမင်းကျော်ကို ရဟန်းခံပြီး ကုသိုလ်အဖို့ဘာဂကို အမျှဝေပေးမှ ကျွတ်မယ်"

လို့ ပြောတော့ ယုံရပါတယ်ဘုရား။

"ကဲ...တစ်ခြားတစ်ကောင်ကောင်က လာပူးပြီး အယောင် ဆောင်ပြောရင်ကော မဖြစ်နိုင်ဘူးလား"

"ဒါကတော့ မဖြစ်နိုင်ပါဘုရား"

"ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ"

"တပည့်တော်တို့က အသေအချာ စစ်ဆေးကြည့်လို့ပါ ဘုရား"

"ဘယ်လိုစစ်ဆေးလဲ၊ စစ်ဆေးပုံကို ပြောစမ်းပါဦး"

"မြေး...မင်းကျော်တော့ ဟုတ်ပါပြီ၊ သင်က ဘယ်သူရဲ့ အဖေလဲ၊ အမေ့ရဲ့အဖေလား၊ အဖေရဲ့အဖေလားလို့ မေးတဲ့အခါ–

"နင်တို့က ငါ့ကိုမယုံဘူးလား။ ငါမသိဘူးမှတ်နေလား၊ ငါ မင်းကျော် အဖေရဲ့အဖေ လူမင်းပါကွလို့ ပြောပါတယ်ဘုရား"

http://www.dhammadownload.com



"ဒါနဲ့ တပည့်တော်အဖေက–

"အဖေဘာဖြစ်နေလဲ"လို့ မေးတဲ့အခါ–

"သေခါနီးမှာ မြေးမင်းကျော်ကို စွဲချစ်ပြီး သေသွားလို့ ဒီအိမ်မှာပဲ ပြိတ္တာဖြစ်နေတယ်လို့ ဖြေပါတယ်ဘုရား"

"သေခါနီးမှာ ဘယ်လို မင်းကျော်ကို စွဲချစ်သွားလဲ"

"အဖိုးသေခါနီးမှာ မင်းကျော်ကို ခေါ်ပေးစမ်းလို့ တပည့်တော်ကို ခေါ်ခိုင်းလို့ အနားသွားတဲ့အခါ တပည့်တော်လက်ကို ကိုင်ပြီး ဆုံးသွားပါတယ်ဘုရား"

"အေး...မင်းကျော်ကို ဒီအဖိုးက ဘာဖြစ်လို့ ဒီလောက် စွဲချစ်ရတာလဲ"

"တပည့်တော်က သူ့ရဲ့အဖေသေလို့ ဝင်စားတာတဲ့ဘုရား"

"ဟ...မင်းကျော်တို့ ဇာတ်လမ်းကလည်း ခပ်ဆန်းဆန်းပါလား၊ ကဲ...မင်းကျော်ကို အဖိုးရဲ့အဖေလို့ ဘယ်လိုသိလဲ"

"တပည့်တော်မွေးတဲ့အခါ အဖိုးရဲ့အဖေမှာ အသက်ထင်ရှားရှိစဉ်က မြွေကိုက်ခံရတဲ့ ဒဏ်ရာရယ်၊ တံဇဉ်ထိတဲ့ ဒဏ်ရာရယ် ဒဏ်ရာနှစ်ခုဟာ ထင်ထင်ရှားရှား ပါလာပါတယ်ဘုရား"

"ဘယ်နေရာတွေမှာ ပါတာလဲ၊ ပြစမ်းပါဦး"

"ဒီခြေထောက်မှာ မြွေကိုက်တဲ့ ဒီဒဏ်ရာနဲ့ ဒီလက်မှာ တံဇဉ်ထိတဲ့ ဒဏ်ရာနှစ်ခုပါဘုရား၊ အဲဒီဒဏ်ရာနှစ်ဟာ တပည့်တော်မွေးကတည်းက အထင်အရှားပါလာပါတယ်ဘုရား"

"တပည့်တော်ရဲ့ အဖိုးရဲ့အဖေရဲ့ နာမည်က 'ဘိုးဟန်'ပါတဲ့ဘုရား၊ တပည့်တော်ကို ယခုဝင်ပူးတဲ့ အဖိုးက ဟိုအသက်ထင်ရှား

http://www.dhammadownload.com



ရှိစဉ်က ရိုက်မယ်လုပ်တဲ့အခါ တပည့်တော်က သူ့အဖေရဲ့နာမည်ကို 'ငါဘိုးဟန်ကွ'လို့ အော်ပြောလိုက်ရင် အဖိုးဟာ တပည့်တော်ကို မရိုက်တော့ဘူးတဲ့ဘုရား"

"ဒဏ်ရာနှစ်ခုကလည်းပါတယ်၊ အထင်အရှားပါနေတယ်၊ တပည့်တော်ကလည်း ရိုက်မယ်လုပ်တိုင်း 'ငါဘိုးဟန်ကွ'လို့ချည်း ပြောတယ်၊ သူ့အဖေဘိုးဟန် အမူအရာတွေလည်း အကုန်တူလို့ သူ့အဖေ ဝင်စားတယ်ဆိုပြီး အဘိုးဟာ တပည့်တော်ကို အသက်ထင်ရှားစဉ်က သိပ်ပြီးစွဲချစ်ပါတယ်ဘုရား"

"အေး...အသက်ထင်ရှားရှိစဉ် စွဲချစ်တာတော့ ဟုတ်ပါပြီ၊ သေခါနီးစွဲချစ်တော့ ပြိတ္တာဖြစ်တာ ခက်တာပေါ့"

"မှန်ပါ၊ ခက်ပါတယ်ဘုရား"

"ကဲ...ဆက်ပြောစမ်းပါဦး။ ပြိတ္တာဖြစ်တော့ ဘယ်လိုနေရစားရလဲ၊ မေးကြည့်သေးလား"

"မှန်ပါ မေးကြည့်ပါတယ်ဘုရား။ တပည့်တော်အိပ်တဲ့ ခေါင်းရင်းနားမှာ နေပါတယ်တဲ့ဘုရား။ အိမ်ကို သံဃာတွေကြွလာရင် ရှောင်သွားပြီး သံဃာတွေ ပြန်ကြွသွားရင် သူပြန်လာပါတယ်တဲ့ဘုရား"

"သူ့မှာ စားစရာသောက်စရာ အတော်ရှားပါးနေပါတယ်၊ ဝတ်စရာ နေစရာလည်း ဆင်းရဲနေပါတယ်၊ မင်းကျော်ကို ရဟန်းပြုပြီး အမျှဝေပေးရင် စားရ, သောက်ရ, ဝတ်ရ နေရပါလိမ့်မယ်လို့ ပြောပါတယ်ဘုရား"

"အေး...မင်းကျော်အဖိုး ဆုံးသွားတာ ဘယ်နှစ်နှစ်ရှိပြီလဲ"

http://www.dhammadownload.com



"တပည့်တော်အသက် (၁၁)နှစ်သားအရွယ်က သေသွားတာပါ။ ယခုတပည့်တော်အသက် (၂၇)နှစ်ရှိပြီမို့ (၁၇)နှစ်ရှိပါပြီ ဘုရား။ တပည့်တော်တို့က သေချိန်မှစပြီး ယခုအချိန်အထိ ခြောက်ခြင်း၊ လှန့်ခြင်းမရှိတော့ ကျွတ်သွားပြီလို့ ထင်နေကြပါတယ်ဘုရား"

အေး...သတ္တဝါတစ်ယောက် နိဗ္ဗာန်ရောက်ဖို့ဆိုတာ အသာထားပါဦး၊ အပယ်မကျဘဲနဲ့ လူ့ဘုံ, နတ်ဘုံတို့လို ကောင်းရာသုဂတိရောက်ဖို့တောင် အတော်ခဲယဉ်းလှပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သားစွဲ၊ သမီးစွဲ၊ ဇနီးမယားစွဲ၊ လင်ယောကျ်ားစွဲ၊ အိုးစွဲ၊ အိမ်စွဲ၊ ပစ္စည်းစွဲ၊ ခန္ဓာကိုယ်စွဲ စတဲ့အစွဲတွေက သိပ်ပြီးတော့ များတဲ့အတွက်ကြောင့် စွဲရာမှာ ပြိတ္တာဖြစ်တတ်တယ်၊ သို့မဟုတ် တိရစ္ဆာန်လည်း ဖြစ်တတ်ပါတယ်၊ သို့မဟုတ် ငရဲလည်းကျတတ်တယ်။

မိမိတို့ပြုထားတဲ့ ဒါန သီလ ဘာဝနာ စတဲ့ ကုသိုလ်တရားတွေကို စွဲရမှာ မစွဲဘဲ သားသမီးပစ္စည်းစတဲ့ မစွဲသင့်တဲ့ အာရုံတွေကိုသာ အစွဲသန်တဲ့အတွက် အပါယ်ငရဲကျကြတာပါ။

မိမိတို့ပြုထားတဲ့ ဒါန သီလ ဘာဝနာ စတဲ့ ကုသိုလ်တွေကို အာရုံပြုပြီး စွဲလန်းသေမှ လူနတ်ဆိုတဲ့ ကောင်းရာသုဂတိကို ရောက်မှာပါ။ အဲဒါကြောင့်မို့ သေခါနီးမှာ အစွဲမများဖို့ အရေးကြီးပါတယ်။

ယခု မင်းကျော်အဖိုးက မင်းကျော်ကို ပဋ္ဌင်းခံစေပြီး အမျှဝေခိုင်းတယ်၊ မင်းကျော်လည်း တရားကို ကြိုးစားအားထုတ်ပြီး အချိန်တိုင်း မိမိအဖိုးကို ဖိတ်ပြီး အမျှဝေပေးပါ။

http://www.dhammadownload.com



တမလွန်ဘဝကို ပြောင်းသွားသူကို ကယ်နိုင်တာဟာ ကုသိုလ်ပြုပြီး အမျှဝေခြင်းသာလျှင် ဖြစ်တယ်။

"အဲဒီလို အမျှဝေတာလည်း တစ်ခါ နှစ်ခါလောက်နဲ့ မပြီးသေးပါ။ အကြိမ်ကြိမ် ကုသိုလ်ပြုပြီး ဝေနိုင်ပါမှ အဆင့်ဆင့်မြင့်ပြီး ကျွတ်နိုင်ပါတယ်။ ဒါကြောင့် မင်းကျော် ဒီဆယ်ရက်စခန်း ပြီးသွားသော်လည်း မထွက်သေးဘဲ နောက်ဆယ်ရက်စခန်းလည်း ဆက်လိုက်ဦးနော်"

"မှန်ပါဘုရား"

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

*မြတ်ဆုမွန်ဘာသာရေးမဂ္ဂဇင်း*
*အတွဲ(၆)၊ အမှတ်(၇)၊ ၁၉၉၃ ခုနှစ်၊ ဇွန်လ။*

http://www.dhammadownload.com



# ဘုရားကကယ်တာလား

( ၂၀ )

"ဒီနေ့ နန့်ဟီလားတို့မိသားစု ဆွမ်းကပ်မှာတဲ့"

ဟူ၍ ပြောဆိုသံများမှာ အခါခါ ကြားနေရပါသည်။ ဟုတ်ပါသည်။ ခါတိုင်းနေ့တွေမှာ ဆွမ်းဒကာကို ဆွမ်းကပ်ခါနီးမှသာ ကြေညာ၍ ကြားလိုက်ရပါသော်လည်း ယနေ့မူ လူပြောသူပြော အများပြောနဲ့ အခါခါ ကြားနေပါသည်။

ဆွမ်းကပ်ချိန်တန်၍ မိမိဆွမ်းစားဝိုင်း ထိုင်သည်နှင့် ရှေ့ညောင်ပင်ရိပ်သာ ဂေါပကလူကြီးတစ်ယောက်က–

"ဆရာတော်ဘုရား၊ ဒါက ဒီကနေ့ဆွမ်းကပ်တဲ့ နန့်ဟီလားတို့ မိသားစုပါဘုရား"

ဟု နန့်ဟီလားကို လက်ညှိုးညွှန်ကာ လျှောက်ထားလေ၏။

မိမိလည်း ဆွမ်းစားခါနီးပြီမို့ အထူးအထွေ မမေးမပြောတော့ဘဲ–

http://www.dhammadownload.com



'အင်း…အင်း…'ဟု အင်း…ချကာ ဆွမ်းစားပါတော့သည်။ ဆွမ်းစားပြီးသောအခါ–

"အင်း…မိသားစုအများထဲမှာ ဒီနန့်ဟီလားကိုပဲ ခေါ်င်းတပ်ပြီး ပြောနေကြတာကို ထောက်ရှုရင် နန့်ဟီလားနှင့် ပတ်သက်၍ အကြောင်းထူးရှိရမယ်"

ဟု မိမိစဉ်းစားမိပါသည်။ သို့နှင့် နန့်ဟီလားအား ဂေါပကလူကြီးတစ်ယောက်ကို ခေါ်ခိုင်းလိုက်ပါသည်။

ရွှေညောင်ပင်ရိပ်သာမှာ ရောဝတီတိုင်း ကျုံပျော်မြို့နယ်မြောက်ပိုင်း၌ တည်ရှိသော မိမိ၏ ၁၀ ရက်စခန်း ရိပ်သာအများမှ တစ်ခုဖြစ်ပါသည်။

ဗောဓိညောင်ပင်ကြီးအောက်၌ ယာယီ အဆောက်အအုံများဆောက်လုပ်၍ ၁၀ ရက်စခန်း တရားကျင့်သုံးပွဲ ကျင်းပသည့်ဌာနကို မိမိကပင် 'ရွှေညောင်ပင်ရိပ်သာ'ဟူ၍ အမည်ပေး ခေါ်တွင်ထားခြင်း ဖြစ်ပါသည်။

နန့်ဟီလားနှင့် အခေါ်လွှတ်လိုက်သော ဂေါပကလူကြီးတို့ရောက်ရှိလာပြီး ရှိခိုးဦးချကာ ထိုင်နေကြသည်။

"အေး…နန့်ဟီလား၊ နန့်ဟီလားနှင့် သူများတွေထက် ထူးပြီးပြောသံကြားနေလို့ ထူးခြားချက်တော့ရှိမယ်လို့ တွေးပြီး သိချင်တာနဲ့ ခေါ်ခိုင်းတာပါ"

ထိုအခါ ခေါ်လာခဲ့သော ဂေါပကလူကြီးက–

"သူက ဘာသာခြားပါဘုရား"ဟု လျှောက်ထားလေ၏။

"သြော်…ဒီလိုလား၊ ဒါကြောင့် နန့်ဟီလား၊ နန့်ဟီလားနဲ့

http://www.dhammadownload.com



ခဏာခဏ ပြောသံကြားနေတာကိုး"

"မှန်ပါဘုရား"

"ကဲ...ဒါဖြင့် နန့်ဟီလားကို မေးစမ်းပါရစေ၊ ဘာသာခြား ကနေပြီး ယခု ၁၀ ရက်စခန်းမှာ ဆွမ်းကပ်မယ့် အခြေအနေသို့ ဘယ်လို ပြောင်းလဲလာတာလဲ"

"မှန်ပါဘုရား၊ တပည့်တော်တို့ မိသားစုအားလုံးဟာ ယခင် က ဘာသာခြားတွေပါ ဘုရား"

"တပည့်တော်ရဲ့ အစ်ကို၊ အစ်မတွေ အိမ်ထောင်ကျကုန် ပါပြီ၊ အိမ်မှာ တပည့်တော်နဲ့ နန့်ဟီမျို နှစ်ယောက်ပဲ ရှိပါတော့ တယ်ဘုရား"

"ယခင်ကတည်းက ဗုဒ္ဓတရားတော်တွေကို ကောင်းမှန်း သိပေမယ်လို့ သိမ်မွေ့နူးညံ့လွန်းလို့ မလိုက်နာနိုင်တာနဲ့ ဗုဒ္ဓဘာသာ တရားတော်ကို မစမ်းသပ်ကြည့်ဘဲ ရိုးရာဘာသာနဲ့ပဲ နေခဲ့ပါတယ် ဘုရား"

"နောက်ပိုင်းမှာ ဆရာမသင်တန်းတက်တဲ့အခါ တပည့်တော် ရဲ့ ဆရာမကြီးက သိပ်ပြီးသိမ်မွေ့နူးညံ့တာကို တွေ့ရတဲ့အတွက် ဆရာမကြီးကို အတော်အားရ ကျေနပ်ကြည်ညိုမိပါတယ်ဘုရား"

"အဲဒီလို ကြည်ညိုနေရာမှ တစ်နေ့မှာ ဆရာမကြီးက–

"နန့်ဟီလား၊ ပုတီးစိပ်ကြည့်စမ်းပါလား"

လို့ ပြောဆိုပြီး ဂုဏ်တော်တစ်ပါးလျှင် ပုတီးသုံးပတ်စီ စိပ်ဖို့ ဂုဏ်တော်ပုတီးစိပ်နည်း သင်ပေးပါတယ်ဘုရား"

"တပည့်တော်လည်း ဆရာမကြီးကို ကြည်ညိုလေးစားတာနဲ့

http://www.dhammadownload.com



ယုံကြည်စွာပဲ ကြိုးစားပြီး ပုတီးစိပ်ရာ အင်မတန် အေးငြိမ်းချမ်းသာမှုကို နှစ်ခါရပါတယ်ဘုရား"

"အေး…ဗုဒ္ဓတရားတော်တွေဟာ ကြားနာရုံပင် အပူစင်၍ ကျင့်လျှင်ချမ်းသာဆိုတာ ယခုလက်တွေ့ တွေ့တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"လက်တွေ့ဖြစ်တဲ့အတွက် ဆရာမ ဖြစ်တော့လည်း ယုံကြည်စွာနဲ့ အရပ်မှာပြန်ပြီး ဆရာမဖြစ်ဖို့ အာရုံပြုပြီးစိပ်ရာ မကြာမီ အရပ်မှာပြန်ပြီး ဆရာမဖြစ်ပါတယ်ဘုရား"

"အရပ်ရောက်တော့လည်း ယုံကြည်စွာနဲ့ ပုတီးစိပ်ရာ တစ်ချိန်မှာ တပည့်တော်တို့ဆရာမ (၃၂)ယောက်ကို စက်ဘီး(၇)စီး မဲချရောင်းပါတယ်ဘုရား"

"တပည့်တော် စက်ဘီးသိပ်လိုချင်နေတာနဲ့–

"စက်ဘီးမဲပေါက်ရင် ဗုဒ္ဓဘာသာကို ယုံကြည်ပါပြီ၊ ဗုဒ္ဓဘာသာထဲ အပြီးပြောင်းတော့မယ်၊ မပေါက်ရင် ရိုးရာဘာသာထဲမှာပဲနေမယ်"

လို့ အဓိဋ္ဌာန်ပြီး ပုတီးစိပ်ရာ စက်ဘီးမဲပေါက်ပါတယ်ဘုရား"

"ဘာသာတစ်ခုက ဘာသာတစ်ခုသို့ ကူးပြောင်းတယ်ဆိုတာ သာမန်ယုံကြည်မှုနဲ့ ဖြစ်နိုင်တာမဟုတ်လို့ ဗုဒ္ဓဘာသာထဲ မပြောင်းသေးဘဲ ရိုးရာဘာသာနဲ့ပဲ နေနေပါသေးတယ်ဘုရား"

"တစ်နေ့တော့ အိပ်မက်လား၊ ဘယ်လိုလား မပြောတတ်အောင်ပါဘုရား၊ ဘုရားတပည့်တော် ချမ်းသာကင်းရာ စက်ဆုပ်ဖွယ်ရာ ကြောက်စရာအရပ်သို့ ရောက်သွားပါတယ်ဘုရား၊ အဲဒီ

http://www.dhammadownload.com



အရပ်က ကျောင်းကြီးကျောင်းငယ်တွေနဲ့ နံစော်ညှီပုပ်နေပါတယ်ဘုရား။ သတ္တဝါတွေလည်း အများကြီးပါဘုရား"

"တပည့်တော်ရောက်သွားတဲ့ တလံပတ်လည်လောက်မှာတော့ အနံ့အသက်ကင်းပြီး သန့်ရှင်းကြည်လင်နေပါတယ်ဘုရား"

"တပည့်တော်ရောက်သွားလို့ မကြာမီမှာဘဲ ကြောက်စရာလည်းကောင်း၊ အားခွန်ဗလလည်းကောင်းတဲ့ ခါးတောင်းကြိုက်နဲ့ လူမည်းမည်းကြီး ရောက်လာပြီး–

"နင့်ကို ဆရာကြီးဆီ ပို့ရမယ်"

လို့ ပြောပြီး ခေါ်ပါတယ်ဘုရား၊ အဲဒီအခါ တပည့်တော်က–

"ကျွန်မကို ဆရာကြီးဆီ ပို့စရာမလိုပါ၊ ကျွန်မကို ကျွန်မနေရာ ပြန်ပို့ပါ၊ ဒီနေရာဟာ ကျွန်မနေရာ မဟုတ်ပါ"

လို့ ပြောဆို ငြင်းဆန်စဉ် ဝင်းဝင်းလက်လက် ပြိုးပြိုးပြက်ပြက် အရောင်ထွက်နေတဲ့ အရာဝတ္ထုတစ်ခု တပည့်တော်ဆီ လာနေတာတွေ့တော့ တပည့်တော်ဟာ အားကိုးစရာ တစ်ခုပဲလို့ စဉ်းစားပြီး လက်နှစ်ဖက်နဲ့ လှမ်းဆုပ်လိုက်ပါတယ်ဘုရား"

"ဆုပ်လည်းဆုပ်၊ တအားကုန်လည်း ခုန်လိုက်ရာ အိမ်ပေါ် ပြန် ရောက်လာပါတယ်ဘုရား၊ အိမ်ပေါ်ရောက်တော့ လက်ထဲက အရာဝတ္ထုဟာ ပျောက်သွားပါတယ်ဘုရား"

"အဲဒီအရာဝတ္ထုဟာ ဘာလဲလို့ နန့်ဟီလား သိလိုက်လား"

"တပည့်တော်အထင်တော့ ရုပ်ပွားတော်၊ ဆင်းတုတော်လေးတစ်ဆူလို့ ထင်ပါတယ်ဘုရား"

http://www.dhammadownload.com



"ဆရာတော်ဘုရား၊ တပည့်တော် ပြန်တွေးကြည့်တဲ့အခါ တပည့်တော်ရောက်ခဲ့တဲ့ ချမ်းသာကင်းရာ စက်ဆုပ်ဖွယ်ရာ ကြောက်စရာအရပ်နဲ့ တပည့်တော်တို့အိမ်ဟာ ဝါးတပြန်မဟုတ်ပါ ကန့်လန့်ထားတဲ့ ဝါးတစ်လုံးလောက်ပဲ ဝေးပါ၊ ခြားပါတယ် ဘုရား။ မမြင်ရ၊ မတွေ့ရလို့သာ လူတွေက မယုံကြည်ကြတာပါဘုရား"

"တပည့်တော်ကတော့ မျက်မြင်ကိုယ်တွေ့မို့ ယုံကြည်ပါပြီ ဘုရား၊ ဆရာတော်ဘုရား၊ တပည့်တော်ကို အဲဒီချမ်းသာကင်းရာ အရပ်က လွတ်မြောက်အောင် ကယ်တင်တာဟာ ဘုရားက ကယ်တင်တာလားဘုရား"

"အင်း...အင်း...နန့်ဟီလားက မေးတတ်တယ်၊ ဘုန်းကြီးတို့ ဗုဒ္ဓက လမ်းညွှန်ဗုဒ္ဓပါ၊ ကယ်တင်ရှင်ဗုဒ္ဓ မဟုတ်ပါ၊ ဗုဒ္ဓက အများအမှန် အကောင်းအဆိုး အကြောင်းအကျိုး ကုသိုလ် အကုသိုလ်စသည့် ခွဲခြားပြီး ဟောညွှန်တဲ့ လမ်းညွှန်ဗုဒ္ဓပါ။ အဲဒီ ဗုဒ္ဓဟောညွှန်တဲ့ တရားတော်အတိုင်း လိုက်နာကျင့်ကြံသူကို တရားတော်က ကယ်တင်ပါတယ်။ တရားကျင့်သူကို ကျင့်တဲ့ တရားက ပြန်စောင့်ပါတယ်ဆိုတဲ့အတိုင်း နန့်ဟီလားကို ဝေးရပ်မြေက ကိုယ့်ရပ်မြေ ပြန်ရောက်အောင် စက်ဘီးလည်းပေါက် အောင် ချမ်းသာကင်းရာအရပ်က အိမ်ပေါ်ပြန်ရောက်အောင် ကယ်တင်တာဟာ နန့်ဟီလားစိပ်နေတဲ့ '**ဗုဒ္ဓနုဿတိဘာဝနာတရား**'က ကယ်တင်တာပါ"

"မှန်ပါဘုရား၊ တပည့်တော်လည်း ချမ်းသာကင်းရာအရပ်က ပြန်ရောက်ပြီးကတည်းက ဗုဒ္ဓတရားတော်ကို အကြွင်းမဲ့ ယုံကြည်

http://www.dhammadownload.com



ပြီး ဒီရွှေညောင်ပင်ရိပ်သာသို့ ညီအစ်ကိုမောင်နှမတွေကို စည်းရုံးကာ ဆွမ်းကပ်လှူတာပါဘုရား”

“ဩော်...ဒီလိုလား။ ဒါကြောင့် နန့်ဟီလားကိုပဲ ခေါင်းတပ်ပြီး ပြောနေကြတာကိုး”

နန့်ဟီလားသည် ယခုအခါ သူ့အမိအဖနှစ်ပါးနှင့်အတူနေပြီး အိမ်ကိုလည်း အသစ်ပြင်ဆင်ကာ ရုပ်ပွားတော်၊ ဆင်းတုတော်ကိုးကွယ်ခြင်း၊ အိမ်တက်ပရိတ်တရားနာကို ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ ဝါဆိုသင်္ကန်းလှူဒါန်းခြင်း၊ ကုသိုလ်မင်္ဂလာများကို ပြုလုပ်ဆည်းပူးပြီးသွားပေပြီ။ သဒ္ဓါစစ်မှန်သော ဗုဒ္ဓဘာသာကောင်း တစ်ယောက် ဖြစ်သွားပေပြီ။

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

http://www.dhammadownload.com



# ဖူးစာရေးနတ်ဆိုတာရှိပါသလားဘုရား

## ( ၂၁ )

လူတို့သည် အများအားဖြင့် ပြောသံကြားမှုကိုသာ အယုံအကြည် အစွဲဥပါဒါန် ပြုကြလေသည်။ အကြောင်းရင်းကို အသေအချာ ရှာဖွေစိစစ်သူ အတော်ပင် နည်းပါးကြသည်။

ယင်းသို့ လူပြောသူပြော အများပြောစကားမှုကိုသာ အခိုင်အမာ စွဲမြဲယူဆ နေထိုင်ကြသူတို့မှာ မှားစရာရှိလျှင် အကြီးအကျယ် မှားတတ်ကြပါသည်။

"အများကြာတော့ အမှန်ဖြစ်၊ အမှန်စင်စစ် အမှားထင် ဘုရားရှင်ပင် ဟောလို့မကျွတ်"

ဆိုသည့်အတိုင်း အများကြာလျှင် အမှန်ဟုပင် အစွဲဝင်သွားတတ်ပါသည်။ ခိုင်မြဲသွားတတ်ပါသည်။

အမှားကို အမှန်ဟု အစွဲဥပါဒါန် ဝင်သွားသော် သူလိုငါလိုပုဂ္ဂိုလ်မျိုး မဆိုထားဘိ ဘုရားရှင်ပင်လျှင် ဟောလို့မကျွတ်နိုင်တော့ပါ။

http://www.dhammadownload.com



ဘုရားရှင်ဟောမရမည့်မှာ ဘုရားတစ်ဆူမျှ မဟုတ်ပါ၊ ဘုရား အသိန်းလောက်ပင် ဟောဖော်၍မရကြောင်းကို 'မဃဒေဝလင်္ကာ' ၌ မာန်လည်ဆရာတော်ဘုရားကြီးက–

'ဒိဋ္ဌိတစ်ယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား။ လှန်သောအားဖြင့်၊ ဟောကြားချေချွတ်၊ ပြေမကျွတ်ဘူး'ဟု ရေးသားခဲ့ပါသည်။ မှန်လည်းမှန်ကန်ပါသည်။ အယူမှား တစ်ယောက်ကို ကျွတ်ဖို့ရာ ဟော၍မလွယ်ကူပါ။

သို့ဖြစ်၍ အယူတစ်ခု ကျင့်တော့မည်၊ ယူတော့မည်ဆိုလျှင် ယင်းအယူအကျင့်နှင့် ပတ်သက်၍ ဟုတ်,မဟုတ်၊ မှန်,မမှန်၊ သဘာဝကျမကျ၊ ယုတ္တိရှိ,မရှိ၊ ကြောင်းကျိုးတန်,မတန် ဦးစွာ ပထမ ဝေဖန်ဆန်းစစ်သင့်ပါသည်။

ဝေဖန်ဆန်းစစ်ပြီး သင့်မှသာ လိုက်နာကျင့်သုံးသင့်ပါသည်။ မသင့်သော် မလိုက်နာသင့်၊ မယူသင့်၊ မကျင့်သုံးသင့်ပါ။ လိုက်နာကျင့်သုံးပြီးမှ စွဲပြီးနေမှ ပြန်လည် ပယ်ပစ်ဖို့ရာ မလွယ်လှပါ။ မလွယ်ကူပါ။

မလွယ်ကူလှသော အယူအစွဲတစ်ခုသည် မြန်မာတို့လောက ၌ ဝင်ရောက်မြဲလျက် ရှိပါသည်။ ယင်းကား အဘယ်နည်း။ ဖူးစာရေးနတ်အစွဲပင် ဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ လူငယ် တစ်ယောက်က မေးလျှောက်လာပါသည်။

"ဆရာတော်ဘုရား၊ နတ်ဆိုတာ ရှိပါသလားဘုရား"

"အေး...နတ်ဆိုတာ ရှိပါတယ်"

"အဲဒီနတ်ဆိုတာ ဘယ်နှစ်မျိုး ရှိပါသလဲဘုရား"

http://www.dhammadownload.com



"နတ်ကို အကျဉ်းချုပ်ပြောရလျှင် ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ်ရယ်လို့ သုံးမျိုးရှိပါတယ်၊ အရေအတွက်ကတော့ အများကြီးပေါ့"

"အဲဒီနတ်တွေထဲမှာ ဖူးစာရေးနတ်ဆိုတာ ပါပါသလားဘုရား။ ဘယ်နတ်အမျိုးအစားထဲမှာ ပါပါသလဲဘုရား"

"ဘာလဲ ဒကာလေးက ဖူးစာမရေးလို့ ဖူးစာရေးနတ်ကို အညှိုးထားမလို့ မေးနေတာလား"

"မဟုတ်ပါဘုရား။ ဖူးစာရေးနတ်ဆိုတာ ရှိ မရှိ အမှန်တကယ် သိချင်လို့ မေးတာပါဘုရား"

"အေး...အမှန်တကယ် သိချင်လို့ မေးတာ သိပ်ကောင်းပါတယ်၊ အဲဒီလိုသိချင်သူဟာ အတော်ရှားပါတယ်၊ ဘုန်းကြီးလည်း သိချင်သူတွေအတွက် ဖြေပေးရတာ အကျိုးများပါတယ်"

"ဘုန်းကြီးတို့ မြန်မာလောကမှာ ယောကျ်ားနှင့်မိန်းမ နှစ်ဦးသားတို့ ချစ်ရေးကြိုက်ရေးမှာ ဖူးစာရေးနတ်က ကြားဝင်စေ့စပ်ပေးတယ်လို့ ယူဆ ပြောဆိုနေကြပါတယ်။ အဲဒီ အကြောင်းကို ပြောရရင် ဘုန်းကြီးတို့ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် မရောက်မီ နတ်တွေ အလျှင်ရောက်လာပါတယ်"

"နတ်တွေက ဘယ်ကရောက်လာပါသလဲ"

"ဘုန်းကြီးတို့ရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံက နတ်တွေ ရောက်လာပါတယ်၊ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် မရောက်မီ နတ်တွေရောက်လာပြီး နတ်တွေကိုးကွယ်နေတာ ယနေ့အထိ မဟုတ်ပါလား"

http://www.dhammadownload.com



"ဟုတ်ပါတယ်ဘုရား"

"ဘုန်းကြီးတို့ ဗုဒ္ဓဟောကြားတဲ့ ပရိယတ်တရားတော်လို့ ခေါ်တဲ့ ပိဋကတ်သုံးပုံထဲမှာ ဖူးစာရေးနတ်ဆိုတာ မပါမရှိပါ။ ယခုခေတ် လူများကိုးကွယ်နေကြတဲ့အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်းထဲမှာလည်း ဖူးစာရေးနတ်ဆိုတာ မပါမရှိပါ။ ဒါကြောင့် ဖူးစာရေးနတ်ဆိုတာ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုမှ ဆင်းသက်လာတဲ့ နတ် မဟုတ်ဘူးလို့ မှတ်ပါ"

"သတ္တဘာဂ၊ ဒေဝရာဇာ၊ သူနှင့်ငါကို၊ ဖူးစာမရေးလေသလော"လို့ တပည့်တော် ရဖူးတာပါတယ်ဘုရား။ 'သတ္တဘာဂ ဒေဝရာဇာ'ဆိုတာ ဖူးစာရေးနတ် မဟုတ်ပါလားဘုရား"

"ပရိယတ်ကျမ်းဂန်မှာ 'သတ္တဘာဂ၊ ဒေဝရာဇာ'ဆိုတဲ့ စကားလုံး မပါပါဘူး။ အဲဒါက ဟို'ဥမ္မာဒန္တီပျို့' အခက်သုံးပါးက ဆက်ပြတဲ့ ပျို့လင်္ကာစကားပါ"

"အခက်သုံးပါးက ဘာတွေလဲဘုရား။ ဘယ်လို ဆက်ပြပါသလဲဘုရား"

(၁) 'စစ်ရေးမက်ရေး၊ ရန်သူဘေးကြောင့်၊ အပြေးအလွှဲ၊ ဆွေမျိုးကွဲသား၊ ပြည်ထဲရေးရာ၊ ခက်သည်သာတည့်' ဆိုတာက တစ်ခက်။

(၂) 'အစာအစား၊ ထွားထွားဖြည့်ကြေ၊ ရှားပါးလေ၍၊ သေကြေပျောက်စဲ၊ ဝေ်မွတ်ကဲလျှင်၊ ပြည်ထဲရေး ထက် ဝမ်းရေးခက်၏' ဆိုတာက တစ်ခက်။

(၃) ထိုထက်မှာမူ၊ ချစ်ခင်သူနှင့်၊ အတူတကွ၊ မပေါင်းရဘဲ၊

http://www.dhammadownload.com



လွမ်းတပူဆွေး၊ သူနှင့်ဝေးသော်၊ ပြည်ထဲရေးနှင့်၊ ဝမ်းရေးတို့ထက် လွမ်းရေးခက်၏' ဆိုတာက တစ်ခက် အားဖြင့်သုံးခက်ပေါ့"

အဲဒီ အဆက်သုံးပါးတွင် မပါဝင်တဲ့အခက်ကို စာဆိုဆရာက–

"အဖက်မရ၊ ခက်သုံးစမှု၊ ဒုလ္လဘတွင်၊ မပါဝင်လျက်၊ သည်အခက်ကား၊ သူ့ထက်လွန်ကျူး၊ သာ၍ထူး၏၊ ရှေးဦးစွာစ၊ ငါ့ကို မထား၊ သတ္တဘာဂ၊ ဒေဝရာဇာ၊ သူနှင့်ငါကို၊ ဖူးစာမရေးလေသလော"

လို့ ကဗျာလှအောင် စာလှအောင် တင်စားပြီး ရေးထားပါ။ ဖူးစာရေးနတ် ရှိတယ်လို့ ရေးတာ မဟုတ်ပါ"

"အမှန်တကယ် ဖူးစာရေးနတ်ရှိတယ်ဆိုရင် အဲဒီနတ်ဟာ ရှေ့မီ နောက်မီ အသိအမြင်ကြွယ်တဲ့ နတ်မင်းကြီးတစ်ယောက် မဖြစ်သင့်ဘူးလား"

"မှန်ပါ၊ ဖြစ်သင့်ပါတယ်ဘုရား"

"အေး…ယခုတော့ ဖူးစာရေးနတ်ဆိုပြီး လေးနှင့်မြားကို ကိုင်ဆောင်ထားတဲ့ လူငယ်အရွယ်မျှသာရှိတဲ့ နတ်ငယ်ကလေး တစ်ယောက်ကို 'မြားနတ်မောင်'လို့ ခေါ်နေကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး…လေးနှင့်မြားကို ကိုင်ဆောင်လက်စွဲတဲ့ အတောင်နှစ်ဘက်ရှိတဲ့ နတ်ငယ်ကို ရောမလူမျိုးတို့က 'ကျူးပစ်'လို့ ခေါ်ဝေါ်ပြီး ဂရိတ်လူမျိုးတို့က 'အီရော့'လို့ ခေါ်ကြပါတယ်"

"အေး…သူတို့အယူအဆအရ အဲဒီနတ်ငယ်လေးဟာ မြား

http://www.dhammadownload.com



နှင့်လေးကို ကိုင်ဆောင်လျက် လူသားတို့အား ဦးတည်ရာရာ ပစ်ခွင်းတတ်တယ်။ သူ၏မြားချက်ထိသော သူတို့မှာ အချစ်စိတ် ဝင်လာတတ်တယ်။ ချစ်သောကကိုလည်း အလူးအလည်း ခံရ တတ်တယ်လို့ အယူအဆရှိကြပါတယ်"

"အဲဒီအယူအဆအရ ပြောရလျှင် အဲဒီနတ်ဟာ လူသား တို့၏ အချစ်စိတ်ဓာတ်ကို သူ၏မြားဒဏ်ချက်ဖြင့် နှိုးဆွကလိ ပေးတတ်ရုံသာ ဖြစ်ပါတယ်။ နဖူးဒွံ စာရေးပေးပြီး အိမ်ထောင် ဘက် ရွေးပေးမှုမျိုး မပြုတတ်ပါ"

"အဲဒီနတ်ဟာ ဘုန်းကြီးတို့ မြန်မာနိုင်ငံသို့ ဘယ်အချိန်က ရောက်နေလို့ မပြောနိုင်ပါ။ ဘုန်းကြီးတို့ ဗုဒ္ဓတရားတော်အရ တော့–

"ရှေးဘဝက အတူနေခဲ့ဖူးသောအကြောင်းနှင့် ယခုဘဝမှာ တစ်ဦးနှင့်တစ်ဦး အကျိုးသည်ပိုးခြင်းဟူသော အကြောင်းနှစ်ပါး ကြောင့် ချစ်ကြ၊ ခင်ကြ၊ ကြင်နာကြတယ်လို့ ဆိုပါတယ်"

"အမှန်တကယ် ပြောရလျှင်တော့ ကိုယ့်ရဲ့ကြမ္မာကို ကိုယ် သာလျှင် ဖန်တီးပါတယ်။ လူသားအားလုံးတို့ရဲ့ တိုးတက်မှု၊ ဆုတ်ယုတ်မှုကိုလည်း လူသားတို့ကသာလျှင် ဖန်တီးပါတယ် ဖန်ဆင်းရှင်၊ တန်ခိုးရှင်တွေ ဖန်တီးလို့ ဖြစ်တာမဟုတ်ပါ။ ဖူးစာရေး နတ်ဆိုတာလည်း မရှိလို့မှတ်ပါနော်"

"မှန်ပါ့ဘုရား"

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

http://www.dhammadownload.com



# ပရိတ်ဂါထာကြောင့်အနှာမရောက်

## ( ၂၂ )

"ဆရာတော်ဘုရား၊ လျှောက်ထားပါရစေ ဘုရား"

ဆယ်ရက်စခန်းတစ်ခု၌ တရားပြနေစဉ် ယောဂီတစ်စု ရောက်လာ ဦးချပြီးထိုင်ကာ တစ်ယောက်က လျှောက်ထားခြင်း ဖြစ်ပါသည်။

"ဘာလျှောက်ထားချင်သလဲ။ ကဲ...ကဲ လျှောက်ထားစမ်း ပါဦး။ အထူးအဆန်းလား"

"ဆရာတော်ဘုရားက စာလည်းရေးတော့ စာရေးဖို့လည်း ရအောင် လျှောက်ထားချင်တာပါဘုရား"

"အင်း...အဲဒါဆိုရင် သာပြီးကောင်းတာပေါ့။ ကဲ...ဒါဖြင့် မြန်မြန်သာ လျှောက်စမ်းပါ၊ မှတ်သားထားရတာပေါ့"

http://www.dhammadownload.com



"တပည့်တော်ရဲ့ တူကလေးက မောင်လွင်မြင့် ခေါ်ပါတယ် ဘုရား။ သူ့ရဲ့ဇနီးက မခင်ယဉ်ပါတဲ့ဘုရား။ အဲဒီ မခင်ယဉ်က ဘာသာခြားပါဘုရား"

"သူတို့ မင်္ဂလာဆောင်တော့ တပည့်တော်တို့မှာ အတော်ကိုပဲ မျက်နှာမလှ အရှက်ရကြပါတယ်ဘုရား"

"ဘာဖြစ်လို့လဲ"

"မင်္ဂလာဆောင်တဲ့အခါ သတို့သား သတို့သမီးတို့က နှစ်ဖက် မိဘတွေကို ရှိခိုးကန်တော့ရတာဟာ တပည့်တော်တို့ ယဉ်ကျေးမှု ပါဘုရား။ မခင်ယဉ်က လုံးဝရှိခိုးဦးချမှု မပြုတော့ အရှက်ရကြ ပါတယ်ဘုရား"

ဆွေမျိုးတွေကလည်း မောင်လွင်မြင့်ကို–

"မိန်းမရှားသလား၊ ဒီလောက်ရိုင်းတဲ့ မိန်းမမှ ရှာယူရသလား စသည်ဖြင့် အပြစ်တင်ကြတော့ မောင်လွင်မြင့်လည်း အရှက်ရ မျက်နှာမလှပါဘုရား"

"အားလုံးသော ဆွေမျိုးအသိုင်းအဝိုင်းတွေ ရတနာသုံးပါး ကို လေးစားကြည်ညိုသူတွေဆိုတော့ တကယ့်မင်္ဂလာပွဲကြီးမှာ အရှက်ရတာပါဘုရား"

"ယခုတော့ဘုရား၊ အဲဒီ မခင်ယဉ်က တပည့်တော်တို့ ထက်တောင် သာသွားပါပြီဘုရား"

"ဘာတွေသာသွားလဲ၊ ကဲ...ပြောစမ်းပါဦး"

"ပတ်ဝန်းကျင်က ရတနာသုံးပါးကို အထူးကြည်ညိုတဲ့ ပတ်ဝန်းကျင် ဖြစ်နေတော့ သူလည်း တဖြည်းဖြည်း ရတနာသုံးပါး

http://www.dhammadownload.com



ကို ကြည်ညိုတတ်လာပြီး ပရိတ်ရွတ် ဂါထာတွေ ရွတ်လာပါတယ်ဘုရား"

"ပဋ္ဌာန်းနဲ့ သိရသွိဂါထာကို အထူးကြိုးစားပြီး ရွတ်လေ့ရှိပါတယ်ဘုရား။ အချိန်အကန့်အသတ်မရှိ အားတိုင်း ရွတ်ပါတယ်ဘုရား"

"သူ့ရဲ့ပရိတ်ဂါထာက ဘယ်လောက်စွမ်းသလဲဆိုရင် ဘုရား သူ့သမီးကလေးမျက်နှာမှာ ကျောက်ပေါက်တော့...

"အမယ်လေး...ငါ့သမီးကလေးတော့ အလှပျက်တော့မှာပဲ..."

လို့ တွေးပြီး ပဋ္ဌာန်းပရိတ်ရွတ် သိရသွိဂါထာကို ရွတ်ပြီး မျက်နှာကို လက်နဲ့ သပ်သပ်ချပေးပါတယ်ဘုရား။ အဲဒါ သူ့သမီးကလေး မျက်နှာမှာ ကျောက်တွေ ပျောက်တဲ့အပြင် ကျောက်ပေါက်အမာရွတ်လည်း မထင်ပါဘုရား"

"အဲဒါထက် ထူးခြားတာ တစ်ခုရှိပါသေးတယ်ဘုရား၊ သူ့ခေါင်းပေါ် ရေနွေးထည့်ပြီးခါစ ခတ်ဗူးကြီးမှောက်ကျတာ လုံးဝ အဖုမပေါက် အနာရွတ်မရောက်ပါဘုရား"

"ဘယ်လိုလုပ်လဲ"

"ဘယ်လိုလုပ်လဲဆိုရင် သူက...

"ငါ့မှာ ဘုရား, တရားမှတစ်ပါး အားကိုးရာ မရှိဘူး"လို့ တွေးပြီး ပဋ္ဌာန်းပရိတ်နှင့် သိရသွိဂါထာကို တစ်ခေါက်ပြီး တစ်ခေါက်ရွတ်တာ ဘယ်နှစ်ခေါက်ရမှန်းကို မသိပါဘုရား။ မောလို့ ကြည့်လိုက်တော့ ပူခြင်း လောင်ခြင်းလည်းမရှိ၊ ဘာအဖုမှလည်း

http://www.dhammadownload.com



မပေါက်ဘဲ ဘာမှမဖြစ်သလို အကောင်းပကတိ ဖြစ်နေတာကို အံ့ဩစွာ တွေ့ရပါသတဲ့ဘုရား"

"သူက ခတ်ပူးမှောက်ကျစဉ်က–

"အင်း...ငါ့ခေါင်းတော့ ဆံပင်ပြန်ပေါက်မှာ မဟုတ်တော့ဘူး၊ ဆံပင်တွေ အကုန် ကျွတ်ကုန်တော့မှာ"

လို့ တစ်ချက်တွေးမိလိုက်ပါသတဲ့ ဘုရား"

"အင်း...သူက မျက်နှာအလှထက် ဆံပင်အလှကို ပိုပြီး မက်မောလားမှ မသိတာ"

"မှန်ပါဘုရား၊ ဆရာတော်ဘုရား၊ အဲဒီလို ပရိတ်ဂါထာ ရွတ်တာနဲ့ ဘာဖြစ်လို့ အနာမရောက်ပါသလဲဘုရား"

"ဪ...ဒါက ရှင်းရှင်းကလေးပါ"

"ရှင်းရှင်းကလေးပေမယ့်လို့ တပည့်တော်တို့ မသိလို့ပါ ဘုရား၊ ရှင်းပြပေးပါဘုရား"

"ဘုန်းကြီးတို့ ဘုရားရှင်က မကြံအပ် မစည်အပ်၊ မကြံစည်နိုင်သလို အဲဒီဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတွေကလည်း မကြံစည်အပ် မကြံစည်နိုင်ပါ"

အဲဒီလို မကြံစည်အပ် မကြံစည်နိုင်တဲ့ ဘုရားရှင်နှင့် ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတွေကို ယုံကြည်စွာ ပွားများတဲ့ ပုဂ္ဂိုလ်မှာလည်း မကြံစည်အပ် မကြံစည်နိုင်တဲ့ ဂုဏ်ကျေးဇူးတွေကို အကျိုးတွေ ပေးပါတယ်"

"တရားတော်ဟာ မကြံစည်အပ် မကြံစည်နိုင်သလို အဲဒီ တရားတော်ရဲ့ ဂုဏ်ကျေးဇူးတွေဟာလည်း မကြံစည်အပ် မကြံစည်

http://www.dhammadownload.com



နိုင်ပါ၊ အဲဒီလိုမကြံစည်အပ် မကြံစည်နိုင်တဲ့တရားတော်နှင့် တရားတော်ရဲ့ ဂုဏ်ကျေးဇူးတွေကို ယုံကြည်စွာပွားများတဲ့ပုဂ္ဂိုလ်မှာလည်း မကြံစည်အပ် မကြံစည်နိုင်တဲ့ အကျိုးတွေ ပေးပါတယ်…"

"သံဃာတော်တွေဟာ မကြံစည်အပ်မကြံစည်နိုင်ပါ။အဲဒီလို မကြံစည်အပ် မကြံစည်နိုင်သလို အဲဒီ သံဃာတော်တွေရဲ့ ဂုဏ်ကျေးဇူးတွေဟာလည်း မကြံစည်အပ် မကြံစည်နိုင်တဲ့ သံဃာတော်တွေနှင့် သံဃာတော်ရဲ့ ဂုဏ်ကျေးဇူးတွေကို ယုံကြည်စွာပွားများတဲ့ ပုဂ္ဂိုလ်မှာလည်း မကြံစည်အပ် မကြံစည်နိုင်တဲ့ အကျိုးတွေ ပေးပါတယ်"

"ယခု မခင်ယဉ်ရွတ်တဲ့ ပဌာန်းဆိုတာ ဘုရားရှင်ရဲ့ တရားတော် မဟုတ်လား"

"ဟုတ်ပါတယ်"

"အေး…အဲဒီပဌာန်းတရားတော်ဆိုတာ သာမညာ မဟုတ်ပါ၊ အဲဒီပဌာန်း တရားတော်ကို မဆင်ခြင်မီ ဘုရားရှင်မှာ ရောင်ခြည်တော် ခြောက်သွယ် မထွက်သေးပါ၊ ပဌာန်းတရားကို ဆင်ခြင်မှ ရောင်ခြည်တော်ခြောက်သွယ် ထွက်ပါတယ်။ အဲဒီလောက် ပဌာန်းတရားဟာ အစွမ်းထွက်ပါတယ်"

"ယခု မခင်ယဉ် အဲဒီပဌာန်းတရားတော်ကို စောစောကလည်း ယုံကြည်စွာနဲ့ ရွတ်ပွားခဲ့တယ်၊ အရေးကြုံတဲ့ အခါမှာလည်း ယုံကြည်စွာနဲ့ ရွတ်ပွားတယ်။ အဲဒီလို ရွတ်ပွားတဲ့ ကုသိုလ်ကံကြောင့် မကြံစည်အပ်တဲ့ အနာမရောက်ခြင်း အကျိုးပေးတာပေါ့"

"သိရသ္မိ"ဂါထာဆိုတာက ဘုရား, တရား, သံဃာအပြင်

http://www.dhammadownload.com



သိကြား, ဗြဟ္မာနှင့်တကွ လောကပါလနတ်တွေ ပါပါတဲ့ ဂါထာ ပါ။ မိမိစွမ်းအင် အာနုဘော်နှင့် မဟုတ်ဘဲ အဲဒီဘုရား, တရား, သံဃာ, သိကြား, ဗြဟ္မာ, လောကပါလ နတ်တွေရဲ့ အာနုဘော် တော်ကြောင့် တစ်ပါးမက များစွာသော ဘေးတွေ၊ ရန်တွေ၊ အန္တရာယ်တွေ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင် လွင့်ပျောက်ပါစေသတည်း"

လို့ ယုံကြည်စွာနဲ့ ရွတ်တော့ အနာမရောက် ပျောက်တာ ပေါ့"

"အေး...ဘုရားရှင်ရဲ့ တရားဒေသနာတော်တွေဟာ စာအုပ် ထဲမှာထားရင် မိမိအတွက် အကျိုးမထူးပါဘူး။ ယခု မခင်ယဉ် တို့လို ယုံကြည်စွာနဲ့ အမြဲရွတ်ပွားပြီး အကြောင်းကြုံတဲ့အခါ မှာလည်း ယုံကြည်စွာနဲ့ ရွတ်ပွားရင် လိုအပ်တဲ့အကျိုးတွေ ပေးပါ တယ်"

"အေး...တစ်ခုတော့ရှိတယ်၊ ယုံကြည်မှုက နည်းနည်း၊ ရွတ်ဖတ်တာကလည်းနည်းနည်း၊ အကျိုးလိုချင်မှုကများများနဲ့ရွတ် လို့က အကျိုးမပြီးပါဘူး"

"ပြီးတော့...ဟိုဂါထာကောင်းတယ်ဆိုရင် ဒီဂါထာ လွှတ် ထားခဲ့၊ ဟိုပရိတ်စွမ်းတယ်ဆိုရင် ဒီပရိတ်ထားခဲ့ပြီး ပြောင်းပြောင်း ရွတ်နေရင်လည်း အကျိုးမပြီးပါဘူး၊ ယုံကြည်မှု မရှိလို့ပါ"

"ဘုရားဂုဏ်တော်, ဘုရားတရား၊ တရားဂုဏ်တော်, သံဃာ ဂုဏ်တော်တွေဟာ မကြံစည် မကြံစည်နိုင်လို့ ပြောခဲ့တဲ့ အတိုင်း ယုံကြည်စွာ ရက်, လ, နှစ်ရှည် ရွတ်ပွား ထုံးမွမ်းပါက မကြံစည်

http://www.dhammadownload.com



အစ် မကြာစည်နိုင်တဲ့ အကျိုးတွေ ပေးနိုင်ပါတယ်၊ ပေးပါလိမ့်မယ်၊ ရွှတ်ပွားပါလို့ တိုက်တွန်းလိုက်ပါတယ်”

“မှန်ပါဘုရား”

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

ရတနာမွန် မဂ္ဂဇင်း

အတွဲ(၂၀)၊ အမှတ်(၈)၊ ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ

http://www.dhammadownload.com



# လူမပါဘဲ ထင်သာအချုပ်ခံရ

## ( ၂၃ )

"တကယ့် အဖြစ်အပျက်တို့သည် ဒဏ္ဍာရီပုံပြင်တို့ထက် ဆန်းကြယ်ကုန်၏"

ဤစကားကို စာရှုသူတို့ အကြိမ်ကြိမ် ကြားဖူးပြီး ဖြစ်ပါလိမ့်မည်။ သို့ကြားဖူးသော်လည်း ဆန်းကြယ်သော တကယ့်အဖြစ်အပျက်ကို မိမိနှင့် အနီးကပ် မကြုံဖူးသော် စကားနှင့် အဖြစ်အပျက် မစပ်ဟပ်မိဘဲ စကားရဲ့ မှန်ကန်လေးနက်ပုံကို မသိရဘဲ ဖြစ်နေပါလိမ့်မည်။

ဟုတ်ပါသည်။ အဖြစ်အပျက်နှင့် စကားနှင့်စပ်ဟပ်မိမှ စကားရဲ့ လေးနက်ပုံကို သိနိုင်မည် ဖြစ်ပါသည်။

ယခု မိမိကိုယ်တိုင် ထိုစကားနှင့်စပ်ဟပ်သော အဖြစ်အပျက်ကို တွေ့ကြုံရတော့မှ...

http://www.dhammadownload.com



"ဪ...ဒါကြောင့် ရှေးပညာရှိတွေက တကယ့်အဖြစ်အပျက်တို့သည် ဒဏ္ဍာရီပုံပြင်ထို့ထက် ဆန်းကြယ်ကြကုန်၏။လို့ မော်ကွန်းထိုးခဲ့တာကိုး"ဟု အောချမိပါတော့သည်။

မှန်ပါသည်။ ဒဏ္ဍာရီပုံပြင်တို့သည် တကယ့် အဖြစ်အပျက် မမီနိုင်ပါ။ ယခု မိမိတွေ့ကြုံရသော အဖြစ်ကား ယင်းသို့ မဟုတ်ပါ။

ဓမ္မဒေသနာခရီးသည်ဖြစ်သော မိမိသည် ဓမ္မဒေသနာခရီး လှည့်စဉ် မိမိ၏သာဝကများနှင့် ဆုံဆည်းခိုက် တစ်ယောက်က ဤသို့ မေးလျှောက်လာသည်...

"ဘုန်းဘုန်းဘုရား...**လူမပါဘဲနှင့် ထဘီသာအချုပ်ခံရတယ်** ဆိုတာ ဖြစ်နိုင်ပါသလားဘုရား"

မေးသူမှာ ဆေးဆရာမကလေးတစ်ယောက်ဖြစ်၏။ အမည်မှာ ခင်မာဦးဖြစ်၏။ သူမသည် သာသနာရေး၊ ဘာသာရေး အလွန်တရာ လေးစားယုံကြည်သူ တစ်ယောက်ဖြစ်၏။

မိမိသည် ထိုအမေးကို အဘယ်သို့ဖြေရမည်ဟူ၍ ရုတ်တရက်မသိ ဖြစ်နေ၍ ဘဲဥအစရှာမရပမာ ဖြစ်နေသည်။ ပြန်မေးသောနည်းဖြင့် ဒါဖြေရှာမှဖြစ်တော့မည်ဟု အကြံရပြီး မိမိက ပြန်မေးလိုက်သည်...

"ခင်မာဦးက ဘယ်မှာတွေ့ဖူးလို့ မေးတာလဲ။ အကြောင်းတိုက်ဆိုင်လျှင် ဖြစ်နိုင်တဲ့ အကြောင်းဆုံလျှင် ဖြစ်နိုင်တာပေါ့"

"တပည့်တော်ရဲ့ ကိုယ်တွေ့ အဖြစ်အပျက်ပါပဲဘုရား"

"ကဲ–ဒါဖြင့် ခင်မာဦးရဲ့ ကိုယ်တွေ့ အဖြစ်အပျက်ကို ပြောစမ်းပါဦး"

http://www.dhammadownload.com



တပည့်တော် အကြောင်းကြုံတာနှင့် ဗေဒင်ဆရာမ တစ်ယောက်ထံမှာ ဗေဒင်ကြည့်ခဲ့ပါတယ်ဘုရား။ ဆရာမက...

"ရှင်သတိထား။ ဒီလထဲမှာ အဖမ်းအဆီးအချုပ်အနှောင်သော်လည်း ခံရတတ်သည်။ သက်သေသော်လည်း လိုက်ရတတ်သည်လို့" ဟောပါတယ်ဘုရား"

အဲဒီလိုဟောတော့ တပည့်တော်လည်း အတော်ကြောက်သွားပါတယ်ဘုရား။ ငါ့မှာ အဖမ်းအဆီး အချုပ်အနှောင် မခံရအောင် မင်းနှင့်စိုးနှင့် ပတ်သက်တဲ့ကိစ္စလည်း မရှိဘဲနှင့် ဘာဖြစ်လို့ အဖမ်းအဆီး အချုပ်အနှောင် ခံရမှာလဲလို့ တွေးပြီး အကြောင်းရှာသော်လည်း ရှာမရပါဘုရား"

ဒါနဲ့ တပည့်တော်က ငါ့မှာ ရတနာသုံးပါးမှတစ်ပါး အခြားအားကိုးစရာ မရှိဘူးဆိုပြီး ဈေးကထွက်ပိုပြီး ရတနာသုံးပါး အလုပ်တွေကို ကြိုးစားလုပ်ဆောင်ပါတယ်ဘုရား"

"အဲ... ဆရာမဟောပြီးလို့ မကြာမီမှာဘဲ တပည့်တော်ဆီကို သူငယ်ချင်းမတစ်ယောက်လာပြီး ဆေးကုပါတယ်ဘုရား၊ သူ့မှာလည်း ဒဏ်ရာဒဏ်ချက်တွေနဲ့ သွေးသံရဲရဲနှင့် ညကြီးမှာ ထဘီလည်း ရွှံ့တွေပေနေလို့ ဖြစ်နေပါတယ်ဘုရား"

ဒါနဲ့ တပည့်တော်က သူ့ထဘီကိုချွတ်စေပြီး တပည့်တော်ရဲ့ ထဘီကို ဝတ်စေပြီး ဆေးကုပေးလိုက်ပါတယ်ဘုရား။ နောက်နေ့နံနက်ရောက်တော့ သတင်းကြားပါတယ်။ ညကသူ့ကိုရိုက်တဲ့ သူ့တူကပဲ အမှုဆင်ပြီး တိုက်ချက်ဖွင့်လို့ အဲဒီသူငယ်ချင်းမ တပည့်တော်ထဘီနှင့် အချုပ်ခံနေရပါတယ်ဘုရား။ သူ့ထဘီက

http://www.dhammadownload.com



တပည့်တော်အိမ်မှာ ခုအထိရှိပါသေးတယ်ဘုရား။

"ဩော်...ခင်မာဦးအမေးက **လူမပါဘဲနှင့် ထဘီသာအချုပ်ခံရတယ်**ဆိုတာ ဖြစ်နိုင်ပါသလားဆိုတော့ ကဲ...ဖြစ်နိုင်တယ်လို့ ဖြေပြီးသား ဖြစ်သွားပြီလေ"

"မှန်ပါဘုရား။ အဖြစ်က ဆန်းလွန်းလို့ တပည့်တော် အံ့ဩနေပါတယ်ဘုရား။ ဘုန်းဘုန်းနှင့်တွေ့မှမေးကြည့်ဦးမယ်လို့စိတ်ကူးပြီး မေးကြည့်တာပါဘုရား။ ဘုန်းဘုန်းဘုရား ဖြစ်နိုင်လို့ ဖြစ်ခဲ့တာတော့ ဟုတ်ပါပြီဘုရား၊ ဘာ့ကြောင့် လူမပါဘဲနှင့် ထဘီသာအချုပ်ခံရပါသလဲဘုရား"

ခင်မာဦးမှာ ရတနာသုံးပါးနှင့် ပတ်သက်ပြီး ကုသိုလ်ကံတွေက အဟောင်းအသစ် အလွန်ကောင်းနေပါတယ်။ အဲဒီလို ကုသိုလ်ကံ အလွန်ကောင်းနေသူတွေမှာ အဲဒီလို အဖြစ်ဆိုးမျိုး ကြုံစရာရှိလာလျှင် ကိုယ်မှာမကြုံဘဲ ပတ်ဝန်းကျင်မှာသာ ကြုံရတတ်ပါတယ်။ အဲဒီအကြောင်းကို 'မာဃဒေဝလင်္ကာအသစ်' မှာ...

'ရှေးကပြုသား ကောင်းမှုဟုဆို
ကုသိုလ်အဖို့ ပြည့်စုံမြို့၍
မချို့ဘုန်းကံ အခံပုည
ရှိကြသူမှာ ဇာတာမူလ
ဖနမရှိ ပါပဂြိုဟ်၊
စီးနင်းကြလည်း ကိုယ်မှတစ်ပါး၊
ခြွေရံများနှင့် ကျွဲနွားမျှသာ၊

http://www.dhammadownload.com



ဖျက်ဆီးရာ၏၊ ကိုယ်မှာချမ်းမြေ့၊
ဘေးမတွေ့ဘူး မဟော့ကုသိုလ်၊
လူထိုထိုကား ကိုယ်နှင့်တကွ၊ ပျက်တတ်စွတည့်။'

လို့ စပ်ဆိုခဲ့ပါတယ်။ အဲဒီလင်္ကာအရကြည့်လျှင် ခင်မာဦးရဲ့ အဖြစ်အပျက်ဟာ မှန်မနေဘူးလား၊ ကုသိုလ်ရှိသူမှာ ကိုယ်မှာဘေးမတွေ့ဘဲ အခြွေအရံစသည်တို့မှာသာ ဘေးတွေ့ပြီး ကျေသွားတယ်။ အခုခင်မာဦးမှာတော့ ထဘီသာ ဘေးတွေ့ပြီး ကျေသွားပြီပေါ့။

အမယ်လေး ဒီလိုဆိုရင် တပည့်တော်မ အဖမ်းအဆီး အချုပ်အနှောင် မခံရတော့ဘူးပေါ့ဘုရား"

"အင်းပေါ့...ကုသိုလ်ရှိသူမှာ ဘယ်လောက်ပဲ မကောင်းတဲ့ဂြိုဟ်တွေစီးနင်း စီးနင်း ကိုယ်မှာ ဘေးမတွေ့ဘူးဆိုတာ ကျမ်းဂန်မှာလည်းရှိတယ်။ ယခု ခင်မာဦးလည်း လက်တွေ့ပဲ၊ ပြီးပြီ။ ကျေသွားပြီ။ ဘာမှမပူနဲ့တော့။

"ဝမ်းသာလိုက်တာ ဘုန်းဘုန်းဘုရား၊ ဒီလိုဆိုရင် ရှေးက ထက်ပိုပြီး တပည့်တော် ကုသိုလ်တွေ ကြိုးစားပြီး ပြုလုပ်ပါတော့မယ်ဘုရား"

ထိုအခါ ခင်မာဦး၏ အမေက ကြားမှဝင်ပြီး လျှောက်ထားလေသည်။

"ဘုန်းဘုန်း...တပည့်ကို ဒေါ်သနည်းအောင် ဆုံးမပါဦးဘုရား။ သူက ကုသိုလ်သာကြိုးစားပြုတာ ဒေါသကတော့ အလွန်ကြီးပါတယ်ဘုရား"

http://www.dhammadownload.com



ဟုတ်လား၊ ဒီလိုဆိုရင် ခင်မာဦးကို ဆောင်ပုဒ် တစ်ပုဒ် ပေးမယ်။ အဲဒီဆောင်ပုဒ်ကို ခဏခဏရွတ်ပေးပါ။ ဘယ်တော့မှ ဒေါသမကြီးတော့ပါဘုရား"

"အမိန့်ရှိပါဘုရား"

"ဒေါသကြီး ခွေးနှင့်တူ၊ ခွေးဟူတုံက လှ,မလှ သွားကို ဖြီး၍ပြ'တဲ့။

အားလုံးက ဝိုင်းရယ်ကြသည်။

"မရယ်ကြနဲ့၊ အဲဒါ အဟုတ်ပဲ၊ စမ်းကြည့်ပါ"

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

*ဓမ္မရုံသီဓမ္မမဂ္ဂဇင်း*

*၁၃၅၃ ခုနှစ်၊ နတ်တော်–ပြာသို၊ အမှတ်စဉ်(၂၅)*

*၁၉၉၂ ခုနှစ် ဇန်နဝါရီလ။*

http://www.dhammadownload.com



# နော်ဆေးဖော

## ( ၂၄ )

'နော်ဆေးဖော'ဆိုတဲ့ အမည်ကို စာရှုသူတို့ ဖတ်လိုက်ရသောအခါ နော်ဆေးဖောအကြောင်းကို စိတ်ဝင်စားကောင်း စိတ်ဝင်စားမည်ဟု မိမိထင်ပါသည်။ အမှန်တကယ်လည်း နော်ဆေးဖော အကြောင်းအရာသည် စိတ်ဝင်စားစရာ ကောင်းပါသည်။ မိမိသည် အညတရ တရားပြဆရာ၊ အညတရ ဓမ္မကထိက အဖြစ်နှင့် မြို့ရောတောပါ ဓမ္မဒေသနာ ခရီး လှည့်လည်ခဲ့ရာ အနှစ်နှစ်ဆယ်ကျော်ခဲ့ပါပြီ။

တစ်ခုသောဆောင်းကာလက ရောဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ ကရင်အင်းကျေးရွာသို့ ရောက်ခဲ့ပါသည်။ မိမိရောက်လာတယ်ဆိုရင်ပဲ လူငယ်လူလတ်ပိုင်း၊ အမျိုးသား အမျိုးသမီးတော်တော်များများ ရောက်လာကြပါသည်။

ယင်းတွင် နော်ဆေးဖောတို့ ဇနီးမောင်နှံလည်း ပါဝင်ပါသည်။

http://www.dhammadownload.com



မိမိတရားပွဲမှာ ညပွဲဖြစ်၍ ရောက်ခါစမှာ အားနေ၍ မိမိရဲ့ ဗုဒ္ဓဓမ္မ ပြဿနာများစတဲ့ စာအုပ်တွေသာ ဖတ်ဖူးကြ၍ မိမိကို မမြင်ဘူးသူများက မေးချင် ဖူးချင်ကြ၍ လာကြခြင်းဖြစ်ပါသည်။

မိမိသည် အများနှင့်စကားပြောနေရာ အတန်ကြာသော် လူငယ်တစ်ယောက်က ကြားဖြတ် လျှောက်ထားပါသည်။ လူငယ်တစ်ယောက်ဆိုသော်လည်း အခြားလူငယ် မဟုတ်ပါ၊ နော်ဆေးဖော၏ ယောကျ်ားပင်ဖြစ်ပါသည်။

"ဆရာတော်ဘုရား...တပည့်တော်ဇနီးကို ဗုဒ္ဓဘာသာဝင် ဖြစ်အောင် တရားဟောပေးပါဘုရား"

နော်ဆေးဖောကို လက်ညှိုးညွှန်၍ လျှောက်ထားခြင်းဖြစ်၍ ပရိသတ်အများနှင့် မိမိပါ နော်ဆေးဖောဆီသို့ လှည့်ကြည့်ကြပါသည်။ ကြည့်ရင်း မိမိကပင် နော်ဆေးဖောကို မေးလိုက်ပါသည်...

"နော်ဆေးဖောက ဗုဒ္ဓဘာသာ မဟုတ်ဘူးလား"

"ဗုဒ္ဓဘာသာမဟုတ်ပါဘုရား၊ ဘာသာခြားပါ ဘုရား"

ဟု သူ့ယောကျ်ားကပင် ကြားဝင်ဖြေလိုက်ပါသည်။

"အေး...အဲဒီလိုလျှောက်ထားတာဟာ တို့ဗုဒ္ဓဘာသာ အကြောင်းကို အသေအချာမသိသေးလို့ လျှောက်ထားတာပါ၊ အသေအချာသိရင် ဒီလိုလျှောက်ထားမှာ မဟုတ်ပါ"

"ဆရာတော်ဘုရား...ဗုဒ္ဓဘာသာအကြောင်း အများသိအောင် ရှင်းပြပေးပါဘုရား"ဟု လူငယ်တစ်ယောက်က ကြားဝင် လျှောက်ထားပါသည်။

http://www.dhammadownload.com



"အေး...တို့ဗုဒ္ဓဘာသာက အကိုးကွယ်ခံ၊ အပူဇော်ခံ၊ အရှိခိုးခံ ဘာသာသက်သက် မဟုတ်ပါ။ မိမိရဲ့ကိုယ်ပိုင် ယုံကြည်မှု သဒ္ဓါတရားနဲ့ အလုပ်လုပ်ရတဲ့ ဘာသာပါ"

"တို့ဗုဒ္ဓဘာသာ အခြားဘာသာဝင်တစ်ဦးဦးကို အတင်းအဓမ္မ အမိန့်ဩဇာအာဏာနဲ့ ဗုဒ္ဓဘာသာထဲ မဝင်... ဝင်အောင် မရိုက်သွင်းပါ။ အဲဒီလို အမိန့်ဩဇာ အာဏာနဲ့ အတင်းအဓမ္မ ရိုက်သွင်းလို့ ဗုဒ္ဓဘာသာထဲသို့ ကြောက်လို့ဝင်ရုံနှင့်လည်း ဗုဒ္ဓဘာသာကောင်းတစ်ယောက် မဖြစ်သေးပါ"

"တို့ဗုဒ္ဓဘာသာက ဓမ္မဝိနယဘာသာပါ။ 'ဓမ္မဝိနယ ဘာသာ' ဆိုတာက တရားသဖြင့် ကြောင်းကျိုးဖော်ပြပြီး ဆုံးမဩဝါဒပေးတဲ့ ဘာသာပါ။ အဲဒီလို တရားသဖြင့် ကြောင်းကျိုးဖော်ပြပြီး ဆုံးမဩဝါဒပေးတာတွေကို နာယူပြီး ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားဆုံးဖြတ်ပြီးမှ ယုံကြည်လိုက်နာ ကျင့်ကြံရတဲ့ ဘာသာပါ"

"ဒါကြောင့်...ဘုန်းကြီးက နော်ဆေးဖောကို အတင်း အဓမ္မ စည်းရုံးဟောပြောပြီး ဗုဒ္ဓဘာသာထဲ ဝင်ခိုင်းရင် တရားပါ့မလား"

'မတရားပါဘုရား'ဟု လူငယ်လူလတ်အများက ဖြေကြားကြပါသည်။ နော်ဆေးဖောယောကျ်ားကမူ ကျေနပ်ဟန် မတူပါ။ မျက်နှာမကြည်ပါ။

မိမိက နော်ဆေးဖောဘက်သို့လှည့်ကာ မေးလိုက်ပါသည်...

"နော်ဆေးဖောက မိမိတို့ ရိုးရာဘာသာ အကြောင်းကို ကောင်းကောင်းနားလည်ထားတယ် မဟုတ်လား"

http://www.dhammadownload.com



"နားလည်ပါတယ်"

"အေး... ဟုတ်တာပေါ့၊ မိမိတို့ဘာသာအကြောင်းကို မိမိတို့ နားလည်ရမှာပါ၊ တို့ဗုဒ္ဓဘာသာအကြောင်းကို နားမလည်သေးဘူးနော်"

"နားမလည်သေးပါ"

"အေး...တို့ကရင်အင်းရွာမှာ ဒီညနှင့် နက်ဖြန်နေ့ခင်း ဟောရမယ့်တရားကလည်း ရှင်ပြုတရားဟောရမှာ။ ဗုဒ္ဓဘာသာအကြောင်းသက်သက် ဟောလို့ မဖြစ်ပါ။

ဒီတရားပွဲအပြီး (၃)ရက်အလွန်မှာ ဒီအနားက ဓမ္မိအောင်ချမ်းသာကျောင်းမှာ (၁၀)ရက်စခန်း တရားကျင့်သုံးပွဲ ရှိပါတယ်။ အဲဒီ(၁၀)ရက်စခန်းမှာ နော်ဆေးဖောဝင်ပြီး နာကြားအားထုတ်ကြည့်ပါ။

တရားနာကြား အားထုတ်တာဟာ ဗုဒ္ဓဘာသာထဲ ကူးပြောင်းတာ မဟုတ်ပါ။ လေ့လာစူးစမ်းတာပါ။ အဲဒီလို စူးစမ်းနေတဲ့အခါမှာ နော်ဆေးဖောတို့ ရိုးရာဘာသာအတိုင်း နေတတ်သလိုနေပါ။ ဗုဒ္ဓဘာသာဘုန်းကြီးတို့ကို ရှိမခိုးလည်းရပါတယ်။

ဗုဒ္ဓဘာသာကို လေ့လာစူးစမ်းမှုမှတစ်ပါး အခြားကိစ္စ များကို နော်ဆေးဖောတို့ ရိုးရာဘာသာအတိုင်းသာ ဆောင်ရွက်ပါ။

အေး... ၁၀ ရက်လေ့လာပြီးလျှင် ဗုဒ္ဓဘာသာရဲ့ အတိမ်အနက် အကောင်းအဆိုး၊ အကြောင်းအကျိုး၊ သဘာဝကျ,မကျ၊ ယုတ္တိရှိ,မရှိ ယုံကြည်လိုက်နာသင့်,မသင့် ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ သဘောပေါက်လာပါလိမ့်မယ်။

http://www.dhammadownload.com



အဲဒီကိုယ်ပိုင်ဉာဏ်နဲ့ သဘောပေါက်နားလည်ခါမှ ဗုဒ္ဓဘာသာထဲဝင်ချင်သပဆိုရင် ဝင်ပါ။ မဝင်ချင်ဘူး ရိုးရာဘာသာနဲ့ပဲ နေချင်သပဆိုရင်လည်း နေပါ။ ကဲ…သဘောကျလား။

"ကျပါတယ်"

ကဲ…ကာယကံရှင်ကတော့ သဘောကျပြီတဲ့။ ကာယကံရှင်ရဲ့ ပိုင်ရှင်က ဘယ်လိုလဲဟု နော်ဆေးဖော ယောက်ျားဘက်သို့ လှည့်ပြီးမေးလိုက်ပါသည်။

"တပည့်တော်လည်း သဘောကျပါတယ်ဘုရား"

လူငယ် လူလတ်များကလည်း သဘောကျကြောင်း ပိုင်းပြီးလျှောက်ထားကြပါသည်။

ထိုအခါ နော်ဆေးဖောက…

"တပည့်တော် သားကလေးကို ဘယ်သူက ထိန်းပေးပါ့မလဲဟု မေးလျှောက်ပါသည်။

လူငယ်လူလတ်များက လူ့ယောက်ျားဘက် လှည့်ကြည့်ကာ ထိန်းပေးဖို့ ပြောကြပါသည်။သူ့ယောက်ျားကလည်း ထိန်းပေးမည် အာမခံသဖြင့် နော်ဆေးဖော ဓမ္မာအောင်ချမ်းသာ (၁၀)ရက်စခန်းသို့ ဝင်ရောက်နာကြား အားထုတ်ပါသည်။

တရားနာကြား အားထုတ်နေစဉ် သူတို့ရိုးရာ ဘာသာအတိုင်း နေတတ်သလို နေခွင့်ပေးထားပါသည်။ သူမေးချင်သမျှကိုလည်း အချိန်မရွေး မေးခွင့်ပေးထားပါသည်။ နော်ဆေးဖောသည် စူးစမ်းစွာ နာကြား အားထုတ်ပါသည်။ မေးလည်း မေးပါသည်။

တရားနာကြား အားထုတ်လို့နှစ်ရက်သုံးရက်ရောက်တဲ့အခါ–

http://www.dhammadownload.com



"ဆရာတော်ဘုရား...ဗုဒ္ဓတရားတော်ဟာ တယ်ပြီး အေး ချမ်းပါလားဘုရား"ဟု လျှောက်ထားပါသည်။

"အေး...တို့ဗုဒ္ဓတရားတော်က မျက်မှောက်ချမ်းသာပေးတဲ့ တရားတော်။ သေပြီး ဟိုဘက် ဘဝရောက်မှ ချမ်းသာရမယ့် တရားမဟုတ်ပါ။ ပြီးတော့ တို့ဗုဒ္ဓတရားတော်တွေက ဆုတောင်း လို့ရတဲ့ တရားတော်တွေ မဟုတ်ပါ။ လက်တွေ့လုပ်မှရတဲ့ တရား တော်တွေပါ။ ယခု နော်ဆေးဖော လက်တွေ့နာကြား အားထုတ် ကြည့်တော့ လက်တွေ့သိရတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...နှစ်ရက်သုံးရက်မျှနဲ့ ဒီလောက်အေးချမ်းရင် (၄)ရက် (၅)ရက်ဆိုရင် ဒီထက် အေးချမ်းပါလိမ့်မယ်။ ဆက်လက်လေ့လာ စူးစမ်းအားထုတ်ပါ"ဟု ပြောလိုက်ပါသည်။

နောက်(၄)ရက် (၅)ရက် ကြာသောအခါ-

"ဆရာတော်ဘုရား...ဗုဒ္ဓတရားတော်တွေဟာ အင်မတန် သိမ်မွေ့ နူးညံ့ပါလားဘုရား။ တပည့်တော် သီလရှင်ဝတ်နဲ့ရော အားထုတ်ရင် မကောင်းပါလားဘုရား"

ဟု မေးလျှောက်ပါသည်။

"အေး...ကောင်းတော့ကောင်းပါတယ်၊ ဒါပေမယ့်လို့ နော် ဆေးဖောမှာ သားနဲ့ ယောက်ျားနဲ့ဆိုတော့ မဖြစ်သေးပါ။ ဒီအတိုင်း ပဲ ဆက်အားထုတ်ပါဦး"ဟု ပြောရပါသည်။

နော်ဆေးဖောသည် ဆက်လက်အားထုတ်ရာ အမူအရာ အားလုံး ပြောင်းလဲသွားပြီး...

http://www.dhammadownload.com



"ဆရာတော်ဘုရားနဲ့ တွေ့ရတာ နောက်ကျပါတယ်ဘုရား။ အိမ်ထောင်မကျမီကသာ တွေ့ရရင် အိမ်ထောင်မပြုဘဲ သီလရှင်ဝတ်ပါတယ်ဘုရား"ဟု လျှောက်ထားပါသည်။

ထိုအခါ မိမိက–

"အေး...အဲဒါ ဗုဒ္ဓဘာသာ အစကလေးမှာ နိဒါန်းမှာ ရှိပါသေးတယ်၊ ရှေ့ဆက်လက်လေ့လာရင် ဒီထက် သိမ်မွေ့နက်နဲတာတွေ တွေ့ရ သိရပါလိမ့်မယ် ပြောရာ–

"တပည့်တော် သိပါပြီဘုရား။ ဗုဒ္ဓဘာသာထဲသို့ ကူးပြောင်းပါတော့မယ်ဘုရား"ဟု လျှောက်ထားပါသည်။

ဟုတ်ပါသည်။ နော်ဆေးဖောကား ဗုဒ္ဓဘာသာဝင် ဖြစ်ပြီး ယခုအခါ သူတို့ ကရင်အင်းရွာရှိ 'ဓမ္မောသုခ ဓမ္မရိပ်သာ'ဟု အမည်တပ်ကာ နွေရာသီနှင့် (၁၀)ရက်စခန်းတရား ကျင့်သုံးပွဲ၌ သူသည် အမှုဆောင်တစ်ယောက်အဖြစ် ပါဝင်ဆောင်ရွက်နေပါသည်။

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

*မြတ်ဆုမွန်ဘာသာရေးမဂ္ဂဇင်း*

*အတွဲ(၆)၊ အမှတ်(၂)၊ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီ*

http://www.dhammadownload.com



# ဥပုသ်သည္ႏွင့္ျမက္သစ္ပင္

## ( ၂၅ )

'လူအမ်ိဳးမ်ိဳး နတ္အေထြေထြ'ဆိုေသာစကားသည္ အလြန္တရာမွန္ကန္လွ၏။ နတ္ေတြကို မိမိမ်က္စိႏွင့္ ကိုယ္တိုင္မျမင္ေတြ႕ရ။ မိမိႏွင့္လည္း ေပါင္းသင္းမၾကည့္ရ၍ နတ္ေတြ၏သေဘာထားကား ဘယ္လိုဆိုတာ မသိရေသာ္လည္း လူအေတာ္မ်ားမ်ားႏွင့္ ေပါင္းသင္းၾကည့္ရ၍ လူတို႔၏သေဘာကို အေတာ္ကေလးသိလာသည္။

ယင္းသို႔သိရေသာ လူအမ်ိဳးမ်ိဳးတို႔ကို ခြဲျခားၾကည့္ေသာ္ အခ်ိဳ႕လူတို႔သည္ အလြန္တရာ ေၾကာက္စရာေကာင္းလွသည္။ အခ်ိဳ႕လူတို႔သည္ အလြန္တရာ စက္ဆုပ္ရြံ႕မုန္းစရာ ေကာင္းလွသည္။ အခ်ိဳ႕လူတို႔သည္ အလြန္တရာ သနားစရာေကာင္းလွသည္။ အခ်ိဳ႕လူတို႔သည္ အလြန္တရာ ခ်စ္ခင္စရာေကာင္းလှသည္။

http://www.dhammadownload.com



မိမိသည် လူအများစုနှင့် ပေါင်းသင်းကြည့်ရာ၌ ဤသို့ စသည်ဖြင့် လူအမျိုးမျိုးကွဲပြားသည်ကို တွေ့မြင်မှတ်ချက်ချမိ၏။ ယင်းလူအမျိုးမျိုးထဲမှ သနားစရာကောင်းလှသူ လူတစ်ယောက်နှင့် မိမိဆုံခဲ့ရ၏။

ယင်းတစ်ယောက်နှင့် မိမိအဘယ်ကဲ့သို့ ဆုံခဲ့ပါသနည်း။ မိမိဓမ္မဒေသနာ ခရီး လှည့်လည်ရာ တစ်ဌာနဖြစ်သည်။ မိမိ စာကြည့်နေစဉ်–

"အရှင်ဘုရား၊ အားပါသလားဘုရား"

မိမိသည် အသံကြားရာသို့ လှည့်ကြည့်လိုက်သော် ဒကာ တစ်ယောက် ဖြစ်နေသည်ကို တွေ့ရ၏။

"ဘာကိစ္စရှိလို့လဲ ဒကာကြီး"

"အရှင်ဘုရား၊ အားလျှင် နည်းနည်းမေးချင်လို့ပါဘုရား"

"အားလို့မေးချင်တယ်၊ အားမှ မေးချင်တယ်ဆိုလျှင်တော့ မအားပါဘူး ဒကာကြီး၊ မြင်တဲ့အတိုင်းပဲ စာကြည့်နေပါတယ်"

"ခက်ပါတယ်ဘုရား"

"ဘာခက်နေတာလဲ ဒကာကြီး"

"တပည့်တော်က စကားမပြောတတ်လို့ မေးမိတာပါဘုရား။ သည်းခံပါ တပည့်တော် မေးချင်တာလေးတစ်ခုကို မေးပါရစေ ဘုရား"

"ကဲ...ကဲ... မေးပါ၊ ဘာများမေးချင်တာလဲ၊ ခက်ခက်ကြီး များလား"

"အရှင်ဘုရားအတွက်တော့ ခက်လားလွယ်လား မသိပါ

http://www.dhammadownload.com



ဘုရား။ တပည့်တော်အတွက်မှာတော့ မသိတော့ အတော် ခက်နေပါတယ်ဘုရား"

"ကဲ...ကဲ... အဲဒီအခက်အခဲကို ပြောစမ်းပါဦး"

"အရှင်ဘုရား။ တပည့်တော်တို့ ဥပုသ်စောင့်တဲ့အခါ ဥပုသ်သည်တွေဟာ မြက်သစ်ပင်များကို နှုတ်ကောင်းပါသလားဘုရား။ အမှိုက်တွေလည်း လှဲကောင်းပါသလားဘုရား၊ တပည့်တော် မသိလို့ ရှင်းပြပေးပါဘုရား"

"ကဲ...ကဲ... ဒကာကြီးကို ပြန်မေးဦးမယ်၊ ဒကာကြီး ကြိုက်သလိုဖြေပါ၊ ဒကာကြီးအနေနဲ့ ဘယ်လိုထင်လို့ မေးတာလဲ"

"တပည့်တော်အနေနဲ့ ဥပုသ်သည်တွေ မြက်နုတ်နေတာ အမှိုက်လှဲနေတာတွေ တွေ့လို့ မနုတ်ကောင်း၊ မလှည်းကောင်း ဘူးထင်လို့ မေးတာပါဘုရား"

"ကဲ...ကဲ... ဒကာကြီးအမေးကို ပထမတိုတိုဖြေမယ်၊ မှတ်ထားပါ၊ ဥပုသ်သည်တွေ မြက်သစ်ပင်များနုတ်ကောင်းပါတယ်၊ အမှိုက်တွေလည်း လှည်းကောင်းပါတယ်"

"ဟင်...တပည့်တော်ထင်တာနဲ့ တစ်မျိုး ဖြစ်နေပြီပေါ့ဘုရား"

"အေးပေါ့...ဒကာကြီးအထင်က ဥပုသ်သည်တွေ မြက်သစ်ပင် မနုတ်ကောင်း၊ အမှိုက်မလှည်းကောင်းဘူးထင်တယ်။ အခု ဖြေလိုက်တာက မြက်နုတ်ကောင်း၊ အမှိုက်လှည်းကောင်းတယ်၊ ဒကာကြီးမေးတာ သိပ်ကောင်းပါတယ်"

ဟိုမွေပဒပါဠိတော်မှာ–

http://www.dhammadownload.com



"ကြောက်ဖွယ် ဘေးမဟုတ်သည်၌ ကြောက်ဖွယ်ဘေးဟု ရှုလေ့ရှိကြသူတွေနှင့်၊ ကြောက်ဖွယ်ဟုတ်သည်၌ ကြောက်ဖွယ်ဘေးမဟုတ်ဟု ရှုလေ့ရှိကြသော မှားသောအယူ ရှိကြသူတို့သည် အပါယ်လေးပါးသို့ လားကြရကုန်၏။

အပြစ်မဟုတ်သည်၌ အပြစ်ရှိ၏ဟု အယူရှိကြသူတွေနှင့် အပြစ်ရှိသည်၌ အပြစ်မရှိဟု အယူရှိသော မှားသော အယူရှိကြသူတို့သည် အပါယ်လေးပါးသို့ လားကြရကုန်၏။

လို့ ဘုရားရှင် ဟောခဲ့ပါတယ်။

"ဒကာကြီးမှာလည်း အဲဒီလိုဖြစ်နေပါတယ်၊ ကြောက်ဖွယ်မဟုတ်တာကို ကြောက်ဖွယ်ထင်နေတယ်၊ အပြစ်မဟုတ်တာကို အပြစ်တင်နေတယ်။ အဲဒါဟာ ပေါ့ပေါ့မဟုတ်ဘူးနော်၊ အယူမှားပဲ"

"တကယ်တော့ ဥပုသ်သည်များဟာ မြက်သစ်ပင်တွေကို နုတ်ကောင်းပါတယ်။ အမှိုက်တွေလည်း လှည်းကောင်းပါတယ်၊ အပြစ်မရှိပါဘူး၊ ကုသိုလ်ရပါတယ်။ ကုသိုလ်ရတဲ့ အလုပ်မို့ ဥပုသ်စောင့်ရင်း လုပ်သင့်ပါတယ်၊ လုပ်ကောင်းပါတယ်"

"ရှင်းအောင် ထပ်ပြီးပြောပါ့မယ်၊ ဥပုသ်သည်များ မြက်သစ်ပင်တို့ကို နုတ်ခြင်း၊ ရှင်းခြင်း၊ အမှိုက်များလှည်းခြင်း စသည်တို့ကို ပြုလုပ်ရာတွင် ရှစ်ပါးသီလသိက္ခာပုဒ် (၈)ပုဒ်တို့တွင် တစ်စုံတစ်ခုသော သိက္ခာပုဒ်တို့၏ အင်္ဂါ၊ ပယောဂနှင့်မျှ မသက်ဆိုင်သဖြင့် မြက်နုတ်ကောင်း အမှိုက်လှည်းကောင်းပါတယ်"

မြက်သစ်ပင်တို့ကို နုတ်ခြင်း၊ ရှင်းခြင်း၊ အမှိုက်လှည်းခြင်း

http://www.dhammadownload.com



တို့ကြောင့် ရှစ်ပါးသိက္ခာပုဒ် မပျက်ရုံသာမက သီလ ညှိုးနွမ်းခြင်းမျှပင် မဖြစ်သည့်ပြင် ဝေယျာဝစ္စ ကုသိုလ်တစ်ခုတောင် တိုးရတယ်လို့မှတ်ပါ”

“အရှင်ဘုရားကသာ အပြစ်မရှိဘူးပြောနေတယ်၊ မြက်နုတ်ရင်၊ အမှိုက်လှည်းရင် ပရွက်ဆိတ် စတဲ့ သတ္တဝါကလေးတွေ သေသွားလျှင် ပါဏာတိပါတသိက္ခာပုဒ်အတွက် အပြစ်မဖြစ်ဘူးလားဘုရား”

“ဩော်...ဒကာကြီး ကြောက်နေတာက ဒီပါဏာတိပါတာ သိက္ခာပုဒ်ကို။ အဲဒီလိုသာဆိုလျှင် ဒကာကြီးလမ်းသွားရင်း အဲဒီ ပရွက်ဆိတ် စတဲ့ သတ္တဝါကလေးတွေ နင်းမိပြီး သေကုန်ရင် အပြစ်ဖြစ်ရတော့မှာပေါ့...

“မှန်ပါ၊ အဲဒီလိုဆိုတော့ အဲဒီသဘောသို့ သက်ရောက်နေပါတယ်ဘုရား”

ဒကာကြီး အဲဒီသဘောသို့ သက်ရောက်နေလျှင် ဒီပါဏာတိပါတ သိက္ခာပုဒ်မှာ ပျက်ကြောင်းအင်္ဂါ ပယောဂဆိုတာ ရှိတယ်၊ အခု ဒကာကြီးပြောတဲ့ ပါဏာတိပါတ သိက္ခာပုဒ် ပျက်မှုနှင့် ပတ်သက်ပြီးတော့...

၁။ သက်ရှိသတ္တဝါဖြစ်ခြင်း၊

၂။ သက်ရှိသတ္တဝါမှန်းလည်းသိခြင်း၊

၃။ သေစေလိုတဲ့ စေတနာလည်းရှိခြင်း၊

၄။ သေအောင်လည်း လုံ့လပြုခြင်း၊

၅။ သေလည်းသေသွားခြင်း ဆိုတဲ့ အင်္ဂါပယောဂတွေနှင့်

http://www.dhammadownload.com



ညီညွတ်ပြည့်စုံမှ သူ့အသက်သတ်မှု ပါဏာတိပါတကံမြောက်တယ်၊ အပြစ်ဖြစ်ပါတယ်။ ဥပုသ်သည်သည့် မြက်သစ်ပင် နုတ်ရာ၌ အမှိုက်လှည်းရာမှာ အဲဒီအင်္ဂါပယောဂ မြောက်ပါ့မလား။

"မမြောက်ပါဘုရား"

"မမြောက်လျှင် အပြစ်မရှိဘူး။ မြက်နုတ်ကောင်း၊ အမှိုက်လှည်းကောင်းတယ်လို့ သေသေချာချာမှတ်ပြီး ဥပုသ်စောင့်ရင်း အမှိုက်လှည်းပါ မြက်နုတ်ပါ"

"မှန်ပါ၊ ကျေနပ်ပါပြီဘုရား"

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

*မြတ်ဆုမွန်ဘာသာရေးမဂ္ဂဇင်း*

*အတွဲ(၄)၊ အမှတ်(၈)၊ ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ*

http://www.dhammadownload.com



# စိတ်ကောင်းနှင့် နှလုံးသွင်းကောင်း

## ( ၂၆ )

"သူတော်ကောင်းမရှိရာ သဘင်မှာ သဘာမဟုတ်ပါ၊ တရားမပြောသောသူမှာ သူတော်ကောင်း မဟုတ်ပါ"

ဟု ရှင်တော်ဗုဒ္ဓသည် 'သဂါထာဝဂ္ဂသံယုတ်ပါဠိတော်'၌ ဟောကြားခဲ့ပါသည်။

ယင်းပါဠိတော်စကားကို ထောက်ထားသော် စကားပြောကြားဆွေးနွေးသော သူတော်ကောင်းများရှိရာ သဘင်မျိုးမှ အစဉ်အမြဲရှိသင့် ရှိထိုက်ပါသည်။ ရှိသင့်ရှိထိုက်သည်ဖြစ်၍ ရှိအောင် ဆောင်ရွက်လိုသော် 'သူတော်ကောင်း'ကို ဦးစွာရှာရပါမည်။ သူတော်ကောင်းကိုရှာသော် သူတော်ကောင်းကို ဦးစွာသိသင့်ပါသည်။ သိသင့်၍ ပြောရသော် သူတော်ကောင်းကို ပါဠိလို 'သန္တ'ဟု ခေါ်ပါသည်။

http://www.dhammadownload.com



'သန္တ'ဟုခေါ်ဆိုရသော သူတော်ကောင်းတို့၏ သဘော အမှန်အကန်မှာ မိမိတို့ကလည်း အမှန်အကန်ကို သိလိုကြားလို ကြပါသည်။ သူတစ်ပါးတွေက အမှန်အကန်ကို ထောက်ပြလျှင် လည်း ကျေးဇူးတင်တတ်ကြပါသည်။

သူတော်ကောင်း 'သန္တ'တို့သည် မိမိမှတစ်ပါး အခြားသူများ ကို သိစေလို တတ်စေလိုသော စေတနာမေတ္တာအပြည့်အဝ ရှိသူများ ဖြစ်ကြပါသည်။ ယင်းကဲ့သို့ သဘောရှိသော သူတော် ကောင်းများမရှိရာ သဘင်မှာ သဘင်မဟုတ်ပါ။

မှန်ပါသည်၊ အချို့မှာ မိမိတတ်ကြောင်းကို ပြသလိုကြပါ သည်။ ကြွားဝါလိုကြပါသည်။ သူတစ်ပါးတွေကို မိမိအောက်သို့ နှိမ့်ချလိုကြပါသည်။ မိမိအမှားကို သူတစ်ပါးတွေက 'အမှား'ဟု ထောက်ပြသောအခါ မခံချင်စိတ် ဖြစ်တတ်ပါသည်။ မိမိ၏ အယူ အဆ မိမိ၏အယူဝါဒကိုသာ အမှန်ဟုဆုတ်ကိုင်ပြောဆိုတတ် ပါသည်။ ယင်းကဲ့သို့ သဘောရှိသောသူသည် 'သန္တ'ခေါ် သူတော် ကောင်းများ မဟုတ်ကြပါ။

'သန္တ'ခေါ်သော သူတော်ကောင်းသဘော ကင်းမဲ့ခဲ့ပါလျှင် ထိုသဘင်မှာ မင်္ဂလာမဖြစ်ဘဲ အမင်္ဂလာသာ ဖြစ်ပါသည်။

မင်္ဂလာသဘင်ခေါ် တရားဆွေးနွေးခြင်းကို ရှေးက လူကြီး များသာ ဆွေးနွေးလေ့ရှိပါသည်။ လူငယ်များသည် မိမိတို့နှင့် မဆိုင်သလို မဆွေးနွေးကောင်းသလို ရှောင်ဖယ်ဖယ်နေထိုင် ကြပါသည်။

ယခုအခါမှ လူငယ်များလည်း တရားသဘောကို လေ့လာ

http://www.dhammadownload.com



လိုက်စားကြ၍ လူငယ်များလည်း တရားဆွေးနွေးနေကြတာကို တွေ့ရှိရပါသည်။

တရားသဘောကို ဆွေးနွေးနေကြသော လူငယ်ဓမ္မသာကစ္ဆာ သဘင်တစ်ခုမှ လူငယ်နှစ်ယောက် မိမိထံမှောက်သို့ ရောက်လာပါသည်။ အချိန်ကာလမှာ အပူပြင်းပြနေ့လယ်ကာလဖြစ်ပါသည်။ မိမိသည် ဆယ်ရက်စခန်းတစ်ခု၌ တရားပြနေခိုက်ဖြစ်ပါသည်။

ရောက်လာသော လူငယ်နှစ်ယောက်မှာ သူတော်ကောင်း 'သန္တ'များဖြစ်သည့်အလျောက် အရိုအသေ အလေးအမြတ် ရှိခိုး ဦးချပြီး သင့်တင့်လျောက်ပတ်စွာ ထိုင်လျက် တစ်ယောက်က လျှောက်ထားပါသည်။

"ဆရာတော်ဘုရား နှလုံးသွင်းကောင်းနှင့် မိတ်ကောင်း ရယ်လို့အကောင်းနှစ်မျိုးမှာဘယ်အကောင်းကအရေးကြီးပါသလဲဘုရား"

"နှစ်ကောင်းစလုံး အရေးကြီးပါတယ်"

မိမိသည် တိုကျဉ်းနှင့်လိုရင်းကို ဖြေလိုက်သောအခါ အမေး ရှင်လူငယ်သည် ခေါင်းကုတ်ပြီး အဖော်လူငယ်ကို လှမ်းကြည့်သည်။ သို့နှင့် မိမိကမေးလိုက်သည်။

"ဘယ်လိုလဲ သဘောမကျဘူးလား"

"မှန်ပါဘုရား၊ တပည့်တော်နှစ်ယောက် တရားဆွေးနွေး ကြရာ သူက မိတ်ကောင်းအရေးကြီးတယ်လို့ ပြောပါတယ်။ တပည့်တော်က နှလုံးသွင်းကောင်း အရေးကြီးတယ်လို့ ပြောပါ တယ်။ တစ်ယောက်က တစ်ယောက်ကို ပြေလည်အောင် ရှင်းမပြ နိုင် ဖြစ်နေပါတယ်ဘုရား"

http://www.dhammadownload.com



"နေပါဦး၊ ကလေးတို့က ငြင်းနေတာလား၊ ဆွေးနွေးနေတာလား"

"ဆွေးနွေးနေတာပါဘုရား"

"ဆွေးနွေးနေတာဆိုရင် အဖြေကို ဘုန်းကြီးရှင်းပြပါ့မယ်၊ သေသေချာချာ နားထောင်ပါနော်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

ဘုန်းကြီးဟာ အခါအားလျော်စွာ ယခုလို တရားစခန်းပွဲတွေ၊ ရိုးရိုးတရားပွဲတွေမှာ အများမှတ်မိအောင် ချပေးလေ့ရှိတဲ့ လင်္ကာနှစ်ပုဒ်ရှိပါတယ်။

"အတွင်းစိတ်ကောင်း၊ ပြင်မိတ်ကောင်း၊ အကောင်းနှစ်ခု ရှိရမည်။ အကောင်းနှစ်ဖြာ၊ ရှိသူဟာ၊ သချာကြီးပွားမည်'တဲ့။

မိမိကိုယ်တွင်းမှာ စိတ်ကောင်း နှလုံးသွင်းကောင်း ရှိရပါမည်။ ခံတွင်းကောင်းလျှင် ဟင်းကောင်းချည်းပဲဆိုတဲ့ စကားပုံရှိတာယ်မဟုတ်လား၊ အဲဒီစကားပုံကို အထူးသတိထားပြီး ကြည့်ပါ။ ဟင်းဆိုတာ ကောင်းဆိုးလယ်လတ်ရယ်လို့ အမျိုးမျိုးရှိပါတယ်။ ဒါပေမယ့်လို့ ခံတွင်းကောင်းတဲ့သူအတွက်တော့ ဟင်းအားလုံး အကောင်းချည်းပါပဲ။

အဲဒီအတူပါပဲ၊ စိတ်ကောင်းနှလုံးကောင်းရှိသူအတွက် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်မှာ ထင်လာသမျှ ကောင်း ဆိုး လယ် လတ် အာရုံတွေတာ အားလုံးအကောင်းချည်းပဲ ဖြစ်ပါတယ်။

"ဒီလိုဆိုလျှင် နှလုံးသွင်းကောင်းက မိတ်ကောင်းထက်ပိုပြီး

http://www.dhammadownload.com



အရေးကြီးတယ်ဆိုတာ မှန်တယ်မဟုတ်ပါလားဘုရား"

နေပါဦး၊ နားထောင်ပါဦး။ အဲဒီလိုဆိုတော့ စိတ်ကောင်းနှလုံးသွင်းကောင်းက အရေးကြီးသလိုလိုပါပဲ။ ဒါပေမယ့်လို့ အဲဒီစိတ်ကောင်းနှလုံးသွင်းကောင်းဟာ ဘယ်ကလာသလဲလို့ သူ့ရဲ့နောက်ကြောင်းကို လိုက်ကြည့်ရင် သူတော်ကောင်းတရားကိုနာကြားမှုက လာပါတယ်။

တရားတော်နာကြားမှုက လာတယ်ဆိုတော့ တရားမနာဘဲစာကောင်းပေမွန်တွေဖတ်လျှင် စိတ်ကောင်းနှလုံးသွင်းကောင်းမရနိုင်ဘူးလားလို့ မေးစရာရှိပါတယ်။ မေးစရာရှိလို့ မေးလျှင်ရနိုင်ပါတယ်လို့ ဖြေရပါမယ်။

"မှန်ပါဘုရား"

"အင်း…မှန်ပါဘုရားဆိုပြီးတော့ ပြီးသွားပြီလို့ မထင်လိုက်ပါနဲ့ဦး၊ မပြီးသေးပါဘူး။ အဲဒီတရားကောင်း တရားမှန် စာကောင်းပေမွန်တွေဟာ ဘယ်ကလာတာလဲလို့ လိုက်ကြည့်ပါ။ လိုက်ရှာပါ။ အရင်းကိုရှာရပါတယ်၊ ဟော…တွေ့ပြီ အပြင်ဘက်မှာ မိတ်ကောင်းအရေးကြီးတယ်။ အတွင်းစိတ်ကောင်း, အပြင်မိတ်ကောင်းနော်။ အပြင်မိတ်ကောင်းကလည်း ဘယ်လောက်အရေးကြီးပါသလဲလို့ မေးလျှင် ရှင်အာနန္ဒာ အမေးနှင့် ဘုရားရှင်ရဲ့ အဖြေနှင့်ရှင်းပြပါ့မယ်…

အခါတစ်ပါး ရှင်အာနန္ဒာက ဘုရားရှင်ကို လျှောက်ပါတယ်။

"မြတ်စွာဘုရား…တပည့်တော်ရရှိထားတဲ့ မဂ်ဖိုလ်တရားဟာ တပည့်တော်ကြောင့် တစ်ဝက်ရပါတယ်။ မိတ်ကောင်း

http://www.dhammadownload.com



ကြောင့် တစ်ဝက်ရပါတယ်’တဲ့။

အဲဒီလိုလျှောက်တဲ့အခါ ဘုရားရှင်က–

‘ချစ်သားအာနန္ဒာ၊ အဲဒီလိုမပြောနဲ့’လို့ နှစ်ကြိမ်တိုင်တိုင် တားမြစ်ပြီး ‘ချစ်သား အာနန္ဒာ...သင်ရရှိထားတဲ့ မဂ်ဖိုလ်တရား သည် အလုံးစုံ မိတ်ကောင်းကြောင့် ရရှိတယ်လို့ အမိန့်ရှိလိုက် ပါတယ်။

“ကဲ...ဘယ့်နှယ်လဲ၊ မိတ်ကောင်း အရေးကြီးပါတယ် ဆိုမှုပဲ”

မိတ်ကောင်းဘက် ပြောဆိုသူ လူငယ်က ဝင်ပြီးထောက် လိုက်ခြင်းဖြစ်၏။

နေပါဦး၊ စကားမဆုံးသေးပါဘူး၊ ဘုရားရှင်က... ဆက် ပြီးတော့...

“ချစ်သားအာနန္ဒာ၊ ငါဘုရားရှင်တည်းဟူသော မိတ်ကောင်း ကြီး မပွင့်ထွန်း၊ မပေါ်ပေါက်လာလို့ ဒီတရားကောင်း တရားမှန် တွေကို မနာရ, မကြားရ, အားမထုတ်ရပါလျှင် သင်ချစ်သား တို့မှာ ပဋိသန္ဓေ, အို, နာ, သေရေး, ဒုက္ခဘေးတို့မှ မလွတ် နိုင်ပါ”

“ချစ်သားအာနန္ဒာ၊ ငါဘုရားရှင်တည်း ဟူသော မိတ် ကောင်းကြီး ပွင့်ထွန်းပေါ်ပေါက်လာပြီး ဒီတရားကောင်း တရား မှန်တွေကို ဟောကြားပေးလို့ နာကြား, ရှုပွား, အားထုတ်ရတဲ့ အတွက် သင်ချစ်သားတို့မှာ ပဋိသန္ဓေ, အို, နာ, သေရေး ဒုက္ခဘေးတို့မှ လွတ်မြောက်ကြတာပါလို့ အမိန့်ရှိပါတယ်”

http://www.dhammadownload.com



အဲဒီလိုဆိုတော့ မိတ်ကောင်းဆရာက တစ်စခန်းမထနဲ့ဦး နော်၊ နားထောင်ပါဦး။ ဆက်ပြောဦးမယ်၊ အဲဒီ မိတ်ကောင်းနှင့် ဆုံစည်းဖို့ရာ မိမိက 'ပဋိရူပဒေသ'လို့ ခေါ်တဲ့ သင့်လျော်တဲ့ အရပ်ဒေသကို သိရဲ့လား…

'အမိန့်ရှိပါဘုရား' (*ဘုရား)

အေး–*သာသနာတော်ထွန်းကားတဲ့ ယခုလိုအချိန်အခါမျိုး မှာ လူသားတိုင်းအဖို့ အကောင်းဆုံးသော အကျိုးစီးပွား အစစ် အမှန်မှာ မဂ်,ဖိုလ်,နိဗ္ဗာန်ပါပဲ။ အဲဒီ မဂ်,ဖိုလ်,နိဗ္ဗာန်တည်း ဟူသော အစီးအပွားမှ မရသေးပါဘူးဆိုလျှင် အဲဒီ မဂ်,ဖိုလ်,နိဗ္ဗာန်ရောက် ကြောင်း ကုသိုလ်ကောင်းမှုတွေဟာ အကျိုးစီးပွားအစစ်အမှန် တွေပါပဲ…

အဲဒီ အကျိုးစီးပွား အစစ်အမှန်တွေဟာ 'ပဋိရူပ'လို့ ခေါ်တဲ့ သင့်လျော်တဲ့ အရပ်ဒေသမှာသာ ရှိပါတယ်။ အဲဒီလိုဆိုတော့ 'ပဋိရူပဒေသ' အရေးမကြီးဘူးလား…

"အရေးကြီးပါတယ်ဘုရား"

အဲဒီ 'ပဋိရူပဒေသ'လို့ ခေါ်တဲ့ သင့်လျော်တဲ့ ဒေသကလည်း ရှေးကောင်းမှုရှိမှတဲ့၊ ကဲ…ပြန်ပြောရရင် ရှေးကောင်းမှုခေါ်တဲ့ 'ပုဗ္ဗေကတ ပုညတာ'ကြောင့် 'ပဋိရူပဒေသ'၌ ဖြစ်ရပါတယ်။ အဲဒီ 'ပဋိရူပဒေသ'၌ ဖြစ်ရတဲ့အတွက် မိတ်ဆွေကောင်းနှင့် တွေ့ရပါတယ်။ မိတ်ဆွေကောင်းနှင့် တွေ့ရတဲ့အတွက် သူတော် ကောင်းတရားတွေ နာကြားရပါတယ်။ သူတော်ကောင်းတရား တွေ နာကြားရတဲ့အတွက် စိတ်ကောင်းနှလုံးကောင်း (ဝါ) စိတ်

http://www.dhammadownload.com



ကောင်းနှလုံးသွင်းကောင်း ရပါတယ်။

အဲဒီရရှိတဲ့ စိတ်ကောင်းနှလုံးကောင်းနှင့် ကြိုးစားအားထုတ်ပါလျှင် မိမိတို့လိုချင်တဲ့ လောကီ, လောကုတ္တရာ အကျိုး, အစီး, အပွားတွေ ပြီးစီးပါတယ်။ အထူးသဖြင့် ဒီနေရာမှာကတော့ မဂ်, ဖိုလ်, နိဗ္ဗာန်တည်းဟူသော အကျိုး,အစီး,အပွားကိုပဲ ဆိုပါတယ်။

ဒကဲ...အချုပ်ပြောရရင် လောကီ, လောကုတ္တရာ အကျိုး, အစီး,အပွားတွေဟာ မိတ်ကောင်း တစ်ခုတည်းနှင့်လည်း မပြီးပါဘူး။ မိတ်ကောင်း, စိတ်ကောင်း နှလုံးသွင်းကောင်းကို အမှီပြုပြီး ရလောက်အောင် ကြိုးစားအားထုတ်ပါမှ ရပါလိမ့်မယ်။

"မှန်ပါဘုရား"

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

*မြတ်ဆုမွန်ဘာသာရေးမဂ္ဂဇင်း*
*၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ*

http://www.dhammadownload.com



# သိက္ခာထပ်သင့် မထပ်သင့်

## ( ၂၇ )

ဗုဒ္ဓမြတ်စွာ သာသနာတော်၌ သီလ, သမာဓိ, ပညာ ဟူသော သိက္ခာသုံးပါး အကျင့်တရားသည် အချုပ်အခြာ ပဓာန ဖြစ်၏။ မှန်ပါသည်။ ဗုဒ္ဓသာသနာဝင်များ ကျင့်ကြံကြိုးကုတ် အားထုတ်မှု ပြုနေသမျှသည် ယင်းသိက္ခာသုံးပါး အကျင့်တရား တိုးပွားရေးပင် ဖြစ်ပါသည်။

အကျင့်တစ်ခုကို အကျင့်ကောင်း အကျင့်မြတ် ဟုတ်,မဟုတ်၊ မှန်,မမှန် တိုင်းတာရာ၌လည်း ယင်းသိက္ခာ သုံးပါးဖြင့်ပင် တိုင်းတာရပါမည်။

အဘယ်သို့ တိုင်းတာရပါမည်နည်း။

အကျင့်တစ်ခုကို မိမိအနေနှင့် အကျင့်ကောင်း အကျင့်မြတ် ဟု ထင်ပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ပြီဆိုပါစို့–

http://www.dhammadownload.com



ယင်းသို့ ကျင့်ခြင်းကြောင့် မိမိ၌ ရှေးကမပြည့်စုံသေးသည့် သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး အကျင့်တရားထဲမှ အဘယ် သိက္ခာများ တိုးတက်လာပါသလဲ၊ ပြည့်လာပါသလဲဟု စစ်ဆေး ကြည့်ပါ။ အဘယ်သိက္ခာတစ်ခုမျှ မတိုးတက်လျှင် ယင်းအကျင့် သည် အကျင့်ကောင်း မဟုတ်ပါ။ ဆက်ပြီးကျင့်ရန် မသင့်ပါ။

သိက္ခာသုံးပါးတွင် တစ်ပါးပါးမျှ မပြည့်သော်လည်း တစ်စုံ တစ်ရာအဖြစ် မဖြစ်လျှင် ယင်းအကျင့်မျိုးကို ကျင့်ကောင်းပါ သေး၏။ အပြစ်ဖြစ်လျှင်ကား မကျင့်ကောင်းတော့ပါ။

ယင်းသို့ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အပြစ်ရှိ အပြစ်မဲ့ စသည်ကို မိမိလည်း သိစေလိုသူ တစ်ယောက်ကို မိမိတွေ့ရ၏။

"အရှင်ဘုရား...ယခုခေတ်မှာ သိက္ခာထပ်မင်္ဂလာ၊ သိမ်ထပ် မင်္ဂလာ၊ ကံထပ်မင်္ဂလာ စသည်ဖြင့် အမျိုးအမည်တပ်ကာ ဆရာ တော်၊ သံဃာတော်၊ ရဟန်းတော် ဖြစ်ပြီးသားတွေကို သိက္ခာထပ်၊ သိမ်ထပ်၊ ကံထပ်နေကြပါတယ်ဘုရား၊ ထပ်သင့်၊ မထပ်သင့် တပည့်တော်နှင့်တကွ အများအမြင်လင်းအောင် ရှင်းပြတော်မူပါ ဘုရား"

"သံသယရှိလျှင် ထပ်သင့်ပါတယ်"

"အဘယ်လို သံသယရှိလျှင် ထပ်သင့်ပါသလဲဘုရား... အရှင်ဘုရားရဲ့အဖြေက တိုလွန်းနေတော့ မရှင်းသေးပါဘုရား"

ဟိုပုဂံခေတ်က နရပတိစည်သူ မင်းလက်ထက်ဝေ၊ ပေါင်းလောင်း ရှင်မဟာကဿပဟာ သီရိလင်္ကာသို့ ကြွတော်မူရာ

http://www.dhammadownload.com



သီရိလင်္ကာရဟန်းတော်များက သူ့အပေါ်သံသယရှိလို့ သိမ်ထပ်ဖို့ ပြောခိုပြီး သိမ်ထပ်တာမျိုးကို သံသယရှိလျှင် ထပ်သင့် တယ်လို့ ပြောတာပါ။

ပြီးတော့...ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာလည်း အချို့ဂိုဏ်း တွေက မိမိတို့ ကျောင်းတိုက်သို့ အခြား ဂိုဏ်းသား ရဟန်းတော် များ ရောက်လာလျှင် သိမ်ထပ်ကြပါတယ်။ အဲဒါလည်း သံသယ ရှိလို့ ထပ်တာပါပဲ။

ပြီးတော့...ဘုန်းကြီးတို့ မြန်မာနိုင်ငံမှ ဟိုဓမ္မစေတီမင်း လက်ထက်ကပေါ့၊ မြန်မာရဟန်းများဟာ သူတို့သိက္ခာကို သူတို့ သံသယရှိကြလို့ သီရိလင်္ကာကျွန်းသို့ ကြွပြီး သီရိလင်္ကာ ဆရာ တော်၊ သံဃာတော်များ၏ သိက္ခာထပ်ပေးမှုကို ခံယူကြပါတယ်။ အဲဒါလည်း သံသယရှိလို့ ထပ်တဲ့သိက္ခာထပ်ပါ။

အဲဒီအချိန်ကဆိုလျှင် မြန်မာနိုင်ငံက သီရိလင်္ကာကျွန်းသို့ ကြွရောက်ဖို့ရာ အတော်ခဲယဉ်းပါတယ်။ မြန်မာနိုင်ငံရဲ့သာသနာ ရေးအခြေအနေက မကောင်းလို့ သန့်ရှင်းစင်ကြယ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ခဲယဉ်းစွာနှင့် ကြိုးစားကြွကြပြီး သီရိလင်္ကာ ဆရာတော်၊ သံဃာတော်များထံမှာ သိမ်ထပ် သိက္ခာထပ်ပြီး ပြန်ကြွလာကြပါတယ်။

နောက်ပိုင်းရောက်တော့ သီရိလင်္ကာသာသနာရေး အခြေ အနေဟာ မကောင်းပြန်ပါဘူး၊ အဲဒီအချိန်အခါမှာ သီရိလင်္ကာ ရဟန်းတော်များဟာ မြန်မာနိုင်ငံသို့ ကြွရောက်လာပြီး မြန်မာ ရဟန်းတော်များရဲ့ အထံမှာ သိက္ခာထပ်ကြပါတယ်။ အဲဒါဟာ

http://www.dhammadownload.com



သံသယရှိလို့ ထပ်သင့်တဲ့အတွက်သိက္ခာထပ်ခြင်းပါပဲ။

"အရှင်ဘုရား၊ သံသယက ဘယ်လိုရှိပါသလဲဘုရား"

"ဩော်...သံသယက ဘယ်လိုရှိရမှာလဲ၊ ကိုယ့်မှာရှိထားတဲ့ သိက္ခာဟာ ပြည့်မှ ပြည့်ပါ့မလားလို့ သိမ်အပေါ်မှာ သံသယရှိသော်လည်းကောင်း၊ ကမ္မဝါစာဖတ်တဲ့ သံဃာတော်တွေ အပေါ်မှာ သံသယရှိသော်လည်းကောင်း သံသယပဲပေါ့။ အဲဒီသံသယက ကိုယ့်ဟာကိုဖြစ်တဲ့ သံသယပါ။ အဲဒီသံသယကြောင့်လည်း သိမ် ထပ်သင့်ပါတယ်"

"ခုနက ပြောခဲ့တဲ့ မြန်မာရဟန်းတော်များ သီရိလင်္ကာသို့ ကြွပြီး သိမ်ထပ်ခံခြင်း၊ သီရိလင်္ကာ ရဟန်းတော်များ မြန်မာနိုင်ငံသို့ ကြွလာပြီး သိမ်ထပ်ခံခြင်းတို့ဟာ သံသယရှိလို့ သိမ်ထပ်ခြင်းပါပဲ။

ပုဂံခေတ် နရစည်သူမင်းလက်ထက်က ပေါင်းလောင်းရှင်မဟာကဿပ သီရိလင်္ကာသို့ ကြွတော်မူရာ သီရိလင်္ကာ ရဟန်းတော်များက သိမ်ထပ်ရန်ပြောပြီး သိမ်ထပ်တာမျိုးနှင့် မြန်မာနိုင်ငံမှာ အချို့ဂိုဏ်းတွေက မိမိကျောင်းရောက်လာတဲ့ အခြားဂိုဏ်းက ရဟန်းတွေကို သိမ်ထပ်တာက မိမိတို့နှင့် အတူနေမည့် ထိုရဟန်းအပေါ်မှာ သံသယရှိလို့ ထပ်တာမျိုးပေါ့။

"သံသယရှိလို့ထပ်လျှင် တစ်ကြိမ်ထပ်လျှင် ပြီးတယ်မဟုတ်ပါလားဘုရား"

ပြီးတော့ သူ့ပရိက္ခရာနှင့်သူပဲ ထပ်ပေးလိုက်လျှင် ပြီးတယ် မဟုတ်ပါလားဘုရား"

http://www.dhammadownload.com



"ဟုတ်ပါတယ်၊ ဒကာကြီးက ဘယ်လိုထင်လို့ မေးတာလဲ"

"အချို့က သိမ်ထပ်တဲ့ ဒကာလိုက်ရှာပြီး သိမ်ထပ်နိုင်းနေတာ တွေ့ရလို့ပါဘုရား။ အချို့က ကိုယ်ကပရိက္ခရာ ပေးပြီး ဝတ္ထုငွေ ကပ်စေကာ ထပ်နိုင်းတာတွေလည်း တွေ့ရလို့ မေးတာပါဘုရား"

"အဲဒီလိုထပ်လျှင်တော့ ဘုန်းကြီးတို့ မကြိုက်ပါဘူး၊ ကဲ... ဒီလောက်ဆိုလျှင် ရှင်းပြီးလား"

"ရှင်းတော့ ရှင်းပါပြီဘုရား၊ ဒါပေမယ့် ကျန်ပါသေးတယ် ဘုရား"

"ဘာတွေကျန်သေးလဲ"

"အဲဒီလို သိမ်ထပ်တာတွေတော့ ရှင်းပါပြီ၊ ဒကာ ဒကာမ တွေ ကြည်ညိုသဒ္ဓါဖြစ်လို့ သိမ်ထပ်တဲ့ကိစ္စနှင့် ပတ်သက်ပြီး မေးချင်ပါသေးတယ်ဘုရား"

"ဘယ်လိုမေးချင်တာလဲ"

"သိမ်ထပ်ပေးတဲ့ ဒကာ ဒကာမတွေဟာ ရဟန်းဒကာဖြစ် ပါသလား၊ ရဟန်းမှာရော ဘယ်လိုအကျိုးကျေးဇူး ဖြစ်ထွန်းပါ သလဲဘုရား"

ရဟန်းဒကာလို့ အခုခေတ်မှာ ခေါ်ကြတာဟာ ပထမဆုံး ရဟန်းပြုပေးသူကို ရဟန်းဒကာ ဒကာမ ခေါ်နေကြပါတယ်။ အဲ...ဒကာ ဒကာမတွေက ရှင်ဘဝကနေ ရဟန်းဘဝရောက် အောင် ရဟန်းသိက္ခာတွေတည်အောင် ပရိက္ခရာရှစ်ဖြာလှူပြီး ရဟန်းခံပေးလို့ 'ဓမ္မာနုဂ္ဂဟ' ပစ္စယာနုဂ္ဂဟရယ်လို့ အနုဂ္ဂဟနှစ်ပါး ဖြင့် အကျိုးများပါတယ်"

http://www.dhammadownload.com



နောက်ထပ် သိမ်ထပ်တဲ့ပုဂ္ဂိုလ်ကတော့ (ဒကာကတော့) ပစ္စယာနုဂ္ဂဟဒကာပဲ ဖြစ်နိုင်ပါတယ်။ ဓမ္မနုဂ္ဂဟဒကာကတော့ မဖြစ်နိုင်တော့ပါဘူး။

"အဲဒီ အနုဂ္ဂဟာနှစ်ပါးမှာ အဘယ်နုဂ္ဂဟာက ပိုပြီးတော့ အကျိုး ကြီးပါသလဲ"

"ဟာ...အဲဒါကတော့ အများကြီး ကွာခြားပါတယ်။ ဓမ္မနုဂ္ဂဟာ က အသာကြီး သာပါတယ်။ ပစ္စယာနုဂ္ဂဟာက ဓမ္မာနုဂ္ဂဟာကို ဘယ်လိုမှ မမီဘူး။ ပစ္စယာနုဂ္ဂဟာကို အချိန်မရွေး ပြုလုပ်နိုင်သော် လည်း ဓမ္မနုဂ္ဂဟာကို အချိန်မရွေး မပြုလုပ်နိုင်ပါဘူး"

"နေပါဦးဘုရား၊ အဲဒီ အနုဂ္ဂဟာနှစ်ပါးအကြောင်းကို ရှင်းပြ ပါဦးဘုရား"

"အကျဉ်းအားဖြင့် (၂၂၇)သွယ်၊ အကျယ်အားဖြင့် ကုဋေ ကိုးထောင်ကျော်သော ရဟန်းသီလသိက္ခာတွေကို ဒီနေရာမှာ 'ဓမ္မ'လို့ခေါ်ပါတယ်။ အဲဒီသိက္ခာတွေကို အဲဒီရဟန်းရဲ့ သန္တာန် မှာ တည်အောင်ချီးမြှောက်ပေးတာကို 'ဓမ္မနုဂ္ဂဟာ'လို့ ခေါ်ပါတယ်။

"ရှစ်ဖြာပရိက္ခရာကို ဒီနေရာမှာ 'ပစ္စယ'လို့ ခေါ်ပါတယ်။ အဲဒီ ပစ္စယတွေလှူပြီးပေးလို့ 'ပစ္စယနုဂ္ဂဟာ'လို့ ခေါ်ပါတယ်"

"ဒါဖြင့် သိမ်ထပ်တဲ့ဒကာ နှစ်ပါးလုံးဖြင့် ချီးမြှောက်ရာ မရောက်ပါလားဘုရား"

"စဉ်းစားကြည့်ပေါ့၊ ရှင်ဘဝတုန်းက မရှိသေးတဲ့ ရဟန်း သိက္ခာဓမ္မတွေ ပထမရဟန်းခံစဉ်က တည်သွားပြီးနောက်ထပ် သိမ်ထပ်သော်လည်း နှစ်ပြန်သုံးပြန် မတိုးတက်လာပါဘူး။ အေး...

http://www.dhammadownload.com



ပစ္စည်းကိုတော့ ပြည့်ပြည့်လာမယ်၊ မပြည့်လာပါဘူး၊ သိက္ခာကတော့ ထပ်ပြီး ပြည့်လေနိုင်ဘူးလို့ မှတ်ပါ"

"ဟို…ဇိနာလင်္ကာရဋီကာမှာတော့ ဘုရားရုပ်ပွားဆင်းတုတော်တွေကို ခဏခဏ အနေကဇာတင်လျှင် ရဟန်းတော်တွေကို သိမ်ခဏခဏထပ်လို့ရှိလျှင် တန်ခိုးကြီးတယ်လို့ ဆိုပေမယ့် အဲဒီဋီကာကို ဘုန်းကြီးတို့ ဆဋ္ဌသံဂါယနာတင်ထေရ်အရှင်များက လက်မခံလို့ ပြန်မရိုက်ပါဘူး၊ ဒါပေမယ့်လို့ ဘုရားအနေကဇာ ခဏခဏ တင်ရတာနှင့် သိမ်ထပ်တာနှင့်တော့ မတူဘူးနော်"

"မှန်ပါဘုရား"

"ဘုရားရုပ်ပွားတော် ဆင်းတုတော်တွေကို အနေကဇာ ခဏခဏတင်လို့ ဘုရားတန်ခိုးကြီးပေမယ်လို့ ရဟန်းတော်တွေမှာ သိမ်ထပ်သော်လည်း ကောင်းကောင်းကျင့်ကောင်းအောင်နေမှ သိက္ခာပြည့်ပြီး–

တန်ခိုးကြီးမှာနော်၊ ပြီးတော့ အခု သိက္ခာထပ်တာတွေကလည်း သိက္ခာပြည့် တန်ခိုးကြီးသူကိုထပ်တာဆိုတာလည်း စဉ်းစားပေါ့လေ"

"ရှင်းပါပြီဘုရား"

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

*ဓမ္မရံသီမဂ္ဂဇင်း*

*အမှတ်စဉ်(၃၄)၊ ၁၃၅၄ခု၊ သီတင်းကျွတ်–တန်ဆောင်မုန်း*

*၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ*

http://www.dhammadownload.com



# အတူမြင်အတတ်သင်

## ( ၂၈ )

ဤကမ္ဘာလောကကြီးထဲ၌ ရှိနေကြသော သတ္တဝါတွေကို အမျိုးအစားခွဲခြားလိုက်လျှင် 'အတုမြင်အတတ်သင်နေသူ' နှင့် 'အမှတ်မဲ့နေသူ' ဟူ၍ နှစ်မျိုးနှစ်စားသာ တွေ့နိုင်မည်ဖြစ်ပါသည်။

ယင်းသို့ အတုမြင်အတတ်သင်ရာ၌ ကောင်းတု မကောင်းတု ဟူ၍ နှစ်မျိုးရှိပါသည်။ အချို့သတ္တဝါတို့မှာ ကောင်းတု မကောင်းတု ဟူ၍ မခွဲခြားဘဲ အတုမြင်သမျှ အတတ်သင်ကြ၏။ အချို့သတ္တဝါ တို့မှာမူ ကောင်းတုမြင်မှ ကောင်းသောအတတ်ကို သင်ကြ၏။ ယင်းအတုမြင် အတတ်သင်မှုနှင့်ပတ်သက်၍ မရှင်းသူတစ်ယောက် က မိမိကိုယမေးလျှောက်၏။

"အရှင်ဘုရား...အတုမြင်အတတ်သင်လို့ ဆိုရိုးစကား ရှိပါ တယ်ဘုရား၊ အတုမြင်တိုင်း အတတ်သင်သင့်ပါသလားဘုရား။

http://www.dhammadownload.com



သို့မဟုတ် ဘယ်လိုအတုမျိုးမြင်မှ အတတ်သင်သင့်ပါသလဲ။ ရှင်းပြပေးတော်မူပါဘုရား"

အတုဆိုတာ ကောင်းတု မကောင်းတု နှစ်မျိုးရှိတယ်ဆိုတာ အများအသိပဲ။ ကောင်းတုကိုသာမြင်ပြီး ကောင်းတတ်ကိုသာ သင်ရမှာဆိုတာကိုလည်း အများအသိပါပဲ မဟုတ်လား...

"ဟုတ်ပါတယ်ဘုရား"

"ကောင်းတုကိုသာ တုရ သင်ရမှာနော်၊ အေး... ဒါပေမယ့် လို့ ကောင်းမကောင်းသိဖို့ကတော့ အရေးကြီးတယ်ပေါ့၊ ကောင်းတု မကောင်းတု မသိဘဲ သင်သူနှစ်ဦးအကြောင်း ပြောပြမယ်"

"မှန်ပါ၊ ပြောပြပါဘုရား"

အတိတ် ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုစဉ်အခါကပေါ့၊ ဘုရားအလောင်းဟာ အဲဒီမင်းရဲ့အမတ် ဖြစ်ပါတယ်။ အဲဒီမင်းမှာ 'မဟိလာမုခ' အမည်ရှိတဲ့ မင်္ဂလာဆင် တစ်ကောင်ရှိတယ်။

အဲဒီဆင်ဟာ အကျင့်သီလရှိတယ်၊ အကျင့်ကောင်းနှင့် ပြည့်စုံ တယ်။ တစ်စုံ တစ်ယောက်သောသူကိုမျှ မညှဉ်းဆဲပါဘူး။

"အဲ...တစ်ခါတစ်ပါးတော့ ခိုးသားတို့ဟာ ညတိုင်း ညတိုင်း အဲဒီဆင်အနီး ဆင်တင်းကုတ်တဲမှာ သတ်ဖို့ဖြတ်ဖို့ ရုန့်ရင်းကြမ်း ကြုတ်ဖို့ နိုင့်ထက်ကလူပြုမူဖို့' စသည်တို့ကို တိုင်ပင်ကြပါသည်။ အခါပေါင်းများစွာ၊ ညပေါင်းများစွာ လာလာပြီး တိုင်ပင်တဲ့ စကား ကို ကြားရတော့ အဲဒီ မင်္ဂလာဆင်ဟာ–

"ထိုသူတို့သည် ငါ့ကိုသင်ပေးကုန်အံ့"

http://www.dhammadownload.com



ဟု မှတ်ယူပြီး အတုမြင် အတတ်သင်လိုက်ပါတယ်။

အဲဒီလို အတတ်သင်ပြီး နောက်နေ့ စောစောကလျှင် လာတဲ့ ဆင်ထိန်းကို နှာမောင်းဖြင့်ယူပြီး မြေသို့ရိုက်သတ်ပါတယ်။ အေး... နောက်ဆင်ထိန်းတွေလည်း ဒီလိုပဲသတ်ပါတယ်။ သတ်ပါများတော့ 'မဟိလာမုခ' ဆင်သည် ရူးပြီလို့ မင်းကြီးအား အကြောင်းကြားတော့ မင်းကြီးက ဘုရားအလောင်းအမတ်ကို အစုံစမ်းခိုင်းပါတယ်။ ဆင်ဆရာဖြစ်တဲ့ ဘုရားအလောင်းတော်ဟာ ဆင်ကိုဦးစွာ ရောဂါစစ်ဆေးပါတယ်။ ဆင်ကိုယ်ထဲမှာ တစ်စုံတစ်ခုသော ရောဂါကို မတွေ့ရပါ။

ရောဂါတစ်စုံတစ်ရာ မရှိဘဲနှင့် ဒီဆင် အဘယ်အကြောင်းကြောင့် ပျက်စီးရသနည်း။ ရူးရသနည်းဟု စုံးစမ်းသည်ရှိသော်...

"ကေန်စင်စစ် ဒီဆင်ကြီး၏အနီး၌ တစ်စုံတစ်ယောက်သော သူတို့သည် မကောင်းသောစကား တိုင်ပင်ကြလိမ့်မည်။ ထိုစကားကိုကြား၍ ငါ့ကို ထိုသူတို့ အတတ်သင်ကုန်၏"

ဆိုတဲ့ အမှတ်ဖြင့် ပျက်စီးတယ်၊ ရူးတယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

အဲဒီလို ဆုံးဖြတ်ပြီး ဆင်ထိန်းတို့ကို ဆင်တင်းကုတ် အနီး ဒီဆင်နားမှာ ညဥ့်အခါ တစ်စုံတစ်ယောက်သောသူတို့ တိုင်ပင်ကြသလားလို့ မေးတဲ့အခါ ခိုးသူတို့ တိုင်ပင်ကြောင်း ပြောပြပါတယ်။ အဲဒီစကား ကြားရတဲ့အခါ ဘုရားအလောင်းတော် ဆင်ဆရာဟာ မင်းကြီးထံသွားပြီး...

"အရှင်မင်းကြီး၊ ဆင်ရဲ့ကိုယ်မှာ တစ်စုံတစ်ခုသော ရောဂါ

http://www.dhammadownload.com



ဝေဒနာမရှိပါ။ ခိုးသူတို့ရဲ့ တိုင်ပင်စကားကို ကြားပြီး ပျက်စီးတာပါ။ ရှုံးတာပါ"

ဟု မင်းကြီးကိုလျှောက်ကြားပါတယ်။ အဲဒီလိုလျှောက်ကြားတဲ့အခါ မင်းကြီးက–

"ဒီလိုဆိုလျှင် အဘယ်သို့ ပြုသင့်သနည်း"ဟု မေးလေသည်။

"အကျင့်သီလနှင့် ပြည့်စုံသူတို့ကို ဆင်တင်းကုတ်အနီး ဆင်အနီး၌ နေစေ၍ သီလအကျင့်စကား၊ မသတ်ဖြတ်သင့် မညှဉ်းဆဲသင့်ကြောင်း စတဲ့စကားတွေ ပြောကြားစေခြင်းဟာ သင့်ပါတယ်"

လို့ လျှောက်ကြားတဲ့အခါ မင်းကြီးက–

"သင် အလိုရှိတိုင်း ပြုလော့"

ဟု အမိန့်ပေးလိုက်ပါတယ်။

ဘုရားအလောင်းတော် ဆင်ဆရာဟာ သီလရှိတဲ့၊ အကျင့်နှင့်ပြည့်စုံတဲ့ သူတွေကို ဆင်တင်းကုတ်အနီး ဆင်အနီး၌ နေစေပြီး သီလအကျင့်နှင့်စပ်တဲ့စကား၊ မသတ်ဖြတ်၊ မညှဉ်းဆဲအကြောင်းစကား၊ ခန္တီ၊ မေတ္တာ၊ ကရုဏာနှင့်ယှဉ်သော စကားတို့ကို ဆိုစေပါတယ်။

သီလအကျင့်နှင့် ပြည့်စုံသူတို့သည် ဘုရားအလောင်း ဆင်ဆရာပြောတိုင်းပြုရာ မင်္ဂလာဆင်ဟာ သူ့ကို သင်တယ်လို့ မှတ်ယူပြီး မသတ်ဖြတ်၊ မညှဉ်းဆဲဘဲ အကျင့်သီလ ရှိလာပါတယ်။ အကျင့်နှင့် ပြည့်စုံလာပါတယ်။ ဆင်လိမ္မာဖြစ်လာပါတယ်။

"အဲဒါ... မကောင်းတုမြင်နှင့် မကောင်း အတတ်သင်၊

http://www.dhammadownload.com



ကောင်းအတုမြင်နှင့် ကောင်းအတတ်သင်ပေါ့၊ သဘောပေါက်လား"

"ပေါက်ပါတယ်ဘုရား"

"အဲဒါက တိရစ္ဆာန်သတ္တဝါရဲ့ အတုမြင် အတတ်သင်ပုံပါ။ အခုပြောပြမှာက ကားဆရာကလေး တစ်ယောက်ရဲ့ အတုမြင် အတတ်သင်ပုံပေါ့"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

အခါတစ်ပါးပေါ့၊ ဘုန်းကြီးက ဓမ္မဒေသနာခရီးသည်ဆိုတော့ ဓမ္မဒေသနာစခန်းတစ်ခုမှ စခန်းတစ်ခုသို့အကူးမှာ ကားလမ်းဖြစ်၍ ကားနှင့်ကူးပါတယ်။ ကားနှင့်လိုက်ပို့သူက ဌာနတစ်ခုမှ ကားဆရာလေး၊ ကျော်ဝင်းခင်တဲ့။ နာမည်လေးက ကောင်းတယ်နော်"

"မှန်ပါဘုရား"

ကားဦးခန်းမှာ သူနှင့် ဘုန်းကြီး နှစ်ဦးပဲရှိပါတယ်။ စကားပြောလာရင်း သူ့အကြောင်း ရောက်သွားတယ်။ သူ့အကြောင်းကို သူက ပြောပါတယ်။

"တပည့်တော်ဟာ ရှေးယခင်က အသောက်အစား အပျော်အပါး ကစားသမားတွေရဲ့ အတုမြင်ပြီး အတတ်သင်ခဲ့ရာ တပည့်တော်လည်း စုတ်ပြတ်ညစ်ပေဆင်းရဲ အိမ်သူအိမ်သားတွေလည်း စုတ်ပြတ်ညစ်ပေဆင်းရဲခဲ့ပါတယ်၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာလဲ မရခဲ့ပါဘုရား။ ရတဲ့လစာလည်း မလောက်ပါဘုရား။ အဲဒီလိုနဲ့ပဲ တပည့်တော် ဘဝဟာ ရည်ရွယ်ချက်မရှိ ဦးတည်ချက်မရှိဘဲ

http://www.dhammadownload.com



ကျင်လည်နေခဲ့ရာ တစ်နေ့ အိမ်တစ်အိမ်ရောက်သွားပါတယ် ဘုရား"

"အိမ်က သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်နှင့် လူတွေက လည်း သန့်ရှင်းသပ်ရပ်ပါတယ်ဘုရား။ တပည့်တော်ကို အိမ် အပေါ်ထပ်မှာ ထားပါတယ်ဘုရား။ တပည့်တော်က စုတ်စုတ် ပြတ်ပြတ်၊ အိမ်ရှိလူတွေက သန့်သန့်ရှင်းရှင်းဆိုတော့ နေရတာ မျိုးပဲပေါ့ဘုရား။ အိမ်အပေါ်ထပ် တပည့်တော် တစ်ယောက်တည်း နေရာမှာ ညဉ့်ဦးပိုင်းရောက်တယ်ဆိုရင်ပဲ အဲဒီအိမ်က အဘွား ကြီး တက်လာပြီး ပန်းကပ်၊ ရေချမ်းကပ်၊ ဆီမီးထွန်း စသည် ပြုပြီး ဘုရားရှိခိုး၍ ဆင်းသွားပါတယ်"

"အဘွားကြီးပြီးတော့ အိမ်ရှိလူကုန်ပါပဲ၊ တစ်ယောက်ပြီး တစ်ယောက် တက်လာပြီး ဘုရားရှိခိုး ပုတီးစိပ်ကြပါတယ်ဘုရား။ တပည့်တော် သူတို့အိမ်က အိမ်သူအိမ်သားတွေကို ကြည့်ပြီး ကိုယ့်အိမ်က အိမ်သူအိမ်သားတွေနှင့် နှိုင်းယှဉ်ကြည့်နေမိပါတယ်။ နှိုင်းယှဉ်ကြည့်ရင်း ရှက်လာပါတယ်ဘုရား"

"အင်း…ငါတော့ အနေအထိုင် ပြောင်းမှဖြစ်တော့မယ်"လို့ စိတ်ကူးဝင်လာပါတယ်ဘုရား"

"အဲဒီအိမ်က ပြန်လာပြီး အိမ်ရောက်တော့ အိမ်ရှင်မကို–

"ငါတော့ စိတ်ကူးတစ်မျိုးဖြစ်ခဲ့တယ်။ အဲဒီစိတ်ကူးကို ဒီနေ့က စပြီး အကောင်အထည်ဖော်တော့မယ်"

ပြောပြီး တပည့်တော်ဟာ မသောက်မစား မပျော်ပါးတော့ဘဲ ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့ တရားအားထုတ် စတဲ့ ကောင်းမှု

http://www.dhammadownload.com



တွေကို ပြုခဲ့ပါတယ်ဘုရား"

"ဒါန သီလ ဘာဝနာတရားတွေနဲ့ နေခဲ့ပါတယ်ဘုရား။ အဲဒီလို နေလာခဲ့ရာ ယခုဆိုလျှင် တပည့်တော်တို့အိမ် တပည့်တော်တို့ မိသားစုဟာ ရှေးယခင်နှင့် မတူတော့ပါဘုရား၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိလာပါတယ်ဘုရား။ လူနိုင် တန်းနိုင်လည်း ဖြစ်လာပါတယ်ဘုရား။ တပည့်တော် ရှေးယခင်က ဘုရားရှိခိုး၊ ပုတီးစိပ်တဲ့အခါ လောကီစီးပွားရေးကို ဦးတည်ခဲ့ပါတယ်ဘုရား။ ယခုအခါမှာတော့ အဲဒီလို မဟုတ်တော့ဘဲ သံသရာမှ လွတ်မြောက်ရေးကိုပဲ ဦးတည်နေပါတယ်ဘုရား"လို့ လျှောက်ထားပါတယ်။

"အဲဒါက သက်ရှိလူသတ္တဝါဖြစ်တဲ့ ကားဆရာလေးရဲ့ အတုမြင် အတတ်သင်ပေါ့။ ဒါကြောင့် ကောင်းတာကိုမြင်ပြီး ကောင်းတဲ့ အတတ်တွေ သင်နိုင်မှ နတ်ရွာနိဗ္ဗာန်ရောက်ရာနော်"

"မှန်ပါ၊ ကျေးဇူးကြီးလှပါတယ်ဘုရား"

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

*မြတ်ဆုမွန်ဘာသာရေးမဂ္ဂဇင်း*
*အတွဲ(၅)၊ အမှတ်(၄)၊ ၁၉၉၂ ခုနှစ်၊ မေလ*

http://www.dhammadownload.com



# ဝိပဿနာနှင့် ချမ်းသာဆင်းရဲ

## ( ၂၉ )

လောကရှိ အများစုသောလူသားတို့သည် ချမ်းသာနှင့် ဆင်းရဲ မကွဲပြားကြပါ။ ယင်းသို့ မကွဲပြားကြ၍ ချမ်းသာကို ဆင်းရဲထင်ကာ ရှောင်ရှားနေကြပါသည်။ ဆင်းရဲကိုမူ ချမ်းသာထင်ကာ ကြိုးစား ရှာဖွေ ကျင့်သုံးနေကြပါသည်။ ယင်းသို့ဖြင့် အရှာလွဲ၊ အကျင့်သုံး လွဲနေကြရကား လူသားတို့မှာ အဆင်းရဲကြီး ဆင်းရဲနေကြရ ပါသည်။

မည်မျှ ဆင်းရဲနေကြပါသနည်း။ သန်းပေါင်းများစွာသော ဥစ္စာ၊ ရွှေ၊ ငွေတွေ ရှိပါလျက် ရာထူးကြီး ဂုဏ်ထူးကြီးတွေ ရှိပါလျက်၊ ပညာတွေ တတ်ပါလျက်၊ ဆင်းရဲလွန်းလို့ ဆင်းရဲ ဒဏ်ကို မခံနိုင်ရကား မိမိကိုယ်မိမိ နည်းအမျိုးမျိုးနှင့် သတ်သေသူ ပေါင်းမှာ တစ်နှစ် တစ်နှစ် ထောင်ဂဏန်းအထက်မှာရှိသည်ဟု စာစောင်တစ်ခုတွင် မိမိဖတ်ရှုလိုက်ရပါသည်။

http://www.dhammadownload.com



သန်းပေါင်းများစွာရှိပါလျက် ရာထူးကြီး ဂုဏ်ထူးကြီးတွေ ရှိပါလျက် ဆင်းရဲလွန်းလို့ ဆင်းရဲဒဏ်မခံနိုင်၍ မိမိကိုယ်ကို သတ်သေသူပင် ထောင်ဂဏန်းအထက်ရှိနေပါလျှင် ယင်းတို့ အောက် ဥစ္စာရာထူးရှိပြီး ဆင်းရဲလွန်းလို့ မိမိကိုယ်မိမိ နည်း အမျိုးမျိုးဖြင့် သတ်သေသူဦးရေမှာ မည်မျှများမည်ဟု အဘယ်သူ ခန့်မှန်းနိုင်ပါအံ့နည်း။ ထို့ထက်များပြားမည်ကား သေချာလှပါ၏။

ယင်းသို့ ဖြစ်ရခြင်းသည် အဘယ့်ကြောင့်ပါနည်းဆိုသော် ချမ်းသာနှင့် ဆင်းရဲ မကွဲကြ၍ ဖြစ်ရသည်ဟု အကြောင်းရင်း ကို ဖော်ပြနိုင်ပါသည်။

မှန်ပါသည်။ ဗုဒ္ဓတရားတော်အရ ဖော်ပြရပါလျှင် လောက၌ ဖြစ်ပေါ်နေသမျှ အကျိုးတရားမှန်သမျှတို့သည် အကြောင်းတရား မကင်းကြပါ။ အကြောင်းတရားကြောင့်ဖြစ်သည့် အကျိုးတရား တွေချည်း ဖြစ်ပါသည်။

သို့ဖြစ်၍ ဘယ်နေရာမှာမဆို ကြောင်း,ကျိုးကို သိမြင်အောင် ရှာပါ။ ကြောင်း, ကျိုးကွဲအောင် ကြိုးစားပါ။ ချမ်းသာနှင့် ဆင်းရဲ ကိုလည်း ကွဲပါစေ၊ ချမ်းသာနှင့်ဆင်းရဲလည်း ကွဲအောင်ကြိုးစား ပါ။ ကြိုးစားသူကား ရှားပါးလှပါသည်။ ရှားပါးသူတစ်ယောက် နှင့် တစ်နေရာ၌ ဆုံခဲ့ရပါ၏။

"အရှင်ဘုရား...ဝိပဿနာတရားဟာ ချမ်းသာလား... ဆင်းရဲလား၊ အားထုတ်တဲ့အခါမှာ ချမ်းသာလား... ဆင်းရဲ လား တပည့်တော်ကွဲကွဲပြားပြား သိချင်ပါတယ်။ ရှင်းပြပေးပါ ဘုရား"

http://www.dhammadownload.com



မေးလျှောက်သူမှာ လူငယ်တစ်ယောက်ဖြစ်၏။ မြို့ကြီးတစ်မြို့၌ ဆယ်ရက်စခန်း တရားပြခိုက် ကြုံဆုံခြင်းဖြစ်ပါ၏။

"အေး...ဒီအမေးကို ဘုန်းကြီး သိပ်ကြိုက်သွားပြီ၊ လူတွေဟာ ချမ်းသာဆင်းရဲ မကွဲကြတာများပါတယ်။ အဲဒါကြောင့် အဲဒီအမေးကို မဖြေမီ ချမ်းသာခုနစ်မျိုးကို ပြောပြပါ့မယ် မှတ်ထားပါ"

"မှန်ပါ၊ ပြောပါဘုရား"

"ဒီလောကရှိ သက်ရှိသတ္တဝါအားလုံးတို့ဟာ ချမ်းသာ ရှာဖွေနေကြသူတွေချည်းပါ။ ရှာဖွေနေပေမယ့်လို့ မိမိတို့ ရရှိခံစားနိုင်သည့် ခံစားရမည့် ချမ်းသာ ဘယ်နှစ်မျိုးရှိတယ်ဆိုတာ မသိကြသူတွေ များပါတယ်။ ဒါကြောင့်–

၁။ လူတို့ရဲ့ကာမချမ်းသာ၊

၂။ နတ်တို့ရဲ့ကာမချမ်းသာ၊

၃။ ဗြဟ္မာတို့ရဲ့ ဈာန်ချမ်းသာ၊

၄။ ဝိပဿနာချမ်းသာ၊

၅။ မဂ်ချမ်းသာ၊

၆။ ဖိုလ်ချမ်းသာ၊

၇။ နိဗ္ဗာန်ချမ်းသာ

ရယ်လို့ ချမ်းသာခုနစ်မျိုးရှိကြောင်းကို ဦးစွာမှတ်ထားပါ။ အဲဒီချမ်းသာခုနစ်မျိုးထဲမှာ 'ဝိပဿနာ'ရယ်လို့ ပါနေတော့ 'ဝိပဿနာတရားဟာ ချမ်းသာလား၊ ဆင်းရဲလားဆိုတဲ့ အမေးဟာ အလိုလို ဖြေပြီးသား ဖြစ်မသွားဘူးလား"

http://www.dhammadownload.com



"မှန်ပါ၊ ဖြစ်သွားပါပြီဘုရား။ ဒါပေမယ့် အားထုတ်တဲ့အခါမှာ ချမ်းသာလား၊ ဆင်းရဲလား ဆိုတာ မပြေလည်သေးပါဘုရား"

"ဝိပဿနာ တရားအားထုတ်ရာက ပြန်လာသူ အတော်များများက ဆင်းရဲတကာ့ ဆင်းရဲထဲမှာ ဝိပဿနာတရား အားထုတ်ရတာ အဆင်းရဲဆုံး၊ အပင်ပန်းဆုံးလို့ ပြောကြတဲ့ အသံကို ကြားရလို့ပါဘုရား"

"အဲဒါ အားထုတ်ပုံ အားထုတ်နည်း မမှန်ကန်လို့ပါ၊ မြတ်စွာဘုရားရဲ့ တရားဂုဏ်တော်(၆)ပါးထဲက အစဆုံး ဂုဏ်တော်ကို သတိပြုကြည့်ပါလား"

| | |
|---|---|
| ဘဂဝတော၊ | ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ |
| ဓမ္မော၊ | မဂ်, ဖိုလ်, နိဗ္ဗာန် ဓမ္မကျွန်ဟု ဆယ်တန်သောတရားတော်မြတ်ကို။ |
| သွာက္ခာတော၊ | ကြားနာရုံပင်၊ အပူစင်၍၊ ကျင့်လျှင်ချမ်းသာ၊ ကျင့်ပြီးကာလည်း၊ လွန်စွာငြိမ်းချမ်း၊ နိဗ္ဗာန်နန်းနှင့်၊ စခန်းသင့်အောင်၊ မှန်းလင့်ရည်ရော်၊ ကောင်းစွာဟောတော်မူအပ်ပါပေ၏"တဲ့။ |

"အဲဒီ တရားဂုဏ်တော်အရ ဘုရားရှင်ရဲ့ တရားတော်တွေဟာ နာရုံ ကြားရုံနဲ့ အပူသောကတွေ စင်ကြယ်ပါတယ်။ လက်တွေ့ကျင့်ကြံ ကြိုးကုတ် အားထုတ်ရင် ချမ်းသာပါတယ်...

http://www.dhammadownload.com



"ချမ်းသာတယ်ဆိုပေမယ့် အားထုတ်ပုံ အားထုတ်နည်း လွဲရင် ဆင်းရဲပင်ပန်းပါတယ်..."

"ဩော်...ဒါဖြင့် တပည့်တော် တွေ့တဲ့လူတွေဟာ အလွဲနဲ့ တွေ့လာသူတွေနဲ့ တူပါတယ်။ ဆက်ပြီး ရှင်းပြပါဘုရား..."

"အားထုတ်တဲ့အခါမှာ အားထုတ်ခါစ ယောဂီနှင့် အားထုတ်ကြာယောဂီနှစ်မျိုး မတူပါ။ အားထုတ်ခါစ ယောဂီဟာ ကြိယာပုထ် မပြင်မပြောင်းဘဲ အားထုတ်လျှင်...

(၁) ဒုက္ခဝေဒနာ ပြင်းထန်စွာဖြစ်ခြင်း၊

(၂) တည်ကြည်မှုသမာဓိ မရခြင်း၊

(၃) အားထုတ်ဆဲ ကမ္မဋ္ဌာန်းပျက်ခြင်း၊

(၄) တရားထူး မရခြင်း

ရယ်လို့သာ အပြောလေးချက် ဖြစ်တဲ့အကြောင်း 'သီလက္ခန် အဋ္ဌကထာ'မှာ အတိအကျ ဆိုထားပါတယ်။ အားထုတ်ခါစ ယောဂီတွေဟာ ကြိယာပုတ် ပြင်ပြောင်းအားထုတ်ပါက...

(၁) ဒုက္ခဝေဒနာ မဖြစ်ခြင်း၊

(၂) တည်ကြည်မှု သမာဓိရခြင်း၊

(၃) အားထုတ်ဆဲ ကမ္မဋ္ဌာန်းတိုးပွားခြင်း၊

(၄) တရားထူးရခြင်း

ရယ်လို့ အကျိုးထူးလေးချက်ရပါတယ်လို့ အဲဒီ 'သီလက္ခန် အဋ္ဌကထာ'မှာပဲ ဆိုထားပါတယ်"

"အေး...ဝိပဿနာ အားထုတ်လို့ ပင်ပန်းဆင်းရဲတယ် ဆိုတာ အဲဒီ ပရိယတ်ကျမ်းဂန်နှင့်အညီ တရားသဖြင့် အားထုတ်

http://www.dhammadownload.com



မှုမပြုဘဲ မတရားအားထုတ်လို့ ဆင်းရဲတယ်မှတ်ပါ”

“မှန်ပါဘုရား”

“ဝိပဿနာဆိုတာ ပဋိပတ်ပါ။ ပဋိပတ်ကို အားထုတ်ကျင့်ကြံတဲ့အခါ ပရိယတ်နှင့်အညီ အားထုတ်ရပါတယ်။ မညီလျှင် ဆင်းရဲပါတယ်။ ညီလျှင်ချမ်းသာပါတယ်”

“ဝိပဿနာ ချမ်းသာရဲ့ ချမ်းသာပုံကို အားထုတ်ချင်အောင် ပြောပြပါဦးဘုရား”

“အေး…ပြောရရင် ဝိပဿနာချမ်းသာရဲ့ အောက်မှာ လူတို့ကာမ ချမ်းသာ၊ နတ်တို့ ကာမချမ်းသာ၊ ဗြဟ္မာတို့ ဈာန်ချမ်းသာရယ်လို့ ချမ်းသာ(၃)မျိုးရှိတယ်။

လူ့ချမ်းသာမှာ အချမ်းသာဆုံးဟာ ‘စကြ္ဝတေးမင်းရဲ့ ချမ်းသာ’ပါ။ အဲဒီ စကြ္ဝတေးမင်းရဲ့ ချမ်းသာဟာ နတ်ချမ်းသာကိုထောက်ရင် အထီးကျန်မွဲ လူဆင်းရဲနှင့် တူပါတယ်။ စည်းစိမ်ချမ်းသာဟူ၍ မဆိုစလောက်ပါ။

ဟုတ်ပါတယ်၊ စကြ္ဝတေးမင်းရဲ့ စည်းစိမ်ချမ်းသာဟာ နတ်စည်းစိမ်ချမ်းသာကို အစိတ်အပေါင်း အသိန်း, အသန်း, စိတ်၍ တစ်စိတ်စာမျှ မမီနိုင်အောင် ညံ့ဖျင်းသေးသိမ်လှပါတယ်။

အေး….အဲဒီ လူစည်းစိမ် ချမ်းသာထက် အဆပေါင်း အသိန်း,အသန်းမကသာတဲ့ နတ်စည်းစိမ်ချမ်းသာဟာဗြဟ္မာတို့ရဲ့ စည်းစိမ်ချမ်းသာကို နှိုင်းဆပြိုင်ထောက်ပါက ပြိတ္တာချမ်းသာကဲ့သို့ အလွန်တရာ ဆင်းရဲဒုက္ခများလှပါတယ်။

အေး… ချမ်းသာလှပါတယ်ဆိုတဲ့ နတ်သား, နတ်သမီး

http://www.dhammadownload.com



တွေဟာ ပြိတ္တာချမ်းသာကဲ့သို့ ဘယ်လိုဆင်းရဲလဲ မေးရင် ပြိတ္တာတွေဟာ အစားအသောက်ကို အလွန်တရာ ဆာလောင်တောင့်တရ၍ အလွန်တရာ ဆင်းရဲကြရရှာသလို ကာမာဝစရ နတ်တွေဟာလည်း တစ်ကိုယ်တည်း တစ်ယောက်တည်း အဖော်မရှိဘဲ စည်းစိမ်ချမ်းသာကို မခံစားနိုင်ဘဲ အဖော်ရှိမှသာ ခံစားနိုင်ပါတယ်။

ချမ်းသာသုခကို ပေးတတ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ကို ရှာမှီး တောင့်တကြရပါတယ်။ ခံစားစရာအာရုံကို မရပါလျှင် ပြိတ္တာအတူ အလွန်ဆင်းရဲရှာကြပါတယ်။

ခံစားစရာ အာရုံရပြန်ပါလျှင်လည်း တစ်နာရီလုံးလုံး ခံစား၍ မနေနိုင်ပါ။ တစ်ညဉ့်, တစ်ရက်, တစ်လ, တစ်နှစ်ပတ်လုံးလည်း ခံစား၍ မနေနိုင်ပါ။

ကောင်းပါတယ်ဆိုတဲ့ ချမ်းသာကို ခံစားရင်း အလွန်တရာ ဆင်းရဲသဖြင့် ရှည်ကြာလေးမြင့် ခံစားခြင်းငှာ မတတ်နိုင်ဘဲ အလွန်တရာ ဆင်းရဲကြရှာပါတယ်။ အဲဒါကြောင့် သတ်သေကြတာပါ။

"ဒီလိုဆိုရင် တပည့်တော်တို့ လူချမ်းသာလည်း ပြိတ္တာချမ်းသာနှင့် အတူတူ ဖြစ်နေတာပေါ့ဘုရား"

"ဩော်... နတ်ချမ်းသာတောင် ပြိတ္တာချမ်းသာနှင့်တူပါတယ် ဆိုမှဖြင့် လူ့ချမ်းသာဆိုရင် အဘယ်မှာ ဆိုဖွယ်ရှိပါ့မလဲ၊ သူတောင်းစားချမ်းသာနှင့် တူတာပေါ့"

http://www.dhammadownload.com



"ဆိုလှချည်လားဘုရား"

"မဆိုလှပါနဲ့ သူတောင်းစားများဟာ သူများပေးမှ ချမ်းသာရသလို လူတွေလည်း အဆင်းစတဲ့ အာရုံတွေကပေးပါမှ ချမ်းသာလို့ သူတောင်းစား ချမ်းသာလို့ ပြောတာပါ"

"နာစရာ ရှက်စရာကောင်းလိုက်တာဘုရား"

"နာရင် ရှက်ရင် ဝိပဿနာချမ်းသာကနေ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာအထိ အဆင့်ဆင့်ရအောင်ကြိုးစားပါ"

"ကြိုးစားဖို့ရာ အသာထားပါဦးဘုရား၊ ဝိပဿနာဟာ ချမ်းသာလား ဆင်းရဲလား မကွဲပြားလို့ မေးနေရပါတယ်ဘုရား"

"အေး...ဝိပဿနာဟာ ချမ်းသာပါ၊ လူ့, နတ် ချမ်းသာထက် သာပါတယ်။ နတ်ချမ်းသာထက်သာတာက ဗြဟ္မာချမ်းသာပါ။ ဗြဟ္မာချမ်းသာက အဖော်အဖက်မရှိဘဲ တစ်ယောက်ထီးတည်း အလိုရှိတိုင်း ခံစားနိုင်ပါတယ်။ အလိုရှိတဲ့ခဏ္ဍ ခံစားနိုင်ပါတယ်။ အလိုရှိသမျှကာလပတ်လုံးလည်း ခံစားနိုင်ပါတယ်"

"ခံစားတဲ့အခါမှာလည်း အချိန်ကြာမြင့်စွာ ခံစားပြီးမှ ထကြရပါသော်လည်း အားရသည် စသည် မုန်းသည် မောသည်ဟူ၍လည်း မရှိနိုင်ပါ။ ညောင်းညာ ပူအိုက်သည်ဟူ၍လည်း မရှိနိုင်ပါ။ အေးအေးမြမြ အလွန်တရာကောင်းမြတ်လှတဲ့ သုခချမ်းသာကို ခံစားမွေ့လျော်ကြရပါတယ်"

"အဲဒီ ဗြဟ္မာ့ချမ်းသာထက် ဝိပဿနာချမ်းသာက အဆပေါင်း အသိန်းအသန်းမက သာလွန်ချမ်းသာလှပါတယ်"

"ဟုတ်ပါတယ်၊ အဲဒီချမ်းသာတွေ ခံစားတဲ့ အခါမှာ အပါယ်

http://www.dhammadownload.com



မျိုးစေ့ဖြစ်တဲ့ 'သက္ကာယဒိဋ္ဌိ'ပါနေတဲ့အတွက် ချမ်းသာခံစားပြီးတဲ့ ဘဝအဆုံးမှာ အပါယ်ကျစေတတ်တဲ့အတွက် တကယ့်ချမ်းသာ စစ်မဟုတ်၊ ဆင်းရဲတုန်း. ဆင်းရဲခဲ့မှုသာ ဖြစ်ပါတယ်"

"ဘဝသုံးပါး ဘုံသုံးပါးတည်းဟူသော ဒုက္ခဘေး ဆင်းရဲ ဘေးကြီးမှ ကျွတ်လွတ်ထွက်မြောက်လိုသော ပညာရှိ သူတော်ကောင်းတို့သည် ဘဝသုံးပါး ဘုံသုံးပါးကို ရဲရဲတောက် သံတွေ့ ခဲကဲ့သို့ စက်ဆုပ်ကြောက်ရွံ့နိုင်ခြင်းငှာ ပညာတည်းဟူသော မဂ္ဂင်တရား၊ ဝိပဿနာတရားကို တစ်နေ့ထက်တစ်နေ့ ကြီးပွားတိုးတက်အောင် နိဗ္ဗာန်ရသည့်တိုင်အောင် အားထုတ်သင့်ပါတယ်"

"ဝိပဿနာတရားဟာ ဣရိယာပုထ်မရွေး၊ အလုပ်မရွေး၊ နေရာမရွေး၊ အချိန်မရွေး ဖြစ်ပါတယ်။ ဖြစ်အောင် ကြိုးစားပါလို့ တိုက်တွန်းလိုက်ပါတယ်"

"မှန်ပါ၊ ကြိုးစားပါ့မယ်ဘုရား"

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

http://www.dhammadownload.com



# နိဗ္ဗာန်ပရမတ်ကို ရောက်နိုင်ပါ့မလား

## ( ၃၀ )

နေ့စွဲ ၁၃၅၂ ခု၊ ကဆုန်လဆန်း ၁၃ ရက်

ဘုန်းဘုန်းဘုရား

တပည့်တော် ရှိသေလေးစားစွာ စာရေးလျှောက်ထားပန်ကြား အပ်ပါသည်ဘုရား–

တပည့်တော် ဒီနေ့နံနက် (၄း၃၀)နာရီမှ (၅း၃၀)နာရီ တရား ထိုင်ချိန်မှာ တရားအထူးတွေ့လို့ ဘုန်းဘုန်းကို လျှောက်ထား လိုလို့ပါဘုရား–

ဘုန်းဘုန်းဘုရား–

တပည့်တော် ဒီနေ့နံနက် (၄း၃၀)နာရီမှ (၅း၃၀)နာရီ တရား ထိုင်ချိန်မှာ ဝင်လေထွက်လေရဲ့ အေးသဘော နွေးသဘောကို ရှုပ်၊ ရှုပ်နဲ့သတိထားပြီး ကြိုးစားရှုပွားနေရင်းမှာပဲ ဝင်လေရှုပ်ရဲ့

http://www.dhammadownload.com



အေးသဘောဟာ ရေခဲအေးသည့်ပမာ တပည့်တော်ရဲ့ မနော စိတ်ကလေးကို ကျဆင်းထိပြီး ခန္ဓာကိုယ်အတွင်း တစ်ခုလုံး အေးငြိမ်းချမ်းသာစွာ ပြန့်ကြဲသွားပါတယ်ဘုရား...

ဥပမာပြောရလျှင် ကျောက်ခဲတုံးတစ်တုံးကို ရေထဲသို့ ပစ်ချ လိုက်တဲ့အခါ ရေစက်ရေပေါက်တွေ အဲဒီကျောက်ခဲလုံးရဲ့ ပတ်ဝန်း ကျင်တစ်ဝိုက် ပျံ့နှံ့တက်လာသလိုပါပဲဘုရား...

အဲဒီဥပမာအတိုင်း ဝင်လေရဲ့ပျံ့နှံ့တဲ့ အအေးဓာတ်ဟာ တပည့်တော်ရဲ့ ကိုယ်ခန္ဓာအားလုံး(တစ်ကိုယ်လုံး) အေးငြိမ်းသွား ပါတယ်ဘုရား။ အဲဒီ အေးငြိမ်း ချမ်းသာမှုဟာ ဒီလောကမှာ တပည့်တော်ကြုံဖူးတဲ့ ဘယ်အေးငြိမ်းချမ်းသာမှုနဲ့မျှ မတူပါဘုရား။ ဘယ်အရာနဲ့တူပါတယ်လို့ နှိုင်းယှဉ်ပြစရာ ရှာမရပါဘုရား။

ဘုန်းဘုန်းဘုရား...

လူဆိုတာ သေတတ်ဖို့အရေးကြီးတယ်လို့ ဖခင်ဦးပဥ္စင်းကြီး က ဆုံးမခဲ့ဖူးပါတယ်။ ဒါပေမယ့်လို့ အခုအခါမှာ သိထားတဲ့ တရားလေးနဲ့ ဆင်ခြင်နေတတ်ပေမယ့်လို့ သေတတ်ဖို့က သိပ် မရှိသေးလို့ တပည့်တော် လျှောက်ထားခဲ့တဲ့အတိုင်း အဲဒီနံနက် ပိုင်း အားထုတ်စဉ်က အေးငြိမ်းချမ်းသာတဲ့ အချိန်မျိုးမှာ အသက် ဝိညာဉ် ချုပ်ခဲ့ရင်တော့ မအိုရာ၊ မနာရာ၊ မသေရာဖြစ်တဲ့ နိဗ္ဗာန် ပရမတ်ကို ရောက်နိုင်ပါ့မလား ဘုန်းဘုန်းဘုရား။

ဘုန်းဘုန်းဘုရား...

တပည့်တော် တစ်ခုလျှောက်ထားလိုပါသေးတယ်ဘုရား။ တပည့်တော်ဟာ သောင်းကျန်းသူများရဲ့ လက်နက်ပစ်ဖောက်သံ

http://www.dhammadownload.com



ကြားလျှင် အင်မတန်မှ ကြောက်စိတ်ကြီးပါတယ်ဘုရား။ ကြောက်မက်ဖွယ်ကောင်းတဲ့အသံ ထွက်ပေါ်လာလျှင်လာခြင်း တပည့်တော်တို့လည်း အကြောက်ကြီးပြီး ဖုံးခိုကျင်းထဲ ပြေးရပါတယ်ဘုရား...

ဖုံးခိုကျင်းထဲရောက်ခါမှ လက်နက်ကြီး (၉)မျိုးကို အောင်နိုင်တဲ့ အောင်ဇေယျပဉ္စာနာ ဘုရားရှိခိုး'ကို ရွတ်ဆိုရှိခိုးဖို့ သတိရပါတယ်ဘုရား။ သတိရလို့ ဘုရားရှိခိုးမယ် စဉ်းစားပြီး ဘုရားရှိခိုးအစကိုရှာလိုက်တာ အစရှာမတွေ့အောင် ကြောက်အားသန်ပါတယ်ဘုရား။ အဲဒီအချိန်မှာသာ သေခဲ့ရင်တော့ ဘယ်ဘုံဘဝမှာဖြစ်မှန်းမသိဖြစ်ပြီး မတွေးဝံ့အောင် ဖြစ်ခဲ့ပါတယ်ဘုရား။ ဒါကြောင့် အဲဒီလို မဖြစ်ရအောင် ဘယ်လိုဆင်ခြင်ပြီး နေရပါ့မလဲဘုရား။

ရိုသေစွာဖြင့်-

တပည့်တော်...........

*၁၃၅၄ ခုနှစ်၊ ကဆုန်လဆုတ်(၅)ရက်။*

ဒေါ်......ရဲ့စာက ရှည်လျားပေမယ့်လို့ အမေးပုစ္ဆာပြဿနာက နှစ်ချက်ပဲဖြေရမှာဖြစ်၍ အဖြေကတော့ ရှည်လျားမယ်မထင်ပါ။

ဒေါ်......ရဲ့ စာထဲမှာပါတဲ့အတိုင်း အဲဒီ နံနက်ပိုင်း အားထုတ်စဉ်က အေးငြိမ်းချမ်းသာတဲ့ အချိန်မျိုးမှာ အသက်ဝိညာဉ်ချုပ်ခဲ့ရင်တော့ မအိုရာ၊ မနာရာ၊ မသေရာဖြစ်တဲ့ နိဗ္ဗာန်ပရမတ်ကို ရောက်နိုင်ပါ့မလားဆိုတဲ့ အမေးကို ဖြေရလျှင် မရောက်နိုင်သေးလို့ ဖြေရမှာပဲ။

အေးငြိမ်းချမ်းသာမှုကို အရှုခံအာရုံနဲ့ ရှုတဲ့ ဉာဏ်နဲ့တည့်ပြီးနေတဲ့အချိန် အခိုက်အတန့် ကိလေသာတွေ ငြိမ်းနေလို့ ငြိမ်းအေး

http://www.dhammadownload.com



ချမ်းသာမှုရတာပါ။ အဲဒီအချိန်ရုပ်၊ နာမ်ပရမတ်ရဲ့ သဘော သဘာဝကို ထိုးထွင်းသိမြင်သွားလျှင်တော့ မအိုရာ၊ မနာရာ၊ မသေရာဖြစ်တဲ့ နိဗ္ဗာန်ပရမတ်ကို တစ်မဂ် မဂ်ဆိုက်ပြီး ရောက်နိုင် ပါတယ်။

သို့မဟုတ် ရုပ်၊ နာမ်ပရမတ်ရဲ့ သဘောသဘာဝကို ထိုးထွင်း မသိဘဲ အရှုခံရုပ်အာရုံ သို့မဟုတ် အရှုခံနာမ်အာရုံနှင့် ရှုဉာဏ် နှင့်တည့်ပြီး အခိုက်အတန့် ကိလေသာတွေ ငြိမ်းနေတဲ့ အခိုက် မှာ အသက်ဝိညာဉ်ချုပ်ခဲ့ရင် နတ်ပြည်တော့ သေချာပေါက် ရောက်ပါတယ်။ အပါယ်မကျနိုင်ပါ။

လက်နက်တွေ ပစ်ဖောက်လျှင် ကြောက်စိတ်ကြီးတာနဲ့ ပတ်သက်ပြီး ပြောရလျှင် ဒေါသမကင်း သေးသူများမှာ အနည်းနဲ့ အများသာ ကွာပါတယ်။ ကြောက်စရာဆိုလျှင် ကြောက်တတ် ပါတယ်။

သို့သော် ဖြစ်သင့် မဖြစ်သင့်၊ ဖြစ်နိုင်,မဖြစ်နိုင် ဆင်ခြင် ပြီးတော့ ကြောက်ရပါတယ်။ အရမ်း သတိလက်လွတ် မကြောက် ရပါ။ ရှောင်သင့် ရှောင်ထိုက် တိမ်းသင့်တိမ်းထိုက် ရှောင်တိမ်း ပြီးမှ ဖြစ်လာတော့ ကံပေါ့လို့ ရှောင်တိမ်းမရမှ ကံကြမ္မာကို ပုံချပြီး အကြောက်ဖြေရပါတယ်။

ပြီးတော့ 'အောင်ဇေယျ၀ဋ္ဋနာ'လို ဘုရားရှိခိုးမျိုးကို အမြဲ ရှိခိုးနေရပါတယ်။ အဲဒီလို ကြုံလာတော့ ရှိခိုးစရာ မလိုတော့ပါ။ ရှိခိုးပြီးသားတွေကို အာရုံပြု ဆင်ခြင်နေခြင်းဖြင့် လက်နက်ဘေး ကင်းနိုင်ပါတယ်။

http://www.dhammadownload.com



တရားရှုပွား ဘုရားဂုဏ်တော် ပွားနေသူအတွက်လည်း ဒီလက်နက်ဘေးတွေ မထိရောက်နိုင်ဘူးလို့ ယုံကြည် စိတ်ချပြီး အကြောက်ဖြေနေရပါတယ်။ တကယ်ကြောက်လာလျှင် ကြောက်စိတ်ကို 'နာမ်'လို့ ရှုချင်ရှု၊ သို့မဟုတ် ကြောက်စိတ်ကြောင့် ဖောက်ပြန်တဲ့ တုန်မှုခုန်မှု ရုပ်တရားကို 'ရုပ်'လို့ ရှုချင်ရှုနေရင်လည်း အကြောက်ပြေပါတယ်။ လက်နက်မလွတ်လို့ သေလျှင်လည်း အသေကောင်းပါတယ်။ အပါယ်မကျပါ။

ကဲ... ဒီလောက်ဆို ပြေလည်ပါပြီနော်။

❀ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

*မြတ်ဆုမွန် ဘာသာရေးမဂ္ဂဇင်း*

*အတွဲ(၆)၊ အမှတ်(၁၀)၊ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ။*

http://www.dhammadownload.com



# နိဂုံး

**ရေးစရေးပြီးချိန်။** ။မိမိသည် ဒါန၀တ္ထု စသော ကျမ်းစာများကို ရေးသားရာ၌ ရေးစ ရေးပြီးဟု ရက်,လ, နှစ်တို့ကို အတိအကျ ပြောပြနိုင်သော်လည်း ဤ'ဗုဒ္ဓဓမ္မပြဿနာများ(၁၁)'ကို မပြောပြနိုင်ပါ။ မသတ်မှတ်နိုင်ပါ။

အဘယ့်ကြောင့်ဆိုသော် ရန်ကုန် ကျောက်ကုန်းတောရ မေဒိနီမှ မိမိတပည့် အရှင်ခေမိန္ဒက ဘာသာရေးစာစောင်များအတွက် စာမူများ အတန်တန်တောင်းသည်။ မိမိလည်း မအား၍ မရေးပေးနိုင်ခဲ့ပါ။

'ရသမျှ ရေးနိုင်သမျှ ရေးပေးပါ'ဟု အတန်တန် တောင်းပန်သဖြင့် မိမိထံသို့မေးထားသော အမေးများကို ဖြေသောအားဖြင့်ရေးရလျှင် တစ်ချက်ခုတ်နှစ်ချက်ပြတ်မည်ဟုအကြံဖြစ်ပြီး ရတနာ့မွန်၊ မြတ်ဆုမွန်၊ ဓမ္မရံသီ၊ ဓမ္မဂီရိ၊ မြတ်မင်္ဂလာနှင့် သီလဝ'တို့၌ အမေးအဖြေများကို ရေးသားခဲ့ပါသည်။

http://www.dhammadownload.com



ယခု 'ဗုဒ္ဓဓမ္မပြဿနာ(၁၁)'မှာ ယင်းစာစောင်များ၌ ပါပြီးသားများကို နိဒါန်းပါတပည့်များကို အသီးသီး ပြန်လည်စုစည်းပြီး တင်ပြလိုက်ခြင်းသာဖြစ်၍ ၁၃၅၅ ခုနှစ်၊ ဝါခေါင်လပြည့်နေ့၌ အပြီးသတ်ပါသည်။

**ကျေးဇူးဆပ်ပါ၏။** ။မိမိစာစောင်များ၌ ရေးဖြစ်အောင် အတန်တန် တိုက်တွန်းသော အရှင်ခေမိန္ဒနှင့် မိမိရောက်လေရာရာ တရားဟောရာဌာနများ၊ တရားပြဌာနများမှ ဒါယကာ, ဒါယိကာမများ၊ ဆရာတော် သံဃာတော်များက မိမိ၏ စာပေရေးသားနိုင်ရေးအတွက် စီစဉ်ပေး အကူအညီပေးကြသည်ကို များစွာကျေးဇူးတင်ရှိကာ ကျေးဇူးကို အထူးသိရှိကာ ဤကျမ်းစာဖြင့် ပြန်ဆပ်ပါ၏။

**အမျှဝေပါ၏။** ။ဤမျှ သဒ္ဓါ, ဝီရိယ, ပညာတို့ကို အသုံးချပြီး ကြိုးစားရေးသား ပြုစုရသော ဤ 'ဗုဒ္ဓဓမ္မပြဿနာများ(၁၁)' ကျမ်းစာအုပ် အတွက် ရရှိသော ကောင်းမှုကုသိုလ်တို့၏ အဖို့ဘာဂတို့ကို...

မြင့်မိုရ်စက္ကဝါ၊ ပမာဆယ်စု၊ နှိုင်းမတုအောင်၊ ပဟုပကာရဂုဏ်ကြီးလှသား၊ မိဖနှစ်ဖြာ၊ မြတ်ဆရာနှင့်၊ ရာဇာသေဋ္ဌနင်း၊ ရောင်းရင်းငယ်ဖော်၊ ဆွေတော်မျိုးစပ်၊ အရပ်နေစု၊ စတုပစ္စယာ၊ ဒါယကာ, ဒါယိကာမ၊ ဂေါစရဂါမ်၊ နိယံမပြတ်၊ နိစ္စဗဒ်ဖြင့်၊ ယုတ်မြတ်ကြည်ဖြူ၊ ပေးလှူတတ်စွာ၊ မြို့ရွာပတ်လုံး၊ သိမ်းကျုံးလုံးစုံ၊ နိဂုံဇနပဒ၊ ဝေးနီးစသည်၊ ရှိကြထိုထို၊ များလှူမိုလ်ပါ၊ ကိုယ်ကိုစောင့်တတ်၊ နတ်နှင့်တကွ၊ ဘုမ္မရက္ခ၊ အာကာသစိုး၊

http://www.dhammadownload.com



တန်ခိုးမပဟိဒ်၊ ပုညဖိဒ်နှင့်၊ ဂုဏ်ဟိတ်မြင့်မား၊ သကြားသဂ္ဂ၊ ဝါသဝနှင့်၊ လောကစောင့်လျှင်း၊ နတ်မင်းလေးဖြာ၊ သာတာဂီရ၊ ဟေမဝတ၊ ဣန္ဒစိတ္တ၊ စသည်တွက်ဖွဲ့၊ နှစ်ဆယ့်ရှစ်ဦး၊ နတ်စစ်မှူးဟု၊ အထူးမည်ရ၊ အဋ္ဌဝီသ၊ ယက္ခမဟာ၊ သေနာပတိ၊ ထိုပြီတထွေ၊ ရေပင်လယ်သွား၊ သူတော်များအား၊ စောင့်ကြပ်တတ်သည့်၊ မဏိမေခလာ၊ တဖြာထိုမှ၊ ဒသက္ကသရ၊ လောက. သဟာသ်၊ ဝန်းရံပန်းခြံ၊ မဟာမြို့တို့၊ ပြောပဲ့ဆူဆူ၊ မိုးသူမိုးသား၊ မြေဖွားရေပေါက်၊ ထိုရွှေလောက်တိ၊ ထက်အောင်ဝန်းကျင်၊ များပုံယင်အား၊ အကြွင်ရှိသမျှ၊ မကျန်ရအောင်၊ ဝေငှမသွေ 'အမျှ... အမျှ...အမျှ"ဝေသည်။ ရစေငါ့နှယ် အတူတည်း"

**ဆုတောင်းလွှာ။** ။ဤ'ဗုဒ္ဓမွေပြဿနာများ(၁၁)' ကျမ်းစာအုပ်ကို မေတ္တာ, စေတနာ, ကရုဏာတရား ရင်ဝယ်ထား၍ ကြိုးစားရေးသားရသော ကောင်းမှုကုသိုလ်တို့ကြောင့် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ချမ်းသာသောအကျင့်၊ လျင်မြန်သောအသိဉာဏ်ဖြင့် ထိုးထွင်း သိမြင်၍ သုံးပြင်ဘုံသား ဝေနေယျသတ္တဝါများကို တရားစည်ကြီး၊ သောင်းထိုက်ဟည်းအောင်၊ ရိုက်တီးနှိုးဆော်၊ ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ်ချောက် အရောက်ပို့ဆောင် ကယ်တင်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏။

**တောင်းပန်တိုက်တွန်းလွှာ။** ။ဤ'မွေပြဿနာများ(၁၁)' ကျမ်းစာအုပ်ဝယ် တိမ်းပါးချွတ်ချော်၊ မလျော်ကန်ရာ၊ အဖြာဖြာတို့၊ အကယ်စင်စစ်၊ သတိလစ်ကာ ပါဝင်မိ

http://www.dhammadownload.com



ကုန်ကြွေးအဲ့… ယင်းတို့ကို ပညာရှိများ အပြစ်မထားဘဲ ပယ်ရှားနိုင်ကြပါစေကုန်သတည်း။ ထောက်ပြကာ ပြင်ဆင်နိုင်ကြပါစေကုန်သတည်း။

ဗုဒ္ဓမိန့်ဟ၊ လမ်းစဉ်ကျသည့်၊ အပြစ်ကင်းပ၊ လမ်းပြဒေသနာ၊ ကျင့်စရာအဖြာဖြာတို့ကိုလည်း စိတ်မှာစွဲကပ်၊ သတိချပ်၍ မပြတ်ပုံသေ ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

ယင်းသို့ ကျင့်နိုင်ကြံနိုင်ကြသဖြင့် လောကီလောကုတ်၊ မယုတ်ပွားတိုး၊ ကောင်းကျိုးချမ်းသာ၊ အဖြာဖြာတို့၊ ပြည့်ကာကြွယ်မောက် ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။

ဓမ္မဒူတ အရှင်ပညာဓောတ
(၈-၁၁-၉၃)

(၁၃၅၅ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၉ ရက်)
(၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

http://www.dhammadownload.com

**စာမူခွင့်ပြုချက်အမှတ်** - ၆၂/၉၄ (၇)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၁၇/၉၅(၃)
**မျက်နှာဖုံးပန်းချီ** - ဝင်းပေါ်မောင်း
**ပုံနှိပ်ခြင်း** - ပထမအကြိမ်
**အုပ်ရေ** - ၁၀၀၀
**ထုတ်ဝေသည့်လ** - ၁၉၉၅-ခု၊ ဧပြီလ
**တန်ဖိုး** - (  ) ကျပ်
**မျက်နှာဖုံးပုံနှိပ်သူ** - ဦးကျော်စိန် (မြ-၀၂၉၀၉)
**ကျောက်စိမ်း အော့ဖ်ဆက်**
၁၇၁/၃၃ လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်သူ** - ဦးကျော်ဖင် (မြ-၀၄၂၂၉)
**နိုင်ရည်မွန်ပုံနှိပ်တိုက်**
၈၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ရန်ကုန်မြို့။
**ထုတ်ဝေသူ** - ဦးကြည်အေး (၀၁၄၄၉)
**ထူးမြတ်စာပေ**
၁၆၂/က၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

ပေါက်စေတီမွေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့
ရှစ်မိုင်၊ သမိုင်းစာတိုက်၊ ရန်ကုန်။

http://www.dhammadownload.com

[illegible]

http://www.dhammadownload.com

http://www.dhammadownload.com